
မိုးမခအနုပညာလုပ်ငန်း



C.A.D BY: THAR NOE AUNG CHAN




စာမူခွင့်ပြုချက်အမှတ်
၄၃၁/၉၇ (၉)
မျက်နှာဖုံးခွင့်ပြုချက်
၄၂၉/၉၇ (၉)
အုပ်ရေ
၅၀၀
တန်ဖိုး
၁၆၀
မျက်နှာဖုံးပုံနှိပ်
ဒေါ်ခင်ခင်ဝင်း၊
ကလျာအောင်စက်မြို– ၀၂၆၇၀
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ

ထုတ်ဝေသူ
ဦးမြသန်း၊ အသိုင်းအဝိုင်းစာပေ
မြို–၀၁၅၀၊ ၈၂၀ ခွဲစုံရပ်၊ ကမ္ဘာအေး
ကွန်ပျူတာစာစီ
ရွှေစမ်းချောင်း
မျက်နှာဖုံး
သာဒင်းအောင်ချမ်း
ရေစံပန်းချီ
မောင်နေမျိုး
အတွင်းဖလင်
မိတ်ကောင်း
မျက်နှာဖုံးကာလာခွဲ
မြကျွန်းသာ

၁၉၉၇၊ အောက်တိုဘာလ
(ပထမအကြိမ်)







နှစ်များကြာလျှင်
ဆံပင်ဖားလျား
လူငယ်များလေ...
မြစ်နားတမ်းစပ်
ရပ်နေသလိုမျိုး
မိုးမခပင်တွေ
လေကြမ်းမုန်တိုင်း
မြစ်အရှိန်ရဲ့
လှိုင်းလုံးတွေကို စိန်ခေါ်ရင်း...

၁၉၉၃

ဒီဇင်ဘာ

သုံးဆယ့်တစ်

ည

နှင်းမြူပါးပါးသည် ဝါကြင်ကြင်မီးရောင်ကို ဖောက်လျက် ကန်ပေါင်ပတ်ဝန်းကျင်ကို လွှမ်းခြုံနိုင်ရန် ကြိုးစားနေသလို။

ဟိုး..လှမ်းလှမ်း ကန်ရေပြင်ကိုမူ မမြင်နိုင်တော့။ မြူနှင်းသည် ပိုက်ကွန်သဖွယ် ကန်ရေပြင်တစ်ခုလုံးကို အုပ်ဆိုင်းထားလေပြီ။ ကန်ပေါင်ပေါ်မှာ သွားလာလှုပ်ရှား ယောက်ယက်ခတ်နေသည်တို့နှင့် ဆန့်ကျင်စွာ ကန်ရေပြင်မှာ ငြိမ်သက်လွန်း၏။

ညနေလယ်လောက်မှ တဖွဲဖွဲရွာတွေစုလာသည်မှာ မိုးလင်းခါနီးတော့ ကန့်ပေါင်ရှေ့က ကားလမ်းအပြည့် ကားတွေရပ်ထားတာ တွေ့ရသည်။ ဖြတ်သွားဖြတ်လာ ကင်းမဲ့သည်မို့ တော်သေး၏။ တချို့ကားတစ်စီးတလေ ပြန်ကြမည်ဆိုပါက ကားတွေအတော်များများက နေရာရွှေ့ဖယ်ပေးနေကြရမြန်သည်။

"ဟေ့ကောင် နန္ဒ"

ကားတံခါးကို ဆွဲဖွင့်ပြီး ခေါ်လိုက်သံကြောင့် မျက်ခနဲတုန်သွားသည်။ ကားကက်ဆက် သီချင်းသံနှင့် စီးမျောနေသောခံစားမှုမှ ရုတ်တရက် လှုပ်နှိုးခံလိုက်ရသလို။

"ဘယ်လိုဖြစ်တာလဲကွာ"

မျက်စိကို မဖွင့်သေးဘဲ မကျေမနပ်ပြန်အော်လိုက်၏။

"မင်းကဒီမှာ လာယူနေတာကိုး မတီးတော့ဘူးလား။ ဟိုကောင်တွေက မင်းကိုခေါ်ခိုင်းလို့"

နန္ဒအောင်က မျက်စိကိုဖွင့်ကြည့်လိုက်သည်။ ပြီးမှ……

"တော်ပြီ မတီးတော့ဘူး။ တစ်တီစာလောက် ရနိုင်မလား"

ဟု လှမ်းမေးသည်။

"ကုန်ပြီလေကွာ…နောက်ဆုံး မင်းဖောက်လိုက်တာ အကုန်ပဲ"

"တိုးလိုးတစ်လစ် ဖြစ်နေတယ်ကွာ။ ချိုင်းထောက်ဆီသွားဖန်ရင် ကောင်းမလား"

"တော်တော့ နန္ဒရာ၊ ဒီည မင်းအများဆုံးပဲ၊ ပြီးတော့ ဒီအချိန်ကြီး ချိုင်းထောက်ဆီသွားလို့ အန္တရာယ်များတယ်ကွ"





နန္ဒအောင်က နဖူးခေါင်းကို ညာဘက်လက်ချောင်းလေးများဖြင့် ပွတ်သပ်ရင်း တော်တော်နှင့် စကားမပြောဖြစ်ပြန်။

"ဟိုကောင်တွေ မနက် လမ်းကြောင်းသွားမှာလား"

"မနက်တော့ ထုံးစံအတိုင်းသွားမှာပေါ့"

"ဒါဖြင့်လဲပြီးရောကွာ၊ မင်းသွားတော့ ငါဒီမှာယူလိုက်ဦးမယ်"

နန္ဒအောင်က ပြောလိုက်စဉ် သူ့ သူငယ်ချင်းက တံခါးကိုဆွဲပိတ်လိုက်၏။

ဖြည်းဖြည်းလုပ်ပါကွာ…ဟု နန္ဒအောင်က လှမ်းအော်သည်။ ကန့်ပေါင်ပတ်ဝန်းကျင်မှ နယူးရီးယားကို ကြိုနေကြသော ဆူညံအော်ဟစ်သံ၊ သီချင်းသံတို့သည် ကားတံခါးပိတ်လိုက်သဖြင့် အနည်းငယ် တိုးသွားတော့၏။

နန္ဒအောင်က ကားကက်ဆက်မှ သီချင်းသံကို နားစွင့်လိုက်ရင်း မျက်စိကို မှိတ်ထားမိသည်။ သူ့လက်ချောင်းလေးတွေကတော့ နဖူးခေါင်းကို ပွတ်သပ်နေမိဆဲ။ သူ့နဖူးခေါင်းလဲ ရဲနေလောက်ပြီဟု တွေးနေမိသေးသည်။

နိုက်ကလပ်တစ်ခုကိုသွားမည်ဟု ပြောကာ ထွက်သွားသည့် တိုးလွင်ထွန်းနှင့် ကျော်ဝဏ္ဏတို့ဆီ ရုတ်တရက်အတွေးရောက်ပြန်၏။

သည်ကောင်တွေ ပြန်ရောက်လောက်ပြီလားမသိ။ နေ့လယ်က ကျော်ဝဏ္ဏက ဖုန်းဆက်လာသဖြင့် သည်ကောင်တွေမှာ ငွေကပေါ်သည်။ မင်းငါတို့နဲ့လိုက်ခဲ့ဟု သူ့ကို အတင်းခေါ်နေသေးသည်ပဲ။ လိုက်လို့မရဘူးကွာ၊

ငါ ဟိုကောင်တွေနဲ့ ဂစ်တာတီးဖို့ချိန်းပြီးပြီ။ ငါ့ကို တစ်လုံးစာပေးလိုက်ဟု သူတောင်းတော့ သည်ကောင်တွေ သိပ်မပေးချင်။ ပိုက်ဆံကို နမြောနေတာ မဟုတ်။ သူ့ကို မလုပ်စေချင်လို့ဆိုတာ နန္ဒ နားလည်သည်။ နောက်ဆုံးတော့ ပိုက်ဆံထုတ်ပေးရင်း မင်းအတွက် အန္တရာယ်အရမ်းများတယ်ဟု တိုးလွင်ထွန်း က သတိပေးစကား ပြောသေးသည်ပဲ။

ပိုက်ဆံလည်း ရှိနေသည်မို့ တိုးလွင်ထွန်းက နိုက်ကလပ်မှ ကောင်မ လေးတစ်ယောက်ကိုခေါ်လာပြီး နပ်နေလောက်ပြီလား စဉ်းစားမိသေးသည်။

* * *

တိုးလွင်ထွန်းက စီးကရက်တိုကိုချလျက် သူစီးထားသည့် အီတလီလုပ် သားရေဖိနပ်ဦးဖြင့် နင်းသည်။ ပြီးတော့ ကျော်ဝဏ္ဏလက်မှ လှမ်းပေးနေသည့် ပိုက်ဆံကိုယူ ့နိုက်၏။ ဝင်ကြေးငွေကို တိုးလွင်ထွန်းက ပေးလိုက်သည်။





လူတစ်ယောက်ကို ဝင်ကြေးက မြန်မာငွေနဲ့ ထောင့်နှစ်ရာလောက် ကျတယ်ဟု ပြောပြလိုက်စဉ် "နမြောလိုက်တာကွာ... ငါ့အတွက်ဆို ငါးရာတန် နှစ်ထုပ်ရတာပဲ"ဟု ပြန်ပြောခဲ့သည့် နန္ဒအသံကို ကြားယောင်လာသည်။ ပလတ်စတစ်အိတ် သေးသေးလေးနှင့် ထုပ်ထားသော ငါးရာတန်အထုပ် ဆိုတာကို နန္ဒထံမှ သူမြင်ဖူးခဲ့သည်ပဲ။ တစ်လုံးကို နှစ်ထောင့်ငါးရာ သုံးကောင်လို့ ပြောစဉ် ငါတို့နှစ်ယောက် ပါတီကို ကောင်းကောင်းသွားကဲလို့ရတယ်ဟု သူပြန်ပြောခဲ့မိတာလည်း အတွေးမှာ ပြန်ပေါ်သည်။

"နန္ဒတစ်ယောက်တော့ ဘာတွေဖြစ်နေပြီလဲ မသိဘူး"

ဝင်ကြေးပေးလိုက်လျှင်ရသော အရက်ဖန်ခွက်တစ်ခွက်စီကို ကိုင်၍ ကပွဲစင်ဘက်လျှောက်ရင်း နန္ဒကိုသတိရစွာ တိုးလွင်ထွန်းက ပြောသည်။

"ဘာဖြစ်ရမှာလဲ ကောင်းနေမှာပေါ့"

ဟု ကျော်ဝဏ္ဏက ပြန်ပြောလိုက်သည်။ စားပွဲတစ်လုံးမှာ သူတို့ ဝင်ထိုင်လိုက်သည်။ လက်ထဲမှအရက်ကို တစ်မြုံ့စီမြိုလိုက်၏။ စားပွဲနှင့် ခပ်လှမ်းလှမ်းနေရာလွတ်မှာတော့ မီးရောင်မှိန်မှိန်အောက်မှာ တေးသွားငြိမ်ငြိမ်နှင့် ကနေကြလေပြီ။

"ဘာမှာဦးမလဲ"

အနားရောက်လာသည့် ဝိတ်တာကိုမြင်စဉ် တိုးလွင်ထွန်းက မေးသည်။

"ထုံးစံအတိုင်းပေါ့"

"အာလူးကြော်တစ်ပွဲ၊ ကြက်ဥကြော်နှစ်ပွဲ"

"ဘီယာ နောက်မှ ထပ်မှာမယ်"

ဝိတ်တာလေးထွက်သွားတော့ သူတို့ အရက်ဆက်သောက်သည်။ ထပ်မှာသည့် အစားအစာအသောက်အတွက် သူတို့ ပိုက်ဆံထပ်ပေးရမည်။ သည်တစ်ခေါက်တော့ အကြောင်းမဟုတ်။ ကျော်ဝဏ္ဏ ဖဲဝိုင်းကနိုက်လာသည့် ငွေတွေနှင့် သူတို့ပိုက်ဆံကို ချင့်ချိန်နေစရာမလို။

ဟိုး...အလျှင်အခေါက်တွေက ဆိုပါက ဝင်ကြေးနှင့်ရသော အရက်ကိုသာ အမြီးမဟုနိုင်ဘဲ သောက်ခဲ့ရှူသည်ပဲ။ သူတို့အတွက်က အစားအသောက်အဓိကမဟုတ်။ ကောင်မလေးတွေနှင့်ကပြီး ကောင်မလေးတစ်ဦးဦးနှင့် အဆင်ပြေဖို့သာ။

"ဟော့ကောင် ဟိုမှာ ကေသီမဟုတ်လား"

ကျော်ဝဏ္ဏက မေးငေါ့ပြသည်။ ပြူးရယ်ကာ လျှောက်လာသည့် ကေသီကို တိုးလွင်ထွန်းက လှမ်းပြလိုက်၏။

"ဘယ်သူနဲ့တွေတွေ ကေသီကိုတွေ့ရရင် မောင့်အတွက်တော့ အဆင်ပြေပြီပေါ့...ဟုတ်လား ကိုးလွင်"

တိုးလွင်ထွန်းက ကျော်ဝဏ္ဏအပြောကို မကြားသလိုနေရင်း ကေသီကို လှမ်းပြုံးပြလိုက်သည်။

ကျော်ဝဏ္ဏကတော့ လောကမှာ လောင်းကစားကလွဲလို့ ဝါသနာပါသူမဟုတ်သော်ငြား၊ သူနှင့်ပေါင်းပြီး ပါတီတွေဘာတွေရောက် ကောင်မလေးတွေနှင့် ရေလိုက်ငါးလိုက် နေတတ်သူပင်။





"ရောက်တာကြာပြီလား ကေသီ"

အနားရောက်လာသည့် ကေသီကို လှမ်းကြည့်ရင်း တိုးလွင်ထွန်းက မေးလိုက်၏။

ကျော်ဝဏ္ဏကတော့ အရက်ခွက်ကို ကောက်ယူပြီး တစ်ကျိုက် သောက်လိုက်ပြန်သည်။

မီးမှိန်မှိန်အောက်မှာ တီးလုံးငြိမ့်ငြိမ့်နှင့် တေးသံက ပျံ့လွင့်နေဆဲ။

* * *

တီးလုံးနှင့် တေးသံရပ်သွားခိုက် လက်ခုပ်တီးသံ တဖြောင်းဖြောင်းကို ခင်အေးဆွေကြားလိုက်ရသည်။ သူမကို ထမင်းကျွေးနေသည့် လက်ခုပ်သံများပါလားဟု စဉ်းစားမိရင်း မိုက်ကရိုဖုန်းကို လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်ရင်း လက်အုပ်ချီသည်။ ထိုစဉ် ရှေ့ဆုံးစားပွဲမှာ ထိုင်နေသူတစ်ဦးက တက်ကာပြီး

သူမကို ပန်းကုံးစွပ်လိုက်၏။

သီးချင်းနောက်တစ်ပုဒ်ကို သီဆိုရန် သူမက ကြေညာလိုက်သည်။ လက်ခုပ်သံများမဆုံးမီ တေးသွားအလိုက်အတီးပိုဒ်များ ဝင်လာသည်။ တေးသွားအလိုက် ကိုယ်ကို လှုပ်ရမ်းကာရင်း သီချင်းစဆိုလိုက်သည်။ လက်ခုပ်သံများကို ကြားရပြန်၏။

သူမ သည်ဒီစားသောက်ဆိုင်ကို စရောက်စက သူမကို ပိုင်ရှင်က သိပ်ပြီး နှစ်လိုဟန် မပြခဲ့။ လိုက်အပ်ပေးသည့် သူမ၏မိတ်ဆွေမျက်နှာနှင့်မို့သာ လက်ခံရသည့်ပုံမျိုး။ နောက်ပိုင်း သူမ၏အဆို၊ သူမ၏အကတို့ကြောင့် ဝင်ငွေ ပိုတိုးလာသည်ကိုသိတော့ ပိုင်ရှင်က ဆက်ဆံရေးပြောင်းသွားခဲ့သည်။

သီချင်းသီဆိုနေရင်းမှ လှမ်းမြင်နေရသော အလယ်လောက်ဆီမှ စားပွဲကို ခင်အေးဆွေ သတိထားနေမိသည်။ နိုင်ငံခြားသားလူငယ်များ ဘီယာသောက် နေသည့်ဝိုင်း။ ကုမ္ပဏီတစ်ခုခုမှာ လာပြီးအလုပ်လုပ်နေသူ နိုင်ငံခြားသားများ ဖြစ်မည်ဟု သူမထင်သည်။ အသက် နှစ်ဆယ်ကျော်အစိတ် အရွယ်လောက် ရှိမည့်သူ ငါးယောက်။ ဘောင်းဘီတိုပွပွနှင့် တီရှပ်ပွပွတွေ ဝတ်စားထားကြ သည်။ တစ်ယောက်က ပန်းကုံးကိုကိုင်ရင်း ထရပ်သည်။ သီးချင်းက မဆုံး သေး။ ကျန်သူငယ်ချင်းတွေက ဝိုင်းဆွဲထားတာတွေ့သည်။ သူမကို လှမ်းပြီး လက်ပြနေပြန်သဖြင့် စင်ပေါ်မှ လက်ပြန်ပြရသေး၏။ အတော်လေး မူးနေပုံ ရသည်ဟု သူမတွေးမိသေးသည်။

သူမသီချင်းဆုံးသွားတော့ စောစောကဝိုင်းမှ နိုင်ငံခြားသားလူငယ်





င်ဆီကို ဒယိမ်းဒယိုင်လျှောက်လာတာ တွေ့သည်။ သူ့လက်ထဲမှာ ပန်းကုံးက ခဲ့။ စင်ပေါ်တက်လာပြီး သူမကို ပန်းကုံးစွပ်လိုက်၏။ အောက်မှ သူငယ်ချင်း တစ်ဦးက ဓာတ်ပုံရိုက်ပေးနေသည်။ ပန်းကုံးစွပ်ပြီးတော့ လက်ကမ်းပေးသည်။ သူမက ခပ်ပြုံးပြုံးလက်ဆွဲနှုတ်ဆက်ရင်း ကျေးဇူးတင်ပါတယ် ပြောလိုက်၏။ န်းကုံးနောက်တစ်ကုံးကို ထပ်စွပ်သည်။ လက်ဆွဲ နှုတ်ဆက်ပြန်သည်။

ပြီးတော့ ပြန်မဆင်းသေးဘဲ သူဝတ်ထားသော တီရှပ်အနီရောင်ကို ွတ်လိုက်သည်။ သူ့တီရှပ်ကို လေပေါ်မှာ ဝှေ့ယမ်းနေစဉ် အောက်မှအော်သံများ ကြားရတော့၏။

"ဆင်းတော့ကွ၊ ဆင်းတော့ ဒါသက်သက်ဈော်ကားတာ"

"ဘာလုပ်တာလဲကွ၊ ဒါ မြန်မာနိုင်ငံကွ"

မြန်မာလိုအော်သံ၊ အင်္ဂလိပ်လိုအော်သံတို့ ကြားနေရစဉ်မှာ ထို မူးနေ သော နိုင်ငံခြားသားက ရှေ့တိုးလာရင်း တွဲကနိုင်ရန် သူ့လက်ကို လှမ်းဆွဲသည်။ င်အေးဆွေ နောက်ကိုလှမ်းဆုတ်လိုက်၏။ ထိုစဉ် ဓာတ်ပုံရိုက်နေသော သူ့ ူငယ်ချင်း နိုင်ငံခြားသားက ပြင်သစ်လိုလှမ်းပြောသံကို ကြားရသည်။ သည် ော့မှ စင်ပေါ်မှ အင်္ကျီချွတ်နှင့် ဘောင်းဘီတိုပွပွ နိုင်ငံခြားသားလေး ဆင်းလာ ာသည်။ စားပွဲဝိုင်းများမှ မြန်မာလူငယ်များက ကျေနပ်ဟန်မတူ၊ ဆူညံညံသံ ကြားရသည်။

စားပွဲဝိုင်းတွေကြားက ဖြတ်လာစဉ် အင်္ကျီချွတ်နှင့် နိုင်ငံခြားသား သေးက ဘိုလိုကျယ်လောင်စွာ ဆဲလိုက်သံကို ခင်အေးဆွေ ကြားလိုက်ရသည်။

ဆဲသံနှင့် မရှေးမနှောင်းမှာပင် အနီးအနားစားပွဲမှ မြန်မာလူငယ်တစ်ဦးက ထပြီး ဆွဲထိုးလိုက်တာပါ တွေ့၏။ ထိုခဏမှာပင် နိုင်ငံခြားသား ငါးယောက်နှင့် မြန်မာလူငယ်လေးများ ရိုက်ပွဲဖြစ်ကာ စားပွဲရုံတစ်ခုလုံး ရှုတ်ရှုတ်ရက်ရက် ဖြစ်သွားရတော့၏။

မကြာမီမှာ သက်ဆိုင်ရာမှ တာဝန်ရှိသူများ ရောက်လာကြသည်။ နိုင်ငံခြားသားလေး သုံးဦး ပေါက်ပြဲကုန်သည်။ နိုင်ငံခြားသားလေးတစ်ဦးက သူတို့လူကြီးတွေကို ဆယ်လူလာနှင့် လှမ်းခေါ်သဖြင့် ရောက်လာ၏။

"ဒီက တူမကြီးလဲ မပြန်ပါနဲ့ဦး၊ လိုက်ခဲ့ပြီး အဖြစ်အပျက်တွေ သက်သေခံပါဦး"

ခင်အေးဆွေကို လှမ်းကြည့်ရင်းပြောသည်။

ခင်အေးဆွေက ခေါင်းညိတ်ပြရင်း သက်ပြင်းကို လေးတွဲစွာ ချလိုက်မိပြန်၏။

ခန္ဓာကိုယ်၏ မလုံခြုံမှုများ၊ ထူခြေမဲ့မှုများက ဘဝ၏ မလုံခြုံမှုများ ထူခြေမဲ့မှုများအဖြစ် ပြောင်းသွားနိုင်တာပဲဟု ဖေဖေပြောခဲ့သည့်စကားများကို သူမ ပြန်ကြားယောင်နေမိပြန်သည်။

အခုတော့ သူမအတွက် လုံခြုံမှုထက် နားနေခွင့်ရမှုက ရန်ကုန်မှာ အရေးကြီးနေသည် မဟုတ်ပါလား။

မနက်ဖြန် နှစ်သစ်ကို စတော့မည်ပဲ။

သူမဘဝအတွက်တော့ လမ်းသစ်ဆိုတာ ဝေဝေဝါးဝါးပင် မမြင်နိုင်ပါလား။

ဦးစားရင်း ရင်မောလာတော့သည်။

* * *

ရင်မောစွာဖြင့် အဆောင်ထဲမှ စိုးမင်းညိုထွက်လာခဲ့သည်။

ရှေ့လကုန်မှာ သူတို့က ပြောင်းပေးကြရမှာဆိုတော့လည်း အဆောင်သူတွေကို လဝက်မရောက်ခင် ပြောင်းကြဖို့ပြောတာ သဘာဝကျသည်ပဲဟု ...င်သည်။ ဘာဖြစ်ဖြစ် ရှေ့လ ဆယ့်ငါးရက်မတိုင်မီမှာ သူ့အဆောင်ရှာတွေ့မှ ...မည်။ အဆောင်ကိုရှာလျှင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ...နိုင်ပါသည်။ သို့တိုင် အဆောင်ငှားဖို့ ငွေကြေးက သူ့အတွက် ပြဿနာ။ ...ဆောင်တွေက အနည်းဆုံး သုံးလစာတော့ ကြိုတောင်းကြမည်ပင်။ အခု ...ဆောင်ကလည်း ကြိုပေးထားသည့် သုံးလစာကို သူ့အဆောင်ကြေးမပေး

နိုင်သဖြင့် နိမ်ခဲ့တာကြာပြီပဲ။

သက်ပြင်းကိုချရင်း လှည်းတန်းဘက်ဆီ လျှောက်သည်။

ထိုင်နေကျ လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ဝင်မည်စဉ်းစားပြီး မဝင်ဖြစ်။ လက်ဖက်ရည်ကို အလျှင်သောက်လို့ မဖြစ်။ ညစာအတွက် အသု တစ်ခွခုကို အလျှင်စားမည်ဟု သူတွေးသည်။ အသုပ်စားပြီးမှ လက်ဖက်ရ တစ်ခွက်လောက် သောက်လိုက်မည်။

စင်ထရယ်ဖြူးရှိရာဘက်သို့ ဆက်လျှောက်၏။ စာအုပ်ဟောင်းဆိုင်ရေ ရှေ့ရောက်တော့ ရပ်ပြီးငေးမိသေးသည်။

ပလက်စတစ်အိတ်ဖြင့် ထုပ်ထားသော တစ်နေ့က သူရောင်းလိုက်သ စာအုပ်၊ ဆိုင်မှာတွေ့နေဆဲ။ သူစုဆောင်းထားသည့် စာအုပ်ကောင်းတွေလည် ကုန်သလောက်ရှိတော့မည်ပဲဟု တွေးကာ ကြေကွဲလာမြန်သည်။

ရန်ကုန်မှာ စားစရာ အလုပ်ကလေးတစ်ခုကိုရှာ၊ : စာရေးဆရာဖြ ချင်သူတစ်ယောက်က ရှိပြီးသားစာအုပ်ဟောင်းတွေကို ထုတ်ရောင်းနေပါသ လား။

စာအုပ်ဆိုင်မှ လှည့်အထွက် ဖခုံးကို တစ်စုံတစ်ယောက်ကပုတ် လိုက်သဖြင့် လန့်ပြီး လှည့်ကြည့်လိုက်မိ၏။

"မင်းညို"

"ဟာ သူငယ်ချင်း"

သူလို နယ်မှသူငယ်ချင်းကို တွေ့ရသည်။ ကျောင်းပြီးကတည်းက





သွားကြသည့် သူငယ်ချင်း။

"မြတ်လေးဝေရော"

သူငယ်ချင်းက သူ့ကို ကြည့်ရင်းမေးသည်။ သက်ပြင်းငွေ့ငွေ့ကို ချလိုက်၏။

"မြတ်လေးက နယ်မှာ... တွဲဖက်ကျောင်းမှာဝင်လုပ်နေတယ်ကွာ။ ရန်ကုန်လာနေတာကို မကြိုက်ချင်ဘူး"

"မင်းက စာရေးဆရာဖြစ်ချင်တဲ့သူဆိုတော့ ရန်ကုန်မှာ နေရမှာပေါ့ ဘာလဲမင်းကို စိတ်မချတာလား"

သူခေါင်းကို ယမ်းခါသည်။

"စိတ်ချပါတယ်။ ငါ့အမေနဲ့ မြတ်လေးတို့သဘောကတော့ တောမှာပဲ ယ်လေးလုပ်၊ တွဲဖက်ကျောင်းမှာ ဆရာလေးလုပ်နဲ့ ဘဝကို ရောင့်ရဲ ချင်တာပေါ့ကွာ"

"လာကွာ လက်ဖက်ရည်ဆိုင်သွားထိုင်မယ်"

"မင်းသွားနှင့်ကွာ၊ ငါအသုပ်တစ်ခုခု သွားစားလိုက်ဦးမယ်၊ ပြီးမှ က်ဖက်ရည်ဆိုင် လိုက်ခဲ့မယ်"

"ဘာလဲ ညစာလား"

"အေးပေါ့ကွာ၊ ညစာကို အသုပ်လောက်နဲ့ပြီးခဲ့တာ ကြာပြီပဲ"

"ကြည့်လဲလုပ်ဦးနော်၊ မင်း အစာအိမ်ရောဂါတွေ ဘာတွေလဲ ရနေ မယ်"

သူပြုံးပြမိသည်။ နှစ်ဆယ်အစိတ်ဖြင့် ညစာပြီးနိုင်သည်က ထ
ဘေားမှ အသုပ်တစ်ခုခုကို စားရုံမှလွဲ၍ မဖြစ်နိုင်။

"ဒါဆိုလဲသွား၊ ငါလက်ဖက်ရည်ဆိုင်က စောင့်နေမယ်"

သူခေါင်းညိတ်ပြရင်း ဆက်လျှောက်ခဲ့၏။

လွန်ခဲ့တဲ့အပတ်ထဲတုန်းက ဆုံးသွားသည့် သူငယ်ချင်းကို ချက်
သတိရလိုက်မိပြန်သည်။

သူ့လိုပင် နယ်မှ လာနေသူတစ်ဦးဖြစ်ပြီး သူကတော့ သူ့ပညာ
ရည်မှန်းချက်အတွက် အငတ်ငတ်အပြတ်ပြတ် ခုက္ခခံနေသူတစ်ဦးပင်။ ညစာ
မနက်စာကို ပေါင်းစားဖြစ်သည်ကများပြီး၊ ညစာစားလျှင်လည်း လမ်းဘေ
အသုပ်ဆိုင်မှာပင် များသည်။ နောက်ဆုံးတော့ အူထဲမှာ ရောဂါပိုးတွေသ
ဆိုပြီး ဆေးရုံရောက်တော့၏။ ဆေးရုံမှာပင် ဆုံးပါးသွားခဲ့ရသည်ပဲ။ မလ
ဆတ်၊ မသန့်ရှင်းသော လမ်းဘေးအစားအသောက်များက ဒုက္ခပေးနိုင်
လားဟု သူလည်း သိတော့သိသည်ပင်။

စားနေကျအသုပ်ဆိုင်ရှေ့ရောက်တော့ ဆိုင်ရှေ့က ခုံပုလေးမှာ သူ
ထိုင်လိုက်၏။ အချဉ်ရည်နှီကြင်ကြင်တွေနှင့် သုပ်ထားသော ခေါက်ဆွဲ သို့မဟု
ထမင်းသုပ်တစ်ခုခုကို သူ ညစာအဖြစ် စားရပေဦးမည်။

"ထမင်းသုပ် တစ်ပွဲပေးဗျာ"

သူမှာလိုက်၏။

မနက်ဖြန် နှစ်ဆန်းတစ်ရက်နေ့ပါလား။ ဒီညအကြိုပါလား။ နိုင်ငံ





ဆိုလျှင် နှစ်သစ်ကိုကြိုသော နယူးရီးယားပါတီတွေ ဘယ်လောက်စည်းကား
လိုက်လေမလဲ သူတွေးမိပြန်၏။

သည်မှာရှိနေသည့် ဟိုတယ်တွေ၊ စားသောက်ဆိုင်ခန်းမတွေ၊
က်ကလပ်တွေမှာလည်း ပါတီတွေ၊ စားပွဲသောက်ပွဲတွေနှင့် စည်စည်ကားကား
ရှိနေမည်ပင်။

အင်းလျားကန်ပေါင်ရိုးမှ နယူးရီးယားအကြိုညှ၏ လူငယ်တွေ ကကြ
ခုန်ကြနှင့် ညလုံးပေါက် ပျော်ပါးရွှင်မြူးနေတတ်တာ ကြားဖူးနားဝဖြင့် အတွေး
ထဲ ရောက်လာပြန်သေးသည်။

လှမ်းပေးလိုက်သည့် အချဉ်ရည်များနှင့် နယ်ထားသော ထမင်းသုပ်
ပန်းကန်ကို ယူလိုက်မိ၏။

✤ ✤ ✤

"မြတ်လေးဝေနှင့် ဆုံဖြစ်တိုင်း သူ တုန်တုန်လှုပ်လှုပ်ဖြစ်ရစမြဲ။ သူ့အဖြစ်တို့ကို သူဖြန့်၍ မြင်ယောင်တတ်စမြဲ။ မောင်တ တရားတို့ဖြင့် ရင်သည် ထိရှနာကျင်ရမြဲပင်..."

[illegible]

"ဟော့ကောင် မင်းညို"

သူ့နာမည်ခေါ်သံကို စိုးမင်းညိုကြားလိုက်သည်။ ဝန်းဆိုးတန်း စာအုပ်ဟောင်းဆိုင်တွေကို ဧေးပြီးထွက်လာစဉ် ခေါ်သံကြောင့် သူရပ်လိုက်၏။ လှမ်းကြည့်လိုက်တော့ လူတွေကြားမှ သူ့ဆီလျှောက်လာသည့် ကျော်ဝဏ္ဏကိုလှမ်းမြင်သည်။

"ဟာ ဝဏ္ဏ"

"မင်းကွာ၊ ပျောက်လိုက်တာ ဘယ်ရောက်နေလဲ"

သူ့ပခုံးကို ပုတ်လိုက်ရင်း အားရဝမ်းသာမေးသည်။

"ငါလှည်းတန်းဘက်မှာ အဆောင်ငှားနေတယ်။ မင်းရော"

"ငါရော နန္ဒရော တိုးလွင်နဲ့ အတူတူပဲနေတာ"

"ဟုတ်လား။ အေးကွာ၊ ဒီကောင်တွေလဲ ငါမတွေ့ဘူး"

"မင်းကို ငါတို့ ခဏခဏ သတိရနေပြီး မင်းအကြောင်းတွေပြော ဖြစ်တယ်။ မင်းနယ်မှာပဲ လယ်ပြန်လုပ်နေတယ် ထင်ကြတာ"

"အေးကွာ၊ ရန်ကုန်မှာ အလုပ်ကလေးဘာလေး အဆင်ပြေမလား လို့"

ကျော်ဝင္ထုကို ကြည့်ရသည်မှာ ကျောင်းတုန်းကနယ်ပင် သားသ[illegible] နားနားရှိနေဆဲ။ အဖိုးတန် ဘောင်းဘီနှင့် အင်္ကျီတို့ကို ဝတ်စားထားတာတွေ သည်။ ဖဲရှုံးလို့ အင်္ကျီအဝတ်အစားတွေရောင်းလိုက်ရလျှင်လည်း ခဏပင်။ သူ့အိမ်က အဝတ်အစားသစ်တွေ ထပ်ပို့ပေးတတ်သည်ပဲ။

"မင်းအဆောင်နေရတာ အဆင်ပြေလား"

"ဒီလ ဆယ့်ငါးရက်မတိုင်ခင် ပြောင်းရတော့မှာကွ"

"ဟာ ဘယ်ကို ပြောင်းမှာလဲ"

"မသိသေးပါဘူးကွာ၊ ငါအဆောင် မရှာနိုင်သေးဘူးကွ။ အဆင်မပြေရင် အိမ်ခဏပြန်မလားလို့"

ကျော်ဝင္ထုက သူ့ပခုံးကို ဖက်ပြီး ဆုပ်ညှစ်လိုက်၏။





"ဒါဆို အတော်ပဲ၊ မင်းအဆောင်မရှာနဲ့တော့၊ ငါတို့နဲ့လာနေ"

"မင်းတို့ အဆောင်ကဘယ်မှာလဲ"

"အဆောင်မဟုတ်ဘူးကွ၊ ငါတို့နေတာ ငါ့အိမ်"

"ဟုတ်လား"

"ဟိုကောင်တွေ မင်းလာနေမယ်ဆို အရမ်းပျော်မှာ၊ ငါ့အဘိုးကြီး [illegible]ယ်ထားတဲ့အိမ်ကွ၊ ဘယ်သူမှမရှိဘူး။ နန္ဒရယ်၊ ငါတို့နှစ်ယောက်ရယ် သုံး [illegible]ယောက်ပဲရှိတာ။ မင်းဘာမှ စဉ်းစားမနေနဲ့ ငါတို့နဲ့လာနေ သူငယ်ချင်း"

ကျော်ဝင္ထုစကားကြောင့် ရင်ထဲမှာ သိမ့်ခနဲ ကြည်နူးသွားမိသည် [illegible]တော့ အမှန်ပင်။ သူ့အတွက် လောလောဆယ်ပြဿနာမှာ အဆောင်သစ်ရှာ [illegible]နိုင်ရေး [illegible]င်။ နောက်ဆုံး အိမ်ပြန်ပြီး အလုပ်လုပ်ငွေစုပြီးမှ ရန်ကုန်ပြန်လာရ [illegible]ကောင်းမလားဟုပင် စိတ်လျှော့ကာ သူစဉ်းစားခဲ့မိသည်ပဲ။

"ဟေ့ကောင် မင်းညို၊ ဘာမှ စဉ်းစားမနေနဲ့၊ ဟိုနှစ်ယောက်ကလဲ [illegible]င်းလာမယ်ဆို အရမ်းပျော်မှာ၊ ပေးစာရွက်‥ ငါလိပ်စာရေးပေးခဲ့မယ်။ [illegible]င်းဒီရက်ထဲ အရောက်ပြောင်းခဲ့တော့။ သိတယ်မဟုတ်လား။ ကျောင်းတုန်း [illegible]ကလိုပဲ၊ မရှိအတူ ရှိအတူ၊ ငါတို့ရှိသလောက်တော့ မင်းစားရမှာပဲ၊ ဘာမှမပူနဲ့ [illegible]ါသွားမယ်"

ပြောပြီး ကျော်ဝင္ထု သူ့ကို နှုတ်ဆက်ထွက်သွားသည်။ သူ ကျော် [illegible]ဝင္ထု၏ကျောကို ငေးရင်း ရပ်ကြည့်နေမိဆဲ။ ကျော်ဝင္ထု၊ နန္ဒအောင်နှင့် [illegible]တိုးလွင်တွန်း ဆိုတာ ကျောင်းမှာကတည်းက သူနှင့်တစ်တွဲတွဲနေခဲ့ကြသူတွေပဲ။

သူတို့ သုံးဦးကို ရန်ကုန်မှာ ပြန်တွေ့ရသည်မှာ မိဘဆွေမျိုးများကို တွေ့လိုက်ရသလိုပင်ထင်သည်။ ရင်မှာ နွေးထွေးစွာ ခံစားကြည်နူးရပြန်၏။ နီးစပ်ရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲ သူဝင်ထိုင်လိုက်သည်။

✤ ✤ ✤

( ၃ )

အမှန်မှာတော့ တက္ကသိုလ်ရောက်စက ကျော်ဝဏ္ဏကို သူကြည့်၍ ခဲ့သည်မဟုတ်။ ကျော်ဝဏ္ဏနှင့် ပတ်သက်ကာ တစ်နှယ်ငင် တစ်စင်ပါလာ သော နန္ဒအောင်နှင့် တိုးလွင်ထွန်းတို့ကိုလည်း ကြည့်၍မရခဲ့။ သည်ကောင်တွေ အုပ်စုက ကျောင်းမှာ လက်လျားလေတ်လျားနိုင်လွန်းသည်ဟု သူထင်သည်။ သူတို့အုပ်စုက ဘောင်းဘီအမျိုးမျိုး၊ အင်္ကျီအမျိုးမျိုးနှင့် ရှိုးထုတ်နိုင်ကြသူတွေ ပြီး၊ အဆောင်မှာနေကြသော်လည်း နယ်မှကျောင်းသားများနှင့်မတူ။

သူက ကျော်ဝဏ္ဏနှင့် အခန်းချင်းကပ်၍ ကျသည်ပင် သူ့အတွက် ကံဆိုးလေခြင်းဟု အတွေးရောက်ခဲ့မိသည်။ အခန်းနီးနားချင်းဆိုတော့ တစ်ဦးနှင့်တစ်ဦး စကားမပြောပြန်လျှင်လည်း မကောင်း။ အခန်းထဲမှာ စားပွဲတင်ပန်ကာ၊ ရေနွေးကြိုသော လျှပ်စစ်ကိရိယာ၊ မီးပူ စသဖြင့် ပစ္စည်းအစုံအလင် ထားနိုင်သူဖြစ်လျက် ကျော်ဝဏ္ဏအခန်းမှာ တံခြက်စီး ဘယ်တော့မှ မရှိတတ်။ တစ်ခါတစ်ရံ အခန်းရှင်းချင်ပါမှ သူ့အခန်းမှတံခြက်စီး လာပြီးငှားလေ့ရှိသူ သည်နှယ် အငှားအရမ်းလုပ်ရင်း စကားပြောပြီဆိုတော့လည်း ကိုယ်က ပြန်မပြောလျှင် မကောင်း။ ကျော်ဝဏ္ဏကို သူက လူမှုရေးအရသာ ဆက်ဆံနေခြင်းဆိုတာ သူ့ဘာသာအသိ။

အဆိုးဆုံးကတော့ ကျော်ဝဏ္ဏအခန်းမှာ ညတိုင်းလိုလို နန္ဒအောင်နှင့် တိုးလွင်ထွန်းတို့ဆုံတတ်ပြီး စကားပြော၊ ဂစ်တာတီးလေ့ရှိခြင်းပင်။ သူက တစ်နေ့စာ တစ်နေ့ကြည့်တတ်သည်။ စာမကြည့်ဖြစ်ပါကလည်း ဝတ္ထု တိုတစ်ပုဒ်ရေးဖို့ သို့မဟုတ်ပါက ကဗျာတစ်ပုဒ်ရေးရန် သူကအတွေးနယ်ချဲ့ နေတတ်သည်။ သည်တော့ သူတို့အခန်းမှ ဆူဆူညံညံအသံများက သူ့ကို အမြဲနှောင့်ယှက်နေသလိုပင်။

သူ ကြည့်၍မရသော ကျော်ဝဏ္ဏတို့အဖွဲ့နှင့် သူခင်မင်ရင်းနှီးသွားစေဖို့ တစ်နေ့မှာတော့ အကြောင်းဖန်လာတော့သည်။

* * *





ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသည့်စကားကိုပင် ယုံကြည် ာက်ခံရစေတော့မလို စိုးမင်းညိုကတွေးသည်။ ကြည့်လေ…အမေက သူ့ကို င်းရဲ့နှမ်းပါးစွာဖြင့် ရန်ကုန်ရင်း တက္ကသိုလ်ပို့ခဲ့ရသည်။ တက္ကသိုလ်ရောက် ဒုတိယနှစ်ဝက်မှာပင် မိမိအခန်းဖောက်၍ သူ့ခိုး ခိုးခံခဲ့ရ၏။ မရှိမဲ့ရှိမဲ့ ဆောင်းကာ အမေဝယ်ပေးလိုက်သည့် အင်္ကျီလုံချည်လေးများ ပါသွားတော့ ည်။ တက္ကသိုလ်ရောက်စ ပထမနှစ်ကမို့ အသိအကျွမ်း ည်း မပေါ်သေး။ ကုန်မြေမှာက မိမိတစ်ကောင်ကြွက်မို့ အားငယ်ရပြန်သည်။ ပြည့်စုံချမ်းသာ ည့် မိဘများ၏ သားသမီးဆိုပါကလည်း အမေ့ထံစာရေးပြီး အဝတ်အစား င်တွေ သို့မဟုတ်ပါက လိုအပ်သည့်ငွေကို မှာလိုက်ရုံပင်။ အခုတော့ ယ်လေးငါးဧကလောက်ကို လူငှားနှင့်လုပ်ကိုင်ရသည့် အမေ့ဝင်ငွေကို အသိဆုံးမို့ အမေ့ကိုလည်း ဒုက္ခမပေးရက်။ အသိမပေးရက်ပြန်။

သည့်ကိစ္စဖြစ်လာတော့ ကျော်ဝဏ္ဏတို့ စိတ်ရင်းကို သူနားလည် ကြုံလာရ၏။ ကျော်ဝဏ္ဏ၊ တိုးလွင်ထွန်းနှင့် နန္ဒအောင်တို့ သုံးယောက် အခန်းကို ရောက်လာကြသည်။

"ခင်ဗျားကြည့်ရတာ အားငယ်နေသလိုပဲ။ အားမငယ်ပါနဲ့ဗျာ။ ျွန်တော်တို့လဲ နယ်ကလာနေကြတဲ့လူတွေပဲ။ အချင်းချင်းညီအစ်ကိုလို သောထားလို့ ရပါတယ်။ လောလောဆယ်မှာ ခင်ဗျားအတွက် အင်္ကျီနဲ့လုံချည်

သုံးစုံ ကျွန်တော်တို့ ဝယ်လာခဲ့တယ်။ ဘယ်လိုမှ မအောက်မေ့နဲ့နော် ကိုစိုးမင်းညို။ အချင်းချင်းကူညီတာပါ။ ခင်မျှား ချက်ချင်း အခက်အခဲပြေလည်သွားတာပေါ့။ ခင်မျှားမှာ ခါးဝတ်ခါးစားပဲ ကျန်တယ်ဆို”

ကျော်ဝဏ္ဏက သူ့အတွက်ဝယ်လာသော အင်္ကျီလုံချည်တို့ကို စားပွဲပေါ်တင်ပေးရင်း ပြောလိုက်သည်။

“ကျေးဇူးပဲဗျာ၊ ဘယ်လိုပြန်ပြောရမှန်းတောင် မသိဘူး”

စိုးမင်းညိုက ကျော်ဝဏ္ဏကို ကြည့်ရင်း ကျေးဇူးစကားဆို၏။

“ဒီကောင့်ကို ကျေးဇူးတင်ဗျ၊ တိုက်တိုက်ဆိုင်ဆိုင် ခင်မျှားပစ္စည်းတွေပါသွားတဲ့ညက၊ ဒီကောင်ဖဲဝိုင်းမှာ တော်တော်လေးနိုင်လာလို့”

နန္ဒအောင်က ကျော်ဝဏ္ဏကို မေးငေါ့ရင်း ဝင်ပြောလိုက်သည်။

“မင်းကလဲကွာ။ ဖဲနိုင်လို့ အကူအညီပေးတာမဟုတ်ပါဘူး။ ဖဲမနိုင်လဲ ငါမြို့ထဲက အမျိုးအိမ် ငွေသွားယူပြီး ပေးဖြစ်မှာပဲ”

ကျော်ဝဏ္ဏက နန္ဒအောင်ဘက်လှည့်ရင်း ဝင်ပြောလိုက်သည်။

“မင်းပြောမှပဲ၊ ငါတို့စေတနာ အလကားဖြစ်တော့မယ်။ ဖဲနိုင်လို့ အလှူလုပ်တဲ့သဘော”

“ငါက အဲဒီလို ရည်ရွယ်တာတော့ မဟုတ်ဘူးကွ။ တိုက်ဆိုင်မှုကိုသာ ပြောတာ”

နန္ဒအောင်က တိုးလွင်ထွန်းကို ပြန်ပြောသည်။

“ဘယ်လိုဖြစ်ဖြစ်ပါဗျာ။ ကျွန်တော့်ဒုက္ခကို ခင်မျှားတို့ကူညီဖို့အတွေးရှိတယ်ဆိုတာကိုပဲ ကျွန်တော်က ကျေနပ်ပါတယ်”





“ယောကောင် မင်းပြောတဲ့အစီအစဉ် ပြောပြလိုက်လေကွာ။ ဒီကောင်ခင်မျှားအတွက် အစီအစဉ်တစ်ခုလဲ လုပ်ထားတယ်။ မော်ကွန်းထိန်းကိုသွားပြောပြီး ခွင့်တောင် တောင်းပြီးပြီ”

“ဗျာ”

တိုးလွင်ထွန်းစကားကို သူနားမလည်သဖြင့် အံ့သြသွား၏။

“ပြောလိုက်လေကွာ၊ ကျော်ဝဏ္ဏ”

“ဒီလိုဗျာ… ခင်မျှားအခန်း အခိုးခံရတာ၊ ပစ္စည်းတွေအားလုံးပါသွားတာ အဆောင်မှူးကတစ်ဆင့် မော်ကွန်းထိန်းလဲ သိတယ်လေ။ ဒါကိုဧည့်စားမိလို့ ကျွန်တော်က ဆရာ့ဆီသွားပြီး ခွင့်တောင်းကြည့်တာ။ ခင်မျှားအတွက် ကျွန်တော်တို့အခန်းထဲမှာ ကြေညာပြီး အလှူငွေကောက်ပေးမလို့။ မော်ကွန်းထိန်းကရော၊ အဆောင်မှူးကပါ လုပ်ပါလို့ ပြောတယ်”

ကျော်ဝဏ္ဏက စိုးမင်းညိုကို ရှင်းပြလိုက်သည်။

“ဟာ ခင်မျှားတို့ ကျွန်တော့်အတွက် တော်တော်ဒုက္ခခံပြီး စဉ်းစားကြတာပဲ”

ရင်ထဲမှာ ကြည်ကြည်နူးနူးဖြင့် စကားဆိုဖြစ်သည်။

“ကျော်ဝဏ္ဏက ဖဲသမားလေဗျာ။ အကြံကောင်းတာပေါ့။ ခင်မျှားစဉ်းစားကြည့်လေ…အတန်းထဲမှာ လူသုံးရာကျော်ရှိတာပဲ။ ဘာဖြစ်ဖြစ် အနည်းဆုံး ခင်မျှားပါသွားတဲ့ အင်္ကျီ၊ လုံချည်တွေ တန်ဖိုးထက် ငွေပိုရမှာ သေချာ

တယ်။ အဲ ပိုရကဲ့ငွေထဲက သူ ထက်ဝက်လိုချင်လို့"

"ဟာကွာ.နန္ဒ မင်းလုပ်မှပဲ၊ ငါ့စေတနာတွေ အလကားဖြစ်ရတော့မယ်"

ကျော်ဝဏ္ဏကို နန္ဒအောင်က နောက်လိုက်သဖြင့် နန္ဒအောင် ပခုံးပုတ်ရင်း ကျော်ဝဏ္ဏက ပြန်ပြောသည်။

သူတို့သုံးဦး၏ အပြင်ပနေပုံထိုင်ပုံနှင့် အတွင်းစိတ်စေတနာသည်မှာပင် စိုးမင်းညို ခွဲခြားနားလည်လာတော့၏။

မနက်အတန်းထဲရောက်တော့ ကျော်ဝဏ္ဏက အကျိုးအကြောင်း ပြောကာ၊ အတန်းထဲတွင် သခ္ချာကြီး အလျှုငွေကောက်ခံပေးခဲ့သည်။ တကယ် နန္ဒအောင်ပြောသည့်အတိုင်း သူပါသွားသည့် အဝတ်အစားတို့၏ တန်ဖိုးထက် ငွေက ပိုချင်ပိုဦးမယ်။

* * *





နောက်ပိုင်းမှာတော့ ကျော်ဝဏ္ဏတို့အုပ်စုမှာ စိုးမင်းညိုပါလာတော့၏။ အခန်းချင်းတွေကလည်း ကပ်လျက်မို့ သူတို့လေးဦး တစ်တွဲတွဲရှိနေတတ်ကြသည်။ အတန်းတူ ဘာသာရပ်တူမို့ ကျောင်းတက်အတူ၊ ကင်တင်းဆင်းအတူ ဖြစ်လာတော့၏။

ကျော်ဝဏ္ဏက ဖဲရိုက်တာ ဝါသနာပါသည်။ တိုးလွင်ထွန်းကတော့ ကောင်မလေးတွေနှင့် အလုပ်ရှုပ်နေတတ်သူ။ ညနေတိုင်းလိုလို ကောင်မလေးတစ်ခုကြောင့် မအားမလပ်ဖြစ်နေတတ်သူ။ နန္ဒက အခန်းထဲကသိပ်မထွက်။ နန္ဒ သေးခြောက်တွေ ဘာတွေလုပ်သည်ဟု သူထင်သည်။ ဂစ်တာတစ်လုံးနှင့် အခန်းထဲမှာ အမြဲလို မှိန်းနေလေ့ရှိတာ သူသတိထားဖြစ်၏။

စာမေးပွဲနားနီးတော့ အတန်းမှန်မှန်တက်သူ၊ စာမှန်မှန်ကြည့်သူ စိုးမင်းညိုက ကျန်သုံးယောက်ကို တာဝန်ယူရှင်းပြရတော့သည်။

သည်လိုနှင့်...

သူတို့ လေးယောက်စလုံး ပထမနှစ် စာမေးပွဲကို ရှောရှောရှုရှု အောင်မြင်လာခဲ့ကြသည်။

✤ ✤ ✤

( ၂ )

ဒုတိယနှစ်တွေ ပြန်ဖွင့်ပြီဆိုတော့ သူတို့လေးယောက်သည် အညာ တစ်ခုတည်း၏ အသီးနိုင်ပမာ။ ကံကောင်းချင်တော့ အဆောင်တစ်ခုတည်း။ အခန်းတွေကလည်း သိပ်မကွာလှ။

သည်မှာပင် ရေများရေနိုင်၊ မီးများမီးနိုင်ဟု ဆိုရမည်လားမသိ။ နိုးမင်းညိုတစ်ယောက် ကျော်ဝဏ္ဏတို့နှင့် တစ်သားတည်းဖြစ်လာတော့သည်။ စာကြည့်လိုက်၊ ကဗျာလေးတွေရေးလိုက်၊ ဝတ္ထုတိုလေးတွေ စဉ်းစားလိုက်နှင့်

နေခဲ့သည့် စိုးမင်းညိုတစ်ယောက် ကျော်ဝဏ္ဏတို့နှင့် အချိန်ကုန်လာတော့၏

နဲ့ပါများလို့ သစ်ငုတ်လှုပ်လေသလား။ ရေစားပါများလို့ ကမ်းပါးပြို လေသလားတော့မသိ။

ကျောင်းစာမုန်မှုန်ကျက်မည်ဆိုသည့် ကျောင်းအလာက အမေ့ကိုပေး သည့် ကတိသစ်ငုတ် လှုပ်လေပြီ။အမေ့ဘဝ အစ်မမျက်နှာကို ထောက်က စာမေးပွဲကျရှုံကတော့ မဖြစ်ဟု သန္နိဋ္ဌာန်ချထားသည့် စိတ်ဓာတ်ကမ်းပါးလည်း ပြိုလေပြီ။

ကြည့်ပါလား။ ကျော်ဝဏ္ဏက ဖဲဝိုင်းသွားတော့မည်ဆိုလျှင် မိမိကို အဖော်ခေါ်သည်။ ဖဲဆို အစကဘာမျှမှ နားလည်ခဲ့သူ မဟုတ်သော်ငြား ကျော်ဝဏ္ဏ ခေါ်ရာသို့ မိမိပါခဲ့စမြဲ။ ဖဲဝိုင်းဘေးမှာ ထိုင်ရင်းသော်လည်းကောင်း၊ အိပ်ရင်း သော်လည်းကောင်း ကျော်ဝဏ္ဏကို စောင့်တတ်လာ၏။

ကျော်ဝဏ္ဏ ဖဲရှုံးလို့ ငွေအတွက်ပူရပြီဆိုလျှင် စိုးမင်းညိုလည်း ပူတတ် လာပြီ။ ကျော်ဝဏ္ဏ ဖဲနိုင်လာပြီဆိုလျှင်လည်း ကျော်ဝဏ္ဏနှင့်ထပ်တူ သူ ပျော်တတ်နေပြီပဲ။

သူတို့လေးယောက်စလုံးက အိမ်ကပို့ပေးသမျှ ပိုက်ဆံကို အားလုံး စုလိုက်သည်။ သည်အထဲမှာ စိုးမင်းညိုကတော့ အိမ်ကပို့သည့်ငွေ အနည်းဆုံး။ သည်လို ငွေပို့နည်းသည်ကိုလည်း သူတို့သုံးယောက်က ဘာမျှမဆို၊ ဘယ်လိုမှ ငြိုငြင်ဟန်ကို မပြ။ လာသမျှ၊ ရှိသမျှငွေကိုစုကာ လေးယောက်စလုံး အတူသုံးစွဲခဲ့ကြသည်ချည်း။





သို့နှင့် ဒုတိယနှစ်စာရင်းချုပ်လိုက်တော့ စိုးမင်းညိုက စာမေးပွဲကို ကပ်ပြီးအောင်ခဲ့၏။

ကျော်ဝဏ္ဏတို့ သုံးယောက်က စာမေးပွဲ ကျကျန်ခဲ့တော့သည်။

✤ ✤ ✤

( ၃ )

သည်လိုနှင့် "အင်းကြင်းမြိုင်" သည် သူတို့လေးယောက်၏ စတည်းချရာ ဖြစ်လာရပြန်သည်။

ကျော်ဝဏ္ဏတို့ သုံးဦးက အင်ကြင်းမြိုင်မှာ အပျော်ပါးနေကြသည်။ အင်ကြင်းမြိုင်ကို ကျောင်းသားအတော်များများက သိနေကြသည်။ နာမည်ဆိုးနှင့် ဟိုးဟိုးကျော်သည့် အပြင်ဆောင်ဟု နားလည်ထားကြသည်။ ကျောင်းသားအတော်များများက အင်ကြင်းမြိုင်ကို ရှောင်သည်။ အင်ကြင်းမြိုင်သည်

လွတ်လပ်လွန်းအားကြီးသည်။ စည်းမဲ့ကမ်းမဲ့နိုင်လွန်းအားကြီးသည်။ သည်အတွက် ကိုယ့်ကိုယ်ကို မထိန်းနိုင်ပါက အင်ကြင်းမြိုင်ရောက်လျှင် ပို၍ နစ်သွားတတ်ကြစမြဲ။

ကျော်ဝဏ္ဏတို့ကတော့ အင်ကြင်းမြိုင်ကို အကြိုက်တွေ့သည်။ သူတို့ နေထိုင်လိုသည့် စရိုက်၊ သူတို့နှစ်မြိုက်သည့် လွတ်လပ်မှုမျိုးက သည်အဆောင်မှာပဲ ရှိနေသည်။

သည်နေ့ အင်ကြင်းမြိုင်ကို စိုးမင်းညိုရောက်လာတော့ ကျော်ဝဏ္ဏတို့အခန်းမှာ ဖဲဝိုင်းက ကောင်းနေဆဲပင်။ ကျော်ဝဏ္ဏတို့က အပေါ်ထပ် ညာဘက်ကအခန်းကျယ်မှာ သုံးယောက်ခန်းယူပြီး နေကြသည်မို့ ပို၍ ကျယ်ဝန်းသည်။

"ငါလက်တွေ့လုပ်စရာ ရှိတယ်။ နေ့လယ်မှ ရောက်မယ်"

မနေ့ကပင် ကျော်ဝဏ္ဏတို့ကို သူပြောခဲ့သည်။ လက်တွေ့ခန်း မဝင်ရသောနေ့များမှာတော့ မနက်လင်းကတည်းက အဆောင်မှထွက်လာကာ သူ အင်ကြင်းမြိုင်ကို ရောက်နေတတ်သည်ပဲ။

"မင်းလာတာ အတော်ပဲ မင်းညို၊ အကောက် ဆက်ကောက်ထားကွာ၊ ငါဆေးလိပ်ထွက်ဝယ်ပေးလိုက်ဦးမယ်"

တိုးလွင်ထွန်းကပြောရင်း သူ့ကိုလှမ်းကြည့်သည်။ သူ တိုးလွင်ထွန်းအနား သွားထိုင်လိုက်သည်။ ဝိုင်းထဲမှာထိုင်နေသည့် ကျော်ဝဏ္ဏဆီ အကြည့်ကို ပို့လိုက်၏။ ကျော်ဝဏ္ဏအောက်မှာ ငွေပုံကို သူတွေ့သည်။





"အခြေအနေဘယ်လိုလဲ"

"အခုထိတော့ ကောင်းနေတယ်"

တိုးလွင်ထွန်းကပြောရင်း ထရပ်လိုက်၏။ ပလက်ကင်လုပ်နေသော ...တာသံသဲ့သဲ့ နားထဲသို့ တိုးဝင်လာမှ ထောင့်ကခုတင်ဆီ အကြည့်ရောက်၏။ ...၏ခုတင်က ထောင့်ဘက်မှာ။ နန္ဒတစ်ယောက် ကောင်းနေပြီဆိုတာ ...လိုက်၏။ နံရံကို လှော့လှော့မှီရင်း ခုတင်ပေါ်မှာထိုင်ကာ ဂစ်တာတစ်လုံး ...် ယူနေသည်။

"ရှိုး"

ဝိုင်းထဲမှ ကျော်ဝဏ္ဏက သူ့အောက်မှ ငွေပုံကို ရှေ့သို့နည်းနည်း ...ရင်း နှုတ်မှ ရှိုးဟုထွက်သည်။ ပြီးတော့ ဘေးနားက စီးကရက်ဘူးကို ...ကောက်ယူပြီး တစ်လိပ်ထုတ်ကာ နှုတ်ခမ်းမှာ တပ်သည်။ ဇစ်ပိုမီးခြစ်ကို ...ပြီး မီးညှိကာ ဖွာလိုက်၏။ သူကြည့်ရသည်မှာ အေးဆေးတည်ငြိမ်မှုရှိသည်။ ...ကျော်ဝဏ္ဏ၏ မျက်နှာပေါ်မှ အရိပ်အကဲကို အဖမ်းခက်သည်ဟု ဖဲသမားတိုင်း ... ပြောကြသည်။

စိုးမင်းညိုက စိတ်ဝင်စားစွာ ရှေ့ကို တိုးကြည့်လိုက်၏။

ကျော်ဝဏ္ဏအဆင်က ပောက်စ်ဆင် ...။ အပေါ်မှ နှစ်ပုံးပြထားသည်။ ...နှင့် မျက်နှာချင်းဆိုင်က မျိုးသန့်ဖဲကို လှမ်းကြည့်လိုက်တော့ ရမ်းဆင်။ ...ဆင်ဂျက်ကွင်းဟင်း။ အောက်မှာကိုး သို့မဟုတ် တစ်တစ်လုံးရှိပါက ရမ်း။

စိုမင်းညိုတွေးနေစဉ်မှာပင် မျိုးသန့်က သူ့ဖဲကိုလက်ဖြင့် ခပ်အုပ်အုပ်

ချောင်းကြည့်သည်။

"မျိုးသန့် ဖင်ကြားခဲ့ခုနေပြီ"

တစ်ယောက်က နောက်လိုက်၏။

"အေးကွာ၊ ငွေကလဲ အများကြီး"

မျိုးသန့်က ပြန်ပြောသည်။

"လှန်စဉ်းစားသူငယ်ချင်း ရတယ်"

ကျော်ဝဏ္ဏက သူ့စီးကရက်ပြာခွေရင်း အပေါ်စီးမှ ပြောလိုက်ရင်း မျိုးသန့်ကို လှမ်းကြည့်သည်။ ဖဲကကုန်နေပြီ၊ သူတို့နှစ်အိမ်ထဲ ကျန်သည်မို့ လှန်စဉ်းစားနိုင်းတာ စိုးမင်းညို နားလည်လိုက်၏။

"ဒီမှာ ကြည့်ပါဦးကွာ၊ ရမ်းကြီး"

မျိုးသန့်က သူ့ဘေးအိမ်များမှ လှန်ဖဲများကို လျှောက်ကြည့်ရင်း ဖဲကို မှောက်သည်။ ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် မေးတစ်ချက် ဆတ်လိုက်၏။

"ကဲ ရှုံးဖဲတစ်ချပ် မင်းအောက်မှာရှိရင်လဲ စားကွာ၊ လိုက်တယ်"

ပြောရင်း သူ့ပိုက်ဆံပုံကို တိုးလိုက်တော့၏။

"ဒီမှာကြည့်နော်"

ကျော်ဝဏ္ဏက သူ့အောက်ဖဲကို လှန်ပြလိုက်သည်။ တစ်ဝိုင်းလုံး ဟာခနဲ ဖြစ်သွားကြသည်။ ကျော်ဝဏ္ဏအိမ်က တကယ်ပင် ယောက်စ်ဖူးလ်ကျနေသည်ပဲ။

ကျော်ဝဏ္ဏက မျိုးသန့်ရှေ့မှ ငွေပုံကို လှမ်းယူလိုက်သည်။





"အကောက်ထည့် ယော့ကောင်… အကောက်ထည့်"

စိုးမင်းညိုက ပြောလိုက်တော့၊ ကျော်ဝဏ္ဏက စိုးမင်းညိုဘက်လှည့် ကြည့်သည်။

"ရောက်နေတာ ကြာပြီလား"

ပိုက်ဆံတစ်ထပ်ကို လှမ်းပေးရင်းမေးသည်။

"မကြာသေးဘူး"

သူပြန်ပြောစဉ်မှာ ကျော်ဝဏ္ဏက ဖဲထုပ်ကို ကျွမ်းကျင်စွာ ကုလားဖန် ထိုးနေ၏။

* * *

စီးကရက်နှစ်ဘူးနှင့် ဆေးပေါ့လိပ်များကို ဗိုင်းဘေးချပေးရင်း ဘယ် ဒိုလဲဟု တိုးလွင်ထွန်းက လှမ်းမေးသည်။

"အခြေအနေကောင်းတယ်"

ဟု စိုးမင်းညိုက ပြန်ပြောလိုက်သည်။ တိုးလွင်ထွန်းက မထိုင်ဘဲ နန္ဒဆီကို သွားသည်။

"ဟော့ကောင် နန္ဒ။ ကုန်ပြီလား မင်းဆေးလိပ်က"

အစီခံရောက်အောင် တိုဝင်နေသည့် ခုတင်ခေါင်းရင်းပေါင်ပေါ် တင်ထားသည့် ဆေးလိပ်ကိုကြည့်ကာ မေးသည်။

"ငါရိုက်ရမှာ ပျင်းလို့ကွာ၊ ခါတိုင်းနေရာမှာ ရှိတယ်... တစ်တိုင်လောက် ရိုက်ပါကွာ"

နန္ဒက ဂစ်တာကို တီးနေရာမှ ချထားလိုက်ရင်း ပြောသည်။

တိုးလွင်ထွန်းက နန္ဒထားသည့်အထုပ်ကို သွားယူပေးပြီး ဆေးပေါ့လိပ်တစ်လိပ် ချပေးလိုက်စဉ် ဝိုင်းကပြီးသွားပြီ။

"ဘယ်လိုလဲ ည ဖြစ်ဦးမှာလား"

ကျော်ဝဏ္ဏ၏ အသံ။

"ဒီည မအားဘူးဗျ၊ မနက်မှပဲ"

ဝိုင်းထဲက တစ်ယောက်က ပြန်ပြောသံကြားရ၏။

"မနက် ခါတိုင်းချိန်ပဲ ကောင်းပါတယ်"

နောက်တစ်ယောက်က ထောက်ခံသည်။

"ဒါဖြင့်လဲ မနက်ခါတိုင်းချိန်ပေါ့ ဟုတ်လား"

မနက်ဖြန်အတွက် အချိန်းအချက်လုပ်ကြပြီးတော့ ဖဲဝိုင်းကလူများ





သွားကြပြီ။

ကျော်ဝဏ္ဏက အခန်းတံခါးကို ပိတ်လိုက်၏။

"အခြေအနေဘယ်လိုလဲ"

တိုးလွင်ထွန်းက မေးသည်။

"ဒီမှာ ကက်ချ်ရှုံးပဲ မနည်းဘူးကွ၊ နာရီက တစ်လုံးပါသေးတယ်"

ပိုက်ဆံတွေကို လက်ဖြင့်ဆုပ်ကိုင်ယူပြီး ခုတင်ပေါ် တင်လိုက်သည်။ တော့ သူ့အင်္ကျီအိတ်ထဲက ပိုက်ဆံတွေကို ထုတ်ယူပြီး ထပ်တင်သည်။

"ရေလိုက်ကွာ"

ဟု စိုးမင်းညိုကို ပြော၏။

သူပိုက်ဆံတွေကို ရေတွက်နေလိုက်သည်။

"ဒီမှာအကောက်။ ဒါပါရေပြီး ပေါင်းထည့်လိုက်ပေါ့"

တိုးလွင်ထွန်းက အကောက်ခွက်ထဲမှ ငွေတို့ကို ထုတ်ယူပြီး သေးမှာ ပေးလိုက် ..ည်။

"လုပ်ကွာ ရေနိုးချိုကြ။ ပြီးရင် ကာရာအိုကေလေးဘာလေး သွားမြူး ရအောင်"

တိုးလွင်ထွန်းက အော်ပြောလိုက်သည်။

"မင်းဝါသနာကလဲကွာ၊ အသားကောင်းတဲ့ဆိုင် ဘယ်တော့မှ မရွေး း၊ ကောင်မလေးတွေရှိတဲ့ဆိုင်ပဲ အမြဲသွားချင်နေတာ"

ကျော်ဝဏ္ဏက ပြောသည်။

“အားလုံးကောင်းတော့ ပိုပျော်တာပေါ့ကွာ၊ ဟုတ်ဘူးလား မင်းညို” သူ့ပခုံးကိုဖက်ရင်း တိုးလွင်ထွန်းက ပြောလိုက်၏။

သည်ညတော့ သူတို့အားလုံးအတွက် ပျော်စရာဖြစ်ပေဦးတော့မည်။

✤ ✤ ✤

( ၄ )

ပျော်စရာနှင့် ချမ်းမြေ့ကြည်နူးမှုတို့၏ ကွာခြားမှုကို နောက်နေ့ မနက်မှာ သူသိလိုက်ရတော့၏။

ညက ပန်းကုံးတွေစွပ်လိုက်၊ သောက်စားမူးယစ်အော်ဟစ်လိုက်နှင့် အပျော်ကြီး ပျော်ခဲ့ကြသည်ပဲ။

မနက်ကျောင်းကိုရောက်တော့ အတန်းရှေ့မှာ စောင့်နေသည့် မြတ်လေးကို စိုးမင်းညိုတွေ့လိုက်ရသည်။ မြတ်လေးဝေ၏ မျက်နှာကို မြင်စဉ်ခိုက်

ရင်၌ ကြည်နူးချမ်းမြေ့သည်။ မနေ့ညက မူးပြီး စားပွဲထိုးကောင်မလေးတွေကို
လိုက်နောက်လိုက်လုပ်ခဲ့မိတာတွေ အတွေးမှာ ပြန်ပေါ်လာပြီး ရှက်ရွံ့သလို
ခံစားရပြန်သေးသည်။ မြတ်လေးဝေက ပြုံးပြရင်း ရပ်စောင့်နေသည်။

မြတ်လေးဝေ၏ အပြုံးမှာ အာရုံအားလုံးက စုစည်းသည်။ မြတ်လေး
ဝေ၏အကြည့်မှာ သူ့စိတ်တွင်းသို့ ထိုးထွင်းသိမြင်နိုင်စွမ်းတွေရှိလေမလား
သူတွေးသည်။

လိမ်းခြယ်ထားခြင်းမရှိသော်ငြား နှုတ်ခမ်းနီရဲရဲကို ပါးပါးဆိုးထား
ဘတ်သည့် မြတ်လေးဝေ၏မျက်နှာက အေးဆေးတည်ငြိမ်သည် သူထင်သည်
ညကတွေ့ခဲ့ရသော အမျိုးသမီးကလေးများမှာတော့ မြတ်လေးဝေနှင့် ဆန့်ကျင်
ယောကျ်ားတို့ကို ဖြုဆွဲနှိုလျှနေ နေရသလိုပင်။

"နင့် ဆံပင်တွေ ရှည်လာလိုက်တာ မင်းညိုရယ်"

အနားရောက်တော့ သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း စပြောလိုက်
သည်။ မြတ်လေးဝေ၏ စကားကြောင့် သူက သူ့ဆံပင်တွေကြားလက်ထိုး
လိုက်မိပြန်၏။

"နင် ဟိုအရင်ကနဲ့ မတူတာတော့ အမှန်ပဲနော်...မင်းညို၊ အချိုတွေ
ပြောင်းနေတယ်"

ယှဉ်လျှောက်ရင်း မြတ်လေးဝေ ပြောသည်။

"ဘာ မတူလို့လဲဟ"

"အစစအရာရာပဲ မင်းညို။ ဟိုတုန်းကဆို နင်က ဆံပင်ရှည်ရှည်





တတ်တာမဟုတ်ဘူး။ အမြဲသေသေသပ်သပ်ရှိနေတာ၊ အခုနင့်ကြည့်ရတာ
တ်တိုစုတ်ဖတ်နဲ့။ အပေါင်းအသင်းလဲ ကြည့်ပေါင်းဦး... မင်းညို"

ကဲင်းတင်းကို လှမ်းမြင်နေရသည်။

"ပြီးတော့ ဟိုတစ်ခေါက် ဒေါ်လေးက ငါ့ကိုပြောတယ်။ နင်က
ခံကြီးလာလို့လားမသိဘူး။ အသုံးအဖွဲ့ပိုမိုများလာတယ်တဲ့။ နင်ဘာတွေလျှောက်
သုံးနေတာလဲ။ နင်နဲ့တွဲတဲ့ တစ်ယောက်က ဖဲသမားဆို၊ ငါ့ကို ငါ့အခန်းဖော်
ချိုက ပြောတယ်"

"ထားပါတော့ဟာ၊ နင် ငါ့ကို လက်ဖက်ရည်တိုက်မှာလား"

စိုးမင်းညိုက စကားကိုဖြတ်ရင်း ကဲင်းတင်းဆီလျှောက်သည်။

"အေးပါ တိုက်မှာပါ။ ပိုက်ဆံမရှိရင်လဲ ယူချင်ယူထားဦး"

"နေပါစေ၊ ငါနောက်မှယူမယ်"

"နင့်မှာ စာတွေရောစုံရဲ့လား မင်းညို၊ အတန်းလဲ မတက်ဘူး"

ခပ်ပြုံးပြုံးနှင့် မြတ်လေးဝေကို ကြည့်ရင်း ခေါင်းခါပြလိုက်မိသည်။

"ဒီကျောင်းပိတ်ရက်မှာ စာစုံအောင်ကူးထား မင်းညို။ ငါ့ကို တစ်ဝက်
ခွဲပေး၊ ငါလဲ ကူ ကူးပေးမယ်"

လက်ဖက်ရည်ဆိုင်ထဲ လှမ်းဝင်လိုက်၏။

"အဲဒါ ငါပြောချင်လို့ နင့်ကိုရှာနေတာ။ စာစုံထားရင် ဘယ်အချိန်
တော်ဖတ်"

လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ရင်း မြတ်လေးဝေက စကား

ဆက်လိုက်၏။ လက်ဖက်ရည်ဆိုင်မှ ထွက်တော့ အင်ကြင်းမြိုင်ကိုသွားမည် တွေးသည်။ သူ့အတွေးကို ကြိုတင်သိနေသလို မြတ်လေးဝေက သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း…

"ဘာလဲ နင်အတန်းမတက်ဘူးလား။ မရဘူး မင်းညို၊ ဒီတစ်ချိန်က အရေးကြီးတယ်။ လာ ငါနဲ့လိုက်ခဲ့"

သူတတ်နိုင်လျှင် မြတ်လေးဝေကို ဘာမျှဆန့်ကျင်ပြီး မပြုလုပ်ချင်။ မြတ်လေးဝေ စိတ်ချမ်းသာမှုကိုသာ ဖြစ်စေချင်သည်။

"ဘယ်လိုလဲ"

"နင် စိတ်ချမ်းသာအောင်၊ ငါတက်မှာပါဟာ"

မြတ်လေးဝေ မျက်နှာ၌ ပြုံးရိပ်သန်းသွားတာမြင်ပြီး သူ့ရင်၌လည်း ကြည်နူးသွားရတာ ဘာကြောင့်ရယ်မသိ။

"မဆိုးချင်ပါနဲ့ မင်းညိုရယ်။ နင်က ငယ်ငယ်ကတည်းက လိမ္မာခဲ့တာပဲ"

မြတ်လေးဝေ၏ရှေ့မှာ သူသည် ပီဘိကလေးနှယ် ဘာမှနှုတ်လှန်မထိုးဖြစ်။

✤ ✤ ✤



( ၅ )

တစ်နေ့ကုန် အတန်းတက်ဖြစ်ပြီး၊ ညနေအဆောင်ပြန်သည်။ အဆောင်မှာ ရေမိုးချိုးပြီးမှ အင်ကြင်းမြိုင်ကို သူရောက်၏။

"အတော်ပဲ မင်းကိုစောင့်နေတာ မင်းညို၊ ငါတို့ ထမင်းသွားစားကြမယ်။ ထမင်းစားပြီး လက်ဖက်ရည်ဆိုင် ခဏထိုင်မယ်။ ပြီးရင် ည မင်း ငါနဲ့အတူလိုက်ခဲ့ကွာ"

"ဘယ်ကိုလဲ"

"ဝင်ဒါမီယာက အောင်ဆွေမြင့်တို့အိမ်"

အောင်ဆွေမြင့်ဆိုတာ ကျော်ဝဏ္ဏတို့လိုပင် တကယ့်နာမည်ကြီး ဖဲသမား ဆိုတာ သူသိသည်။

နန္ဒကတော့ ထမင်းစားပြီး အဆောင်ပြန်သွားသည်။ တိုးလွင်ထွန်းက လက်ဖက်ရည်ဆိုင်က စောင့်မည်ပြော၏။

သူနှင့်ကျော်ဝဏ္ဏတို့နှစ်ယောက်က တက္ကစီငှားကာ အောင်ဆွေမြင့်တို့ ခြံကိုလာခဲ့ကြသည်။ အိမ်ရှေ့ရောက်တော့ တက္ကစီသမားကို ခဏစောင့်လို့ ပြောရင်း ဟွန်းတီးလိုက်၏။ မကြာခင်မှာ အောင်ဆွေမြင့်ရောက်လာပြီး တံခါးဖွင့် ပေးသည်။

"ကားဝင်ရမှာလား"

ကျော်ဝဏ္ဏက မေးလိုက်၏။

"ဝင်ခဲ့ ဟို ကားဂိုဒေါင်ဘက်မှာသွားရပ်၊ ပစ္စည်းက အဲဒီမှာ"

အောင်ဆွေမြင့်က ငုံ့ပြီးပြောသည်။ ကားဝင်သွားတော့ တံခါးကို ပြန်ပိတ်လိုက်၏။

ကားဂိုဒေါင်ထဲမှာ ကားမရှိ။ ခြံထဲမှာ ကားတစ်စီးမျှ မတွေ့ရသဖြင့် အောင်ဆွေမြင့် အဘိုးကြီး ပြန်မရောက်သေးတာ သေချာသည်။

ကားဂိုဒေါင်ရှေ့မှာ ရပ်ထားသည့်ကားဆီသို့ လျှောက်လာရင်း နောက်ဖုံး ဖွင့်ထားဖို့ ပြောသည်။

ပြီးတော့ ဝဏ္ဏ ခဏလာကွာဟု သူ့ကိုခေါ်၏။





ကျော်ဝဏ္ဏနှင့် အောင်ဆွေမြင့်တို့ ကားဂိုဒေါင်ထဲဝင်သွားပြီး ခဏကြာ သော် အလိပ်တစ်ခုကို နှစ်ဦးမယူလာသည်။ ကားနောက်ခန်းမှာ ထည့်လိုက်၏။

"ကဲ...လာ အပေါ်မှာ အဘွားကြီးရှိတယ်။ နှုတ်ကလေး ဘာလေး ဆက်လိုက်ပါဦး"

အောင်ဆွေမြင့်က ဦးဆောင်ပြီး အိမ်ပေါ် ခေါ်လာသည်။

"ကျော်ဝဏ္ဏပါလား၊ မလာတာကြာပြီ"

ဧည့်ခန်းမှာ ထိုင်နေစဉ် အောင်ဆွေမြင့် အဘွားကြီးက ကျော်ဝဏ္ဏကို နှုတ်ဆက်လိုက်၏။

"စာကူးချင်လို့ အောင်ဆွေမြင့်ဆီက စာအုပ်လာယူတာပါ အန်တီ"

ကျော်ဝဏ္ဏက မှင်သေသေပြောသည်။

"ခဏနေဦး...ငါသွားယူလိုက်မယ်"

"သား...ကော်ဖီလေး ဘာလေးလုပ်လေ"

"မလုပ်ပါနဲ့တော့ အန်တီ၊ ကျွန်တော်အချိန်မရတော့လို့ပါ။ နောက်မှ အေးအေးဆေးဆေး လာခဲ့ပါမယ်"

"ဒါဆိုလဲ ခဏစောင့်"

ပြောရင်း အောင်ဆွေမြင့် ဧည့်ခန်းထဲမှ ထွက်သွားသည်။ ခဏအကြာ မှာလက်ထဲမှာ စာအုပ်နှစ်အုပ်ကိုင်ပြီး ပြန်ဝင်လာ၏။

"သူများကို လက်ဆင့်မကမ်းနဲ့နော် ကျော်ဝဏ္ဏ"

"စိတ်ချစမ်းပါကွာ။ ပြန်ပါဦးမယ် အန်တီ...အခုမှ စိတ်ကူးရတာမို့

မိုး မ ခ စ ာ ပေ

အချိန်မရှိတော့လို့ပါ"

ပြောရင်း ကျော်ဝဏ္ဏနှင့် သူထရပ်လိုက်၏။ သူတို့နှင့်အတူ အောင်ဆွေမြင့် က ကပ်ပါလာသည်။ ကားနားရောက်တော့...

"ဟောကောင် ကိုက်သုံးဆယ်ရှိတယ်နော်၊ မင်းကြည့်လုပ်လိုက်။ ပြီးတော့ ဒါကကြေးဆန်ကာနော်။ ကြေးကကာက သံဆန်ကာထက် ပိုဈေးကြီး တယ်"

ဟု တီးတိုးပြောသည်။

"အေးပါ၊ ငါကြည့်လုပ်လိုက်မယ်"

ကားပေါ်တက်ပြီး ခြံဝန်းထဲမှ ကားမောင်းထွက်ခဲ့သည်။

"၂၉ လမ်းကို မောင်းဗျာ"

ကားဆရာကို ကျော်ဝဏ္ဏက ပြောလိုက်၏။

"ဘာလဲ ဟောကောင်"

"ခြင်ကာတဲ့ ကြေးဆန်ကာလေကွာ"

သူ့အမေးကို ကျော်ဝဏ္ဏက ပြန်ဖြေသည်။

"ကိုက်သုံးဆယ်ဆိုတော့ မဆိုးဘူး။ ငါက အာမက်နဲ့ စပ်ထားပြီး သား။ ငါ ရစရာရှိတဲ့ကြွေးနဲ့ ရောင်းပေးခနှုတ်ပြီး ပိုတာ ဒီကောင့်ကို ပြန်ပေး ရမှာ"

"ကြည့်လဲလုပ်ဦးနော်...အရင်တစ်ခါ ကားမီးလုံးတုန်းကလို ဖြစ်နေ ဦးမယ်"





ကျော်ဝဏ္ဏကို စိုးမင်းညိုက သတိပေးလိုက်သည်။

အလျှင်တစ်ခါ ကားမီးလုံးတစ်လုံးကို အောင်ဆွေမြင့်က ယူလာပြီး ကျော်ဝဏ္ဏကိုသွားရောင်းပေးခိုင်းသည်။ သူ့အတိုးကြီး ကားမီးလုံးလဲတုန်းက အစုံလိုက်လဲပြီး ပိုတဲ့အဟောင်းတစ်လုံးကို ယူလာတာပြောသည်။ ကျော်ဝဏ္ဏက သူ့အသိဆိုင်မှာ သွားရောင်းပေးခဲ့သည်။ သည်လိုရောင်းပေးမှလည်း အောင်ဆွေ မြင့်ထံမှ ရစရာဖဲကြွေးက ရနိုင်မည်ကို သိထားသည်ပဲ။

"မင်းကြွေး နောက်မှယူပါ ဝဏ္ဏရာ၊ ငါကြွေးပူတွေရှိနေလို့ တောင်း နေပါတယ်ကွာ၊ နော်...စိတ်မရှိပါနဲ့ကွာနော်..."

ကားမီးလုံးရောင်းရတဲ့ငွေတွေကို အောင်ဆွေမြင့်လက်ထဲ ထည့်လိုက် တော့ အောင်ဆွေမြင့်က ကြွေးမဆပ်ဘဲနေတော့သည်။ သည်တုန်းက တိုးလျှင် လွန်းက မကျေနပ်။ သူ ထပ်တောင်းမည် ပြောသည်။ ကျော်ဝဏ္ဏက နေပါစေ ကွာ၊ ပိုင်းမှာပြန်တွေ့မယ့်သူတွေပဲဟု နှစ်သိမ့်ခဲ့ရသည်။ ဒါကို သတိရပြီး စိုးမင်းညိုက သတိပေးစကားပြောလိုက်ခြင်း ဖြစ်၏။

"ဒီတစ်ခါတော့ ပိုက်ဆံနှုတ်ထားပြီးမှ သူ့ကိုပေးလိုက်မယ်"

ဟု ကျော်ဝဏ္ဏက ပြန်ပြောသည်။

အောင်ဆွေမြင့်ကို ဖဲသမားတိုင်း လန့်သည်။ သည်ကောင်က သူ ပေးစရာရှိလျှင် လက်ခက်တတ်သည်။ သူ့နောက်ကိုသာ ပစ္စည်းတစ်ခုခု အပေါင် ခံသွားပါက၊ ချက်ချင်းလိုက်ရွေး၊ မရွေးလို့ကတော့ နောက်နေ့ ရောင်းလိုက် ပြီသာမှတ်။

"ဟိုရှေ့က တိုက်ရှေ့မှာ ရပ်ဗျာ"

တက္ကစီသမားကို ကျော်ဝဏ္ဏက ပြောလိုက်သည်။

✣ ✣ ✣



(၆)

နောက်နေ့မနက်မှာတော့ ညကရောင်းရသည့် ငွေထဲမှ အောင်ဆွေမြင့် ဒီက ရသည့်ကြွေးနှင့် ရောင်းပေးခငွေအပြင် သူတို့လေးယောက်မှာရှိသည့် ငွေအားလုံးကိုယူကာ ကျော်ဝဏ္ဏနှင့်သူ အောင်ဆွေမြင့်နောက်ကို လိုက်ခဲ့ ကြသည်။

တစ်ထပ်တိုက်ကလေးရှေ့မှာ အောင်ဆွေမြင့် ကားရပ်ပြီး တက္ကစီခ င်းကာ ကားပေါ်မှ ဆင်းခဲ့ကြ၏။

"လာကွာ"

အောင်ဆွေမြင့်ဦးဆောင်ပြီး ခြံဝန်းဝဆီ လျှောက်သည်။ ခြံဝမှာ လူတစ်ယောက်ကို တွေ့၏။

"ဟာ ကိုအောင်ဆွေမြင့် စောသားပဲ၊ တွန်းဝင်သွားလိုက်"

အစောင့်ချထားသည့်သူက အောင်ဆွေမြင့်ကို သိနေပြီး ဝင်သွားရန် ပြောသည်။

ခြံဝန်းထဲသို့ တံခါးကို တွန်းဖွင့်ရင်း ဝင်ခဲ့ကြသည်။ တစ်ထပ်တိုက် သံတံခါးကို ခေါက်တော့ လူတစ်ယောက်ထွက်လာသည်။ အောင်ဆွေမြင့်ကို ပြုံးပြနှုတ်ဆက်ရင်း တံခါးဖွင့်ပေးလိုက်၏။

"အတွင်းခန်းမှာ"

ဟုလည်း ပြောလိုက်သည်။ အောင်ဆွေမြင့်က ဧည့်ခန်းကို ဖြတ်ပြီး အတွင်းခန်းထဲ ဝင်လိုက်၏။

"ဟာ အောင်ဆွေမြင့် လာ"

အတွင်းခန်းလေးထဲမှာ မီးလုံးထွန်းထားသည်။ ဆေးလိပ်မီးခိုးငွေ့တို့ဖြင့် လျှောင်နေသလိုပင်။ အောင်ဆွေမြင့်ကို လှမ်းခေါ်လိုက်၏။ အခန်းမှာ မကျယ်လှဘဲ လူများနှင့်မွန်းကျပ်နေသလို ထင်ရသည်။

"ဘယ်လိုလဲ တော်မီ မစသေးဘူးလား"

အောင်ဆွေမြင့်က လှမ်းမေးသည်။

"မနက်က တစ်ဆက်ရှင်လုပ်တယ်။ ထမင်းစားနားပြီး အခုပဲ ပြန်စ





ာ့မလို့"

တော်မီဆိုသူက ပြန်ပြောလိုက်၏။ အခန်းထောင့်နားမှာရှိသည့် ဖဲဝိုင်းကို ျော်ဝဏ္ဏက သွားကြည့်သည်။

ဘာကစားတာလဲဟု သူကမေးလိုက်တော့ ထုံးစံအတိုင်း ရှပ်ရှင်းပိုကာ ဲဟု ကျော်ဝဏ္ဏက ပြန်ပြောသည်။

"ရှပ်ရှင်းပိုကာက သုံးဆတွေ ဘာတွေ ရော်တာရှိတယ်လေ၊ ဂျင် ားက အကျင့်ပါနေပြီ… အဆန်းမှ ကစားချင်ကြတာဗျ"

ကျော်ဝဏ္ဏက ဆက်ပြောလိုက်၏။

"ကဲ….ကဲ…စလိုက်ကြရအောင်"

တစ်ဦးဦးက ပြောလိုက်သံကို ကြားရသည်။

ကော်ဇောပေါ်မှာ ထိုင်နေသော တရုတ်ကြီးနှစ်ဦးထံသို့ အာရုံရောက် ကြသည်။ တစ်ဦးက ကော်ဇောထိပ်မှာထိုင်ပြီး တစ်ဦးက ဘေးနားမှာ ်ကာ ဂျင်သီးကို ပန်းကန်ပြားထဲမှာ လှည့်နေလေပြီ။ ကျွန်တစ်ယောက်က ရက်သောက်နေဆဲ။

အောင်ဆွေမြင့်နှင့် ကျော်ဝဏ္ဏတို့က ပန်းကန်ပြားရှေ့နားမှာ ထိုင်လိုက် ည်။ သူက ကျော်ဝဏ္ဏ၏နောက်မှာ နေရာယူလိုက်၏။

တဖြည်းဖြည်းနှင့် ထိုင်သူတို့၏နောက်မှာ အထပ်ထပ်လာရပ်သူတွေက လာတော့သည်။ ဂျင်ဝိုင်း၏ ထုံးစံအတိုင်း ပိုက်ဆံများများရှိသူများ၊ နိုင်သူများက ရှေ့မှာထိုင်ကြပြီး၊ အနည်းအကျဉ်းထိုးမည့်သူများက

နောက်မှာရပ်နေကြသည်။ ပိုက်ဆံမပါဘဲ ရှေ့မှာထိုင်ပြီး ထိုးလေ့မ
တစ်ချက်နှစ်ချက်ထိုးပြီး ငွေနည်းနည်းလေးကုန်ရုံနှင့် ထထွက်သွားရလျှ
နောင်ဘယ်တော့မှ ရှေ့မှာထိုင်ရတော့မည်မဟုတ်။ အောင်ဆွေမြင့်တို့ ကျော်ဝ
တို့ပြောတာ သူ ကြားဖူးသည်လေ။

"ကိုကြင်ဟုတ် မလှည့်ဘူးလား"

စီးကရက်သောက်နေသည့် တရုတ်ကြီးကို အောင်ဆွေမြင့်က လှမ်း
မေးသည်။

"မီနက်ငါလေ၊ နီလယ်ကျ သူ"

တရုတ်သံဖြင့် ပြန်ဖြေရင်း လှည့်နေသူကို မေးငေါ့ပြလိုက်တာ တွေ့
"ကိုကြင်ဟုတ် ငွေလျှော်ရင် ငါတို့နိုင်တတ်တယ်ကွ"

ဟု ကျော်ဝဏ္ဏက အတိတ်ကောက် ပြောနေပြန်၏။

"ကဲ...စမယ်...ကြွေစမ်းမယ်"

ပန်းကန်ပြားကို လက်ဖြင့်ပြုပြင်ရင်းမှ လှည့်မည့်တရုတ်ကြီးက
ပြောလိုက်သည်။

ကိုကြင်ဟုတ်က သူ့လက်မှနာရီကို ကြည့်လိုက်၏။ တစ်နာ
ဆက်ရှင်လှည့်မှာမို့ နာရီမှတ်လိုက်ခြင်းဟု သူသိလိုက်သည်။

ပန်းကန်ပြားပေါ်မှာ ကြွေသီးကလေးလည်နေသည်နှင့် အုပ်မြ
အုပ်လိုက်သည်။ ပန်းကန်ပြားနှင့် ကြွေသီးထိသံကို ကြားလိုက်ရသည်၊
ထိုးသားများက ထိုအသံကိုပင် နားထောင်မှတ်သားနိုင်ရန် ကြိုးစားနေကြ





တော့ ဖွင့်ပြသည်။

"ဖား"

"ကဲ...ထိုးနိုင်ပြီ"

အနက်နှစ်ကောင် အနီနှစ်ကောင် အကောင်အစုံကျအပြီးမှာ လှည့်
က ပြောလိုက်သည်။

ကျော်ဝဏ္ဏက ကြက်တိုက် ဝက်ဂဏ ထိုးသည်။ အောင်ဆွေမြင့်က
တိုက် ဖားကာ ထိုးသည်။

နောက်မှ ရပ်နေသူတို့က ထိုင်နေသူများကို လှမ်းထိုးခိုင်းသည်။
အမျိုးမျိုးစိတ်ကြိုက်ထိုး၍ ပြီးသွားကြတော့၊ ဒိုင်ဖွင့်တော့မည်ဟု
ါသည်။

"ကဲဖွင့် ဝက်ပက်လက်ကလေးမြင်ရအောင်"

အောင်ဆွေမြင့်က အော်သည်။ ရှေ့မှ ငုံ့ပြီးချောင်းသူတို့က အသည်း
င်ဖိုစရာပင်။

"ဝက်ပြေး"

"ငရှဉ့်ကွ"

ကြွေသီး ဘေးနံရံတစ်ဖက်ကို မြင်ရင်း အပေါ်မျက်နှာ ဘာကျသည်
ိသိကြသည်။ ဝက်ကို မတ်တတ်မြင်ရသော် ဝက်ပြေးဟုခေါ်၍
နှာမှာ ငါးရှဉ့်ကျတာသိ၏။ ဝက်က ပက်လက်လန်နေတာ သို့မဟုတ်
င်းအပေါ်ထောင်နေတာ ဘေးမှမြင်ရလျှင် အပေါ်မျက်နှာမှာ ကြက်ဟု

သိ၏။ ဝက်ပြေး ငါးရှဉ့်၊ ဝက်ပက်လက် ကြက်၊ ဖားဘယ် ဖားညာ စသ...
အတိုမှတ်သားထားကြသည်။

အုပ်ကိုဖယ်လိုက်စဉ် ငါးရှဉ့်ကျနေတာ အားလုံးမြင်လိုက်ရ...
လျှော်စရာ စားစရာတို့ကို ဆာဆာက ဆေးလိပ်သောက်နေသည့် တရုတ်ကြီး...
သွက်လက်ဖျတ်လတ်စွာ အလျှော်အစားလုပ်နေသည်။

ကျော်ဝဏ္ဏက နောက်ဆုံးပိုက်ဆံဟု သူပြောသော ပိုက်ဆံတစ်...
ကို ဖားအကွက်ထဲသို့ အောလိုက်၏။

"ဟော့ကောင် လိမ်တိမ်း ကာစမ်းပါကွ"

ငါးရှဉ့်နှင့်ကာရန် အောင်ဆွေမြင့်က ပြောသည်။

"မကာတော့ဘူးကွာ"

အောင်ဆွေမြင့်က ငါးရှဉ့်တိုက်ဖားကာ ထိုးသည်။

သည်တစ်လက်ဖွင့်လိုက်တော့ ငါးရှဉ့်ထွက်လာ၏။

"ငါမပြောဘူးလား"

ဟု အောင်ဆွေမြင့်က ပြောလိုက်၏။ ကျော်ဝဏ္ဏမျက်နှာ အသ...
နေတာ လက်ကိုင်ပဝါဖြင့်သုတ်သည်။

"ငါပြန်မယ်ကွာ၊ လမ်းစရိတ်လုပ်ပါဦး"

"ဟ ကုန်ပြီလား"

အောင်ဆွေမြင့်ကို ခေါင်းညိတ်ပြလိုက်သည်။ အောင်ဆွေမြင့်က ပိုက်...
ထုတ်ပေးတာကို လှမ်းယူလိုက်၏။ သူနှင့်ကျော်ဝဏ္ဏတို့ လူကြားမှ တိုး...





...လာခဲ့သည်။

"ကျော်ဝဏ္ဏ အစောကြီးပါလား"

"အေးဗျာ"

အခန်းထဲမှအထွက် နှုတ်ဆက်သူကို ပြန်ပြောရင်း အဝင်ဝဆီသို့
...လျှောက်၏။

အဝင်တံခါးဝမှလူက သူတို့ကို ပြုံးပြရင်း တံခါးဖွင့်ပေးလိုက်သည်

"ပိုက်ဆံ ထပ်ရှာရဦးမယ်"

ကဏ္ဍရာလမ်းမပေါ်အရောက် ကျော်ဝဏ္ဏက တစ်ကိုယ်တည်းပြော
...သလို ညည်းပြော ပြောလိုက်သည်။

"ဘယ်လိုရှာရမှာလဲ"

"ကြည့်မြင်တိုင်ညဈေးကို သွားရမှာပေါ့ကွာ"

အကျီ လုံချည်သွားရောင်းမည်ဟု သူနားလည်လိုက်၏။

"လုံချည်ကလဲ သိပ်မကျန်တော့ဘူးကွာ၊ ဘောင်းဘီတွေပဲ ရှိတော့
...ယ်။ ဘောင်းဘီတွေက မောင်ထော်လေးလမ်းက ဈေးသိပ်မပေးလို့ ကျန်နေ
...တာ"

"ငါ့လုံချည်ရှိတာ ယူပေါ့ကွာ"

ဟု သူကျော်ဝဏ္ဏကို ပြောလိုက်မိ၏။

✤ ✤ ✤

## ( ၇ )

ညနေခြောက်နာရီလောက်မှာ နန္ဒအောင်နှင့်သူ သားရေလွယ်အိတ် ကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။

ကျော်ဝဏ္ဏက တခြားရစရာလေးရှိတာ သွားတောင်းဦးမည်ဆို၍ ချန်ခဲ့၏။ တိုးလွင်ထွန်းကတော့ သူ့ကောင်မလေးအဆောင်ကို သွားတာ [illegible]မရောက်။

ကြည့်မြင်တိုင်ညဈေးကိုရောက်တော့ ဈေးအလယ်မှ နောက်ဘက်သို့

ဦးတည်ပြီး လျှောက်ခဲ့ကြသည်။ နောက်တန်းအရောက် ညာဘက်ကို ချိုးဓ
လိုက်သည်။ သိမ်ငယ်စိတ်ဖြင့် မျက်လုံးတွေက ဂနာမငြိမ်ချင်။ အဝတ်အစ
ယောင်းရောင်းနေတာကို ကျောင်းကအသိမိတ်ဆွေ တစ်ယောက်ယောက်
တွေ့သွားမှာကို တွေးပူမိ၏။

“လာကြ လာကြ ပျောက်လှချည်လား”

သူတို့နှစ်ဦးကိုမြင်တော့ ဈေးသည်အဘွားကြီးက လှမ်းခေါ်သည်
အဝတ်အဟောင်းလာရောင်းတိုင်းလိုလို သူတို့နှစ်ယောက်ပါမြဲမို့ သူတို့ရင်း
ကျွမ်းဝင်နေလေပြီ။

ဆိုင်လေးထဲကို လှမ်းဝင်လိုက်၏။

“ဘာတွေလဲ ပြပါဦး”

လွယ်ထားသည့် သားရေလွယ်အိတ်နှစ်လုံးကို အဘွားကြီးရှေ့
ချပေးလိုက်၏။ အဘွားကြီးက သူ့ရှေ့ရောက်လာသည့် အိတ်တစ်လုံးမှ အင်္
လုံချည်ကို ဆွဲထုတ်ယူလိုက်၏။ ပြီးတော့ ဖြန့်ကြည့်နေသည်။ အပေါ်အ
အနာအဆာ ရှာနေသည်။

တစ်အိတ်ကြည့်ပြီးတော့ နောက်တစ်အိတ်က အင်္ကျီနှင့်ဘောင်းဘီ
တွေကို ထုတ်ယူကြည့်၏။

“ဘောင်းဘီတွေတော့ မယူဘူး”

အဘွားကြီးက ပြောလိုက်သည်။

“ငါပြောသားပဲ ကျော်ဝဏ္ဏကို”





နန္ဒက ပြောသည်။

“ငါလဲ ပြောသားပဲ၊ ဒီကောင်က ရလိုရငြားယူသွားကြည့်ကွာဆို
ည့်ပေးလိုက်တာ။ မောင်တော်လေးလမ်းသွားမှ ယူသွားပါပြောတာ မရဘူး”

“အင်္ကျီက ရှစ်ထည်၊ လုံချည်က ခြောက်ထည် ဘယ်လောက်လဲ”

အင်္ကျီတွေကို ကြည့်နေရင်း အဘွားကြီး ပြောလိုက်၏။

“ဟာ ဟော့ကောင်၊ ဟိုမှာ မြတ်လေးဝေ”

နန္ဒစကားကြောင့် ရင်ထဲမှာ ဒိတ်ခနဲခုန်သည်။ ပြီးတော့ နန္ဒမေးငေါ့
ပြရာကို လှမ်းကြည့်လိုက်ပါ၏။

ဈေးအလယ် လမ်းတည့်တည့်ကို လျှောက်လာသော မြတ်လေးဝေကို
သူမြင်သည်။ ဘယ်ညာချိုးသည့် ထိပ်သို့မရောက်သေး။

“မင်းကြည့်လုပ်ထားကွာ နန္ဒ၊ ငါရှေ့ဆက်လျှောက်ပြီး စောင့်နေ
မယ်။ အဆင်ပြေအောင် လုပ်ပေးပါ အဒေါ်ကြီးရာ”

သူပိုင်ရှင်အဘွားကြီးကို လှမ်းပြောပြီး ရှေ့သို့ခပ်သွက်သွက် လျှောက်
လိုက်မိသည်။ ဈေးထိပ်သို့ရောက်ကာ သူတို့ရှိရာဘက်သို့ မြတ်လေးဝေ
ချိုးလာမှာကို သူကြောက်နေသည်။ ဈေးအပြန့်ထွက်သည့် အပေါက်ဝအရောက်
အပေါက်ဝဆီ ဦးတည့်လိုက်ရင်း လာရာလမ်းဆီ ပြန်ကြည့်လိုက်မိသည်။

မြတ်လေးဝေကို မတွေ့ရ။ မြတ်လေးဝေက ဈေးထိပ်မှ ပြန်ကွေ့
သွားတာဖြစ်ချင် ဖြစ်မည်။ သို့မဟုတ် တခြားတစ်ဖက်ကို ချိုးကွေ့သွားတာ
ဖြစ်လေမည်။

သူသက်ပြင်းရှည်ကို ချလိုက်မိ၏။

နန္ဒကို သည်ကပဲ စောင့်နေတော့မည် တွေးလိုက်သည်။

* * *

"မင်းမြန်နှင့် မင်းညို"

အမြန်လမ်းမှာနန္ဒက ပြောလိုက်သည်။ သူ နန္ဒကို နားမလည်နိုင်စွာ မျက်နှာကို မော့ကြည့်လိုက်၏။

"မင်းက ဘယ်သွားမှာလဲ"

"ငါပစ္စည်း သွားဖန်လိုက်ဦးမယ်"

"ငါလိုက်မှာပေါ့"

"မဖြစ်နိုင်တာကွာ"

နန္ဒက အင်္ကျီအိတ်ထဲက ပိုက်ဆံကို ထုတ်ပြီး...





"ရော့...ဒါရောင်းရတဲ့ ငွေအားလုံးပဲ။ ဒီသားရေအိတ်ပါ ယူသွားကွာ"

ဟု ပြောသည်။

"နေပါဦး မင်းက ဘယ်ကပိုက်ဆံရလဲ။ ဒီအထဲက မယူဘူးလား"

နန္ဒက ခေါင်းခါပြသည်။

"မယူပါဘူးကွာ၊ ငါ့မှာ တစ်ထုပ်စာရှိတယ်"

သူပြောသည့် တစ်ထုပ်ဆိုသည်မှာ ပလတ်စတစ်အိတ်ကလေး တစ်အိတ်ဟု နားလည်လိုက်သည်။

"နေပါဦး၊ အတူသွားမယ်လေကွာ၊ ငါလိုက်ခဲ့မှာပေါ့"

ဟု သူက ထပ်ပြောသည်။

"မင်းညိုရာ မင်းနားမလည်ပါဘူး။ ဒီနေရာတွေသွားရတာ အန္တရာယ်များတယ်ကွ။ မင်းက ဘာအထာမှလဲ သိသေးတာ မဟုတ်ဘူး။ ပြီးတော့ ဒါက တစ်နေရာတည်း ရချင်မှရမှာ"

"ဆယ်မိုင် ချိုင်းထောက်ဆီမဟုတ်လား"

"အဲဒီကို သွားတော့ကြည့်မယ်ကွာ၊ မသေချာဘူး မရရင် ပေါက်ဘောဝင်ကြည့်မယ်။ မရရင် ကမာရွတ်ပြန်လာရမှာ၊ မင်းကျန်ခဲ့ပါ"

"အေးလေ..."

နန္ဒအောင်က သူပစ္စည်းသွားဝယ်တိုင်း အဖော်ခေါ်လေ့မရှိ။ ပြီးတော့ သည်ကိစ္စကို စမ်းကြည့်ပါလားဆိုသည့် မြူဆွယ်စကားမျိုး နန္ဒက ဘယ်တော့မှ မဆို။ ကျော်ဝဏ္ဏတို့ သူတို့ အားလုံးကို မလုပ်ဖို့ပင် တားမြစ်နေကျ။

"ဒါဆိုလဲသွားကွာ၊ ငါတို့ အခန်းကပဲ စောင့်မယ်။ မြန်မြန်ပြန်လာခဲ့"

နန္ဒဆီက သားရေလွယ်အိတ်ကို သူလှမ်းယူရင်း ပြောလိုက်သည်။ နန္ဒက ခေါင်းညိတ်ပြကာ၊ တက္ကစီတားရန် လမ်းတစ်ဖက်ကို ကူး၏။

သူက ဘတ်စ်ကားမှတ်တိုင်ဆီ လျှောက်လာခဲ့မိသည်။

* * *

ထိုညက သူတို့အားလုံး အပြင်ထွက်ထမင်းစားရန် နန္ဒအောင်ကို စောင့်သည်။ ကိုးနာရီထိုးသည်အထိ ပေါ်မလာတော့ မစောင့်နိုင်တော့ဘဲ ထမင်းထွက်စားကြသည်။ ထမင်းစားပြီး ပြန်လာချိန်ထိ နန္ဒပေါ်မလာတော့ အားလုံးက စိုးရိမ်ကြသည်။

"ဒီကောင် အခန်းကို သိပ်မကပ်တဲ့ကောင်၊ ဘာလို့ပြန်မလာတာလဲ





မသိဘူး"

နာရီကိုကြည့်ရင်း ကျော်ဝဏ္ဏကပြောသည်။ ဆယ့်တစ်နာရီကျော်လေပြီ။

"ဒီကောင် ဒီကိစ္စက အရမ်းအန္တရာယ်များတယ်ကွာ၊ ပြောလို့လဲမရဘူး"

တိုးလွင်ထွန်းက ပြောရင်းစိတ်ပူပန်ဟန်ပြ၏။

"သူ့အပေါင်းအသင်းတွေကတော့ အများကြီး၊ အိမ်တွေမှာ မရလို့ အပေါင်းအသင်းတွေဆီမှာ လိုက်ရှာနေလားမသိဘူး"

ဟု ကျော်ဝဏ္ဏက မှတ်ချက်ချ၏။

နန္ဒအောင်ပြောပြသဖြင့် သူတို့ပစ္စည်းသွားရှာရပုံ သည်းထိပ်ရင်ဖို ဇာတ်လမ်းတွေကို ကြားဖူးသည်။ ပစ္စည်းယူလာပြီး လှည့်ထွက်ရုံရှိသေး သူတို့ယူသည့်နေရာကို ရဲကဝင်ဖမ်းသဖြင့် လမ်းကြိုလမ်းကြားက ပြေးခဲ့ရပုံတွေ။ သူနှင့်အတူ ယှဉ်လျှောက်နေသော သူငယ်ချင်းကို ကျော်စောမှုဖြင့် ဖမ်းပြီး သူ့ကို ဘာမှမစစ်မဆေးသဖြင့် လက်ထဲမှာပစ္စည်းတွေဖြင့် လွတ်လာခဲ့ပုံတွေ။ သည်အကြောင်းတွေ ကြားဖူးထားသဖြင့် သူတို့က နန္ဒအတွက် စိတ်ပူနေမိကြသည်။

နောက်တစ်နေ့ မနက်အစောကြီး နန္ဒအခန်းကို ပြန်ရောက်လာသည်။

"ဘာလို့ ပြန်မအိပ်တာလဲ"

သူနန္ဒကို တံခါးသွားဖွင့်ပေးရင်း မေးလိုက်၏။

နန္ဒက ခုတင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကာ…

"ပြော…မပြောချင်ပါဘူးကွာ၊ ပန္နည်းဖမ်းပြီး သူငယ်ချင်းတစ်ယောက် အိမ်လိုက်သွားတာ၊ အဲဒီမှာချရင်း အဲဒီသူငယ်ချင်း အိုဒီဖြစ်လို့"

ဟုပြောလိုက်၏။

"ဘာလဲကွ အိုဒီ"

ကျော်ဝဏ္ဏက မေးသည်။

"အိုဗာဒိုစ် လေကွာ"

ဟု တိုးလွင်ထွန်းက ဝင်ဖြေသည်။

"တော်သေးတာပေါ့ကွာ၊ ငါရှိနေလို့ ချက်ချင်းကြီးသတိမေ့သွားတာ၊ ပါးတွေဘာတွေရိုက်ပြီး ဆားတစ်ချောင်းထိုးပေးလိုက်မှ ဟင်းခနဲ သက်ပြင်းချပြီး သတိပြန်လည်လာတယ်။ ဒါနဲ့ ငါလဲ အဲဒီမှာပဲ အိပ်လိုက်ရတာ"

"ဆားတစ်ချောင်း"

သူက နားမလည်သလို နှုတ်က ထွက်သွား၏။

"ဆားတစ်ချောင်းဆိုတာ မင်းညီရာ၊ ဆားကိုရေဖျော်အပ်နဲ့ စုပ်ပြီး ထိုးပေးလိုက်တာကို ပြောတာ၊ ဆားသွားယူတော့ သူ့အတွားကြီးက ဘာလုပ်ဖို့လဲမေးလို့ ကျွန်တော် ဗိုက်အောင့်နေလို့ လို့ညာပြောရသေးတယ်"

"အသက် အန္တရာယ်နဲ့ အရမ်းနီးတယ် နန္ဒရာ၊ အဲဒီကိစ္စကို ဖြတ်ဖို့ ကောင်းပြီ"

ကျော်ဝဏ္ဏက နန္ဒကိုကြည့်ရင်း ပြောလိုက်၏။ နန္ဒကတော့ မျက်လုံး





မှေးသွားပြီး ခပ်လျော့လျော့ထိုင်ကာ ဘာမျှပြန်မပြော။

မျက်နှာသစ်ရန် သူအောက်ကို ဆင်းလာခဲ့၏။

✤ ✤ ✤

(၈)

နောက်တစ်နေ့ ညနေ သူ့အဆောင်ကို နန္ဒရောက်လာသည်။ သူက ဆောင်မှာ ထမင်းစားပြီး လက်ဖက်ရည်ဆိုင်ဘက် ခဏသွားသည်။ အခန်း ရောက်နိုက်မှာပင် နန္ဒ သူ့အခန်းတံခါးကိုခေါက်၏။

"ဟာ နန္ဒ၊ ငါတောင် မင်းတို့ဆီ လာတော့မလို့"

"ဘယ်သူမှ မရှိဘူးကွ၊ တိုးလွင်က ထုံးစံအတိုင်း သူ့ကောင်မလေး စ်ယောက်ဆီသွားတာ ပြန်မလာဘူး။ ဝဏ္ဏကို ဟိုကောင်တွေလာခေါ် သွားတယ်"

"အောင်ဆွေမြင့်တို့လား"

နန္ဒက ခေါင်းညိတ်ပြသည်။

အခန်းထဲဝင်ထိုင်ပြီး သူ့အင်္ကျီအိတ်ထဲမှ ဆေးပေါ့လိပ်ကို နန္ဒထုတ်သည်။ ပြီးတော့ မီးညှိပြီး ခပ်ပြင်းပြင်းဖွာလိုက်၏။ အနံ့ကိုရှူရင်း ရိုးရိုးဆေးလိပ်မဟုတ်တာ သူသိလိုက်သည်။

"ငါ့ ဂစ်တာရော မင်းညို"

"ရှိတယ်လေ…ဟိုမှာ"

ခုတင်ခေါင်းရင်းမှာ ထောင်ထားသည့်ဂစ်တာကို သူမေးငေါ့ပြလိုက်ရင်း ပြော၏။

နန္ဒမှာ ဂစ်တာနှစ်လုံးရှိပြီး၊ အင်းကြင်းမြိုင်မှာတစ်လုံး၊ သူ့အခန်းမှာ တစ်လုံးထားသည်။

"မင်းဘာလုပ်မလို့လဲ မင်းညို"

"မလုပ်ဘူး၊ ဘာဖြစ်လို့လဲ"

"ကျောင်းနောက် ဂစ်တာသွားတီးရအောင်ကွာ"

ပြောရင်း နန္ဒက ဂစ်တာထယူလိုက်သည်။ လက်ထဲရောက်လာသည့် ဂစ်တာကို ကြိုးညှိနေ၏။

"သွားလေ…ငါက မင်းတို့အဆောင်လာမလို့ လုပ်နေတာ"

ပြောရင်း သူတို့နှစ်ယောက် ဂစ်တာကိုယူပြီး အခန်းထဲမှ ထွက်လာခဲ့ကြသည်။





ကျောင်းနောက်ဘက်မှာ သူတို့ဂစ်တာသွားတီးနေကျ နေရာလေးရှိ၏။ …မာပင်အုပ်အုပ်ကြီးအောက်မှ တောင်ကမူလေးသည် လက်တွေ့ ခန်း နှင့် …ဂျက်။

ထိုနေရာလေးမှ လှမ်းကြည့်လိုက်လျှင် ကုံကော်ပင်တန်းလေးတွေနှင့် …ကော်ပင်ပုပုလေးတွေကို မြင်နိုင်၏။

ရေတမာပင်စည်ကြီးကို မှီထိုင်ရင်း နန္ဒက ဂစ်တာကို ဟိုထိသည်ထိ …နေသည်။ ဆေးလိပ်ကို ပါးစပ်မှာ တပ်ထား၏။

"ရော့…ဟော့ကောင်"

ပါးစပ်မှာ တပ်ထားသည့်ဆေးလိပ်ကို ယူ၍ တစ်ဖွာရှိုက်ရင်း သူ့ကို …သည်။

"တော်ပြီနန္ဒ"

"ဘာလဲ မင်းမလုပ်ချင်ဘူးလား"

သူက နန္ဒထံမှ ဆေးလိပ်ကို တစ်ခါတစ်ရံ တောင်းပြီး သောက်ကြည့် …သဖြင့် သူ့ကို နန္ဒ ပေးခြင်းဖြစ်သည်။

"လုပ်ပြီး ငါနေလို့မရဘူးကွ၊ အန်ချင်တယ်။ ပြီးတော့ ခေါင်းတွေ …ရော။ နေပါဦးကွ၊ မင်းတို့ ဂစ်တာတီးတဲ့ကောင်တွေက ဘာလို့အဲဒါ …လဲ"

ဂစ်တာကို ဘေးမှာခဏချထားပြီး နှစ်ဖွာ သုံးဖွာ နန္ဒဖွာသည်။ ပြီးမှ…

"ပြောတာပေါ့ကွာ…သီချင်းဆိုရင် ကိုယ့်အသံကိုယ်နားထောင်လို့

ပိုကောင်းတယ်။ ဂစ်တာတီးရင်လဲ ဂစ်တာသံထဲမှာ အာရုံစူးစိုက်မှု ရှိတ
ဘာညာ။ အထူးသဖြင့်တော့ အာရုံစူးစိုက်မှု ပိုရတယ် ပြောကြတယ်။ ဒါပေ
မင်းညို ငါပြောမယ်။ ဒါသက်သက် ရမယ်ရှာတာပဲကွ။ ကိုယ်ကြိုက်
ကိုယ်လုပ်ကြတာ။ အဲဒါလုပ်မှ ကိုယ့်အနုပညာကို ကောင်းမယ်ဆိုတဲ့ အ
အဆကို ငါလုံးဝလက်မခံဘူး။ ငါချနေတာ ငါကြိုက်လို့ပဲ"

စကားဆုံးတော့ ဆေးလိပ်ကို ဘေးမှာချထားရင်း ဂစ်တာကို ကော
ကိုင်သည်။ ထိုစဉ် ကျောင်းစောင့် ဒရဝမ်အဘိုးကြီး သူတို့ဆီလျှောက်လာ
တွေ့၏။

"ဦးကြီး"

နန္ဒက နှုတ်ဆက်သည်။

"ဟာ မင်းတို့ပဲ"

ထိုအဘိုးကြီးက အဆောင်တွေမှာ တစ်ခန်းဝင် တစ်ခန်းထွက် ပင်
အဝတ်တွေ လာယူတတ်သဖြင့် ကျောင်းသားတွေနှင့် ရင်းနှီးနေသည်ပဲ။

"ငါက ဘယ်သူတွေလဲလို့ ဂစ်တာတီးကြတာလား၊ လုပ်လု
ဆက်တီး"

ပြောပြီး အဘိုးကြီး ပြန်သွားသည်။

ညဆယ့်တစ်နာရီကျော်ကျော်မှာ သူတို့နှစ်ယောက် အဆောင်ဘ
ပြန်လာခဲ့ကြ၏။

* * *





မနက်ရောက်တော့ အဆောင်မှူးကတစ်ဆင့် သူနှင့်နန္ဒကို ဆရာကြီး
န်းကခေါ်ကြောင်း ပြောသည်။ သူနန္ဒကိုသွားခေါ်ပြီး ဆရာကြီးရုံးခန်း
ခဲ့ကြသည်။ ဘာဖြစ်လို့ထင်လဲဟု နန္ဒကမေးတော့ သူခေါင်းခါပြမိ၏။
ကို့ဆေးလိပ်ထဲ ထည့်ချတာ ဟိုအဘိုးကြီးသိသွားလို့လား မသိဘူးဟု
နိုးရိမ်မကင်း ဖြစ်သည်။

မဖြစ်နိုင်တာကွာ၊ အဘိုးကြီးကလဲ သိရင်တောင် ဆရာကြီးသွားတိုင်
လားဟု သူပြန်ပြောလိုက်၏။

"မင်းတို့ညက ဘယ်မှာရှိလဲ"

ဆရာကြီး စားပွဲရှေ့မှာ ထိုင်လိုက်စဉ် ဆရာကြီးကမေးသည်။

"ကျောင်းနောက်က ရေတာမာပင်အောက်မှာပါဆရာကြီး"

ဟု သူဖြေလိုက်၏။

"ဘာသွားလုပ်တာလဲ"

"ကျွန်တော်တို့ ဂစ်တာတီးနေကျပါ"

ဟု နိုင်စိုးက ဖြေသည်။

ထိုနေရာသည် အမျိုးသမီးအဆောင်တွေ ဘာတွေနှင့်လည်း မနီး၊
ွားလမ်းနှင့်ဝေး၍ လူပြတ်သည့်နေရာ။

"မင်းတို့ကွာ၊ ဒီနေရာမှာသွားတီးရတယ်လို့"

အမှန်စင်စစ် သည်နေရာက နန္ဒရှာထားသည့်နေရာ။ သည်နေ

ပို့ပြီးဇီလင်လာသည်ပြောပြီး နန္ဒက ရွေးချယ်ထားသည့်နေရာပင်။ သူတို့

ဆရာကြီးကို ဘာမျှပြန်မပြောမိကြ။

"ညက လက်တွေ့ခန်း အဖောက်ခံရတယ်ကွ"

"ခင်ဗျာ"

သူတို့ ဂစ်တာတီးသည့်နေရာ အနီးမှ လက်တွေ့စမ်းသပ်ခန်း အဖေ

ရသည်ဆိုတော့ သူတို့နှစ်ဦးစလုံးပင် လန့်သွားကြသည်၊ တစ်ယောက်မျ

တစ်ယောက်ကြည့်ကာ မျက်နှာငယ်လေးတွေနှင့် ဖြစ်သွားကြ၏။

"ကျွန်တော်တို့....ကျွန်တော်တို့..."

နန္ဒက နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ ထွက်သည်။

"ကျွန်တော်တို့ ဒီကိစ္စမှာ ဘာမှမသိပါဘူး ဆရာကြီး"

ဟု သူကအားတင်းပြီး ဆက်ပြောလိုက်၏၊ ဆရာကြီးက ပြ

သည်။

"ရဲက ဒရဲဝမ်ကြီးကို ခေါ်စစ်တော့ ညဆယ့်တစ်နာရီအထိ မင်း

ဒီအနားမှာဆိုတာ သိရတယ်။ ဒါပေမယ့် ကံကောင်းတာက မနက်စော

ကင်းလှည့်တဲ့အဖွဲ့က တရားခံတွေမိထားလို့ပေါ့၊ ဒါမှမဟုတ်ရင် မင်း

ရဲက စစ်လားဆေးလားလုပ်တာ ခံရဦးမှာ။ နောက်ကို အချိန်မတော်

ကြည့်ရှုသွားလာပေါ့ကွာ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာကြီး"



နှစ်ဦးပြိုင်တူ နှုတ်မှထွက်သည်။

"အေး... သွားသွား"

အခန်းထဲမှ ထွက်လာပြီး သူတို့နှစ်ဦး ကင်းတင်းဆီကို ဦးတည်လိုက်

ကြသည်။ ကင်းတင်းမှာ ဝဏ္ဏတို့ တိုးလွင်ထွန်းတို့နှင့် ချိန်းထားခဲ့သည်ပဲ။

"မင်း အဲဒါတွေ မလုပ်ပါနဲ့တော့ နန္ဒရာ၊ မင်းစဉ်းစားကြည့်စမ်း၊

ဘယ်လောက်အန္တရာယ်များလဲ၊ ပစ္စည်းသွားရှာရင်လဲ တထိတ်ထိတ်နဲ့ အသက်

ကိုတောင် အန္တရာယ်ပေးနိုင်တဲ့ကိစ္စ။ ပြီးတော့ မင်းတို့ ဒါလုပ်ဖို့ နေရာရွေးတာ

ကအစ ဘယ်လောက်အန္တရာယ်များလဲကြည့်။ အခုကံကောင်းလို့။ ဒီနေရာမျိုးမှာ

ဝိုးရိုးဂစ်တာတီးချင်တဲ့သူ ဘယ်သူရှိမှာတဲ့လဲ။ မင်း ဒီနေရာကို ဘာကြောင့်

ကြိုက်တယ်ဆိုတာ ငါအသိဆုံးပဲ.."

နန္ဒပခုံးကို ဖက်ရင်း သူပျောင်းဖျစကားကို ဆိုလိုက်မိသည်။

နန္ဒကတော့ ဘာမျှ ပြန်မပြော။ တိုးလွင်ထွန်းတို့ ဝဏ္ဏတို့ကလည်း

နန္ဒကို သည်လိုစကားမျိုး ပြောတော့မည်မှာ မလွဲ။

ကင်တင်းဘက်ကို ချိုးကွေ့လိုက်သည်။

✤ ✤ ✤

( ၉ )

ကျောင်းပိတ်ရက်မှာ အိမ်ကို ပြန်ဖြစ်ခဲ့သည်။ သူဟာသူဆို ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မည်။ ကျော်ဝဏ္ဏတို့က အိမ်မပြန်ဖြစ်ကြဘဲ၊ အင်ကြင်းမြိုင်မှာပင် ဆက်နေကြမည်ပြော၏။ သူ့ကိုလည်း မပြန်ပါနဲ့ကွာဟု တားတော့ သူလည်း မပြန်ဖို့စဉ်းစားသေးသည်။

ကဲင်းတင်းမှာ မြတ်လေးဝေက သူ့ကိုလိုက်ရှာပြီး အတင်းပြန်ဖို့ ခေါ်သည်။ သူမပြန်ဖို့ စဉ်းစားထားတာ ပြောတော့…

"နင့် သူငယ်ချင်းတွေ ဒီလောက်ခင်နေရင်လဲ၊ ငါ့ကို ပြန်လိုက်ပို့ပြီး ပြန်လာမင်းညို"

ဟု ခပ်တင်းတင်းဆိုသည်

မြတ်လေးဝေ သည်လို ပြောတော့လည်း သူမနေတတ်။ အိမ်ပြန်ရေး သူဆုံးဖြတ်ခဲ့ရတော့၏။

"နင်အတန်းလဲ မှန်မှန်မတတ်ဘူး မင်းညို။ ဒီနှစ် နင်အောင်ပါ့မလား"

လမ်းမှာ မြတ်လေးဝေက သူ့ကိုကြည့်ရင်းမေးသည်။

မြတ်လေးဝေနှင့် ဆုံဖြစ်တိုင်း သူတုန်တုန်လှုပ်လှုပ်ဖြစ်ရစမြဲ။ သူ့အပြစ်တို့ကို သူပြန်၍ မြင်ယောင်တတ်စမြဲ။ နောင်တတရားတို့ဖြင့် ရင်သည် ထိရှနာကျင်ရမြဲပင်။

ကြည့်..။

မြတ်လေးဝေပြောလိုက်မှ သူ့မှာကျောင်းစာတွေလည်း မရှိ။ ရုတ်တရက် ကျောင်းပြန်ဖွင့်လိုက်လို့ စာမေးပွဲတန်းစစ်မည်ဆိုပါက သူ ဘာစာကိုမှ နားမလည်။ စာမေးပွဲကျဖို့က သေချာနေပြီ။

"နင့်အိမ်အကြောင်းလဲ နင်အသိဆုံးပဲ မင်းညို၊ နင်တစ်နှစ် စာမေးပွဲကျရင် နင့်အမေ ဒရိုက် ဘယ်လောက်ထောက်ရတာ နာမယ်ဆိုတာ တွက်ကြည့်လေ."

အမေနှင့်အစ်မမျက်နှာသည် မြတ်လေးဝေ၏အသံကြားမှ အရိပ်ထင်လာပြန်သည်။





"နင် ပြန်ပါမလာရင် နင့်အမေနဲ့ နင့်အစ်မ ဘယ်လောက်စိတ်ပူနေမယ်ဆိုတာ နင်မတွေးမိဘူးလား။ ငါ့ကိုလာတွေ့ပြီး နင့်ကို ဘာလို့မခေါ်ခဲ့ဘာလဲလို့ တဖွဖွပြောတော့မှာ သေချာတယ်။ နင့်ဒီကောင်တွေကို တရင်းတနှီး ခင်တွယ်ကာ ငါတော့မကြိုက်ဘူး မင်းညို"

သူမြတ်လေးဝေမျက်နှာကို ဖျတ်ခနဲမော့ကြည့်ဖြစ်သည်။

"ကျောင်းသားတဲ့..ကျောင်းသားနဲ့တူလို့လား။ လောင်းကစားလုပ်တဲ့ သူကလုပ်၊ ဆေးသမားကပါသေး.."

ကျော်ဝဏ္ဏတို့အုပ်စုကိုထိတော့ သူဆတ်ဆတ်နာသည်မှာအမှန်ပင်။

"စိတ်ကောင်းရှိပါတယ်"

"စိတ်ကောင်းရှိတာနဲ့ပဲ လူတစ်ယောက်ဟာမပြည့်စုံဘူး မင်းညို။ ကျောင်းသားဆိုရင် ကျောင်းသားနဲ့တူရမှာပေါ့.."

"ကျောင်းသားစိတ်ရှိတာ နင်သိပါတယ်"

မြတ်လေးဝေကပြုံးသည်။

"သူတို့ဘာပဲလုပ်နေလုပ်နေ၊ ကျောင်းသားအားလုံးနဲ့ တစ်ထပ်ထဲခံစားရတာ၊ တစ်သားတည်းရှိနေတာဆိုတာတော့ နင်လက်ခံရမှာပဲ။ ကျောင်းစာမှကျောင်းစာကြည့်နေပြီး၊ ကိုယ့် ကိုယ်ကျိုးထိနိုက်မှာ တွေးကြောက်တစ်ကိုယ်ကောင်းဆန်တဲ့ကျောင်းသားနဲ့စာရင် ကျောင်းသားစိတ်အပြည့်အဝရှိတဲ့ကျောင်းသားကိုပဲ ငါလေးစားတယ် မြတ်လေးဝေ"

"နင်ကကြဲဖန်ပြီး..."

"ငါ တကယ်ပြောတာ မြတ်လေးဝေ။ နင်သိပါတယ်။ ငါတို့က တရားတာကြိုက်တယ်၊ မတရားတာကို မုန်းတယ်။ တရားတဲ့လူတွေဘက်မှာ နေချင်တယ်။ လူအများခံစားသလို ထပ်တူခံစားတယ်....

ဒီကောင်တွေမှာလဲ ဒီစိတ်မာတ်အပြည့်အဝရှိတယ်ဆိုတာတော့ နင် ငြင်းလို့မရဘူး။ ကိုယ့်စာပဲ ကိုယ်စိတ်ဝင်စားပြီး၊ ကိုယ်ကျိုးကလွဲလို့ ဘယ် ကျောင်းသားကိုမှ စိတ်မဝင်စားတဲ့ ကျောင်းသားမျိုးဆို ငါပေါင်းလို့မရမှာ သေချာတယ် မြတ်လေးဝေ.."

"အမလေး..သူ့ကောင်တွေထိတော့ နာနေလိုက်တာ.."

မြတ်လေးဝေက မျက်စောင်းထိုးရင်းပြောလိုက်၏။

"မဟုတ်ဘူး၊ ငါဒီကောင်တွေရဲ့စိတ်ကို နင်သိအောင်ပြောပြတာပါ"

မြတ်လေးဝေက ဘာမျှဆက်မပြောတော့။

ရထားအဝင်ဘက်ကို ငေးနေတာမြင်သည်။

✤ ✤ ✤



( ၁၀ )

အိမ်ပြန်ရောက်တော့ အမေနှင့်အစ်မ ပျော်နေတာကြည့်ရင်း သူဝမ်းနည်း ချင်သည်။

တက္ကသိုလ်ရောက်နေတဲ့ သူတို့သား၊ သူတို့မောင်ဟု ဂုဏ်ယူဝင့်ကြွား နေတာတွေကို မြင်ရင်း သူ့ရင်၌ ကြေကွဲချင်သည်။

"သား နည်းနည်းပိန်သွားတယ်"

ဆိုတဲ့ အမေ့ကရုဏာစကားသည် သူ့အမှားများစွာ အနေအထိုင်

ချွတ်ယွင်းနေတာတွေကို သိလို့ ပြောလိုက်လေသလား၊ ရင်၌ကျင်၏။

"နင့်ဆံပင်ကြီးကလဲ ရှည်လိုက်တာဟယ်၊ ဘာပုံကြီး လုပ်လာတာလဲ၊ ကြည့်လို့လဲမကောင်းပါဘူး"

အစ်မ၏အကြင်နာစကားမှာ သူ မနေတတ်မထိုင်တတ်။

"အစ်မမောင်က အရင်လိုမဟုတ်ဘူး၊ အပေါင်းအသင်းစုံနေတယ်နော်၊ ဆုံးမဦး"

သူ့ကိုမျက်စောင်းထိုး၍ ရယ်သလိုနောက်သလိုနှင့် မြတ်လေးဝေ၏စကားက အတည်တိုင်နေပြီဆိုတာ သူနားလည်သည်။

"သားစာမေးပွဲတော့ အောင်အောင်လုပ်နော်၊ အမေတို့က သားကိုတတ်စေချင်လွန်းလို့သာ ကျောင်းထားရတာ။ ဒီနှစ်ဆို ပိုကျပ်လာတယ်"

အမေကမပြောစဖူး စကားကိုဆိုသည်။

"နင့်အတွက်ဆိုပြီး ဒီဘုရားပွဲဈေးမှာ သုံးည ပွဲဈေးထွက်လိုက်သေးတယ်လေ၊ လူတွေလဲအိပ်ရေးပျက်ပြီး ချောင်ကျသွားတာပဲ"

အစ်မကပြောရင်း ထသွားသည်။

ပြီးတော့ အိပ်ခန်းထဲမှပြန်ထွက်အလာ အစ်မလက်ထဲမှာ လုံချည်တစ်ထည် ပါလာ၏။

"ပွဲဈေးတုန်းကရတဲ့ အမြတ်နဲ့ နင့်ဖို့ဝယ်ထားတာ မင်းညို"

အစ်မပေးလိုက်သည့်လုံချည်လေးကိုယူရင်း သူ မျက်ရည်လည်ချင်လာပြီ။





အမေနှင့်အစ်မတို့၏ စေတနာမေတ္တာကို သူစော်ကားသလိုဖြစ်လေပြီ

...ား၊

ကျောင်းစာကိုသေသေချာချာမလုပ်မိဘဲ၊ ကျော်ဝဏ္ဏတို့ တေတိုင်း...ကိုင်း သူပါနေတာ သူ့ဘဝကို သူ နားမလည်ရာကျနေပြီတဲ့လား။

ကျော်ဝဏ္ဏတို့ တိုးလွင်ထွန်းတို့၏ လူမှုရေးစိတ်ဓာတ် ကျောင်းသား...ဓာတ်ကို သူကသဘောကျသည်။

ဘာတွေလုပ်နေလုပ်နေ၊ အမှန်ကိုမြတ်နိုးစိတ်၊ မဟုတ်မခံချင်စိတ်ဖြင့်...ဖြောင့်မှန်သူများဟု သူက နားလည်ပြန်သည်။

သူ့သက်ပြင်းရှည်ကို ခိုးချလိုက်တာ မြတ်လေးဝေက သိသွားပုံရ၍...မျက်နှာကို လှမ်းကြည့်လိုက်၏

✤ ✤ ✤

( ၁၁ )

ဘယ်လိုဖြစ်ဖြစ် ကျောင်းကိုပြန်ရောက်တော့ ကျော်ဝဏ္ဏတို့ တိုးလွင် ညွှန်းတို့ နန္ဒတို့နှင့် သူကအတွဲမပျက်။

မြတ်လေးဝေကိုလည်း သူတို့အုပ်စုအပေါ် နားလည်ရန် ကြံ့တိုင်း သူပြောပြမိသည်။

သည်ညလည်း မြတ်လေးဝေတို့အဆောင်ရှေ့မှာ ဂစ်တာသွားတီးရ အောင်ဟု နန္ဒက သူ့ကိုခေါ်သည်။

•

ခါတိုင်းလို အုပ်စုမဟုတ်တဲ့ သူတို့နှစ်ယောက်တည်းပင်။ ခဏတစ်ဖြုတ် တီးပြီးလျှင် ပြန်ဖြစ်မည်ဟုသူတွေးမိသည်။

သူတို့ရောက်သွားတော့ အဆောင်ရှေ့မှာ အုပ်စုလုပ်တီးနေကြသူ တွေနှင့်ပြည့်နေသည်။ သူတို့အဖွဲ့တွေမှာ စည်းတော့ရှိ၏။ တစ်ဖွဲ့ကတီးမှတစ်နေ စဉ် အနားကပ်၍ နောက်တစ်ဖွဲ့က ဘယ်တော့မှမတီးကြ။ တီးချင်လျှင်လည်း တစ်ဖွဲ့က သီချင်းတစ်ပုဒ်ပြတ်သွားသည်အထိ စောင့်ပြီးမှ တောင်းပန်ခွင့်တောင်း ပြီး ဝင်တီးသည်။

"ဟိုနားသွားရအောင်..ဒီမှာက နှစ်ဖွဲ့ သုံးဖွဲ့ရှိတယ်"

ဟု နန္ဒကပြောသည်။ သူဘာမှပြန်မပြောဘဲ နန္ဒနောက်က လိုက်လာ ခဲ့သည်။ အဆောင်ထောင့်နားက ပိတောက်ပင်ပျိုအောက်ကအဖွဲ့တစ်ဖွဲ့က သူတို့ လျှောက်အလာမှာ ပြန်လာသည်နှင့် တိုး၏။

"အတော်ပဲ.. ပိတောက်ပင်အောက်သွားရအောင်"

ဟုသူပြော၏။

"ကောင်းတယ်.. အဲဒါငါနေရာပဲ..ငါတစ်ယောက်တည်းဆို အဲ့ နေရာ မှာအမြဲတီးတယ်... အောက်ဆုံးထောင့်ခန်းနဲ့နီးလို့... စကားတောင် တိုးတိုးပြောလို့ရတယ်ကွ"

"တယ်ဟုတ်ပါလား"

သူနှင့်နန္ဒတို့ ပိတောက်ပင်အောက်မှာဝင်ပြီး နေရာယူလိုက်သည်။ နန္ဒက သီချင်းတစ်ပုဒ်ကို စပြီးတီးရင်း ဆိုလိုက်၏။ သီချင်းမဆုံးခင်မှာ ထောင့်ခန်းက





• •

ပြတ်သွားတာ သူတွေ့ရသည်။

ပြီးတော့ သီချင်းနောက်တစ်ပုဒ်စစဉ်မှာ နောက်ထပ်နှစ်ခန်းသုံးခန်း ပြတ်လိုက်တာ သူသိသည်။ အခန်းမီးရောင်မရှိသော်ငြား လမ်းမီးရောင်ဖြင့် ခန်းထဲမှ မိန်းကလေးတွေ ဝရန်တာထွက်လာတာ မြင်သည်။ ဝရန်တာမှ သံကာကိုကိုင်ရင်း ရပ်နေတာတွေ၏။ သူတို့သဘောကျသည့် အဖွဲ့ဆိုလျှင် ည်လိုပဲ တစ်ညလုံး နားထောင်အားပေးတတ်တာ သူသိနေသည်ပဲ။ သူတို့ ခံသက်သည့် သူတို့အားပေးနေကျအဖွဲ့ မဟုတ်လျှင်တော့ သူတို့ဘာသာ ကြည့်ပင် မပျက်။ စကားပြောပင် မပျက်တတ်ပေ။ တီးရသူ ဆိုရသူကလည်း ပြတ်အားပေးလိုက်မှ ပို၍အားတက်ရသည်ဟု နန္ဒကဆိုသည်။

"လေးငါးယောက်မကဘူးကွ..မင်းပရိသတ်များသားပဲ.."

ဟု သူနန္ဒကို ပြောလိုက်၏။

"လေချွန်ပြနေတယ်ကွ နားထောင်..."

သီချင်းဆုံးသွားတော့ နန္ဒကပြောသည်။ အခန်းထဲမှ လေချွန်ပြနေသံကို ကြားရ၏။

"သူတို့ကြိုက်တဲ့ သီချင်းအလိုက်ကို လေချွန်ပြနေတာကွ.."

သူသဘောပေါက်လိုက်သည်။ နန္ဒကစောစောက လေချွန်နေသည့် ချင်းကို ဆိုတီးလုပ်လိုက်၏။ ပြီးတော့နောက်ထပ် သီချင်းနှစ်ပုဒ် ထပ်တီး ဆိုသည်။ နန္ဒတို့အဖွဲ့ အဆောင်တက်လျှင် သူ ခဏခဏလိုက်သွားဖူးသည်။ ဘဲ့ဝရှုတို့က သိပ်ပြီးဝါသနာမပါ။ လိုက်သွားပြီး သူဘယ်တော့မှ

သီချင်းမဆိုတတ်တာလည်း နန္ဒက သိနေသည်မို့ သူ့ကိုသီချင်းဆိုဖို့ မတိုက်တွန်း..."

"ဘာလို့ လူမစုံတာလဲ..."

ဂစ်တာသံရပ်ပြီး နန္ဒ နားလိုက်စဉ်မှာ စကားသံတီးတိုးကို ကြားလိုက်ရ၏။

"ခဏလာတာ"

နန္ဒနှုတ်မှအသံ။ ခါတိုင်းနန္ဒတို့အဖွဲ့မှာ ဂစ်တာသုံးလက်တော့ အတမ်းပါသည်ပဲ။

"ဆက်တီးပါဦး"

အဆောင်ထဲမှပြန်ပြောသည်။ သည်အခန်းသည် အဆောင်မှူးသည့်နေရာနှင့် အဝေးဆုံးထောင့်ခန်းမို့ အခုလိုလေသံနှင့် ပြောရုံလောက်ကတော့ ကိစ္စမရှိနိုင်ဟု တွေးကြည့်မိသေး၏။

"တစ်ပုဒ်နှစ်ပုဒ်တီးကွာ.. ပြီးရင်ပြန်ရအောင်..."

"ဘာလဲ...မြတ်လေးဝေသိသွားမှာ ကြောက်လို့လား"

တစ်ခါက နန္ဒတို့အဖွဲ့နှင့်သူ အဆောင်တက်တာ လိုက်သွားမှန်းသိတော့ မြတ်လေးဝေက ဆူဖူးတာ နန္ဒကသိနေရင်းပြောသည်။

"မဟုတ်ဘူး...သူဘယ်လိုမှ မသိနိုင်ဘူး...သူကစာကြမ်းပိုးပဲဟာ"

"သူသိသွားအောင်.. မင်း သူ့အတွက် သီချင်းတစ်ပုဒ်လောက်ဆိုမလား"





"မလုပ်ပါနဲ့ကွာ.. ငါ သူ့ကိုလွမ်းလို့ လာဆိုတာဆို သူ ကျေနပ်နေမှာ"

နန္ဒက ဆေးလိပ်ဖွာရင်းပြောသည်။

"တီးရင်တီးကွာ..ပြန်မယ်..မင်းသိချင်ရင် အဲဒီထောင့်ခန်း ဘယ်သူ့ခန်းလဲဆိုတာ ငါ မြတ်လေးဝေကို မေးပေးရမလား.."

နန္ဒက လက်ကာသည်။ ပြီးတော့ဆေးလိပ်ကိုအောက်ချရင်း...

"မလုပ်ပါနဲ့ကွာ..အေးအေးနေပါရစေ..."

ပြောကာ ဂစ်တာကိုစမ်းသည်။

နှစ်ပုဒ်တီးဆို ပြီးတော့...

"ပြန်မယ်"

ဟု နန္ဒကနှုတ်ဆက်၏။

"ဘယ်ည လာဦးမလဲ"

"မပြောတတ်ဘူး...ပြန်မယ်နော်"

နှုတ်ဆက်ပြီး ပိတောက်ပင်အောက်မှ ခွာသည်။

* * *

သူလှည့်ပြန်တော့ ကပ်ရက်အဆောင်ရှေ့မှာ ဂစ်တာသမားတစ် တစ်ကိုယ်တော် ကြဲနေတာတွေ့သည်။

"အချစ်ရေ..မနက်ဖြန်မှ စောစောလာခဲ့မယ်"

ဂစ်တာထမ်းလျှောက်လာသည့် ကျောင်းသားနှစ်ယောက်အနက် တစ်ယောက်က အဆောင်ပေါ်လှမ်းကြည့်ရင်း အော်လိုက်သံကြားရ၏။

"ဒါတွေဟာ တက္ကသိုလ်ရဲ့ သိပ်ချစ်စရာကောင်းတဲ့အစဉ်အလာ ထဲက တစ်ခုပဲနော် နနု။ ဟိုး..အရင်ခေတ်တွေကလဲ ဒီလိုပဲရှိခဲ့တယ်ဆို စာတွေထဲမှာ ငါဖတ်ဖူးတယ်။ သီချင်းမဆိုတတ်၊ မတီးတတ်တဲ့ ကျောင်းသ က ချစ်သူအထင်ကြီးအောင် ကားပေါ်မှာ မဲ့တ်ခက်ကြီးယူလာပြီး ဖွင့်တ တောင်ရှိသတဲ့..."

သူက နနုကိုပြောလိုက်၏။

"ကျောင်းသား ကျောင်းသူတွေရဲ့ ချစ်စရာဓလေ့တွေ တက္ကသိုလ် အများကြီးပဲ ရှိတာပဲကွာ..."

ဟု နနုကဆေးလိပ်ဖွာရင်း ထောက်ခံသည်။

လမ်းမကြီးဘက်ကို သူတို့ချိုးကွေ့လိုက်၏။

✤ ✤ ✤



( ၁၂ )

သူ့အခန်းပြန်ရောက်ပြီး နနုနှင့်သူ စကားပြောနေစဉ်မှာ ဆူဆူညံညံ အသံတွေကြားလိုက်ရ၏။ တခုံးခုံးတဒိုင်းဒိုင်းအသံတွေ ဆူညံနေသည်။ ကျောင်းသားတို့ ပလက်စတစ်ပုံးကို ခေါက်သံ၊ သံတိုင်တွေကို ခေါက်သံများ ဖြစ်မည်။ ဖမ်းကွ၊ ရိုက်ကွ၊ ချကွဆိုသည့် အသံများလည်း ကြားနေရသည်။

"သူခိုးမိပြီထင်တယ်ကွ"

နနုကပြောသည်။ နနုနှင့်သူ အခန်းထဲမှ ထွက်ပြီး အောက်ထပ်ကို

ဆင်းလာခဲ့ကြသည်။

အဆောင်ထိပ်ရောက်တော့ လူအုပ်ကိုတွေ့သည်။ လူအုပ်ကြား

လှမ်းကြည့်လိုက်တော့ လဲနေသောသူနိုးကို မြင်သည်။

"ချကွ၊ ချပေး၊ အသေသတ်ပစ်"

"ဘိုင်း"

"အင့်"

"အမလေးဗျ"

"သေပါပြီဗျ"

"ကြောက်ပါပြီဗျ"

"ဘာ ခုမှကြောက်ပါပြီလဲ"

"ဘုံး"

"အား"

ကျောင်းသားတွေ တစ်ယောက်တစ်ချက် ရိုက်သံ၊ ကန်သံ၊ သူနိုးက အော်သံဟစ်သံ ညည်းညူသံများ ကြားနေရ၏။

ခဏကြာမှ အဆောင်မှူးနှင့် ဆရာများရောက်လာပြီး ကျောင်းသားများ ရှဲသွားကြသည်။

"ဘယ်သူ့အခန်း ခိုးတာလဲ"

နန္ဒက မေးသည်။

"အခန်းအပြင်ဘက် ကြိုးတန်းမှာလှမ်းထားတဲ့ အဝတ်တွေခိုးတာ"





သူငယ်ချင်းတစ်ယောက်က ပြန်ပြော၏။

"သူနိုးကလဲ ကံဆိုးပါတယ်ကွာ။ လုံချည်ကောင်းလေး သုံးလေး

ည်နဲ့ သေအောင်ခံနေရတာ"

သူပြောလိုက်၏။

"ဒီကောင်က သက်သက်ခံရတာဗျ။ ဟိုတစ်လောက အခန်းတွေ

က်ပြီးအခိုးခံရတာ နှစ်ခါရှိပြီ။ ကျောင်းသားတွေက ဒေါပွပြီး မအိပ်ဘဲ

င်းနေတာ"

အခန်းတွေ သူနိုးဖောက်ခံရတာ သူတို့ကြားခဲ့ရသည်ပဲ။

"ဒီလောက် သေလောက်အောင်ရိုက်တာတော့ မကောင်းဘူး မင်းညို

"

လမ်းမှာ နန္ဒကပြောသည်။

"တစ်ယောက်တစ်ချက် လူကများတော့ ခံရတာပေါ့"

ဟု သူပြော၏။

"ဒါသတ္တိမှမဟုတ်တာပဲ။ တကယ် ရေထဲမိုးထဲ အများကိစ္စ ထွက်

တော့မယ်ဆိုတော့ ထွက်မလာတော့ဘူး။ ကျောင်းစာထိခိုက်မှာ ကြောက်တာ

နောက်ဆုံးနှစ်မို့ ဘာညာနဲ့၊ အများကိစ္စကို ခေါင်းရှောင်နေကြတဲ့ကောင်

တွေက ဒီလို သူနိုးမိရင်တော့ အစွမ်းပြချင်ကြတာကွ မင်းညို"

နန္ဒက မကျေမနပ် ပြောနေပြန်သည်။

"မင်းပြန်တော့ ငါလဲအိပ်တော့မယ်နန္ဒ"

အဆောင်ဝအရောက် သူပြောလိုက်သည်။ နှနှက ခေါင်းညိတ်ပြရင်း အင်းကြင်းမြိုင်ပြန်ရန် အဆောင်ဝန်းထဲမှ ထွက်သွားတော့၏။

✤ ✤ ✤



( ၁၃ )

မြတ်လေးဝေက သူ့ကိုတွေ့တိုင်း ကျောင်းတက်ဖို့ စာကြည့်ဖို့ တတွတ်တွတ်မှာတတ်သဖြင့် သူ စာမေးပွဲအောင်ခဲ့သော်လည်း ကျော်ဝဏ္ဏ၊ နှနှနှင့် ဘိုးလွင်ထွန်းတို့ စာမေးပွဲကျခဲ့ကြပြန်သည်။

သူငယ်ချင်းတွေအတွက်တော့ သူစိတ်မကောင်းဖြစ်ရ၏။

နောင်နှစ်မှာတော့ သူ အဆောင်ပြောင်းခဲ့ရသဖြင့် အင်းကြင်းမြိုင်နှင့် အလှမ်း အဝေးဝေးသွားသည်။ သည်ကောင်တွေက ဒုတိယနှစ်မှာ နှစ်ခါကျပြီး

သူက တတိယနှစ်ရောက်လာသည်အိ အတန်းချင်းကလည်း မတူတော့ အလျှင် နှစ်တွေကလောက်တော့ မတွဲဖြစ်တော့။

ပြီးတော့ သူက ကဗျာလေးဘာလေး မဂ္ဂဇင်းမှာ စရေးပြီဆိုတော့ ကဗျာရူး၊ စာရူးတွေနှင့် အတွဲများလာသည်။ လက်ဖက်ရည်ဆိုင်တွေမှာ မဂ္ဂဇင်းတိုက်တွေမှာ အရောက်များ အချိန်ကုန်နေသည်။ နှစ်ပတ်တစ်ခါ သုံးပတ်တစ်ခါတော့ သူသည်ကောင်တွေဆီ ရောက်တတ်စမြဲ။

နောက်တစ်နှစ်မှာတော့ သူတို့သုံးယောက်စလုံး စာမေးပွဲအောင်ကြသည်။ သည်တော့ သူက နောက်ဆုံးနှစ်အောင်သွားပြီ။

မြတ်လေးဝေရော သူပါ တောကို ပြန်လာခဲ့ကြ၏။ မြတ်လေးဝေကတော့ မူလတန်းပြလျှောက်ရင်း ကျောင်းဆရာမ ဝင်လုပ်သည်။ သူ့မှာကတော့ အိပ်မက်တွေဖြင့် အနာဂတ်က မရေရာသေး။ သူဖြစ်ချင်သည့် စာရေးဆရာ ကဗျာဆရာဘဝကို ရန်ကုန်မှာနေရင်း ဖြစ်ဖြစ်မြောက်မြောက်ဖြစ်အောင် သူကြိုးစားကြည့်ချင်သေးသည်။ ဝန်ထမ်းအလုပ်ကိုလုပ်ရင်း သူ့ဘဝကို မနှစ်မြို့ချင်။ အမေနှင့်အစ်မကတော့ သူ့သဘောအတိုင်းပင်။

သို့သော်ငြားလည်း အမေနှင့်အစ်မထံမှ ကျောင်းသားကဲ့သို့ လက်ဖြန့်ပြီး သူမတောင်းလိုတော့။

"ဒီလိုလုပ်ပါလားမင်းညို၊ နင့်အတွက်လဲ အဆင်ပြေအောင် ရွာအတွက်လဲ အဆင်ပြေအောင်၊ ဒီတစ်နှစ်၊ နှစ်နှစ်လောက် တွဲဖက်ကျောင်းမှာ နင်ဆရာဝင်လုပ်လိုက်၊ အဲဒါဆို နင်ရတဲ့လခက တောမှာဆိုတော့ အပိုဖြစ်ပြီး စုမိမှာပဲ။





အဲဒီငွေလေးနဲ့ ပြီးမှ ရန်ကုန်ကိုတက်။ ငါ့မှာ စုမိဆောင်းမိတာလေးလဲ နင့်ကို ပေးလိုက်မယ်လေ"

မြတ်လေးဝေက အဲသည်လိုအကြံပေးသည်။

သူစဉ်းစားချိန်မရလိုက်မီမှာပင် ရွာကသူ့ကို အတင်းအကူအညီတောင်းတော့ တွဲဖက်အလယ်တန်းကျောင်းမှာ သူဆရာဝင်လုပ်ဖြစ်ခဲ့တော့၏။

သည်မှာတင် ကျော်ဝဏ္ဏတို့အုပ်စုနှင့် သူအဆက်အသွယ်ပြတ်သွားခဲ့တော့သည်။

တွဲဖက်ကျောင်းမှာ နှစ်နှစ်လုပ်ပေးပြီးမှ သူရန်ကုန်တက်ခဲ့မိသည်။ ရန်ကုန်ရောက်တော့ ကျော်ဝဏ္ဏတို့အုပ်စုကို သတိရသည်မှာ အမှန်ပင်။ သည်ကောင်တွေ ဘွဲ့ရပြီးစပင် ရှိပေဦးမည်။

ကမာရွတ်မှာ အဆောင်ငှားနေရင်း ကျော်ဝဏ္ဏတို့ကို သူသတိထားပြီး တွေ့လိုတွေ့ငြား ရှာကြည့်သော်လည်း မတွေ့။

တွေ့မယ့်တွေ့တော့ မြို့လယ်ခေါင်မှာ။

ဆိုင်ထဲမှာ ထိုင်၍ငေးရင်း ရှေးဟောင်းနှောင်းဖြစ်တွေကို သတိရနေမိပြန်သည်။

ကျော်ဝဏ္ဏ သူ့ကို ပေးထားသည့် လိပ်စာ စာရွက်ကလေးကို ထုတ်ယူကြည့်လိုက်မိပြန်သည်။

သည်ကောင်တွေ သူ့အပေါ်မှာ တကယ်ခင်မင်တာကို သူနားလည်ခဲ့သည်ပဲ။ အခုလည်းကြည့်....။ သူ့ကို ဝတ်ကျေတမ်းကျေလောက် ခေါ်သွား

တာမဟုတ်ဟု သူနားလည်ရင်းပဲ၊ သည်ကောင်တွေဆီကို ပြောင်းမည်ဟု သူဆုံးဖြတ်လိုက်သည်။

ထိုင်ရာမှထကာ ကောင်တာသွားပြီး လက်ဖက်ရည်ဖိုး ရှင်းလိုက်၏။ စီးကရက်တစ်လိပ်ယူမည်လုပ်ပြီးမှ အိတ်ထဲက ပိုက်ဆံနည်းနေတာ သတိရ ရင်း ပြန်ချလိုက်သည်။

ဆိုင်ထဲမှ ထွက်အလာမှာတော့ သူ့အဆောင်ရှာဖို့ ကိစ္စသည် ခေါင်းထဲမှာ ရှိမနေတော့။

✤ ✤ ✤



"ကျွန်မ ကြုံကြုံခံပြီး ရေဆန်ကိုတက်ခဲ့တဲ့ မိန်းမတစ်ယောက် ပါပဲ ကိုဝဏ္ဏရယ်၊ ဒါပေမယ့် ရေလှိုင်းရိုက်တာ ခဏခဏခံရ တော့ နောက်ဆုံး မဟန်နိုင်တော့တဲ့ ရေလှိုင်းနောက် ပါခဲ့ရတာ ပါ။ ကျွန်မ ဒီလိုဖြစ်သွားရတာ စားသောက်ဆိုင်မှာ သီချင်း ဆိုတဲ့တာဝရောက်ပြီး အတော်ကြာမှ။ ပြောရရင် တစ်လကျော် လောက်ပဲ ရှိပါသေးတယ်။ ကျွန်မမှာ သတိရှိနေပါတယ်။ အားတွေအင်တော့ ကျွန်မ စုနေပါတယ်။ ပြီးရင် ဒီလှိုင်းထဲက ကျွန်မ ရုန်းထွက်မှာပါပဲ"

[illegible]

( ၁ )

အဲသည်ညက စားသောက်ဆိုင်ရိုက်ပွဲအတွက် ခင်အေးဆွေ သက်သေ
အစစ်ခံရသေးသည်။ သူမ၏အဆောင်ကိုပြန်ရောက်တော့ ညနှစ်နာရီ
ပြီ။

''အန်တီ အကြိမ်ပေါင်းများစွာ သတိပေးခဲ့ပြီးပြီ ခင်အေးဆွေ၊ ဒါ
လေးပြန်အိပ်တဲ့အချိန် မဟုတ်ဘူး။ အန်တီ့အဆောင်တော့ သိက္ခာကျ
ဘူး။ ခင်အေးဆွေ နောက်နေ့ အန်တီ့အဆောင်က ပြောင်းပေးပါ။

အန်တီခင်အေးဆွေကို လက်မခံနိုင်တော့ဘူး''

တံခါးဖွင့်ပေးရင်း အဆောင်ပိုင်ရှင်က စပြီးဆူတော့သည်။

''မဟုတ်ဘူး အန်တီ၊ သမီးရှင်းပြ....''

''တော်ပြီ ခင်အေးဆွေ၊ ဘာမှလဲရှင်းပြမနေနဲ့၊ အန်တီနားလဲ မ

ချင်ဘူး၊ မနက်ဖြန်ပြောင်းဖို့သာ စီစဉ်ပါ''

ပြောရင်း....

သူနေသည့် အိမ်ကလေးဘက်ကို ထွက်သွားသည်။ ခင်အေးဆွေ

ရပ်ပြီးငေးကြောင်ကျန်ခဲ့၏။

ပြီးမှ....

အံကိုကြိတ်ကာ သူမ၏အခန်းရှိရာသို့ တက်လာလိုက်သည်။

သည်အဆောင်က ညကိုးနာရီ အဆောင်ပိတ်သည်။

ညဘက်မှာ အလုပ်တစ်ခုဆင်းရသည်ဟု အကြောင်းပြထားသ

သူမကို ဆယ်နာရီ၊ ဆယ့်တစ်နာရီအထိ ခွင့်ပြုထားခဲ့၏။ ညဆယ့်တစ်

ကျော်မှ အဆောင်ပိုင်ရှင်များက အိပ်သဖြင့် သည်တုန်းက ဘာမျှသိ

ပြဿနာမရှိခဲ့။ သို့သော်လည်း သိပ်ပြီး ကြည်ဖြူလှသည်တော့မဟု

ခင်အေးဆွေကို အဆောင်မှာ ဆက်ထားလိုစိတ် ရှိဟန်မတူ။ အခုညက

နှစ်နာရီကျော်ပြီဆိုတော့ သူတို့ဘက်က ကြည့်လျှင်လည်း ခင်အေးဆွေ အ

ပင်။

ဟိုအလျှင်ညတွေက ညဆယ့်နှစ်နာရီလောက်ဆိုလျှင် သူပြန်





ဘူ၊

သည်ညကတော့ သူမအစစ်ခံပြီး အဆောင်ပြန်ရုံမှတစ်ပါး တခြား

ဖြင့် အဆောင်ကိုပြန်လာခဲ့ရခြင်းပင်။

စိတ်လေးလံစွာဖြင့် အခန်းတံခါးကို ဖွင့်ဝင်လိုက်၏။

* * *

နောက်နေ့မနက်မှာ အဆောင်ပိုင်ရှင်ကို သူမက ရှင်းပြဖို့ ကြိုးစားခဲ့

ည်။ အဆောင်ပိုင်ရှင်က သူမ၏ရှင်းပြမှုကို လုံးဝလက်ခံစကားပြောခွင့်

ပြုတော့ချေ။

အစကတည်းက သူမကိုအဆောင်မှ နှင်ချင်နေပုံရ၏။ အခါခွင့် သင့်လာ

ဘာ သည်အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံဘဲ အဆောင်မှထွက်

ပေးရန်သာ တောင်းဆိုတော့သည်။

သူမက သည်ရက်မှာ အဆောင်သံစ်ရှာမည်။

ရှုပြီးတွေ့ပါက ပြောင်း ပေးမည်ဟု ပြောရုံမှတစ်ပါး ဘာမှမတတ်နိ

တော့။

တစ်နေ့လုံး အဆောင်ရှာကြည့်သော်လည်း၊ အဆောင်တွေမှာ-ရှုပ်

နေသည်ချည်း။ သူမက သည်ပတ်ဝန်းကျင်ကလွဲလို့လည်း တခြားမှာသွားမနေ

ချင်။

နောက်ဆုံးတော့ သူမကဲ့သို့ စားသောက်ဆိုင်တစ်ဆိုင်မှာ သီချင်းဆိုသေ

သူငယ်ချင်းဆီ ရောက်သွားသည်။

"ငါသိတဲ့အဆောင်တွေမှာကတော့ လူတွေကအပြည့်ပဲ ခင်အေးရေ

ဒါပေမယ့် ကြိုးစားရှာကြည့်သေးတာပေါ့"

ဟု အားငယ်နေသော သူမကို နှစ်သိမ့်စကားဆိုသည်။

"ငါ့စားသောက်ဆိုင်ကလဲ ခဏပိတ်လိုက်ရတယ်လေ။ ညတွန်းက

အမှုအတွက် ခဏပိတ်ထားပါတဲ့။ ခဏဆိုတာက ဘယ်လောက်ကြာဦးမယ်

မသိဘူး"

သူမက စိတ်ပျက်လက်ပျက် ပြောပြနေမိ၏။

"နင်ဒါဆို ဒီည ငါ့ဆိုင်လိုက်ခဲ့ပါလား။ ငါအန်ကယ်ကို ပြောပြပေးမယ်

ရရင် အမြတ်ပေါ့ဟာ"

သူငယ်ချင်းကပြောတော့၊ သူမ လက်ခံလိုက်သည်။ လက်မခံပါက

လည်း သူမအတွက် ဘာလုပ်ရမည်ဟုမသိ။





ညနေသူငယ်ချင်းနှင့်အတူ သူငယ်ချင်းသီချင်းဆိုသည့် စားသောက်ဆိုင်

လိုက်ဖို့ ချိန်းလိုက်သည်။

* * *

တကယ်တမ်းကျတော့ အဆင်မပြေ။ စားသောက်ဆိုင်တစ်ဆိုင်မှာ

ပင်တိုင်သီချင်းဆိုခွင့်ရဖို့ဆိုတာ သည်လောက်မလွယ်ကြောင်း၊ သူမလည်း

သီချင်းဆိုနေသူတစ်ယောက်အနေဖြင့် သိနေပြီးသား။ အကြောင်းအမျိုးမျိုး

ပြ၍ ပြောတာကို နားထောင်ရင်း သူမက သူမ၏သူငယ်ချင်းကိုလည်း အားနာ

လာသည်။ သူငယ်ချင်းကို ပြန်တော့မည်ဟု နှုတ်ဆက်ကာ ထွက်လာခဲ့၏။

စားသောက်ဆိုင်ရှေ့ အရောက်မှာတော့ သူမ၏ဘဝတစ်ဆစ်ချိုးကို

ပြောင်းစေဖို့ ကိုတိုးလွင်ထွန်းနှင့် ဆုံလိုက်ရသည်။

စားသောက်ဆိုင်ရှေ့ရောက်နေသော သူမနှင့် ကားပေါ်မှဆင်းလာပြီး

စားသောက်ဆိုင်ဆီလာနေသော လူငယ်နှစ်ယောက် လမ်းမှာဆုံ၏။

"ဟာ"

အကြည့်ဆုံရင်းမှ လူငယ်တစ်ဦးနှုတ်မှ အာမေဋိတ်သံထွက်သွားသ ကြားရ၏။

သူမက မျက်လွှာကို ချလိုက်မိသည်။

"ခင်ဗျား...ဟို 'နှင်းဆီ' စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ ခင်အေးရွှေ မဟုတ်လား"

သူမ လှန့်မသွားခင်မှာပင် ထိုလူငယ်က သူမနာမည်ကို မှတ်မိကြောင်း ပြောရင်း မိတ်ဆက်လိုက်၏။ တုံ့ခနဲ ရပ်သွားရင်း...

"ဟုတ်ပါတယ်"

ဟု တည်တည်ငြိမ်ငြိမ် ပြန်ပြောလိုက်မိသည်။

"ကျွန်တော့်နာမည် တိုးလွင်ထွန်းပါ။ ကျွန်တော်က ခင်ဗျား ပရိသတ် ပါ။ မှတ်မိရဲ့လား။ ကျွန်တော် ပန်းကုံး ခဏခဏ တက်စွပ်တာလေ။

သူက ကျော်ဝဏ္ဏ"

သူ့ဘေးမှ သူငယ်ချင်းနှင့် တစ်ဆက်တည်း မိတ်ဆက်ပေးလိုက်၏။

"စိတ်မရှိနဲ့နော်.....ကျွန်မက ရုတ်တရက်မမှတ်မိတာ၊ အခု ပြန် စဉ်းစားတော့ မျက်မှန်းတန်းမိလာသလိုပဲ"

တကယ်ပင် တိုးလွင်ထွန်းမျက်နှာကို မျက်မှန်းတန်းမိသလို ဖြစ်လာ သည်။ သူမ သီချင်းဆိုတိုင်း သူမကို အားပေးနေကျ ပရိသတ်တစ်ယောက်၊





သို့မဟုတ် သူမကို တယ်မက်ခုန်မင်စွာ ကြည့်နေတတ်သူတစ်ဦးဟု မှတ်မိလာ တော့၏။

"အခု 'နှင်းဆီ' သွားမှာလား"

"ခဏပိတ်ထားလို့၊ ဒီကသီချင်းဆိုတဲ့ သူငယ်ချင်းဆီလာလည်တာ"

"ဒါဆိုဗျာ...ကျွန်တော့်ကို ပရိသတ်တစ်ယောက်အနေနဲ့ ညစာ ကျွေးခွင့် ပေးပါလား။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်တည်းပါ"

ကျော်ဝဏ္ဏဆိုသူကတော့ စီးကရက်သောက်ရင်း ပြုံးနေသည်။ ဘာမျှ င်မပြော။ သူမ သိပ်ပြီး ဟန်ပန်လုပ်မနေတော့ပါ။

"ဒါဆိုလဲ ရတယ်လေ"

တိုးလွင်ထွန်း၏ ဖိတ်ကြားမှုကို လက်ခံလိုက်တော့သည်။

သည်ညက စကားနည်းလွန်းတဲ့ ကိုကျော်ဝဏ္ဏကို သူမ စတင်သိကျွမ်း တာပါပဲ။

သူမကတော့ ကိုတိုးလွင်ထွန်းရဲ့ ဧည့်သည်အနေနဲ့လေ...။

* * *

ဝီစကီသည် ထိုညကပိုင်းကို စိုပြည်သွက်လက်စေခဲ့ရုံမက သွက်လက်

ရာမှ မြူးကြွပွင့်လင်းစေခဲ့သည်။ ပွင့်လင်းရာမှ ရင်းနှီးမှုကို လျှင်မြန်သွားစေ

ပြန်သည်ပဲ။ သူမ၏ အဆင်မပြေမှုများကို မေ့လျော့သွားစေချင်ခဲ့ရင်း ကိုတိုး

လွင်ထွန်းတို့၏ ရင်းနှီးမှုကို သာယာဟန်ဆောင်ခဲ့ရသည်။

ကိုတိုးလွင်ထွန်း၏ ကျွမ်းဝင်နွေးထွေးမှုများ၏ ဦးတည်ရာကို သူမ

သိနေလျက်နှင့် အလိုက်သင့်ပင် မျောပါသွားစေခဲ့ပြန်၏။ တကယ်တော့ သူ

အတွက် ထွက်ပေါက်တစ်ခုအနေဖြင့် ကိုတိုးလွင်ထွန်းကို အသုံးပြုရန် သူ

ဆုံးဖြတ်ခဲ့ပြန်သည်။

စားသောက်ဆိုင်ခန်းကအထွက် ကိုတိုးလွင်ထွန်းတို့ ကားဆီအလျှော

မှာတော့ သူမကိုယ်က ကိုတိုးလွင်ထွန်း၏ ပခုံးမှာ မှီနွဲ့နေတော့သည်။

ကိုကျော်ဝဏ္ဏ၏ အပြောအဆိုအတည်အတန့်ကိုတော့ သူမ သ

ကောင်းကောင်း ထားဖြစ်ခဲ့သည်ပဲ။

✣ ✣ ✣



( ၂ )

စိုးမင်းညိုရောက်သည့်နေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင် ခင်အေးဆွေ

ည်းရောက်လာခဲ့သည်။ ကျော်ဝဏ္ဏက ဖုန်းဆက်လာပြီး စားသောက်ဆိုင်တစ်ခုခု

သွားစားမည်ဆိုတော့ စိုးမင်းညိုက အဲသည်ညနေမအား။ အဆောင်မောင်း

ကျန်နေခဲ့သည့် စာအုပ်သေတ္တာကို သွားသယ်ဖို့ရှိနေသည်။ သည်လိုနှင့်

ိုက်တော့ပါဘူးဟု ပြော၏။ နန္ဒအောင်ကတော့ ထုံးစံအတိုင်း သူ့အပေါင်း

င်းတွေက နေ့လယ်ဘက်ကတည်းက လာ... ွားသည်။ ညမိုးချုပ်မှ

ပြန်ရောက်လာမည်ဆိုတာ ကျော်ဝဏ္ဏတို့က သိနေကြသည်။ သည်လိုန

တိုးလွင်ထွန်းနှင့် ကျော်ဝဏ္ဏနှစ်ဦးတည်းသာ စားသောက်ဆိုင်ကို ထွက်သွ

ခဲ့ကြခြင်းဖြစ်သည်။

နန္ဒကို သူပြန်တွေ့ရသည်မှာ စိတ်မကောင်းစရာပင်။ နန္ဒကို ကြည့်ရ

သူ့ရင်ထဲမှာ ဆို့နင့်လာ၏။ နန္ဒသည် သူနှင့်နှစ်နှစ်လောက်ကွဲသွားသည့် ကာလ

အလွန်ချောင်ကျသွားသည်။ မျက်တွင်းကြီးတွေ ဟောက်ပက်နှင့် အသားအ

က ဖြူရော်ရော်။ နန္ဒကိုကြည့်ရသည်မှာ အတော်လေး အဆင့်မြင့်နေပုံ

သည်။

မနက် သူရောက်လာတော့ အားလုံးကိုတွေ့သည်။ ကျော်ဝဏ္ဏ

ပိုင်းကို သွားတော့မည့်ဆဲဆဲ။ သူရောက်လာတော့ အားလုံးက ပျော်ရွှင်ကြည်

နေကြတာတွေ့ပြီး သူ့ရင်ကို အပျော်ကူးစက်သည်။

ညနေပိုင်းမှာလည်းတန်းက ညစာကိုအပြီးစားခဲ့ပြီး သူအိမ်ပြန်ရော

ချိန်မှာ နန္ဒပြန်ရောက်နှင့်လေပြီ။

နန္ဒကိုကြည့်ရသည်မှာ အကောင်းလွန်လာပုံရ၏။ ဂစ်တာကို

ကောက်မကိုင်နိုင်၊ သူ့ခုတင်ပေါ်မှာ ပစ်လှဲတာတွေ့၏။

တိုးလွင်ထွန်း၊ ကျော်ဝဏ္ဏနှင့် နန္ဒတို့က အိမ်မှ အိပ်ခန်းတစ်ခန်း

မှာနေကြသည်။ သူ့ကို ကြိုက်တဲ့အခန်းဝင်ကွာ၊ ခုတင်လဲအပိုရှိတယ်ဆို

သူက နန္ဒအခန်းကို ဝင်ခဲ့၏။

ညဆယ့်တစ်နာရီလောက်မှာ ကားရပ်သံကြားတော့ သံတံခါးထ





ပေးသည်။ ခြံဝန်းတံခါးကတော့ တွန်းဖွင့်ရုံမို့ သူခြံထဲအထိမဆင်း။

အိမ်ပေါ်ရောက်တော့ အမျိုးသမီးတစ်ဦး ပါလာတာတွေ့ရင်း သူ

အံ့သြသွားသည်။

တိုးလွင်ထွန်းနှင့် တွဲလာသည်မို့ တိုးလွင်ထွန်း၏အမျိုးသမီးဟု သူက

ဆင်သည်။ သည်ကောင်ကတော့ သူ့မှာ ရည်းစားပြတ်သည်မရှိ။ ထည်လဲ

တွဲတတ်တဲ့ကောင်ဟု သူ နားလည်ထားသည်ပဲ။

နန္ဒကတော့ အိပ်ပျော်နေပြီမို့၊ သူနှင့်အမျိုးသမီးကို မိတ်ဆက်ပေးလိုက်

သည်။

ပြီးတော့ တိုးလွင်ထွန်းက သူ့အခန်းကိုခေါ်သွားတော့၏။

သူ ကျော်ဝဏ္ဏကို ပခုံးတွန့်ပြစဉ် ကျော်ဝဏ္ဏက ခေါင်းညိတ်ပြသည်။

ကျော်ဝဏ္ဏအခန်းထဲသို့ သူဝင်လိုက်သွား၏။ ကျော်ဝဏ္ဏက ခင်အေးဆွေနှင့်

တွေ့ပုံ ပါလာပုံတို့ကို ပြောပြနေသည်။

"တိုးလွင်တို့ကတော့ ဒီဘက်မှာ တကယ့်ပါရှုပဲ"

ဟု သူမှတ်ချက်ချလိုက်၏။

"ကောင်မလေးက သနားပါတယ်။ မထင်ရဘူးနော်"

ကျော်ဝဏ္ဏက မှတ်ချက်ချသည်။

* * *

မနက်သူတို့ အိပ်ရာကနိုးတော့ တိုးလွင်ထွန်းနှင့် ခင်အေးဆွေတို့ မရှိကြတော့။

ညက ဘာမှမသိလိုက်သည့် နန္ဒကို သူနှင့်ကျော်ဝဏ္ဏကပြောပြလိုက်၏။

"တိုးလွင် ကောင်မလေးတစ်ယောက်ခေါ်လာတာ ဘာဆန်းလို့လဲကွာ"

ဟု နန္ဒက မှတ်ချက်ချသည်။

"မဟုတ်ဘူးကွ နန္ဒ။ ဒီကောင်မလေးမျက်နှာကြည့်ရတာ၊ ခံစားမှုတစ်ခုခုကို ငါတွေ့ရသလိုပဲ။ စကားပြောကြည့်တော့လဲ ဟိုအရင် တိုးလွင်ကောင်မလေးတွေလို မကလက်ဘူး။ သူ့ရင်ထဲမှာ အကြိတ်အခဲတစ်ခုရှိမယ်။ တစ်ခုသေချာတာကတော့၊ သူ့ပိုက်ဆံအတွက် ဝါသနာအတွက် ဒီလို အလုပ်လုပ်နေတာ မဟုတ်ဘူး ဆိုတာပဲ"

ကျော်ဝဏ္ဏက နန္ဒကိုပြောလိုက်သည်။ နန္ဒက ခုတင်ပေါ်မှာ နံရံမှီပြီး ထိုင်ရင်း ဆေးလိပ်သောက်ကာ နားထောင်၏။

"ဟိုကောင် တွဲရုံတွဲပြီး အိပ်ရုံအိပ်လိုက်တာပဲ ဝဏ္ဏ။ မင်းလို လေးလေးနက်နက်စဉ်းစားဟန်မတူဘူး။ မင်းက ဒီကောင်မလေးနဲ့ ပတ်သက်ပြီး အလေးအနက်စဉ်းစားနေတာတော့ သေချာတယ်။ ညကလဲ ငါ့ကို ဒါတွေပြောပြီးပြီ"

သူ ကျော်ဝဏ္ဏကို ပြောလိုက်သည်။

"ငါက ငါခံစားရတာကို ပြောတာပါကွာ"





"မလုံမလဲဖြစ်မနေပါနဲ့ကွာ၊ နောက်ထပ်တွေ့ရောလဲ မရှိတော့ပါဘူး။ သိတယ်မဟုတ်လား၊ တိုးလွင်ဆိုတဲ့ကောင်က ဘယ်တော့မှ အကပ်ခံတာ မဟုတ်ဘူး"

နန္ဒက ဆေးလိပ်ပြာခြွေရင်း လှမ်းပြောသည်။

✤ ✤ ✤

( ၃ )

ကိုတိုးလွင်ထွန်းနှင့် သူမ ဆယ်နာရီလောက်မှာ လက်ဖက်ရည်ဆိုင်မှ လမ်းခွဲခဲ့သည်။ ကိုတိုးလွင်ထွန်းက သူ့ကုမ္ပဏီသွားမည် ပြော၏။ သူမအပေါ်မှာ ကိုတိုးလွင်ထွန်းဆက်ဆံပုံကို သူမ သတိထားမိသည်။ ရင်ထဲမှာဘာမှမရှိဘဲ၊ သူ့အလိုရှိသည့်အရာတစ်ခုအတွက်သာ အလိုက်အထိုက် ဆက်ဆံနေရကြောင်း နားလည်သည်။ ကိုကျော်ဝဏ္ဏ၏ အကြည့်များကို ပြန်၍မြင်ယောင်ဘာတတ်တာ သူမဘာသာ ဆန်းကြည့်နေပြန်း။

ကိုတိုးလွင်ထွန်းနှင့် လမ်းခွဲပြီးတော့ သူမအဆောင်ကို ပြန်လာခဲ့

သည်။ အပေါ်ထပ်တက်လိုက်သည်နှင့် ဒေါသနှင့်ရှက်စိတ်က ရင်ထဲမှာ ထောင်းခနဲ ထွက်လာတော့၏။ တစ်ကိုယ်လုံး ထူပူရှိန်းဖိန်းသွားပြီး တခြားအခန်းတွေက သူ့ကိုထွက်ကြည့်လိုက်မှာကို စိုးရိမ်နေပြန်သည်။ သူမ၏အခန်းရှေ့မှာ သူမသေတ္တာတစ်လုံးနှင့် သေတ္တာပေါ်မှာ အဝတ်အစားများ တိုလီမိုလီများကို စုပုံလျက်တွေ့ရ၏။ အဆောင်ပိုင်ရှင်သည် သူမ၏ပစ္စည်းများကို အခန်းရှေ့ ထုတ်ထားလိုက်ပြီဆိုတာ နားလည်လိုက်၏။

အခန်းရှေ့ရောက်တော့ သူမ၏ သော့ခလောက်မဟုတ်တော့တာ တွေ့သည်။ သူမ၏ သော့ခလောက်အစား အဆောင်ပိုင်ရှင်က တခြားသော့ခလောက်တစ်ခုဖြင့် ခတ်ထားလိုက်လေပြီ။

ဒေါသထွက်၍ သေတ္တာကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်မိ၏။ သူမကန်လိုက်သည့် အသံကြောင့် ဘေးချင်းကပ်လျက်အခန်းမှ တံခါးဖွင့်သံ ကြားလိုက်ရသည်။ သူမက လှမ်းကြည့်လိုက်တော့…

"အေးဆွေ ပြန်လာပြီလား"

ဟု နှုတ်ဆက်၏။

"ဘယ်လိုလုပ်လိုက်တာလဲဟယ် စမ်းလေး…စမ်းလေး သိလား"

စမ်းလေးဆိုသည့် တစ်ယောက်က အနားရောက်လာသည်။ ပြီးတော့ ဟိုသည်ကြည့်ရင်း အသံကိုနှိမ့်၍ ပြောသည်။

"မနက်က အဘွားကြီး လာကြမ်းသွားတာ အေးဆွေ"

အဘွားကြီးဟု အဆောင်ပိုင်ရှင်ကို ခေါ်ကြသည်။





"အဘွားကြီးက အပိုင်လုပ်တာအေးဆွေ၊ ရပ်ကွက်လူကြီးတွေ ပါလာ…ယ်။ သူတို့ရှေ့မှာ သက်သေထားပြီး ဒီပစ္စည်းတွေကို ထုတ်လိုက်တာ။ …ဆွေ ဒီညမပြောင်းရင် အဆောင်ဝင်းအပြင် ထုတ်မယ်လို့လဲပြောနေတယ်"

"ကြီးကျယ်လိုက်တာဟယ်၊ ငါသွားတွေ့မယ်"

"ရန်တော့မဖြစ်ပါနဲ့ အေးဆွေရယ်…။ သူက လူကြီးတွေကို တိုင်တာ…တာပဲ"

စမ်းလေးကို ဘာမှမပြောဘဲ သူမ အဆောင်ပိုင်ရှင်ရှိရာကို ဆင်းလာခဲ့…

သူမလာတာမြင်တော့ အဆောင်ရှင်အဘွားကြီးက တံခါးဝကို ထွက်…ပြီး ခါးထောက်ရပ်သည်။

"ဘာလဲ ခင်အေးဆွေ ပစ္စည်းတွေလာသယ်တာလား"

"ကျွန်မပြောင်းမှာပါ အန်တီ။ ဒါပေမယ့် ဒီလိုလုပ်တာတော့ မကောင်း…း…"

"ဘာလဲ"

"ကျွန်မပစ္စည်းတွေကို အပြင်ထုတ်ထားတာလေ"

"ဒီလိုမလုပ်ရင် ညည်းတို့က ချက်ချင်းပြောင်းချင်မှ ပြောင်းမှာ၊ …ပြောင်းရင်တော့ ရပ်ကွက်လူကြီးဆီမှာ တိုင်ရမယ်။ ညည်းဒီလို အချိန်မတော် …သွားလာနေတာ ငါပါ အနှောင့်အယှက်ဖြစ်ရမယ်များတယ်ဆိုတာ သိလားအေးဆွေ"

"အဲဒါ ကျွန်မကိစ္စပါ"

''ဟုတ်ပြီလေ.. ညည်းကိုစွဆို ငါ့အဆောင်မှာ မလုပ်နဲ့၊ ည
ဘာသာ အပြင်မှာ ကြိုက်သလိုနေပေါ့''

''ကျွန်မပြောင်းမှာပါ အန်တီ''

''ရော့ ဒီမှာ ညည်းရဲ့လစာ.. ညည်းဒီညပြောင်းပါ။ အခန်းက
သော့ခတ်ထားလိုက်ပြီ''

လှမ်းပေးသည့်ပိုက်ဆံကို သူမက လှမ်းယူရင်း ကျစ်ကျစ်ပါအေ
ဆုပ်ကိုင်ထားလိုက်၏။

သူမမှာ ပြောင်းစရာအဆောင်မရှိသေးတာ ပြန်သတိရရင်း ဝမ်း
ချင်လာသည်။ ဒါကို အဆောင်ရှင် သိမသွားဖို့က အရေးကြီးတာပဲဟု တွေ
မျက်နှာကိုပြင်၏။ ဘယ်လိုဖြစ်ဖြစ် သူမ သည့်မှာ သည်ညအိပ်ခွင့်ရတော့
မဟုတ်တဲ့။

''ကျွန်မ ဒီညပြောင်းမယ်စိတ်ချ အန်တီ''

ပြောပြီး လှည့်ထွက်လာခဲ့၏။

ဘာဖြစ်ဖြစ် အဆောင်ကို သည်ည ချက်ချင်းရအောင်ရှာဖို့တော့ မလ
သီချင်းဆိုသည့် သူမ၏သူငယ်ချင်းဆီ သွားပြီး အကူအညီတောင်းကြည့်
ဟု တွေးသည်။

ပင့်သက်ကို ချလိုက်မိပြန်၏။

* * *





သီချင်းဆိုသည့် သူမသူငယ်ချင်းဆီရောက်တော့ မနက်ကတည်းက
င်သွားပြီဟုဆိုသည်။

စောင့်နေလို့တော့မဖြစ်ဟု တွေး၏။ အခုအချိန်မှာ အချိန်က သူမ
တွက် အရေးကြီးသည်။

နောက်ဆုံးတော့ တစ်ဦးတည်း အဆောင်တွေ လိုက်ရှာကြည့်သည်။
းစုကတော့ လူတွေပြည့်နေ၏။ တချို့အဆောင်တွေကတော့ နေရာ
ပုံရသည်။ သို့သော်လည်း သူတို့အဆောင်က တစ်ဦးဦးနဲ့ သိသလားဟု
သည်။ အသိမှ လက်ခံချင်ပုံရ၏။

နောက်ဆုံးတော့ ညနေခြောက်နာရီလောက်အထိ သူမ အဆောင်
ရနိုင်သေး။ အပြန်မှာ သီချင်းဆိုသည့် သူငယ်ချင်းအဆောင်ကို လှည့်ဝင်
ည့်သေးသည်။ ခရီးထွက်ချင် ထွက်မည် ပြောသွားကြောင်း နောက်တစ်
က်ကပြောတော့ မျှော်လင့်ချက် ကုန်ရပြန်သည်။ အဲသည်သူငယ်ချင်းက
ပါက်ကလည်း များသား။ သူမကို သီချင်းဆိုဖို့လည်း အဲသည်သူငယ်ချင်း
ဆက်သွယ်ပေးခဲ့သည်။ သူမ၏ဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ရ
လည်း အဲဒီသူငယ်ချင်းကြောင့်ပင်။

စိတ်ပျက်လက်ပျက်နှင့် အဆောင်ကို သူပြန်ရောက်လာခဲ့သည်။
ဆောင်ထဲဝင်လိုက်စဉ် ရှက်စိတ်နှင့်အားငယ်စိတ်ကို ဖုန်းလွှမ်းနိုင်ရန်

မျက်နှာကိုတင်း၍ ဟန်ဆောင်လိုက်၏။

"ဘယ်လိုလဲ အေးဆွေ၊ မပြောင်းသေးဘူးလား။ ဒီညတော့

မရဘူးနော်"

သူမဝင်လာသည်ကို တွေ့လိုက်သည်နှင့် အဆောင်ပိုင်ရှင်၏

အော်သံကို ကြားရသည်။

"ပြောင်းမှာအန်တီ ပြောင်းမှာ၊ အခုပြောင်းမလို့ ပြန်လာတာ"

သူမ ဒေါသထွက်ထွက်နှင့် ခပ်တင်းတင်းပြန်ပြောရင်း

အပေါ်ထပ် တက်လာခဲ့၏။

"အဆောင်ရပြီလား အေးဆွေ"

သူမအသံကြား၍ စမ်းလေးက အခန်းအပြင်ထွက်ရင်းမေးသည်

"ရပြီ စမ်းလေး… ပစ္စည်းတွေသယ်မလို့"

"စမ်း ကူသယ်ပေးမယ်…"

"ပြီးတော့ စမ်းလေး ပစ္စည်းတွေ စောင့်ပေးပါဦးနော်…

ကားသွားငှားချင်လို့"

"ရတယ်အေးဆွေ"

သူမတို့နှစ်ဦး ပစ္စည်းတွေကို အောက်သို့သယ်ချသည်။

တွေကို ကျွတ်ကျွတ်အိတ် အကြီးကြီးတစ်လုံးထဲ စုထည့်လိုက်၏။

ပစ္စည်းတွေအောက်မှာ အကုန်ရောက်တော့ သူမက

ထွက်လာခဲ့သည်။





ကားငှားပြီးပြန်လာတော့ ပစ္စည်းတွေ ကားပေါ်ရောက်အောင် စမ်းလေးက ကူတင်ပေး၏။

"အဆောင်က ဘယ်မှာလဲအေးဆွေ"

သူမ ရုတ်တရက်ကြောင်သွား၏။ ရှက်စိတ်၊ ဒေါသစိတ်၊ မခံချင်စိတ်တို့ဖြင့်သာ ပစ္စည်းတွေသယ်ဆင်းခဲ့ရ၏။ သူမဘယ်ကို သွားရပါမည်နည်း

"ဟို… မြို့ထဲမှာ စမ်းလေး… ဒါပေမယ့် အခုညတော့ အမျိုးအိမ်မှာပဲ အိပ်မလို့"

မျက်နှာကို ပြုပြင်ရင်း သူမပြန်ပြောလိုက်၏။

အသေအချာအတိအကျ သူမက မပြောချင်မှန်းသိ၍လား မသိ။ စမ်းလေးက ထပ်မမေးတော့။

"သွားမယ်နော် စမ်းလေး…၊ နောက်မှ စမ်းလေးဆီ လာလည်ဦးမယ်"

ပြောပြီး သူမ ကားပေါ်တက်လိုက်သည်။

"ဘယ်ကို မောင်းရမလဲ"

"ပြည်လမ်း"

"ဘယ်နေရာလဲ"

"ကျွန်မပြမယ်"

ကားငှားစဉ်က နေရာမေးတော့လည်း သူမ မဖြေနိုင်။ မပြောတတ်၍ဟုဆိုကာ ကားခကိုတောင်းသလောက်ပေးပါမည်ဟု ပြော၍ ငှားခဲ့ရခြင်းဖြစ်

သည်။

ဘာဖြစ်ဖြစ် သည်တစ်ညတော့ ကိုတိုးလွင်ထွန်းကို တောင်းပန်ရင်း အဲသည်မှာအိပ်မည်ဟု သူမဆုံးဖြတ်လိုက်၏။

အခြားနည်းလမ်းလည်း သူမမှာ မရှိတော့။

✤ ✤ ✤



( ၄ )

လမ်းမီးတို့ လင်းနေပြီ။ အမှောင်ထုက လွှမ်းမိုးနေလေပြီ။ ဆောင်းတွင်းမို့ အမှောင်ထုက စောစောဝင်လာ၏။ ရန်ကုန်ဆောင်းသည် အအေးမရှိသော်ငြား အမှောင်ထု၏ စောစောဝင်ရောက်မှုကိုကား မတားဆီးနိုင်။

ခြံဝင်းရှေ့မှာ ကားရပ်သံကြားလိုက်တော့ တိုးလွင်ပြန်လာပြီဟု ကျော်ဝဏ္ဏထင်သည်။

တိုးလွင် ဒီနေ့စောသားပဲဟု ပြောလိုက်၏။ နိုးမင်းညိုက ပြတင်းမှ

လှမ်းကြည့်လိုက်သည်။ နန္ဒကတော့ ဂစ်တာကို ခေါက်နေ၏။

“ဝဏ္ဏ… တိုးလွင်မဟုတ်ဘူးကွ၊ ကားပေါ်ကဆင်းလာတာ တိုးလွင် မဟုတ်ဘူး”

“ဘာလဲ အောင်ဆွေမြင့်လား”

ဟုပြောရင်း ထလိုက်သည်။ အောင်ဆွေမြင့်ဆိုလျှင် ဗိုင်းရှိလို့ သူ့ကို လာခေါ်တာဖြစ်မည်ဟု ကျော်ဝဏ္ဏက တွေးသည်။

“မဟုတ်ဘူး… ခင်အေးဆွေ”

“ဘာ”

“ခင်အေးဆွေ”

“ဟုတ်ရဲ့လားကွ”

“ဒီမှာ မင်းလာကြည့်ကွာ၊ ကားပေါ်ကပစ္စည်းတွေချနေတယ်”

“ဟုတ်လား၊ တိုးလွင်မပါဘူးလား၊ ဒီကောင်ခေါ်ထားတာလားမှ မသိတာ”

ပြတင်းမှ လှမ်းကြည့်စဉ် လမ်းမီးရောင်ဖြင့် ခြံဝမှ ခင်အေးဆွေကို တွေ့ရသည်။

“တိုးလွင် ဘာတွေလုပ်မြန်ပြီလဲမသိဘူး။ ဒီကောင်ခါတိုင်း မိန်းကလေး တစ်ယောက်ကို အကပ်ခံတဲ့ကောင် မဟုတ်ပါဘူး”

“မင်းဆင်းလိုက်ဦး ဝဏ္ဏ”

“လာပါ မင်းပါလိုက်ခဲ့မင်းညို”





ကျော်ဝဏ္ဏနှင့် စိုးမင်းညိုတို့ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ အိမ်ရှေ့ ဘွက်လယ်ကိုဖြတ်ပြီး ခြံဝင်းဝဆီလျှောက်၏။ သူတို့နှစ်ယောက် လျှောက်လာ နေတာကြည့်ရင်း ခင်အေးဆွေက ရပ်နေသည်။

“ကိုတိုးလွင်မရှိဘူးလား ကိုဝဏ္ဏ”

အနားရောက်ခိုက် ခင်အေးဆွေက စပြီးမေးသည်။

“တိုးလွင် မပါဘူးလား”

“ဟင့်အင်းမပါဘူး”

“ဒီကောင် ဘယ်လိုလုပ်တာလဲမသိဘူး၊ အခုထိပြန်မရောက်သေး ဘူး။ ခင်အေးဆွေကို ချိန်းထားတာဆိုရင် အားနာစရာဖြစ်နေပြီ”

“ဟာ မဟုတ်ဘူး ကိုဝဏ္ဏ”

“ဘယ်လိုမဟုတ်တာလဲ”

စိုးမင်းညိုက ခင်အေးဆွေ၏ သေတ္တာနှင့်ပစ္စည်းများကို စူးစိုက် ကြည့်နေတာတွေ့သည်။

“ကျွန်မကိုတိုးလွင်ထွန်းနဲ့ မတွေ့သေးဘူး ကိုဝဏ္ဏ… ကျွန်မနဲ့ မနက်ကတည်းက လမ်းခွဲသွားခဲ့တာ။ အခုဟာက ကိုတိုးလွင်ထွန်း ရှိ မလားလို့… ကျွန်မ သူ့ကို အကူအညီတောင်းမလို့လာခဲ့တာ။ ကျွန်မဒုက္ခ ရောက်နေလို့”

“ကျွန်တော် ဘာလုပ်ပေးရမလဲ။ တိုးလွင်ကိုပဲစောင့်နေမလား”

သူ့စကားကြောင့် ခင်အေးဆွေက ခေတ္တစဉ်းစားဟန်ပြုသည်။

တိုးလွင်ထွန်းမရောက်သေးဘူးဆိုတော့ မျက်နှာက ပျက်သွားချင်သလို ဖြစ်တာ သတိထားလိုက်မိ၏။

"ပြောပါခင်အေးဆွေ… တိုးလွင်ထွန်းတို့ ကျွန်တော်တို့က ညီအစ်ကို အရင်းတွေလိုပါပဲ… ဘာမှအားမနာနဲ့"

ကျော်ဝဏ္ဏစကားကြောင့် ကျော်ဝဏ္ဏမျက်နှာကို ကြည့်လိုက်၏။ ပြီးမှ သက်ပြင်းကို ငွေ့ငွေ့ချလိုက်ရင်း…

"ကျွန်မကို အဆောင်ကနှင်ချလိုက်လို့ ကိုဝဏ္ဏရယ်… ညတွင်းချင်း တော့ အဆောင်လဲ ရှာလို့မဖြစ်နိုင်တာနဲ့ ဒီတစ်ည ဒီမှာ…"

"ဟာ ရပါတယ်၊ ဒါဆို ကျွန်တော်တို့ ပစ္စည်းတွေ အိမ်ထဲသယ် လိုက်မယ်နော်…လာ မင်းညို"

ကျော်ဝဏ္ဏက စိုးမင်းညိုကိုခေါ်ရင်း သေတ္တာကို သယ်မည်ပြု၏။

"ဟာ ကိုဝဏ္ဏ ထဘီတွေပါတယ် ဘုန်းနိမ့်လိမ့်မယ်… ကျွန်မ ခေါင်းပေါ်ပင့်ပေး ကျွန်မရွက်မယ်"

"မဟုတ်တာဗျာ… ထဘီလဲအဝတ်ပါပဲ"

ပြောရင်း စိုးမင်းညိုနှင့် ကျော်ဝဏ္ဏက သေတ္တာကိုမပြီး ရှေ့မှအိမ်ဆီ သို့ သွားသည်။ ခင်အေးဆွေက ကျွန်ပစ္စည်းများသယ်ရင်း နောက်မှလိုက်လာ ခဲ့၏။

✤✤✤



( ၅ )

ပစ္စည်းတွေကို ဧည့်ခန်းမှာပင် ထားလိုက်သည်။ သူတို့ဧည့်ခန်းမှာ ဆက်တီမရှိ။ ကုလားထိုင်နှစ်လုံးလောက်သာ ချထားသည်။

"ခင်အေးဆွေထိုင်ဦး… ကျွန်တော် တိုးလွင်ဆီကို ဖုန်းဆက်ပေး မယ်… ဒီကောင်က တစ်ခါတလေ နောက်ကျတတ်တယ်။ အခုတောင် ရုံးမှာ ရှိပါတော့မလားမသိဘူး"

"ရတယ်ကိုဝဏ္ဏ… ကျွန်မစောင့်ပါ့မယ်…"

"ခင်ဗျားရောက်နေတယ်ဆိုတာ သိတော့ စောစောပြန်လာနိုင်တာ ပေါ့"

ပြောရင်း သူ့အိမ်ပေါ်မှ ဆင်းခဲ့သည်။ လမ်းဖြတ်ကူးရင်း မျက်စောင်းထိုးမှာရှိနေသော စတိုးဆိုင်မှတယ်လီဖုန်းဖြင့် တိုးလွင်ထွန်းဆီ ဖုန်းဆက်ကြည့်လိုက်၏။ တိုးလွင်ထွန်းက သူ့အဖေနှင့် စပ်တူ ထူထောင်ထားသော သူဦးလေး၏ကုမ္ပဏီမှာပင် လုပ်နေသဖြင့် ကုမ္ပဏီဖုန်းကို သူဆက်ကြည့်သည်။ ပြန်သွားပြီဆိုလျှင်တော့ လမ်းစပျောက်ပြီဟု သူစဉ်းစားမိသေး၏။

ခဏလေးကိုင်ထားပါဆိုတော့ သူ ဝမ်းသာသွားသည်။ တိုးလွင်ထွန်း မပြန်သေး။

"တိုးလွင်လား"

"ဘာလဲဝဏ္ဏ‥ မင်းနိုင်လာလို့လား‥ ငါဘယ်ကို လာခဲ့ရမလဲ"

"နေစမ်းပါဦးကွာ… ငါပြောစရာရှိလို့"

"ပြောလေကွာ"

"အိမ်မှာ ခင်အေးဆွေရောက်နေတယ်"

"တကယ်လား"

"မင်းကို ငါဘာလို့နောက်ရမှာလဲ"

"ဟာ‥ ဒုက္ခပဲ"

"မင်းကိုစောင့်နေတယ်"

"ငါသူ့ကို ချိန်းမထားဘူး ဝဏ္ဏ"





"ချိန်းမထားပေမယ့် မင်းအားကိုးနဲ့ သူရောက်လာတာ‥ သေတ္တာ ကြွ အထုပ်တွေ အပိုးတွေနဲ့"

"ဝဏ္ဏ မနောက်နဲ့ကွာ"

"ငါနောက်နေတာမဟုတ်ဘူးတိုးလွင်… တကယ်ပြောတာ သူ ဒုက္ခ ရောက်လာလို့တဲ့ အဆောင်ကနှင်ချလိုက်လို့ပြောတယ်‥ အဲဒါ…"

"ဟာ…အဲဒါ သူ့ကိစ္စပဲကွ ငါနဲ့ဘာဆိုင်လို့လဲ"

တိုးလွင်ထွန်းက ပျာပျာသလဲ တစ်ဖက်မှအော်သည်။ တိုးလွင်ထွန်း သံမှာ တုန်တုန်လှုပ်လှုပ်ဖြစ်နေမှန်း သိသာ၏။

"မသိဘူးလေကွာ… ဒါပေမယ့် သူနဲ့ပဲ မင်းနဲ့ရင်းနှီးခဲ့တာပဲ"

"အခု အိမ်ပေါ်မှာလား ဝဏ္ဏ"

ခဏငြိမ်ပြီး စဉ်းစားဟန်ပြုအပြီးမှာ မေးလိုက်သည်။

"ဟုတ်တယ် အပြင်ခန်းမှာ ထိုင်နိုင်းထားတယ်"

"ပြန်လွှတ်လိုက်ကွာ ဝဏ္ဏ၊ ငါ့ကိုလဲမတွေ့ဘူး၊ ငါ ဒီည အိမ်ပြန် လာဘူးမှာသွားတယ်လို့ ရုံးကပြောတယ် ညာပြောကွာ"

"ဒီအချိန်ကြီးပြန်လွှတ်လို့ သူဘယ်သွားမလဲ"

"ဝဏ္ဏ အဲဒါမင်းအပူမဟုတ်ဘူးကွ၊ မင်းအကပ်မခံနဲ့… သူတို့ ကားတွေလဲ ယုံမနေနဲ့"

"ဒုက္ခရောက်နေတဲ့သူကိုတော့ ငါကူညီချင်တာအမှန်ပဲ"

"မင်းသဘောပဲဝဏ္ဏ… ငါတော့ ဒီည တကယ်ပြန်မလာဘူး‥"

ဒီလိုလုပ်ကွာ.. ဆောဆောကလို ငါ့ကိုမတွေ့ဘူး ညာမပြောနဲ့၊ ဒါဆို တွေ့အော
တစ်ခါစောင့်နေဦးမယ်။ တွေ့တယ်... ငါက လက်မခံနိုင်ဘူး၊ ငါနဲ့ မဆိုင်ဘူ
ပြောတယ်လို့သာ ပြောင်ပြောကွာ"

"မင်း အသည်းမာလှချည်လား တိုးလွင်"

"မမာလို့ရမလားကွ ဘာလဲ မင်းပြောရမှာ အားနာနေလား"

"အေး ပြောရမှာပေါ့ကွာ... ဒါပေမယ့် ငါဒီညတော့ လက်ခံထာ
လိုက်မယ်.. ဒီအချိန့်ကြီးကျမှ"

"ဟောကောင် ဝဏ္ဏ.. မင်းတော့ ဒုက္ခရောက်တော့မယ်... မင်းဘာ
ပူစရာမလိုဘူး"

"ဒါပေမယ့်ကွာ"

"မင်းသဘောပဲကွာ"

"မင်းပြန်မလာဘူးနော်"

"အေး မပြန်တော့ဘူး... မင်းအကပ်မခံနဲ့နော် ဝဏ္ဏ"

ကျော်ဝဏ္ဏက ဘာမှပြန်မပြောဘဲ သက်ပြင်းရှည်ကို ချလိုက်
ပြီးတော့မှ ဒါပဲကွာဟုပြောရင်း ဖုန်းချလိုက်သည်။

✤ ✤ ✤



( ၆ )

တိုးလွင်ကပြောလိုက်ပါဆိုသဖြင့် တိုးလွင်ပြောသလိုပင် ခင်အေး
ကို သူပြန်ပြောလိုက်မိတော့၏။ သူ့စကားတွေကို နားထောင်ရင်း ခင်အေး
က မျက်စိမျက်နှာပျက်နေသည်။ သူ့စကားဆုံးတော့...

"ဒါဆိုလဲ ရပါတယ်ကိုဝဏ္ဏ၊ ကျွန်မ တခြားကိုသွားမယ်လေ...
န်မ သူ့ကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး တစ်ညအိပ်ခွင့်
တင်းခဲ့တဲ့သဘောပါ.."

ဟုဆို၏။

"ကျွန်တော်နားလည်တယ် ခင်အေးဆွေ... ခင်ဗျားဒီအချိန်ကြီ ရောက်မှ တခြားသွားလို့လဲ မသင့်ဘူး။ သေတ္တာတွေ ပစ္စည်းတွေနဲ့"

စိုးမင်းညိုက လက်ကနာရီကို ကြည့်လိုက်တာတွေ့သည်။

"ဒီမှာပဲ ဒီညအိပ်တော့ဗျာ ကျွန်တော်လက်ခံပါတယ်။ ကျွန်တော် မိတ်ဆွေပေါ့"

"ကိုဝဏ္ဏတို့ သူငယ်ချင်းအချင်းချင်း ကျွန်မကြောင့်တော့ စကား ပြောစရာ မဖြစ်စေချင်ဘူး"

"မဖြစ်ပါဘူး... သူက သူ့ဥစ္စာသည်အနေနဲ့ လက်မခံချင်ပေမယ့် ကျွန်တော်က ကျွန်တော့်ဧည့်သည်အနေနဲ့ လက်ခံမယ်ဗျာ..ကဲ"

"ဒါဆိုလဲ ကျေးဇူးပါပဲ ကိုဝဏ္ဏ"

နန္ဒက အခန်းထဲမှထွက်လာသည်။

"ဘယ်လိုလဲ ထွက်စားမှာလား၊ ငါဝယ်ပေးရမှာလား"

နန္ဒဆီ အကြည့်ရောက်သည်။

"နန္ဒနဲ့ငါ သွားဝယ်လိုက်မယ်လေ။ မခင်အေးဆွေ ဘာစားမလဲ"

စိုးမင်းညိုက မေးလိုက်၏။

"လာပါကွာ...အားလုံး အတူတူထွက်စားကြတာ ကောင်းပါတယ် လာ မခင်အေးဆွေလဲ လိုက်ခဲ့ပေါ့"

နန္ဒနှင့် စိုးမင်းညိုက သူနှင့် ခင်အေးဆွေကို နှစ်ဦးတည်းကျန်ခဲ့





နတ်ဘီးနေတာသိပြီး ကျော်ဝဏ္ဏက အပြင်ထွက်ရန်ပြောလိုက်သည်။

"ရပါတယ်...ငါတို့ ဝယ်လာပေးမှာပေါ့"

"အပြင်မှာပဲ စားမယ်ကွာ...လိုက်ခဲ့မယ်။ လုပ် ခင်အေးဆွေ"

"ကျွန်မကတော့ စားဖို့တောင်မေ့နေပြီ။ သိပ်လဲမဆာတော့ဘူး"

"လိုက်ခဲ့ပါ"

ကျော်ဝဏ္ဏစကားကြောင့် ခင်အေးဆွေ ထရပ်လိုက်၏။

သူတို့ အိမ်ပေါ်မှ ဆင်းလာခဲ့ကြသည်။

အိမ်နှင့် မလှမ်းမကမ်းမှာ စားသောက်ဆိုင်တစ်ဆိုင်ရှိသည်မို့ ထိုဆိုင် သို့ ဦးတည်လိုက်ကြ၏။

တိုးလွင်ထွန်းကတော့ သည်ည တကယ်ပြန်လာတော့မှာ မဟုတ် ကြောင်း ကျော်ဝဏ္ဏသိနေပြန်သည်။

ရောက်ရေကျ နားမလည်ဘဲ တံငါသည်လုပ်ရင် ရေနစ်သေတာကြာ ပြီဆိုသည့် ဘိုးလွင်ထွန်း၏ စကားကို ကြားယောင်နေမိဆဲ။

တိုးလွင်ထွန်းကတော့ တံငါဝီသပါပေသည်ဟု တွေးနေမိပြန်၏။

✤ ✤ ✤

## ( ၇ )

"ခင်အေးဆွေ တိုးလွှင်အခန်းမှာ ဝင်အိပ်လိုက် ဟုတ်လား ပစ္စည်းတွေလဲ အဲဒီအခန်းထဲမှာ ထည့်ထားလေ"

ထမင်းစားပြီး ပြန်ရောက်တော့ ဧည့်ခန်းမှာထိုင်ရင်း ကျော်ဝဏ္ဏက ခင်အေးဆွေကို ပြောလိုက်သည်။

နနနှင့် စိုးမင်းညိုတို့က သူတို့အခန်းထဲမှ ကုလားထိုင် ထုတ်ယူလာပြီးထိုင်၏။

"နေပါစေရတယ် ကိုဝဏ္ဏ၊ ကျွန်မ ကိုတိုးလွင်ထွန်းရဲ့အခန်းမှာ မအိပ်ပါရစေနဲ့။ ကျွန်မ ဒီအပြင်ဘက်မှာ ခေါင်းအုန်းယူပြီး အိပ်လဲရပါတယ်"

ခင်အေးဆွေက တိုးလွင်ထွန်းကို နာနေပြီဟု သူတို့ နားလည်လိုက်၏။

"မဟုတ်ဘူး ရပါတယ်။ သူ ဘာမှ ပြောမှာမဟုတ်ပါဘူး"

ဟု နန္ဒက ဝင်ပြောသည်။

"ကျွန်မ သူနဲ့ထပ်ပြီး မပတ်သက်ချင်တော့ပါဘူး"

တိုးလွင်ထွန်း တမင်ရှောင်တာကို သိပြီး နာကြည်းစကား။

"ဒီလိုလုပ်ဗျာ... ခင်အေးဆွေ ကျွန်တော့်အခန်းမှာ ဝင်အိပ်လိုက်၊ ကျွန်တော် တိုးလွင်ထွန်းအခန်းမှာ သွားအိပ်မယ် ဟုတ်လား"

ကျော်ဝဏ္ဏ၏ စကားကြောင့် ပြဿနာက ပြီးသွားသည်။ ခင်အေးဆွေက ဘာမှမပြောတော့။

ခဏကြာမှ...

"ပစ္စည်းတွေတော့ အခန်းထဲ မသယ်ပါနဲ့ ရပါတယ်။ ဒီမှာပဲ ထားတာပေါ့။ ကျွန်မ မနက်ဖြန် အဆောင်ရှာပြီး လာသယ်မှာပဲဟာ"

ဟု ခင်အေးဆွေက ပြောလိုက်၏။

ဘယ်သူမှ ဘာမျှပြန်မပြောဖြစ်ကြ။

"ကျွန်မ ကိုဝဏ္ဏတို့ ကိုစိုးမင်းညိုတို့ ကိုနန္ဒတို့ရဲ့ စေတနာကို မေ့လို့...ာမဟုတ်တော့ပါဘူး။ ယောကျ်ားတစ်ယောက်ယောက်ဆီက ဘာ





...ာ်လင့်ချက်မှ မပါတဲ့ ကူညီရိုင်းပင်းမှုမျိုး ကျွန်မ တစ်ခါမှမရခဲ့ဖူးလို့ ...ည်နူးဝမ်းသာရတာရော၊ အံ့သြတာရော၊ ကျွန်မရင်ထဲမှာ ရောပြွမ်းနေတယ် ...ာ..."

ပြောရင်း ခင်အေးဆွေ မျက်ရည်ဝေ၍ အသံတိမ်လာတာကို သတိ ...းဖြစ်သည်။

"ကျွန်မကို မိန်းမသားတစ်ယောက်ရဲ့ လုံခြုံမှုအတွက် စေတနာနဲ့ ...င်းစားပြီး အခုလိုလက်ခံခဲ့တာ ကျွန်မ အကြည်နူးဆုံးပါပဲ။ အခုချိန်မှာ ...ယ်ယောကျ်ားလေးက ဖြစ်ဖြစ် ကျွန်မကို သူတို့နဲ့အတူ အိပ်ဖို့လောက်ပဲ ...င်းစားပြီး လက်ခံချင်ကြမှာ..."

ကျော်ဝဏ္ဏက ခင်အေးဆွေ၏ မျက်ရည်ကို ဖျတ်ခနဲကြည့်လိုက်သည်။

"ကျွန်တော် ခင်အေးဆွေကို တစ်ခုလောက်မေးချင်တယ်"

"မေးလေ...ကိုဝဏ္ဏ"

"ဒီလိုပဲ ခင်အေးဆွေ ရေစုံမျောတော့မှာလားဗျာ"

ကျော်ဝဏ္ဏ စကားကြောင့် အကြည့်ကိုနံရံဆီပို့ရင်း ခင်အေးဆွေ ...ပ်ငုငုဖြစ်သွားတာ အားလုံးသတိထားဖြစ်ကြသည်။

"ရေစုံမျောတာတော့ မဟုတ်ဘူးထင်တယ် ကိုဝဏ္ဏ။ ကျွန်မ ရေလှိုင်း ...ဆ်ကို မခံနိုင်ဘဲ ရေလှိုင်းနဲ့အတူ ပါနေရတာပါ"

"စိတ်ဝင်စားစရာပဲ ပြောပါဦးဗျာ"

"ကျွန်မ ကြုံကြုံခံပြီး ရေဆန်ကိုတက်ခဲ့တဲ့ မိန်းမတစ်ယောက်ပါပဲ

ကိုဝဏ္ဏရယ်၊ ဒါပေမယ့် ရေလှိုင်းရိုက်တာ ခဏခဏခံရတော့ နောက်ဆုံး မဟန်နိုင်တော့ဘဲ ရေလှိုင်းနောက် ပါခဲ့ရတာပါ။ ကျွန်မ ဒီလို ဖြစ်သွားရတာ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ဘဝရောက်ပြီး အတော်ကြာမှ၊ ပြောရရင် တစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ ကျွန်မမှာ သတိရှိနေပါတယ်၊ အားတွေအင်တွေ ကျွန်မ စုနေပါတယ်။ ပြီးရင် ဒီလှိုင်းထဲက ကျွန်မ ရုန်း ထွက်မှာပါပဲ"

"ခေတ်လှိုင်းဆိုတာ လူတိုင်းကိုတော့ ရိုက်တာပါပဲ မခင်အေးဆွေ"

နန္ဒက ဝင်ပြောလိုက်၏။

"အားလုံးက ခေတ်ရေစီးမှာ မျောနေကြပေမယ့် တချို့က သဘော မျောကြတာမျိုး၊ ဒီတော့ လှိုင်းရိုက်တာကို ရေထဲကလူတွေ ခံနေရပေမယ့် အပေါင်း ..."

ခင်အေးဆွေက စကားကို အဆုံးမသတ်ဘဲ ပြုံးလိုက်၏။

"အဲဒါလဲရှိတာပေါ့၊ ကျွန်တော်ပြောချင်တာကဗျာ၊ ကိုယ်ကိုယ်တိုင် ရဲ့ စိတ်ဓာတ်သူ့တွဲ့ မခိုင်ကျည်မှု၊ ကိုယ့်ရဲ့အားနည်းမှုတွေလဲ ပါတယ်ရ"

"ဒါကတော့"

နန္ဒက လက်ကာရင်း...

"နေဦး၊ မခင်အေးဆွေ ကျွန်တော်ပြောချင်တာက ကျွန်တော်ကိုယ် တိုင် ခေတ်ရေလှိုင်းအောက်ရောက်နေတဲ့ သူတစ်ဦးအနေနဲ့ ပြန်ပြီးဝေဖန် ဆန်းစစ်ကြည့်တာပေါ့"





ဟုစကားဆက်သည်။

ကျော်ဝဏ္ဏနှင့် စိုးမင်းညိုက နန္ဒကို လှမ်းကြည့်နေမိကြသည်။ သည်ကောင်က စကားရှည်ရှည်ပြောတတ်သည့် ကောင်မဟုတ်။

"ခင်ဗျား ကျွန်တော့်ပုံကိုကြည့်ရင် သိမှာပါ။ ကျွန်တော့်ရုပ်က ဖြိုင်းနေပြီဗျာ။ သိသာတဲ့ ရုပ်ပါ။ ဒီလိုဖြစ်သွားရတာ၊ ခေတ်လှိုင်းရိုက်လို့ ဆိုပြီး လှိုင်းကိုချည်းတော့ ကျွန်တော်ပုံမချချင်ဘူး။ မရိုက်ဘူးလားဆိုတော့ ရိုက်တာပါပဲ။ ရိုက်တာချင်းအတူတူ ကျွန်တော်တို့လို မဖြစ်တဲ့ တက်ကြွနေ တဲ့ လူငယ်တွေလဲ အများကြီးပဲလေ။ ကျွန်တော်တို့ နစ်သွားတယ်ဆိုတာက ကိုယ်ကိုတိုင်ရဲ့ စောစောကပြောတဲ့ စိတ်ဓာတ်အင်အားနည်းမှုကြောင့်ပဲလေ..."

"ပြီးတော့ နစ်တဲ့လူချင်းအတူတူ ကျွန်တော်ဆို ဒီလှိုင်းထဲမှာပဲ ပျော်သွားပြီ။ ရုန်းထွက်မယ်လို့ မစဉ်းစားချင်တော့ဘူး။ ခင်ဗျားက ကျွန်တော့် ထက်သာတယ်။ စောစောက ခင်ဗျာစကားထဲမှာပါတယ်။ သတိရှိနေပါတယ်။ အားတွေအင်တွေ စုနေပါတယ် ဆိုတာလေ...။ ကောင်းတယ်ဗျာ၊ လှိုင်းအောက် မှာ လှိုင်းရိုက်လို့ နစ်နေရတာ ရေစုံမျောလိုက်နေတာထက်တော့ မျှော်လင့်ချက် တစ်စုံတစ်ရာရှိနေနိုင်သေးတာပဲ။ ပြီးတော့ ခင်ဗျားက နစ်စ။ မမွန်းသေးဘူး။ ရုန်းထွက်လိုက်စမ်းပါဗျာ။ ကျွန်တော်ခင်ဗျားကို နမတစ်ယောက်လိုခင်လို့ ပြောတာ"

နန္ဒက သူ့စကားကို အဆုံးသတ်လိုက်၏။

စိုးမင်းညိုက လက်ကနာရီကို ကြည့်သည်။

"မခင်အေးဆွေ အိပ်ချင်ပြီလား"

"မအိပ်ချင်သေးပါဘူး၊ ဘာဖြစ်လို့လဲ ကိုစိုးမင်းညို..."

"စပ်စုတယ်မထင်နဲ့ဗျာ...ကျွန်တော်တို့ကို မခင်အေးဆွေတာဝ ပြောပြနိုင်ရင် ပြောပြပါလား"

"စာရေးဆရာ၊ ကဗျာဆရာရူးကတော့လုပ်ပြီ"

ဟု ကျော်ဝဏ္ဏက ရယ်ရင်းပြောသည်။

"ရပါတယ်။ ကျွန်မ ကိုစိုးမင်းညိုတို့ အားလုံးကို ရင်ထဲက ရင်းရင်းနှီးနှီးခင်မင်သွားတာပါ။ ကျွန်မပြောပြဖို့ ဝန်မလေးပါဘူး"

"ကဲဒါဆိုလဲပြောဗျာ...ကျွန်တော်ရေနွေးကြမ်းစီစဥ်ပေးမယ်"

ဟု ပြောရင်း ကျော်ဝဏ္ဏထသွားသည်။

သူ့အခန်းထဲမှာ ဓာတ်ဘူးနှင့် ရေနွေးကြမ်းရှိနေသည်ကို သွားယူပြီး ပြန်ထွက်လာ၏။

ဖွင့်ထားသည့် ပြတင်းမှ ဆောင်းလေဝင်လာသော်လည်း အေးစိမ့်အောင်တော့ မစွမ်းနိုင်။

✤ ✤ ✤



( ၈ )

အရောက်မှူးလာသည့် ပထွေး၏ အစော်ကားခံရခြင်း၌ ဦးစွာပထမ သူမ
ခံမှန်းခဲ့ရသည်။

အမေသည် ပထွေးကိုကြောက်ရသူပီပီ သူမ၏ဘဝကို လုံခြုံမှု မပေး
င်တော့တာ သူမ သိနေပြန်၏။ ပထွေးက သူမကိုသိမ်းပိုက်ဖို့ ကြံစည်
ားထုတ်မှုသည် သိသိသာသာ ဖြစ်လာသည်။ အမေသည် ဒူးနှင့်မျက်ရည်
ုတ်၍ သူ့သမီးအတွက် ကြေကွဲရရှာပေမည်။ သမီးဘာသာ ကြည့်သာ

ရောင်ပေရှောဟု အမေကတော့ အားလျှော့စကားကို ဆိုခဲ့လေပြီ။

တစ်နေ့မှာတော့ အရက်မူးပြီး အခန်းထဲဝင်လာသည့် ပထွေးကို အိ
ရှိနေသည့် ပုလင်းခွံဖြင့် ခေါင်းရိုက်လိုက်ပြီး သူမ အိမ်မှ အပြီးထွက်
ခဲ့မိတော့သည်။

သူငယ်ချင်းအိမ်မှာအိပ်ပြီး ရန်ကုန်လမ်းစရိတ်တောင်းကာ ရန်ကု
သူမ ရောက်လာခဲ့သည်။ ဘယ်တော့မှ မပြန်နိုင်တော့မည့်ခရီးဟု သူမ သိ
မြို့ကလေးကို လွမ်းဆွတ်ကြေကွဲစွာ နှုတ်ဆက်ခဲ့မိပြန်၏။ ပထွေးနှင့်ပတ်သ
နေသည့် အမေ့ကိုလည်း ပြန်တွေ့ရဖို့ မလွယ်တော့ပါလားဟု စဉ်းစား
မျက်ရည်လည်ခဲ့ရရှာသည်။

ရန်ကုန်ရောက်တော့ အမေ့အစ်မ ဝမ်းကွဲလိပ်စာကိုရှာပြီး အ
အကြောင်းပြောပြကာ ခဏတည်းခွင့်တောင်းသည်။ သူမမှာပါလာသည့် န
လက်စွပ်နှင့် လက်ကောက်ကလေးတစ်ရံကို သူမရောင်းပြီး အဆောင်ရ
သည်။

အဆောင်ကို ချက်ချင်းမရ။ အဒေါ်ဝမ်းကွဲအိမ်မှာ နှစ်ပတ်ကျေ
သူမ သောင်တင်နေခဲ့စဉ်မှာလည်း အဒေါ်၏ယောကျ်ားက သူမအပေါ် ပ
ပရည် ကြံစီခဲ့ပြန်၏။

အလိုလို ဝမ်းနည်းပြီး ငိုကြွေးခဲ့ရသေးသည်။ ယောကျ်ားတို့
အလိုရမ္မက်ကို သူမကပင် မြူဆွယ်သလို အပြောအဆိုအမူအရာတွေ
လို့ပါတဲ့လား။ သူမ၏ ကုဋေသိက္ခာတရားက သူမကို အကာအကွယ် မ





လောက်အောင် လျော့ရဲလွန်းနေပါသတဲ့လား။

စင်စစ်တော့ သူမ၏အလှနှင့် တပ်မက်စရာကောင်းသည့် သူမ၏
ရည်ကိုသာ အပြစ်ပုံချရုံရှိတော့မည်။ သူမ၏ အပြုအမူ အပြောအဆို
အရာမှာ အနွဲ့အနှဲ၊ အမြူအဆွယ် ဘာမျှမရှိနိုင်ခဲ့။ ပို၍ ရင်နာစရာ
ကောင်းသည်ကား လုံခြုံမှုကိုမပေးနိုင်သော အသိုင်းအဝိုင်းမရှိခြင်းပင်။ အထင်
သေးခြင်း၊ အနိုင်ကျင့်လိုခြင်း၊ ရသည့်အခွင့်အရေးကို ယူလိုခြင်းတို့၏ တိုက်
ခိုက်မှုကြောင့် သူမကို ကြံစည်ကြတာပဲဟု နားလည်ရင်း ကြေကွဲရပြန်သေး
သည်။ ကြည့်ပါလား…။

ထမင်းစားနေရင်းက ဦး…လက်မအားလို့ ဦးကုပ်မှာ ယားနေတာ
ကုတ်ပေးပါဦး…ဆိုတာမျိုး။ ဦးကို တိုက်ပုံဝတ်ပေးစမ်းပါဦးကွာ ဆိုတာမျိုး
အဒေါ်ဈေးဝယ်သွားနိုက် မရှိစဉ်မှာ ခဏခဏ သူမကို နိုင်းခဲ့သည်ပဲ။

ဖြတ်သွားဖြတ်လာ အနားရောက်စဉ်မှာလည်း လက်မောင်းအိုးကို
ညှပ်နယ်ရင်း…ပါးကို လိမ်ဆွဲရင်း…ကလေးတစ်ဦးနှယ် သဘောထားချင်
ယောင်ဆောင်ကာ အသားယူ အမြတ်ထုတ်ချင်တတ်တာကို သူမသိနေသည်
လေ။

နှစ်ပတ်အကြော်မှာပဲ သူမ အဆောင်ရသွားခဲ့၍ ဝမ်းသာမဆုံး ဖြစ်ရ
သေးသည်။ အဆောင်မရလို့ သည်မှာသာ တစ်လလောက်နေရပါလျှင် ပထွေး
က် ဆိုးဦးလေမလားမသိ။

အဆောင်မှာနေရင်း ရောင်းချထားတာလေးများကို ချွေတာစားကာ

သူမ အလုပ်ရှာခဲ့ရပါသည်။

* * *

သိပ္ပံဘွဲ့ရသော သူမအတွက် နောက်ဆုံးမှာတော့ စတိုးဆိုင်တစ်ဆိုင်
အရောင်းစျေးသည်အဖြစ် အလုပ်ရှာ၍ ရနိုင်ခဲ့ပါသည်။ ထိုအလုပ်ကို
ခဲ့ခြင်းအတွက် သူမ၏ သိပ္ပံဘွဲ့ထက်၊ သူမ၏ရုပ်ရည် အထူးသဖြင့် မိန်းမ
ထဲမှာ ရှားပါးသောအရပ်အမောင်းနှင့် လိုက်လျောစိုပြည်သော ခန္ဓာကို
အချိုးအစားရှိခြင်းတို့ကိုသာ ကျေးဇူးတင်ရပေတော့မည်။

ဘာဖြစ်ဖြစ် လစာဝင်ငွေတစ်ခုပေါ်မှာ တည်မှီ၍ သူမရန်ကုန်
နေနိုင်တော့မည်ဟု ဝမ်းသာပျော်ရွှင်ခဲ့ရသည်မှာ အမှန်ပင်။

* * *

ရသည့်လစာနှင့် ရွှေတိုငွေစလေးရောင်းပြီး ပို့ငွေတို့ရှိနေသေးခြင်းကြော
သူမကာ အချိန်ပိုမှာ ကွန်ပျူတာတက်နိုင်ခဲ့သေးသည်။ သည်အတိုင်းသာ





ဆက်သွားမိပါက သူမ၏ဘဝသည် သည်အထိ ဆိုးဝါးလာစရာ မရှိခဲ့ပါ။

ကံတရားက သူမကို ဘယ်တော့မျှ မျက်နှာသာမပေးခဲ့လေရော
သလား။ ကိုနိုင်ဆိုသည့်ယောကျ်ားကိုမှ သူမ တွေ့ဆုံခဲ့ရခြင်းသည် လှိုင်းဖြစ်မည့်
ရေတစ်စက်ကို တွေ့ခဲ့ရခြင်းလို ဖြစ်တော့သည်။ ရေစက်ရေပေါက်၏ အေးမြ
ခြင်းကို တွေ့ထိကြည်နူး ကျေနပ်နေစဉ်အခိုက်မှာပင် လှိုင်းတံပိုးအဖြစ် ပြောင်း
သွား၍ သူမကို ဝါးမြိုရိုက်ခတ်သွားစေတော့လေသလား။ ကိုနိုင်သည် သူမ
စျေးရောင်းသည့် စတိုးပိုင်ရှင်၏သား။ ဝင်ရင်းထွက်ရင်း၊ သွားရင်းလာရင်း
သူမနှင့် ရင်းနှီးလာသည်။ သူမ မနက်ပိုင်း ကွန်ပျူတာတက်ချိန် အသွားအပြန်
ကြိုပို့လုပ်သည်အထိ ရင်းနှီးလာရင်း သူမကို ချစ်စကားဆိုတော့၏။

ဝေးရမည်ဟုသိလျက် နီးစပ်လိမ့်နိုး မျှော်လင့်ရင်ခုန်ခဲ့ခြင်းသည်ပင်
သူမ၏အမှား။ ယောကျ်ားတစ်ယောက်၏ အချစ်မှာ အကာနှင့်အနှစ်ကို
ခွဲခြမ်းစိတ်ဖြာ၍ မမြင်နိုင်ခဲ့ခြင်းသည်လည်း သူမ၏ အသုံးမကျမှုပင်။ ကိုနိုင်က
သူမကို တကယ်ပင် နှစ်နှစ်ကာကာချစ်ခဲ့ခြင်းဟု သူမ ယုံကြည်ခဲ့မိသည်။

မနိုင်းအပ် မယှဉ်အပ်သော ဝေးကွာလွန်းသည့် အခြေအနေကြောင့်
အားငယ်စိတ်ကို ကိုနိုင့်အပေါ်ယုံကြည်မိခြင်း မေတ္တာအရိပ်က ပျောက်ပျက်
သွားစေပြန်သည်။

ကိုနိုင်၏ မိဘများက အသိုင်းအဝိုင်းများက ဘယ်လိုမှသဘောတူ
ကြည်ဖြူမည်မဟုတ်ဟု အစကတည်းက နားလည်ခဲ့သည်ပဲ။

ကိုနိုင်၏ အပြောမှာ သူမက သာယာသည်။ ကိုနိုင်၏ အတွေ့အထိ

မှာ သူမက မိန်းမောသည်။ ကိုနိုင်သည် သူမ၏ ဘဝတစ်သက်တာ ခိုလှုံနားနေရာအရိပ်ဖြစ်မည်ဟု ယုံစားခဲ့၏။ ဘယ်သူပဲ သဘောတူတူ မတူတူ ကိုနိုင် ဆွေလေးကို ဘယ်တော့မှာ မခွဲပါဘူးဆိုသည့်စကားက သူမအတွက် အင်အားကိုဖြစ်စေခဲ့ပြန်၏။

လက်ထပ်ဖို့ ပွဲဆာတိုင်း ဓဏာလေးနေပါဦး တိုက်ခန်းလေးတစ်ခန်းတော့ ရှိမှဖြစ်မှာမို့ ငွေစုနေတုန်း စသည့်အပြောတွေနှင့် အချိန်ဆွဲခဲ့သည်။

နောက်ဆုံး သူ့မိဘတွေသိသွားချိန်မှာတော့ ကိုနိုင်သည် တပ်ထားသည့် မျက်နှာဖုံးကို ခွါချလိုက်သလို ချက်ချင်းမယုံနိုင်လောက်အောင် မူလစာတိရုပ် ပေါ်လာတော့၏။

ဆိုင်ကိုပင် ကိုနိုင်မလာတော့။ ကိုနိုင်ကို သူမက ဘယ်လိုလိုက်ရှာရမည်ကိုလည်းမသိ။

သည်လိုနှင့် လကုန်ရက်ရောက်လာချိန်မှာတော့ သုံးလစကြိုတင်ငွေ ထုတ်ပေးပြီး သူမကို အလုပ်ထုတ်ပယ် ပစ်လိုက်တော့သည်။

အဲသည်ကစ၍ ကိုနိုင်ကို သူမ အရိပ်အယောင်မျှပင် မတွေ့ရတော့။ အသွေးအသားကို ဖြားယောင်းလှယက်ယူချင်သော ယောကျ်ားများကို တွေ့ပြီးနောက်၊ ချစ်ခြင်းမေတ္တာနှင့် အသွေးအသားကိုပါ လိမ်ညာယူရက်သော ယောကျ်ားတစ်ယောက်ကို သူမ စ၍ တွေ့ဖူးလိုက်ခြင်းပင်။

* * *





"အလုပ်ပြုတ်သွားတော့ ကျွန်မ အလူးအလဲခံရတော့ပေါ့။ ကွန်ပျူတာ သင်တန်းကလဲ ပြီးခါနီးဆိုတော့ ကျွန်မ ဖျက်မပစ်ချင်ဘူးလေ။ မရှိတာလေးနဲ့ ဒီလိုပဲ ကွန်ပျူတာသင်တန်းပြီးအောင် ကျွန်မ ဆက်တက်နေခဲ့တယ်။ သင်တန်းက ဆယ်နာရီအထိလေ။

အလုပ်ရှာတဲ့နေရာမှာ ဒီကိစ္စကလဲ အဓိကကျတာမို့ ထည့်ပြောရတာပါ။ အလုပ်ကို ရှစ်နာရီကိုးနာရီ စဝင်စေချင်တဲ့ အလုပ်ရှင်တွေပဲ များတာလား။ သင်တန်းနဲ့မို့ ဆယ်နာရီမှ ဆင်းပါရစေဆိုရင် လက်မခံချင်ကြဘူး။

ဒီတော့ ကျွန်မအတွက် အလုပ်က ခဲယဉ်းတယ်လေ… ဒီလိုနဲ့ ကျွန်မပျူတာ သင်တန်းပြီးသွားလို့ မကြာခင်မှာပဲ ကျွန်မ အလုပ်တစ်ခုကို ရလိုက်တယ်။ အဲဒီအလုပ်မရရင်လဲ ကျွန်မ အဝေါ်လေး နိုးရိမ်ထိတ်လန့်နေရပြီ။ ကျွန်မမှာ စားဘို့ သောက်ဖို့တောင် အနိုင်နိုင်။

တစ်ခါတစ်ခါ မနက်စာညစာ ပေါင်းစားရတဲ့ရက်တွေ ရှိလာပြီ။ ကျွန်မ ဘယ်လိုလုပ်မလဲ။ ကျွန်မက ဖောင်ဖျက်ပြီး ရန်ကုန်တက်လာခဲ့တာ။ သူများလို မိဘအရိပ် ပြန်ခိုဖို့ဆိုတာလဲ မဖြစ်နိုင်ဘူးလေ။ ကံအားလျော်စွာနဲ့ပဲ ကုမ်းခြားကုမ္ပဏီတစ်ခုမှာ ကျွန်မ အလုပ်ရလိုက်ပြန်ပါတယ်…

ရ ရချင်း ကျွန်မပျော်ခဲ့ပေမယ့်၊ အလုပ်လုပ်လို့ တစ်လမပြည့်ခင်မှာပဲ ကျွန်မ မပျော်နိုင်ပြန်တော့ဘူး။ ကျွန်မထက် အရည်အချင်းသာတဲ့ လူတွေ

ကြားက ကျွန်မအလုပ်ရခဲ့တာဟာ… ကျွန်မရဲ့ ရုပ်ရည်ကြောင့်ဆိုတာ ကျွန်မ ဘာသာ နားလည်လာခဲ့ပြန်လို့ပါပဲ…

ကျွန်မကို အလုပ်ခန့်ပေးတဲ့ ပြင်သစ်နိုင်ငံသားက လူငယ်ပါပဲ။

သူက ကျွန်မအနားမှာ တပွတ်သပ်သပ် နေချင်လာတယ်။ ကျွန်မ ကွန်ပျူတာရိုက်နေရင် နောက်ကလာရပ်ရင်း ကျွန်မဆံပင်တွေထဲ လက်ထိုး မွှေနေတာ ကျွန်မက မကြိုက်ဘူး။ မကြိုက်ကြောင်းကို ကျွန်မကလဲ ပြောဖြစ်ခဲ့ တယ်။ နောက်တော့ ကျွန်မက ခံမှန်ဖူးတဲ့စာသူငယ်မို့ အလိုက်အထိုက်ကြည့်ပြီး ရှောင်တဲ့တဲ့ တိမ်းတတ်လာတယ်လေ…

ကျွန်မကို ပါတီဖိတ်တိုင်း ကျွန်မက အကြောင်းပြချက်တွေ အမျိုး မျိုးနဲ့ ရှောင်ခဲ့တာချည်းပါပဲ…

ဒါပေမယ့်…ကျွန်မ အဲဒီကုမ္ပဏီကို ရောက်သွားတာကိုက သူတို့ လူရွေးမှားခဲ့တာလား၊ ကျွန်မကပဲ မှားခဲ့တာလား မသိတော့ပါဘူး…

သိပ်မက်မောစရာကောင်းတဲ့ လခရထားတဲ့ ကောင်မလေးငယ်ငယ် အတွင်းရေးမှူးမလေးနှစ်ယောက်ကတော့ ကျွန်မလို မတင်းမာကြဘူးဆိုတာ ကျွန်မသိတယ်လေ…

တစ်နေ့ ကျွန်မ ဘော့စ်အခန်းထဲ ဝင်အသွားမှာ အဲဒီကောင်မလေး ရဲ့ ပေါင်ပေါ်မှာထိုင်ရင်း တယ်လီဖုန်းပြောနေတာတွေ့တော့ ကျွန်မဖြင့် ရှက်လိုက်တာ။ ဘာလုပ်ရမှန်း မသိဘဲ။ နောက်ဆုတ်ပြန်ထွက်သွားမိပါရဲ့…

နောက်တော့လဲ သူတို့တွေ လက်ပွန်းတတီး သိပ်ရင်းနှီးနေကြတာ





…တို့ အလုပ်ထဲက လူတွေအားလုံးအသိပါပဲ…

ကျွန်မ ဒီလိုပြောလို့ နိုင်ငံခြားသားတွေရဲ့ အတွင်းရေးမှူးမလေးတိုင်း …ဒို့ မဆိုလိုဘူးနော်။

ကိုယ့်မာနနဲ့ ကိုယ့်အတတ်ပညာနဲ့ကိုယ် နေနေကြတဲ့သူတွေ အများကြီး …ပါပဲ။ ကျွန်မဝင်လုပ်ခဲ့တဲ့ ကုမ္ပဏီက ကျွန်မ တွေ့ဖူးတာကိုသာ ပြောပြတာ …။

တစ်နေ့တော့ ကျွန်မကို အဲဒီပြင်သစ်က ညစာစားဖို့ ဖိတ်ပါတော့ …။

ကျွန်မကလဲ အပြောမှားသွားတယ်။ အဆောင်က ညကိုးနာရီဆို …ကာ ငါလိုက်လို့ မဖြစ်ဘူးလို့ ငြင်းလိုက်တယ်။ သူကပြောတယ်။ မင်း …ောင်ပြန်စရာမလိုဘူးတဲ့။ ဒီည ငါနဲ့လိုက်အိပ်ပါတဲ့…

ကျွန်မဖြင့် ရှက်လွန်းလို့ မျက်နှာကိုတင်းပြီး ဘာပြန်ပြောရမှန်း မသိ …ဘဲ ဖြစ်သွားရတယ်။ တစ်ကိုယ်လုံး ထူပူသွ[illegible]။ ငါ့လိုပဲ ငါတို့ …မလေးတွေ ဘယ်လောက်များ အစော်ကားခံနေရပြီလဲ တွေးပြီး အရှမ်းလဲ …ည်းလာခဲ့တယ်…

ဆောရီးပဲ ငါအဲဒီလို မိန်းမမျိုးမဟုတ်ဘူးလို့ ပြောပစ်လိုက်ပါတယ်… ပြီးတော့ ငွေစာရင်းက အစ်မကြီးကိုပြောပြပြီး ကျွန်မ ငိုလိုက်ရတာ… ခင်အေးဆွေကို အစ်မ ချီးကျူးပါတယ်တဲ့။ ဒါပေမယ့် မကြာခင် …ခင်အေးဆွေအလုပ်ပြုတ်လိမ့်မယ်လို့ အစ်မကြီးက ဗေဒင်ဟောခဲ့သေး

ာယ်လေ…

မကြာပါဘူး။ နောက်တစ်လအကြာမှာပဲ ကျွန်မအလုပ်ပြုတ်

ပြန်ပါရော''

* * *

သူမ လူတွေအကြောင်း အတော်လေး နားလည်သွားတော့

အဆောင်လည်း နှစ်ဆောင်လောက် သူမ ပြောင်းဖူးသွားပြီ။ အလုပ်က

နှစ်ခုပြောင်းဖူးပြီ။ သည်မှာ လူအတော်တော်များများ၏ စိတ်ဓာတ်

သူမ သတိထားမိလာတော့၏။ အလျှင်ရောက်စကလောက်လည်း အား

သူမမှာ မရှိတော့။

ခေါင်ကျကျ ပြားကျကျ စားတတ်နေတတ်လေပြီ။

အလုပ်ရှာနေစဉ်မှာပင် သူမ အအေးမိပြီး ဖျားတော့သည်။





ာင်းဖြစ်တော့ အားငယ်စိတ်က ပြန့်ဝင်လာတော့၏။ လက်ထဲမှာ ပိုက်ဆံ

ည်း ပြတ်ပေတော့မည်။ ထိုစဉ် ဆေးခန်းမှာ ကျောင်းတုန်းက သူငယ်ချင်း

ပြန်တွေ့ရ၏။ ထိုသူငယ်ချင်းက စားသောက်ဆိုင်တွေမှာ သီချင်းဆိုရင်း

င်ပြေနေကြောင်း ပြောပြသည်။ သူမ အလုပ်မရှိတာ သိသွားတော့

င်းဆိုပါလားဟု တိုက်တွန်း၏။ ကျောင်းတုန်းက ကပွဲတွေမှာ သူမ

င်းဆိုဖြစ်ခဲ့တာကို သိရင်း သူမကို တိုက်တွန်းသည်။

နင့်ရုပ်ရည်နဲ့ဆို ဘာမှ မဖြစ်စရာမရှိဘူး၊ နင်က သီချင်းလဲကောင်း

ာင်းဆိုတတ်တာပဲဟု ပြောတော့ သူမက သူမကိုယ်သူမ မယုံကြည်

သေး။

နေကောင်းသွားပြီး အလုပ်ရှာရင်း ထိုသူငယ်ချင်း၏ အဆောင်ကို

ည်မိသည်။

ထိုသူငယ်ချင်းက သူမကို သီချင်းဆိုရန်ပင် တိုက်တွန်းနေပြန်သည်။

ဘာလုပ်ရမည်မသိအောင် ဝေဝေဝါးဝါး ဖြစ်နေလေပြီ။ တစ်ခုခုမလုပ်ပဲ

င်လောက်အောင် ပိုက်ဆံကလည်း ပြတ်နေပြီ။ ကုမ္ပဏီတွေမှာ လျှောက်

ည့်အလုပ်တွေကလည်း အဆင်မပြေ။

တချို့ကုမ္ပဏီမှာ နိုင်ငံခြားသားများက ပြောင်ပြောင်တင်းတင်း ပွင့်ပွင့်

ာင်းပင် မေးသည်။ သူတို့အလိုကျ လိုက်လိုက်လျောလျော နေနိုင်မလား

ည့်မေးခွန်းကို မဖြေမိဘဲ သူမ ရင်တွင်းမှာ ဒေါသစိတ် ကြေကွဲစိတ်

ခဲ့ရသေးသည်။ သည်လိုလိုက်လိုက်လျောလျောနှင့် နေတတ်သည့် မြန်မာ

မိန်းကလေးအချို့ကြောင့် မြန်မာမလေးများကို အထင်သေး စော်ကား
ကြပါသလားဟု တွေးကာ ရင်၌ ဗလောင်ဆူသည်။ ရုပ်ရည်နှင့် လိုက်
မှုကိုကြည့်ကာ သူတို့အတွက် အဖော်အဖြစ်အလုပ်ခန့်ထားသည့် နိုင်
သားများကလည်း များစွာရှိနေခဲ့သည်ပဲ။

နောက်ဆုံးတော့ သူမ၏သူငယ်ချင်း အဆက်အသွယ်ဖြင့် စား
ဆိုင်တစ်ဆိုင်မှာ သီချင်းဆိုခွင့်ကို ရခဲ့တော့သည်။ လုပ်လိုခြင်း မလုပ်
ဆိုတာထက် မိမိ၏ ထမင်းတစ်နပ်အတွက် အဓိကထား၍ စဉ်းစား
ခဲ့ရသည်။

အလိုမတူသော်လည်း ဟန်ဆောင်လိုက်လျောမှုဖြင့် အဆင်ပြေ
နေရဟိုင်ရမည်ဟု ဘာသာဆုံးဖြတ်ခဲ့ရသည်။ ဆိုင်ရှင်၏ ပရိယာယ်၊
ဆရာတို့၏ ချောင်ပိတ်အကျပ်ကိုင်မှုကို သူမ ရင်ဆိုင်ရပြန်တော့သည်

နောက်ဆုံးမှာတော့ ပန်းကုံးများအပေါ် သူမ သာယာတတ်
တော့သည်။ သရဖူများအတွက် ရင်ခုန်လှုပ်ရှား မျှော်လင့်စောင့်စား
လာခဲ့တော့သည်။

အတူစားသောက်ဖို့ ဖိတ်ခေါ်မှုကို လက်ခံကျေနပ်လာခဲ့မိသည်

တစ်စစဖြင့် သူမ၏ဘဝကို ပန်းကုံးများ သရဖူများဖြင့် လဲ
သည်အထိ အတင့်ရဲလာတော့၏။

ပန်းကုံးများသည် သေွးခြောက်ညှိုးနွမ်းစေမည့် ပန်းကြွေများ
ရောက်စေမည့်အစဟု သူမ သတိမထားဖြစ်ခဲ့။ သရဖူသည် မိမိ၏ အ





အမြတ်ဖြစ်သော ကိုယ့်ကျင့်တရားဆံစကို ဖုန်းကွယ်လွှမ်းမိုးပေးသည့် အရာ
ဟု သူမ မတွေးတတ်ခဲ့။

စားသောက်ဆိုင်အသိမ်းမှာ တန်းစီစောင့်နေသည့် ကားတွေထဲမှ
ဘစ်စီးစီးပေါ်တက်ပြီး ပြန်တတ်လာပြီ။

သည်မှတစ်ဆင့်…ဘဝကို လက်ဆောင်ပစ္စည်းဖြင့် လဲလှယ်ရဲသည့်
အဆင့်သို့ သူမရောက်ခဲ့ရတော့သည်။

တစ်ခုတော့ သူမက စည်းထားသည်။ အတာယ်မျှလောက် လက်ဆောင်
ပစ္စည်းထိုက်ထိုက်တန်တန်ကို ရနိုင်သည်ဖြစ်စေ၊ နိုင်ငံခြားသားကို သူမ
ရှောင်သည်။

သူမကို ငွေကြေးနှင့် တန်ဖိုးသတ်မှတ်၍ ချဉ်းကပ်သူအားလုံးကို
သူမ လျှစ်လျူရှုနိုင်အောင် ကြိုးစားသည်။

သူမ၏ရုပ်ရည်က သူမကို ဒုက္ခပေးခဲ့သည်အား သင်ခန်းစာယူလျက်
ထိုရုပ်ရည်ကို သူမက လက်နက်အဖြစ် ပြန်အသုံးချတတ်လာတော့၏။

✤ ✤ ✤

## (၉)

ခင်အေးဆွေက သူမ၏ ဘဝဖြစ်စဉ်ကို အရှည်ကြီးပြောပြလိုက်သည်။ ...ီးတော့ ကျော်ဝဏ္ဏငှဲ့ပေးထားသည့် လက်ဖက်ရည်ကြမ်းခွက်ကို ကောက်ယူပြီး ...တော့ သောက်လိုက်၏။

"မခင်အေးဆွေ ဒါဆို ကြေးစားဘဝတော့ မရောက်သေးဘူးပေါ့ ...နော်"

နန္ဒအောင်က မေးလိုက်၏။ နန္ဒအောင်၏စကားကြောင့် ဖိုးမင်းညိုရော၊

ကျော်ဝဏ္ဏကပါ အားတုံ့အားနာဖြစ်သွားရသည်။ နန္ဒအောင်က စကားပြောလို
လျှင် အတုံးလိုက်အတစ်လိုက်။

"ဟုတ်တယ်…လောလောဆယ်တော့ ကျွန်မ အဲဒီလိုဘဝ မရော
သေးဘူးပေါ့ ကိုနန္ဒအောင်"

မျက်နှာတည်တည်ဖြင့် ခင်အေးဆွေက ပြန်ဖြေလိုက်တော့ စိုးမင်းည
ရော၊ ကျော်ဝဏ္ဏပါ စိတ်သက်သာရာရသွားခဲ့တော့၏။

"ခင်ဗျားဘဝမှာလဲ တွေ့ခဲ့တဲ့ ဘယ်ယောကျ်ားကိုမှ အထင်ကြ
စရာ မရှိဘူးနော်"

စိုးမင်းညိုက စကားလွှဲသလို ပြောလိုက်၏။

"ကျွန်မ ဖြေခဲ့ပြီးပြီပဲ"

"ဟုတ်တယ်၊ စော်ကားချင်တဲ့သူနဲ့၊ မေတ္တာတရားကို လှည့်စား
တဲ့သူနဲ့။ ရုပ်ရည်ကို လက်ဆောင်ပစ္စည်းနဲ့ ဖြားယောင်းချင်တဲ့ ယောကျ်
တွေကြားမှာ ခင်ဗျား ကျင်လည်နေရတာပဲ။ ကျွန်တော့်ဖတ်ဖူးတာ တစ်
ရှိတယ်။ အဲဒီလို ယုတ်မာတဲ့၊ အနိုင်ကျင့်တဲ့ ယောကျ်ားတွေနဲ့ စတွေ့
မိန်းမတစ်ယောက်ဟာ ယောကျ်ားတွေကို အထင်မကြီးတော့ဘူးတဲ့။ အ
အထင်မကြီးတဲ့စိတ်နဲ့ ကစားစရာလို သဘောထားချင်လာတယ်။ ပြီးတော
သူတို့နဲ့ကစားရင်း အနိုင်ယူချင်လာတယ်။ အဲဒါကိုပဲ ယောကျ်ားတွေ
ကလှဲစားချေနေရတာ၊ အနိုင်ပြန်ယူနေရတာဆိုတဲ့ အစွဲအလမ်း အမှားကြ
ဝင်လာတတ်တယ်တဲ့။ ဒါ စိတ်ခံစားမှုနဲ့ ဆိုင်တာဖြစ်မှာပေါ့"





"ဟုတ်တယ် ကိုစိုးမင်းညို အမှန်ပဲ"

ရေနွေးကြမ်းပန်းကန်ကို ပြန်ချရင်း ခင်အေးဆွေက ပြောလိုက်၏။

"မနစ်သေးဘူး မခင်အေးဆွေ၊ ပြန်ရုန်းထွက်ဖို့ အချိန်ရှိပါသေး
တယ်"

မကြည့်ဘဲနှင့် ကျော်ဝဏ္ဏကပြောသည်။

"ကျွန်မ အမှန်ပြောတာ ကိုကျော်ဝဏ္ဏ၊ ကျွန်မဆီက ဘာအခွင့်အရေး
မှ မယူချင်ဘဲ စေတနာဖြူဖြူသန့်သန့်နဲ့ အကူအညီမျိုးကို ရန်ကုန်ရောက်မှ
ဒါ ပထမဦးဆုံးရတာပါပဲ။ ကျွန်မ အရမ်းကြည်နူးမိတယ်။ ခံလဲ ခံစားရတယ်။
မကောင်းတဲ့ ယောကျ်ားတွေ၊ အခွင့်အရေးယူချင်တဲ့ ယောကျ်ားတွေရှိသလို၊
အခွင့်အရေးမယူချင်တဲ့ ယောကျ်ားတွေလဲ ဒီမှာရှိတယ်ဆိုတာ ကျွန်မသိပါပြီ၊
ကျွန်မ အမှန်အတိုင်းပြောမယ်။ ကျွန်မ ကိုတိုးလွင်ထွန်းကို အထင်မကြီးဘူး။
ယောကျ်ားအများစုထဲက တစ်ယောက်ပါပဲ…"

"ထားပါတော့ဗျာ…သူ့ကို"

စိုးမင်းညိုက စကားဖြတ်လိုက်၏။

"ကဲ…ကဲ…ခင်အေးဆွေ ကျွန်တော့်အခန်းမှာ အိပ်လိုက်၊ အတော်
ညဉ့်နက်ပြီ။ ကျွန်တော် တိုးလွင်ထွန်းအခန်းမှာ အိပ်မယ်"

ပြောရင်းထရပ်လိုက်၏။

နန္ဒကထပြီး သူ့အခန်းထဲဝင်သွားသည်။

"ကျွန်မ ဒီခွက်ဘူးတွေ ပန်းကန်တွေ ဘယ်မှာသိမ်းပေးရမလဲ"

ဓာတ်ဘူးကိုကိုင်ရင်း ခင်အေးဆွေကမေးတော့ ကျော်ဝဏ္ဏက လှမ်းကြည့်တာတွေ့၏။

"ရတယ်ထား ခင်အေးဆွေ၊ မနက်မှ သိမ်းတာပေါ့"

ခင်အေးဆွေက ပန်းကန်တွေကို စီပြီးထပ်ထားရင်း စားပွဲထောင့်မှာတင်သည်။ ပြီးတော့ ကျော်ဝဏ္ဏအခန်းထဲသို့ ဝင်သွား၏။

✚ ✚ ✚



( ၁၀ )

"ခင်အေးဆွေ၊ အောက်ထပ်မှာ ရေချိုးခန်းရှိတယ် ရေချိုးချင်ရင် ချိုးလို့ရတယ်နော်…"

မနက် ကျော်ဝဏ္ဏနိုးလာတော့ ခင်အေးဆွေက အခန်းတံခါးဖွင့်ထားတာတွေ့လို့ အခန်းဝမှာရပ်ရင်း ပြောလိုက်သည်။

ကျော်ဝဏ္ဏက နန္ဒအောင်တို့ အခန်းကိုဝင်ရင်း စိုးမင်းညိုခုတင်မှာ တင်ပါးလွှဲချထိုင်၏။ နန္ဒအောင်က မျက်နှာသစ်ပြီး တက်လာကာ မျက်နှာ

သုတ်နေသည်။

**ငါမင်းတို့ကို တစ်ခုပြောစရာရှိလို့**

ခင်အေးရွှေ အောက်ထပ်ဆင်းသွားသံကြားအပြီးမှာ ကျော်ဝဏ္ဏက စကားစသည်။ မျက်နှာသုတ်ပဝါကို ပြန်လှန်းနေရင်း နန္ဒက လှမ်းကြည့်၏။

**ဘာလဲ**

ဟု စိုးမင်းညိုက မေးသည်။

**ခင်အေးရွှေကို သူနေချင်တယ်ဆိုရင် ဒီမှာ နေခွင့်ပေးလိုက်မယ်**

**ဘယ်လို**

ဟု နန္ဒက ထပ်မေးလိုက်၏။

**ခင်အေးရွှေကို ဒီမှာ နေခွင့်ပေးချင်တယ်**

**ဖြစ်ပါ့မလား ဝဏ္ဏ**

စိုးမင်းညိုက ပြောသည်။

**ဘာလို့မဖြစ်ရမှာလဲ**

**မဟုတ်ဘူးလေ…မင်းအိမ်က သိသွားရင်ကော၊ ပတ်ဝန်းကျင်က ရော ဘယ်လိုထင်မလဲ**

**အိမ်ကသိစရာတော့မရှိဘူး။ ပတ်ဝန်းကျင်ကတော့ ပြောချင်ရာ ပြောပေါ့ကွာ။ ငါပြောနေတာ ရိုးရိုးသားသားဆိုတာတော့ မင်းတို့ ငါ့ကို ယုံပါတယ်နော်။ ဘာအခွင့်အရေးကို မျှော်ကိုးပြီးတော့မှ ငါပြောနေတာ မဟုတ်ဘူး**





**ဟာ…ဒါကတော့ကွာ…ရှင်းပါတယ်။ အခွင့်အရေးယူချင်ရင် ညက င်အိပ်လဲ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ၊ ဘာပြောလို့ရမှာလဲ**

**မင်းတို့ကိုလဲ ဒီလိုပါပဲ**

**အေးလေ…ညက မင်း သူ့ကို တစ်ခန်းသတ်သတ် အိပ်နိုင်း ်တာကိုက ငါတို့အားလုံးအတွက် အရမ်းကောင်းပါတယ်။ ငါတို့အပေါ်လဲ အေးရွှေ နားလည်သွားပါတယ်**

**ငါကကွာ…သူ့ရဲ့ စားဝတ်နေရေးအတွက်နဲ့ သူ့ဒီဘဝထဲမှာ နစ်မနေ ချင်ဘူး။ နေဖို့ကို ငါတို့တတ်နိုင်သလောက် ကူညီတဲ့သဘောပဲ။ ရဲဘော် က်စိတ်အပြည့်နဲ့ပါ။ သူက ကန့်ထဲကျမသွားသေးပေမယ့် ကန်စပ်မှာ က်နေတဲ့သူ၊ ဆက်လျှောက်ရင် နစ်တော့မှာ ငါတို့က ကုန်းပေါ်ဆွဲတင်ကြည့် ာယ်**

**ကောင်းတယ်ဝဏ္ဏ**

နန္ဒက ထောက်ခံသည်။

**တိုးလှိုင်ထွန်းက သဘောတူပါ့မလား**

**ဒါတော့ မင်းညိုရာ၊ ငါတို့ သူ့ကို နားလည်အောင် ရှင်းပြရမှာ **

**ဒါဆိုရင်တော့ ကောင်းပါတယ်**

**သူရေချိုးပြီး ပြန်တက်လာရင် သူ့သဘော မေးကြည့်မယ်လေ။ မနေချင်ဘူးဆိုရင်တော့လဲ သူ့သဘောပေါ့**

အားလုံးက သဘောတူကြသည်။

* * *

"လာ ထိုင်ပါဦး ခင်အေးဆွေ…ပြီးတော့ လက်ဖက်ရည် သွားသော
ကြတာပေါ့"

အဝတ်အစားလဲပြီး ထွက်လာသည့် ခင်အေးဆွေကို ညကစကား
ဝိုင်းက ကုလားထိုင်မှာထိုင်ရင်း ကျော်ဝဏ္ဏက ခေါ်လိုက်၏။

နန္ဒနှင့် စိုးမင်းညိုတို့လည်း ထွက်လာသည်။ ကျော်ဝဏ္ဏ၏ ဘေး
ကုလားထိုင်မှာ ခင်အေးဆွေက ဝင်ထိုင်လိုက်၏။

"ကျွန်တော် ခင်အေးဆွေကို တစ်ခုပြောစရာရှိလို့"

မျက်နှာကိုကြည့်ရင်း သူစကားစသည်။

"ပြောလေ…ကိုကျော်ဝဏ္ဏ"





"ဒါကျွန်တော့်တစ်ယောက်တည်း သဘောမဟုတ်ပါဘူး။ ကျွန်တော်
တို့သုံးယောက် တိုင်ပင်ပြီးမှ ပြောတာပါ"

"ဘာများပါလိမ့်"

"ခင်အေးဆွေ ဒီနေ့ အဆောင်ရှာမှာ မဟုတ်လား"

"ဟုတ်တယ်…လက်ဖက်ရည်သောက်ပြီးရင်၊ ကျွန်မ သွားမယ်လေ။
ပစ္စည်းတွေတော့ ခဏထားခဲ့ပါရစေဦး။ အဆောင်ရမှ လာသယ်ချင်တယ်"

"မရှာနဲ့တော့ဗျာ"

"ရှင်"

ခင်အေးဆွေက နားမလည်နိုင်သလို ကျော်ဝဏ္ဏ၏မျက်နှာကို ငေးကြည့်
ရင်း နှုတ်မှ အာမေဍိတ်သံ ထွက်သွား၏။

"ကျွန်တော်တို့ကိုလဲ နားလည်နိုင်မယ်…အဲ…ယုံမယ်ဆိုရင်ပေါ့ဗျာ။
ခင်အေးဆွေ၊ ကျွန်တော်တို့နဲ့အတူ ဒီအိမ်မှာနေပါ။ အောက်ထပ်မှာ အိပ်ခန်း
တစ်ခန်းရှိတယ်။ အဲဒီမှာ နေလို့ရပါတယ်။ ကျွန်တော်အခုလိုပြောတာ၊ ဘာ
အတွက်မျှော်ကိုးပြီးမှ ပြောတာမဟုတ်ဘူးဆိုတာတော့ ယုံစေချင်တယ်ဗျာ"

"ကိုကျော်ဝဏ္ဏတို့ကို ကျွန်မယုံပါတယ်"

ခင်အေးဆွေအသံတွေက တုန်ချင်နေသည်။ သူမ မမျှော်လင့်ထား
တာကို ကြားရပြီး ရင်ခုန်စိတ်လှုပ်ရှားနေဟန်ကိုပြ၏။

"ညကဗျာ…ခင်အေးဆွေပြောပြတဲ့ အကြောင်းတွေကြားရပြီး
ကျွန်တော် တော်တော်စိတ်မကောင်းဘူး။ နှမချင်း ကိုယ်ချင်းစာတယ်။ ပြီးတော့

နယ်ကလာတဲ့ လူအချင်းချင်း ရိုင်းပင်းချင်စိတ်ဖြစ်လာတယ်။ ကျွန်
တစ်ညလုံး စဉ်းစားပြီးတော့မှ ဒီစကားပြောတာပါ။ ဒီမှာနေလိုက်ရင်
ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့သွားမယ်လေ။ ခင်ဗျား ဖြစ်သလိုစားတတ်
ခင်ဗျားရဲ့ စားဝတ်နေမှုအတွက်နဲ့ ခင်ဗျား မလုပ်ချင်တာတွေ မလုပ်ရ
ဘူးပေါ့ဗျာ။

ရှေ့ဆက်ပြီး ခင်ဗျားနစ်မွန်းသွားမှာ ကျွန်တော်စိုးရိမ်တယ်။
အတွက်နဲ့ အခု အလုပ်မလုပ်ဖူးသေးပေမယ့် နောင်မထူးတော့ပါဘူး
ငွေအတွက်လုပ်တဲ့အဆင့် ရောက်မသွားစေချင်တဲ့စေတနာနဲ့ တစ်
သလောက် ကူညီချင်တာပါ''

ကျော်ဝဏ္ဏက စကားရှည်ကြီး ပြောနေစဉ်မှာ ခင်အေးဆွေက မျက်
ကိုချ၍ နားထောင်နေသည်။ နားထောင်ရင်းမှ သက်ပြင်းချသံ၊ ပင့်
ရှိုက်သံတို့ကို ကြားနေရ၏။

ခဏအကြာမှာတော့ အင့်ခနဲရှိုက်သံသည် ချုပ်တည်းထားသည့်
ထိုးထွက်ပေါ်လာတော့သည်။ လက်ကိုင်ပဝါဖြင့် သူမ၏ပါးပေါ်မှာ မျက်
တွေကို သူမက သုတ်နေပြန်သည်။

''မငိုပါနဲ့ဗျာ''

ဟု စိုးမင်းညိုက လှမ်းပြောလိုက်သည်။

''ကျွန်မ…ကျွန်မ သိပ်ကြည်နူးလွန်းလို့ပါ။ ကျွန်မအပေါ်မှာ
တရားနဲ့ စောင့်ရှောက်တဲ့သူတွေကို တွေ့ရပြီး ကျွန်မ ဝမ်းသာလွန်းလို့





ကျွန်မ မေတ္တာငတ်နေတဲ့သူပါ ကိုစိုးမင်းညိုရယ်။ အမေကတောင် ပထွေး
ကြောက်ရလို့ သမီးရင်းပေမယ့် ဂရုစိုက်ချင်တိုင်း ဂရုစိုက်မှုကို မပေးနိုင်
တာပဲ။ ကျွန်မငယ်ငယ်ကတည်းက မွတ်သိပ်နေတဲ့ မေတ္တာတရားကို တွေ့ရလို့
ကျွန်မငိုမိတာပါရှင်''

ပြောရင်း တရှုပ်ရှုပ်ဖြင့် ငိုပြန်သည်။

''ကျွန်တော်မေးတာ ဖြေပါဦး ခင်အေးဆွေ၊ ခင်အေးဆွေသဘော
ဘယ်လိုလဲ''

မျက်ရည်တွေကို သုတ်ပြီး ကျော်ဝဏ္ဏနှင့် သူမက မျက်နှာချင်းဆိုင်
လိုက်၏။

''ကျွန်မကြောင့် ကိုကျော်ဝဏ္ဏတို့ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်သလားတော့
ကျွန်မ မေးချင်တယ်''

ဟု မေးသည်။

''ဟာ…မဖြစ်ပါဘူး။ ကျွန်တော်တို့ကို မရှိအတူ၊ ရှိအတူ၊ ရဲဘော်
ရဲဘက်တွေလိုပဲ သဘောထား နေနိုင်ပါတယ်''

''ဒါဆို ကျွန်မစဉ်းစားမိတာ တစ်ခုပြောပါရစေ''

''ပြော ခင်အေးဆွေ''

''ကျွန်မ ဒီမှာသာနေခွင့်ရရင်…ကျွန်မအတွက် အဆောင်ခ သက်သာ
သွားမယ်။ ကျွန်မမှာစုထားတဲ့ ငွေလေးရှိတယ်။ နှစ်လသုံးလ ကျွန်မထိုင်စား
နိုင်ရတယ်။ ဒီတော့…ကျွန်မ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ အလုပ်ပါ

ထွက်ပြီး၊ တခြားအလုပ်တစ်ခုရှာကြည့်ချင်တယ်။ ဒါ ကျွန်မရဲ့ အိပ်မက်တ
လိုပါပဲ။ ငွေလုံလုံလောက်လောက်သာစုမိရင် တစ်နေ့ ဒီအလုပ်ကထွက်မယ်
ကျွန်မ အိပ်မက်မက်ထားခဲ့တာပါ"

"ဟာ…အကောင်းဆုံးပါပဲ မခင်အေးဆွေ"

နန္ဒအောင်က ထောက်ခံစကားကို ချက်ချင်း အားရဝမ်းသာဆိုလိုက်

"ကောင်းတယ်ဗျာ။ ဒီအလုပ်ထွက်လိုက်ရင်၊ ဒီဝန်းကျင်နဲ့ ကင်း
သွားတာပေါ့။ စားဖို့သောက်ဖို့လဲ ဘာမှမပူပါနဲ့ဗျာ၊ ကျွန်တော်တို့ စားသလို
မရှိ ရှိတာ စားရမှာပါပဲ"

စိုးမင်းညိုက ပြောလိုက်၏။

"ဝမ်းသာတယ် ခင်အေးဆွေ၊ အဲဒီစကားကြားရတာ အရမ်း
သာတာပဲကွာ"

"ကျွန်မရင်ထဲမှာလဲ ဘယ်လိုပြောရမှန်း မသိအောင်ကြည်နူးမိ
ပါပဲ။ နှစ်ပေါင်းများစွာကွဲနေတဲ့ ဆွေမျိုးမောင်နှမတွေ ပြန်တွေ့ရသလို
မောင်တွေရဲ့အရိပ်မှာ ခိုလှုံခွင့်ရလိုက်တဲ့ နှမတစ်ယောက်ရဲ့ လုံခြုံမှု
ရလိုက်သလိုပဲ ကျွန်မခံစားရတယ်လေ…။ တကယ်ပြောတာပါ"

"ကဲ…ဒါ့ဆို အောက်ခန်းသွားရှင်းရအောင် လာ…ထ"

"နေပါဦးကွ၊ လက်ဖက်ရည်လေး သွားသောက်လိုက်ပါရစေ
လက်ဖက်ရည်သောက်ပြီးမှ ရှင်းကြတာပေါ့"

"အေး…ဟုတ်သားပဲ…ကဲ လက်ဖက်ရည်ဆိုင်သွားကြမယ်"





သူတို့ ဖြိုင်တူ ထရပ်လိုက်ကြသည်။

အပြင်မှာ မိုးသားကင်းစင်လျက် ဆောင်းမနက်သည် ကြည်စင်
တောက်ပနေ၏။ ဓါတိုင်းနယ် မြူမဆိုင်း။

* * *

ခင်အေးဆွေထွက်သွားပြီး မကြာမီ တိုးလွင်ထွန်းရောက်လာတော့
တိုးလွင်ထွန်းရောက်လာတော့ သူတို့သုံးယောက်စလုံး ကျော်ဝဏ္ဏအခန်း
ပြီး ခင်အေးဆွေအကြောင်း စုပြောနေနိုက်ဖြစ်၏။

"တော်သေးတာပေါ့ကွာ၊ ဝဏ္ဏ ငါ့ဆီဖုန်းဆက်လို့၊ ဒါမှမဟုတ်ရင်
တော့ မနေ့က ဘယ်လိုရှောင်ရမှန်းတောင် သိမှာ မဟုတ်ဘူး"

သူ့အခန်းကို သူ တန်းမဝင်သေးဘဲ ကျော်ဝဏ္ဏအခန်းထဲဝင်လာရင်း
လွင်ထွန်းက ပြောလိုက်၏။

တိုးလွင်ထွန်းစကားကို ကြားရတော့ သူတို့သုံးဦးက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်သည်။

"ဒါတောင်မှ မနေ့ကမနက် ဆိုင်မှာထိုင်ပြီး ငါအပြတ်ဖြတ်ခဲ့တာကွ။ ငါက ဒီကောင်မလေးတော့ ငါ့ကို ကပ်နေလိမ့်မယ် မထင်ခဲ့ဘူး။ ငါ့နောက်လိုက်လာတယ်ဆိုတော့ ငါးအရမ်းအံ့ဩသွားတယ်"

တိုးလွင်ထွန်းက ရယ်နေရင်း စကားဆက်သည်။

"တိုးလွင် ထိုင်ပါဦးကွာ၊ မင်းကိုပြောစရာရှိတယ်"

ပထမဆုံး စ၍ သတိဝင်လာသူမှာ ကျော်ဝဏ္ဏ။ သူက တိုးလွင်ထွန်း၏လက်ကိုဆွဲပြီး သူ့ ဘေးခုတင်ပေါ်မှာ ထိုင်နိုင်းလိုက်သည်။

"ဘာပြဿနာ ဖြစ်ပြန်ပြီလဲ"

တိုးလွင်ထွန်းက သူတို့ မျက်နှာတွေကိုကြည့်ရင်း မေးကာ ထိုင်လိုက်၏။

"ပြဿနာမဟုတ်ပါဘူး"

ဟု စိုးမင်းညိုက ပြောသည်။

"မင်းမရှိတုန်းမှာ ငါတို့သဘောနဲ့ ငါတို့ ဆုံးဖြတ်ချက်တစ်ခုလုပ်လိုက်တယ်။ အဲဒါ မင်းမသိသေးဘူး"

"ဘာလဲကွာ၊ မင်းတို့ကလဲ အစအဆုံးပြောလေ"

နန္ဒ စကားအဆုံးမှာ တိုးလွင်ထွန်းက သိချင်စိတ်ဖြင့် မေးသည်။

"ကျော်ဝဏ္ဏ ပြောလိုက်ကွာ"





နန္ဒက ကျော်ဝဏ္ဏကို ပြောခိုင်း၏။

"ဒီလိုကွာ…မနေ့ညက မှောင်မှ ခင်အေးဆွေ ဒီကိုရောက်လာတယ်။ ဆီကို ငါဖုန်းဆက်တယ်။ မင်းက ပြန်လွှတ်ခိုင်းတယ်"

"မင်းမခိုင်းဘူးလား"

"ငါမခိုင်းဖြစ်ဘူး တိုးလွင်၊ သူ့ကိုကြည့်ရင်း ငါနှမချင်းစာနာစိတ်ဝင်လာတယ်။ မှောင်ထဲမှာ အိပ်စရာနေရာမရှိတဲ့ မိန်းမတစ်ယောက်ကို နှင်ချလိုက်အောင် ငါ့စိတ်က မရက်စက်နိုင်ခဲ့ဘူး"

"သေပါတော့ကွာ၊ ငါအသေအချာပြောသားနဲ့"

"နေဦး ဆက်ပြောမယ်"

"ဒါနဲ့ မင်းတို့အထဲက တစ်ယောက်ယောက်နဲ့ ဒါမှမဟုတ် သုံးယောက်စလုံးနဲ့"

"ဟောကောင် တိုးလွင် မင်းထင်တာတွေ စွပ်ပြောမနေနဲ့"

"မဟုတ်ဘူးလား။ ငါက မင်းတို့ကို ကပ်နေမှာစိုးလို့ ပြောနေတာ"

"နေပါဦးကွာ ငါဆက်ပြောမယ်၊ ငါတို့က သူ့ကို သန့်သန့်ရှင်းရှင်း ညီမလေးတစ်ယောက်လို လက်ခံလိုက်တာ၊ သူ ငါ့အခန်းမှာ အိပ်သွားတယ်။ ငါ မင့်အခန်းမှာ သွားအိပ်တယ်"

"ဒါလဲ မင်းတို့ရူးတာပဲ"

"နေပါဦး ပြီးမှ မင်းပြောချင်တာပြော၊ ဒီထက်ရူးတယ်လို့ မင်းပြောဦးမှာ သေးတယ်။ ညက ခင်အေးဆွေ့ကို သူ့အကြောင်းတွေ ငါတို့က မေးလို့

ပြောပြတာ နားထောင်ရင်း စိတ်မကောင်းကြဘူး"

"သွားပြီ"

ခေါင်းကို ခါယမ်းရင်း တိုးလွင်ထွန်းက ညည်းသည်။

"မနက်ရောက်တော့ ငါတို့သုံးယောက်တိုင်ပင်ပြီး၊ သူ့ကို အောင်ထပ်ကအခန်းမှာ နေခွင့်ပြုလိုက်တယ် တိုးလွင်ထွန်း၊ အဲဒါပဲ မင်းသိအောင် ပြောတာ"

"ဟာ..ဒါ တကယ်ပဲလား နန္ဒ"

"တကယ်ပေါ့ကွ"

"မင်းတို့ရူးနေကြပြီလား"

"သူ့ကို ရဲဘော်ရဲဘက်တစ်ယောက်လို သဘောထားပြီး ကူညီနိုင်သမျှ ကူညီတဲ့သဘောပဲ တိုးလွင်"

စိုးမင်းညိုက ပြောလိုက်၏။

"သေစမ်းပါကွာ၊ အဲဒါမျိုးတွေက သူတို့ဇာတ်လမ်းကို သူတို့ သနားအောင် ချဲ့ကားဖွဲ့နွဲ့ပြီး ပြောနေကြပဲ။ ဒါကို မင်းတို့ကယုံပြီး သနားရတာလို့..."

"သူပြောတာတွေ ယုတ္တိရှိပါတယ်"

နန္ဒကပြော၏။

"ယုတ္တိရှိအောင် ဆင်ထားမှာပေါ့"

"မဟုတ်လောက်ပါဘူးကွာ၊ စောင့်ကြည့်ကြတာပေါ့"





"မင်းတို့ ခံရမယ်နော်...ဒါမျိုးဆိုတာ အကာပ်မခံရဘူး။ တော်ကြာ အိမ်မှာရှိတဲ့ပစ္စည်းလေးတွေ စုပြုံပြီး မ,သွားတော့မှ ဒုက္ခရောက်ကုန်မယ်"

"နေဦးတိုးလွင်...မင်းကို ငါတစ်ခုမေးမယ်"

ကျော်ဝဏ္ဏက တိုးလွင်ထွန်းကို ကြည့်ရင်း မျက်နှာချင်းဆိုင်လိုက်၏။

"မင်းဆီက သူ ငွေဘယ်လောက်ယူသွားလဲ"

"ဘာလဲ"

"ဟိုညက အိပ်ပြီးတော့ကွာ၊ မင်းဆီက သူက အဖိုးအခအဖြစ် ဘယ်လောက်တောင်းလဲ"

တိုးလွင်ထွန်းအဖြေကို အားလုံးက စိတ်ဝင်တစား နားစွင့်နေမိကြသည်။

"မတောင်းဘူးကွာ၊ သူက မတောင်းပေမယ့် လက်ဖက်ရည်ဆိုင်ရောက်တော့ ငါပိုက်ဆံတွေထုတ်ပြီး သူ့ကိုပေးတယ်။ သူ့မျက်နှာက တင်သွားပြီးတော့ ကျွန်မ ကြေးစားမဟုတ်သေးပါဘူးလို့ ငါ့ကို ပြန်ပြောတယ်ကွ။ အဲဒါဘာဖြစ်လို့လဲ။ သူက ငါမပေးဘူးလို့ မင်းတို့ကို ပြောလို့လား"

"သူက ဘာမှမပြောပါဘူး၊ သူ ငါတို့ကို ပြောတဲ့အထဲမှာ ညာမညာ သိချင်လို့ မင်းကိုမေးတာ။ သူက ပိုက်ဆံနဲ့ လုပ်မစားသေးပါဘူး ဆိုတဲ့စကား ငါတို့ကိုပြောတုန်းက ပါတယ်လေ..."

"အေး ပိုက်ဆံစကားတော့ မပြောဘူးကွ"

"သူပြောတာမှန်တာပေါ့ တိုးလွင်၊ ဒုက္ခဖြစ်တော့မယ့်လူတစ်ယောက်

ကို ကယ်ရတာ ကုသိုလ်ရပါတယ်ကွာ…"

နန္ဒကလှမ်းပြောလိုက်၏။

"ငါကတော့ ဒါမျိုးတွေကြားရတာ ရိုးနေပြီမောင် မယုံဘူး။နောက်နေ့ကစပြီး ငါ့အခန်းကိုလဲ သော့ခတ်မယ်။ မင်းတို့ဘယ်လိုမှ မထင်ကြနဲ့…"

ပြောရင်း ထရပ်လိုက်ပြီး အခန်းထဲက ထွက်သွားတော့၏

"တော်တော်အသည်းမာတဲ့ ကောင်ပဲ"

နိုးမင်းညိုက တိုးလွင်ထွန်းကို မှတ်ချက်ချရင်း ထရပ်လိုက်သည်။ ကျော်ဝဏ္ဏကတော့ သက်ပြင်းရှည်ကိုချ၏။

✤ ✤ ✤



(၁၁)

နောက်ရက်မှာတော့ တိုးလွင်ထွန်းက တကယ်ပင် သူ့အခန်းကို သော့ခတ်၏။ နောက်လက်တပ်ပြီး သော့ခတ်၏။

ဒီကောင်က ကလေးလိုပဲဟု ကျော်ဝဏ္ဏက ရယ်ပြောပြောသည်။

သူက ခင်အေးဆွေကို သာမန်မိန်းကလေးတစ်ယောက်လို မမြင်နိုင်ဘူး။ အဲဒီလို မဆက်ဆံနိုင်ဘူးလေဟု နန္ဒအောင်က တွေးတွေးဆဆပြောသည်။

ဒါလဲ ခင်အေးဆွေမှားခဲ့တဲ့ အမှားတွေအတွက် ခင်အေးဆွေ ပေးဆပ်နေရတာ တစ်ခုပါပဲဟု စိုးမင်းညိုကလည်း ဝင်ပြောလိုက်၏။ တိုးလွင်ထွန်းနှင့် ခင်အေးဆွေက ခပ်တန်းတန်းဆက်ဆံသည်။ နှစ်ယောက်ချင်းဦးတည်ပြီး ဘယ်တော့မှ စကားမပြော။ စကားဝိုင်းထဲမှာပင် စကားကို ပြောကြသည်။

"မြန်မာကုမ္ပဏီတစ်ခုပဲ၊ လခကတော့နည်းတယ်။ မနက်ကိုလဲ ဆယ်နာရီမှ အလုပ်ဆင်းရမှာ။ သင်တန်းတစ်ခုတက်ချင်လို့ အဲဒီကုမ္ပဏီမှာပဲ အလုပ်ဝင်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ အစ်ကို"

ခင်အေးဆွေက ကျော်ဝဏ္ဏကို အစ်ကိုဟုခေါ်သည်။ တစ်နေ့ ညနေပြန်လာတော့ ခင်အေးဆွေက အားရဝမ်းသာ အလုပ်ရကြောင်းပြော၏။

"ဝမ်းသာတယ် ခင်အေးဆွေ၊ အလုပ်က လခနည်းတာများတာထက် ကိုယ်နဲ့အဆင်ပြေဖို့ပဲ အရေးကြီးတာပဲ"

"လခနည်းတော့ လျှောက်တဲ့သူ သိပ်မရှိဘူး။ ခင်အေးဆွေအတွက်ကတော့ အဆင်ပြေတယ်။ အခုကာလမှာ ကိုယ်လိုချင်တာက ငွေကြေးမဟုတ်ဘူး။ တက်လမ်းအတွက် ပညာပဲ။ စားဖို့သောက်ဖို့ ရန်ကုန်မှာ ရပ်တည်ဖို့ရရင် တော်ပြီလေ။ စကားပြောသင်တန်းတက်ဦးမယ်"

ခင်အေးဆွေ၏ ရည်ရွယ်ချက်ကြီးမားပုံကို ကျော်ဝဏ္ဏ သတိပြုမိပြန်သည်။

"ခင်အေးဆွေ ချက်စားပါလား။ ဒီမီးဖိုချောင်မှာ ချက်စားရင် ခင်အေးဆွေအတွက် စားစရိတ် သက်သာတာပေါ့"





ရုတ်တရက်အကြံတစ်ခုရရင်း ကျော်ဝဏ္ဏက ပြောလိုက်သည်။

"ခင်အေးဆွေ အဲဒီစိတ်ကူးရတာ ကြာပြီအစ်ကို။ ဒါပေမယ့် အလုပ်က ရှစ်နာရီအရောက်လာရမှာမျိုး ခုနစ်နာရီအရောက်လာရမှာမျိုးဆို မလွယ်ဘူးလေ။ ပြီးတော့ အစ်ကိုတို့က ဒီအိမ်မှာ ချက်ပြုတ်စားတာ ကြိုက်ချင်မှကြိုက်မှာ"

"ဘာလို့ မကြိုက်ရမှာတဲ့လဲ။ ဒီလိုလုပ်ပါလား ခင်အေးဆွေ"

စိုးမင်းညိုက ဝင်လာရင်း ခင်အေးဆွေ စကားကိုကြားပြီး ဝင်ပြောလိုက်၏။

"ဘယ်လိုလဲ ကိုစိုးမင်းညို"

"ကျွန်တော်တို့အတွက်ပါ ချက်ပေးလေ။ ကျွန်တော်တို့ ဈေးဖိုးစုပြီး ခင်အေးဆွေကို ပေးမယ်။ ဒါဆို ကျွန်တော်တို့လဲ ကောင်းကောင်းစားရတယ်"

"သူ့အတွက် အပန်းကြီးပါတယ်ကွာ"

ဟု ကျော်ဝဏ္ဏက အားနာစကားဆိုသည်။

"အပန်းမကြီးပါဘူး အစ်ကို။ ချက်တာက ဘာပင်ပန်းတာမှတ်လို့။ ခင်အေးဆွေတွက်နေတာက မြို့ထဲကို ရှစ်နာရီခွဲ ကိုးနာရီ ရောက်ချင်တာပဲ"

"ရောက်ပါတယ်ဗျ။ ဈေးက အဝေးကြီးရှိတယ်။ တစ်ခါတလေ မကျက်သေးတာရှိလဲ ကျွန်တော်ဆက်ချက်ထားမယ်လေ..."

"ကိုစိုးမင်းညိုကတော့ အားတက်သရောရှိနေတာပဲ၊ ကျွန်မလက်ရာ

တနိုင်ပါ့မလား''

ရယ်ပြော ပြောသည်။

''ဟုတ်တယ် ခင်အေးဆွေ၊ အစ်ကိုတို့အတွက်လဲ အဆင်ပြေတယ်၊ ခင်အေးဆွေအတွက်လဲ ပိုက်ဆံကုန်သက်သာတာပေါ့…လိုအပ်တဲ့ မီးဖိုချောင် ပစ္စည်းတွေ မနက်ဖြန်ပဲ အစ်ကို ဝယ်လိုက်မယ်လေ…''

''အစ်ကိုတို့ သဘောပဲ''

နောက်နေ့မနက် ခင်အေးဆွေ အလုပ်သွားတော့ ကျော်ဝဏ္ဏက သည့်ကိစ္စကို တိုးလွင်ထွန်းအား ပြောပြသည်။

''ဒီနေ့ပဲ မီးဖိုချောင်ပစ္စည်းတွေဝယ်မလို့ တိုးလွင်''

တိုးလွင်ထွန်းက သရော်ပြုံးပြုံးသည်။

''မင်းတို့သဘောပဲ။ ငါတော့ မစားဘူး၊ ခါတိုင်းလိုပဲ အပြင်မှာ စားမယ်''

ဟု ပြောလိုက်၏။

''မင်းကလဲကွာ''

စိုးမင်းညိုက တိုးလွင်ထွန်းစကားကို သဘောမကျသလို နှုတ်မှထွက်၏။

''ဒီမယ်…ငါအတည်ပြောမယ် ဝဏ္ဏ။ မင်း ဒီကောင်မအပေါ်မှာ သံယောဇဉ်တွေ ဘာတွေ မထားစေချင်ဘူး။ ငါရှုပ်ရှုပ်ယှက်ယှက် မကြားချင်ဘူး။ မပတ်သက်ဘဲနေရင် အကောင်းဆုံးပဲကွာ''





''ငါ့ကို နားလည်စမ်းပါ တိုးလွင်ရာ။ ငါတို့က သူ့ဘဝ…''

''တော်စမ်းပါကွာ…သူ့ဘဝကောင်းအောင် မင်းတို့က စေတနာ ရှိနေတယ်ပြောမလို့လား။ မင်းတို့ အသေအချာစဉ်းစားကြည့်စမ်း။ မင်းသူ့ ဘဝအတွက် တွေးပူမနေနဲ့။ မင့်ဘဝအတွက် မင်းပူတော့ သူငယ်ချင်း။ မိဘချမ်းသာတယ်ဆိုပြီး၊ မင်းဒီလိုပဲ တစ်ဘဝလုံး ဖဲရိုက်နေမှာလား။ သင်တန်း တက်တယ်၊ အလုပ်ရှာတယ်ဆိုပြီး မင်းဒီလိုပဲ မိဘငွေတွေ မှာသုံးနေတော့မှာ လား၊ မင်းညိုကတော့ ထားပါ။ ဟိုကောင် နန္ဒကရော။ ငါမပြောလိုက်ချင်ဘူး။ ကိုယ့်ဘဝကို ကိုယ်အရင်ပြင်ဖို့ ကြိုးစားရမှာကွ''

တိုးလွင်ထွန်းစကားမှာ ဒေါသသံပါသည်။ တိုးလွင်ထွန်း စကားဆုံး တော့ ကျော်ဝဏ္ဏက ခုတင်ဘေးမှစားပွဲပေါ်ကို လက်သီးဖြင့် ဒုံးခနဲထုသည်။

''ခင်အေးဆွေကို မကြည်လင်တာနဲ့ ငါတို့ကိုဆွဲမရမ်းနဲ့ တိုးလွင်''

''မင်း ငါ့ကို စိတ်ဆိုးလား ဝဏ္ဏ၊ ငါမင်းကို တကယ်ချစ်လို့ ပြောတာ သူငယ်ချင်း''

နန္ဒအောင်က ထိုင်နေရာမှ ထရပ်လိုက်သည်။

''ငါပြောမယ်''

နှုတ်ကထွက်တော့ သူ့ဆီအာရုံက ရောက်သွားကြ၏။

''တိုးလွင်ပြောတာအမှန်ပဲ ဝဏ္ဏ။ တိုးလွင်တွေးတဲ့အတွေးမျိုး ငါ့မှာ လဲရှိတယ်။ ငါတို့က ခင်အေးဆွေကို တရားပေဟာ၊ သူ့ဘဝအတွက် ကူညီ ကောင်းပါတယ်။ ဒါပေမယ့် ငါတို့ဘဝကောင်းအောင် ငါတို့ ပြုပြင်ချိန်

ရောက်ပြီ ဝဏ္ဏ။ သူများကိုမပြောနဲ့ တိုးလွင်၊ မင်းအကျင့်ကိုလဲ မင်းပြင်နိုင်တန်ပြီ။ မိန်းမရှုပ်တာဟာလဲ ကောင်းတဲ့အကျင့်မဟုတ်ဘူးဆိုတာ မင်းနားလည်မှာပဲ… အေးကွာ”

စကားကို ဖြတ်လိုက်၏။

“ငါပြောချင်တာကတော့ ဝဏ္ဏရော တိုးလွင်ပါ ပြင်ပါ။ မင်းတို့ကပြင်ဖို့မခက်ကြပါဘူး။ ဝဏ္ဏဆိုလဲ ဖဲရိုက်တယ်ဆိုတာ အပျော်သဘော ရိုက်နေတာပဲ။ ထမင်းစားဖို့ရိုက်နေတာမှ မဟုတ်ဘဲကွာ။ မင်းတို့ လမ်းမှန်ပေါ်ရောက်သင့်ပြီ…”

“မင်းကရော ဘာဖြစ်လို့လဲ”

စိုးမင်းညိုက ခပ်ဆတ်ဆတ်မေးလိုက်၏။

“ငါ့ကိစ္စက အရမ်းခက်တယ်။ မင်းတို့ မသိပါဘူး”

“ဘယ်လောက်ခက်ခက်ကွာ ရရမှာပေါ့။ မင်းကို မပြောရက်လို့ကြည့်နေတာ…မင်းကျန်းမာရေး အရမ်းထိခိုက်နေပြီ”

“ငါနားလည်ပါတယ်”

“ဘယ်လောက်ကုန်ကုန် ဖြတ်ကွာ၊ ငါအိမ်ကို ငွေမှာမယ်”

ကျော်ဝဏ္ဏက အားတက်သရောပြောသည်။

“ငွေက ငါလဲမှာလို့ ရတယ်ကွ။ ဒါပေမယ့် ငါခံရမှာကို အရမ်းကြောက်နေတယ် မင်းတို့မသိဘူး”

လေသံကပျော့သွားသည်။ အားငယ်စိတ်ဖြင့် တိမ်ဝင်နေချင်သည်။





“မင်းဘာမှ အားမငယ်နဲ့ နန္ဒ၊ ငါတို့အားလုံး မင်းအနားမှာ ရှိတာပဲကွာ”

“ငါကြိုးစားမယ်ကွာ။ တိုးလွင်အခုလိုပြောတာ…ငါ အရမ်းကျေးဇူးတင်တယ်။ ဝဏ္ဏ မင်းလဲ ဒီကောင်ကို စိတ်မဆိုးနဲ့”

“ငါတို့ အချင်းချင်းကကွာ…ဘာပြောပြော စိတ်ဆိုးလို့ ရမတဲ့လားကွာ”

“အေးပြီးရော ဒါဆို တိုးလွင်ပြောတဲ့အတိုင်း ဖြစ်အောင် ကြိုးစားကွာ”

ပြောရင်း နန္ဒက ကျော်ဝဏ္ဏအခန်းထဲမှ ထွက်သွားသည်။

ဘဝအတွက် ပထမဆုံးမြင်ရသည့် လမ်းပြအလင်းရောင်လေးဟု ကျော်ဝဏ္ဏက တွေးနေမိသေး၏

✤ ✤ ✤

မျှော်လင့်ခြင်းဖြင့်
တင်းထားသည့်စိတ်က ပြေချင်ပြီ။
မျှော်လင့်မှုကုန်ဆုံးသည့်အခါ ဝေဒနာသည်
ဖွဲ့မီးပုံနယ် ရင်၌ ဖြစ်တည်နေပြီတည့်။
အတူရှိနေစဉ်က အပြောအဆို၊ အနေအထိုင်တို့သည်
ဝေးကွာစဉ် သတိရစရာများဖြစ်လျက်၊
စေးရက်ရှည်သည်နှင့်အမျှ
နှလုံးသားကို
စူးရှနာကျင်စေသောအရာများ ဖြစ်လာပြန်တော့၏။

[illegible] [illegible]

( ၁ )

နနွကို ကြည့်ရသည်မှာ တဖြည်းဖြည်းလျှော့ဖြတ်နေသည်ဟု စိုးမင်းညိုက ထင်သည်။ သူ့ သူငယ်ချင်းတွေလာခေါ်လျှင်လည်း မရှိဘူးပြောပေးပါကွာဟု သူ့ကို မှာထား၏။ ခါးလေးကုန်းပြီး မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသောနနွကို အိမ်ရာထဲမှာပင်လှဲနေပြီး ခါတိုင်းနှယ် စကားလည်း မပြော။

ကျော်ဝဏ္ဏကတော့ အောင်ဆွေမြင့်တို့ မျိုးသန့်တို့က ခါတိုင်းနှယ်ဒိုင်းရှိ၍ လာခေါ်သည်ကို မလိုက်ဘဲနေ၏။ တော်ပြီကွာ၊ ငါ နောက်ဘယ်

တော့မှ မလုပ်တော့ဘူး၊ ငါ့ကို မင်းတို့လာမခေါ်ကြနဲ့တော့ဟု အပြတ်ပြောလွှတ်လိုက်တာ သူကြားသည်။

ခါတိုင်း စာရင်းသွင်းပြီး ဘယ်တော့မှ တက်လေ့မရှိသည့် သင်တန်းတွေကို မှန်မှန်တက်သည်။ ကွန်ပျူတာနှင့် အင်္ဂလိပ်စကားပြောသင်တန်းတက်ပြီး အလုပ်ရှာလုပ်မည်ဟု ကျော်ဝဏ္ဏကပြောၢ၏။

"မင်းသာ တကယ်လုပ်မယ်ဆိုရင် ငါ့တို့ကုမ္ပဏီမှာ ဦးလေးကို ငါပြောပေးပါမယ်ကွာ။ အခုလုပ်ချင်လဲရတယ် ဝဏ္ဏ"

ဟု တိုးလွင်ထွန်းက အားပေးသည်။

"မင်းကွာ...ခင်အေးဆွေကို မင်းတို့ကုမ္ပဏီမှာ ပြောပေးလိုက်ပါလား သူ အခုထက် ပိုအဆင်ပြေနိုင်တာပေါ့"

"တော်တော် ဝဏ္ဏ၊ မင်းက မင်းဟာမအပေါ်မှာပဲ စေတနာရှေ့ကောင်းနေတယ်။ မင်းတို့ကို ငါအရမ်းခင်လို့ ချစ်လို့၊ အခု အတူနေနေတာ ဒီဟာမရောက်လာကတည်းက ငါက အတူနေချင်တာမဟုတ်ဘူး"

တိုးလွင်ထွန်းက ခင်အေးဆွေကို မကျေမနပ် စကားဆိုလိုက်၏။

"မင်းကလဲကွာ...သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ အခု သူ ကောင်းကောင်းမွန်မွန်နေတာပဲဟာ"

"ဘယ်လိုပဲနေနေ ငါကတော့ သူ့ကို မိန်းမကောင်းလို့ကို မြင်လို့မရဘူး၊ တန်းတူ မဆက်ဆံနိုင်ဘူး"

တိုးလွင်ထွန်းက သူပြောထားသည့် စကားအတိုင်းပင် အိမ်မှာ သူတို့နှင့်အတူ ထမင်းမစား။ အပြင်မှာပဲ စားသောက်ပြီးမှ အိမ်ပြန်လာသည်။





အခုတလော ကျော်ဝဏ္ဏက ကစားဝိုင်းတွေမသွားတော့ သူလည်း ကျော်ဝဏ္ဏနှင့် သိပ်ပြီးမတွဲဖြစ်။ ကပွဲတွေကိုသွားရန် တိုးလွင်ထွန်းခေါ်တော့လည်း ကျော်ဝဏ္ဏက ခါတိုင်းလို မလိုက်တော့။

"အဲဒါတော့ မင်း တစ်ဖက်သက်၊ တစ်ယူသန်ဆန်လွန်းတာပေါ့ တိုးလွင်"

ဟု စိုးမင်းညိုကပါ ဝင်ပြောသည်။

"မင်းတို့ ကြိုက်သလိုထင်၊ ငါက အစကတည်းက မိန်းမတွေကို အထင်ကြီးတဲ့ကောင် မဟုတ်ဘူး။ ခင်အေးဆွေ ဘာဆိုတာသိထားတော့ ငါ သူ့ကို အထင်မကြီးနိုင်တာ ဘာမှမဆန်းဘူး သူငယ်ချင်း"

ကျော်ဝဏ္ဏကတော့ ဘာမှမပြောဘဲ ပခုံးတွန့်ရုံ တွန့်ပြလိုက်သည်။

ထိုစဉ် နန္ဒ အပေါ်ထပ်မှ ဆင်းလာတာတွေ့သည်။ မိုက်အောင့်၍ ခါးကုန်းနေသည့်လူပမာ နန္ဒ ခါးကုန်းနေတာကို သူတို့အားလုံး သတိထားမိသည်။

"ငါအပြင်သွားမလို့ မင်းညို...ခင်အေးဆွေက အားရင် ရှောက်သီးကြက်သွန် ထောင်းထားပေးဖို့ မင်းကိုမှာခဲ့တယ်။ မင်းရေချိုးနေတုန်းက"

စိုးမင်းညိုကို ပြောရင်း အပြင်ထွက်သွား၏။

"ဒီကောင် အရမ်းကျသွားတယ်။ ခါးလဲကုန်းလာတယ်"

ကျော်ဝဏ္ဏက နန္ဒနောက်ကျောကို ကြည့်ရင်း ပြောလိုက်သည်။

"ယပက်လက်လေကွာ"

"ဘာလဲ ယပက်လက်"

ဟု တိုးလွင်ထွန်းက မေးသည်။

"ယပက်လက်ဆိုတာ ယင်းကိုပြောတာလေကွာ။ ဒီကောင် အ
အရမ်းကြိုးစားပြီး မချဘဲနေတယ်။ ယင်းအရမ်းထမှ နည်းနည်းလော
ချတယ်။ ငါ့ကို ပစ္စည်းအပ်ထားတယ်"

"တကယ်ပဲလား"

"တကယ်ဝဏ္ဏ၊ ဒီကောင်က သူ့လက်ထဲမှာရှိရင် တစ်ခါတည်း
အကုန်လုပ်ပစ်တတ်တာ။ ကုန်ရင်လဲ မနေတတ်ဘူး။ အခုငါ့ကို အပ်ထား
တယ်။ ခါတိုင်းထက် အရမ်းလျော့ပြီး မနေနိုင်မှလုပ်တာ"

"ဟိုညက ပြောပြီးကတည်းက ဒီကောင် ဖြတ်ဖို့ကြိုးစားတာ ထင်
တယ်"

ကျော်ဝဏ္ဏက ခပ်တွေးတွေးလုပ်ရင်း ပြောလိုက်၏။

"ဟုတ်တယ် ကျော်ဝဏ္ဏ၊ ညက ပစ္စည်းပြတ်သွားပြီလေ။ ဒီမနက်
ဒီကောင်ကြိတ်မှိတ်ခံနေတာ၊ မင်းတို့မသိဘူး၊ အိပ်ရာပေါ်မှာ လူးလိမ့်နေတာ
ပဲ။ အခုထွက်သွားတာ သွားဖန်တာဖြစ်မယ်။ ဘယ်လိုမှ မနေနိုင်မှ ဒီကောင်
ထွက်သွားတာ"

"ဆေးရုံတင်မယ်ကွာ"

တိုးလွင်ထွန်းက ပြောလိုက်၏။





"မင်းက တကယ့်တစ်ဖွတ်ထိုးပဲ တိုးလွင်။ သူ့ဟာသူ သူ့အသိစိတ်နဲ့
ဖြတ်ကြည့်ပါစေဦးကွာ၊ ဆေးရုံရောက်ပြီးမှ စိတ်မနိုင်ဘဲ ပြန်ပြေးလာတဲ့
လူတွေ ခုနဲ့ဒေးပဲ"

ကျော်ဝဏ္ဏက ပြောလိုက်သည်။

စိုးမင်းညိုက မီးဖိုရှိရာ နောက်ဖေးဘက်ထွက်သွား၏

ကျော်ဝဏ္ဏနှင့် တိုးလွင်ထွန်းတို့ အပေါ်ကို တက်လာခဲ့ကြသည်။

* * *

"ဘာရှာနေတာလဲ ဝဏ္ဏ ငါသွားမယ်"

တိုးလွင်ထွန်းက သူ့အခန်းတံခါးသော့ခတ်ပြီး ကျော်ဝဏ္ဏအခန်းဝ
မှာရပ်ရင်း မေးလိုက်၏။

"ငါ့လက်စွပ် ဒီစားပွဲပေါ် တင်ထားတာကွ"

"ဘာလဲ မရှိတော့ဘူးလား"

အခန်းတွင်းသို့ တိုးလွင်ထွန်းက ဝင်လာရင်းမေးလိုက်၏

"အေး…မတွေ့ဘူးကွာ"

"မင်းကလဲ ဘာလို့ချွတ်ထားရတာလဲ"

"ညက ရေချိုးတုန်းချွတ်ပြီး ဒီစားပွဲပေါ်တင်ထားတာ။ မေ့ပြီး ပြန်မဝတ်မိတာကွ"

ခေါင်းအုန်းအောက်တွေ ဘာတွေရှာသည်။ စာအုပ်ကြားတွေ ကြည့်သည်။

"ဘာပျောက်လို့လဲ"

စိုးမင်းညိုအပေါ်တက်လာရင်း မေးလိုက်၏။

"ဒီကောင် လက်စွပ်ပျောက်ပြီလေ။ ငါမပြောဘူးလား။ မင်းတို့ငါ့စကားတွေ မှန်လာပြီဆိုတာ လက်ခံရမယ်။ အဲဒီအရေးတွေမြင့်လို့ ငါက အခန်းကို သော့ခတ်ထားတာကွ"

"မင့်စကားကလဲကွာ"

ဟု စိုးမင်းညိုက ဟန့်သည်။

"ဟာ…ငါတကယ်ပြောတာ မင်းညို။ ဒီကောင့်လက်စွပ်က ပတ္တမြားလက်စွပ်ကွ၊ တန်ဖိုးမသေးဘူး"

"အေးပါကွာ သေသေချာချာ ရှာကြည့်ပါဦး"

"ဘာမှ ရှာမနေနဲ့ ပါသွားပြီ သူငယ်ချင်း"





"ဘယ်သူ ယူမှာလဲကွာ"

"ဘယ်သူရှိမှာလဲ မင်းညို… မင်းတို့ငါတို့ချည့်နေခဲ့တာ ဘယ်လောက်ကြာပြီပဲ။ ဘာတစ်ခုပျောက်ဖူးလို့လဲ။ အခု ဒီကောင်မရောက်မှပျောက်တာ ရှင်းနေတာပဲ သူပဲယူမှာပေါ့"

"အဲလို ရမ်းပြီး မစွပ်စွဲပါနဲ့ တိုးလွင်ရာ"

"ရမ်းပြီး စွပ်စွဲတာမဟုတ်ဘူး၊ အတိအကျပြောတာ သူငယ်ချင်း။ မင်းလက်စွပ်ကို ခင်အေးဆွေပဲယူမှာ"

"တော်ပါတော့ကွာ"

ကျော်ဝဏ္ဏက စားပွဲပေါ်က စာအုပ်တွေကို ပြန်စီရင်းပြောသည်။

ထိုစဉ် အခန်းဝမှာ ခင်အေးဆွေလာရပ်တော့ သူတို့သုံးဦးစလုံးကြောင်ပြီး အခန်းဝကို လှမ်းကြည့်လိုက်၏။

"ဈေးကပြန်လာတုန်း…ကိုတိုးလွင်ထွန်းပြောတာကြားလို့ ဆွဲခြင်းချပြီး တက်လာခဲ့တာ။ ဘာပျောက်တာလဲ အစ်ကို"

ကျော်ဝဏ္ဏကိုမေးသည်။

"လက်စွပ်အထားမှားတာပါ၊ ဘာမှမဟုတ်ပါဘူး"

"ဒီမှာ ကိုတိုးလွင်ထွန်း၊ အဲဒီလက်စွပ်ပျောက်တာ၊ ကျွန်မ ယူတယ်လို့ ကိုတိုးလွင်ထွန်း စောစောက ပြောနေသံကြားတယ်"

ခင်အေးဆွေက အသံပြတ်နှင့် တိုးလွင်ထွန်းကို စူးစိုက်ကြည့်ရင်းမေးလိုက်၏။

"ဟုတ်တယ် ခင်အေးဆွေ။ မင်း မယူရင် ဘယ်သူယူမှာလဲ"

"ဒါသက်သက် ကျွန်မကို အထင်သေးတာပဲ"

"ငါက မင်းကို အထင်ကြီးရမှာတဲ့လား"

နှုတ်ခမ်းကို တွန့်၍ သရော်ပြုံးပြုံးရင်း တိုးလွင်ထွန်းက ပြန်ပြောသည်။

"ကျွန်မအဲဒီလောက် စာရိတ္တမချုတ်ယွင်းသေးဘူး ကိုတိုးလွင်ထွန်း။ ကျွန်မ လုပ်အားတန်ရာတန်ကြေးမပေးဘဲ ကျွန်မ ဘယ်သူ့ဆီကမှ အလကား ယူဖို့၊ နိုးယူဖို့ မစဉ်းစားဘူး။ အချောင်လိုချင်တဲ့စိတ်၊ အခွင့်အရေးရရင် ရသလို လက်လွှတ်မခံချင်တဲ့စိတ်ဓာတ် ကိုတိုးလွင်ထွန်းမှာ ရှိသလား၊ ကျွန်မ မှာရှိသလား ပြန်စဉ်းစားကြည့်ပါဦး…"

တိုးလွင်ထွန်း မျက်နှာကိုစေ့စေ့ကြည့်ရင်း ခင်အေးဆွေက ပြောနေသည်။

"တော်တော့ ခင်အေးဆွေ၊ ငါ နင်နဲ့ ဖက်မပြောနိုင်ဘူး"

တိုးလွင်ထွန်းက ပြန်အော်သည်။

"တော်ကြပါတော့ကွာ၊ ငါတောင်းပန်ပါတယ်။ ဘာမှ ဖြစ်လောက်တဲ့ကိစ္စလဲ မဟုတ်ပါဘူး…"

တိုးလွင်ထွန်းက အခန်းထဲမှထွက်ပြီး အောက်ထပ်ဆင်းသွားသည်။ ပြီးတော့ ခြံဝန်းအပြင်ထွက်သွားတာ ပြတင်းမှ လှမ်းမြင်လိုက်ရ၏။

"ဒါသက်သက်…ကျွန်မကိုစော်ကားတာ ကိုစိုးမင်းညို၊ မရှိမိုးနိုး ဆိုပြီး စွပ်စွဲတာ၊ ကျွန်မအရမ်းဝမ်းနည်းတယ်"





ခင်အေးဆွေက ပြောရင်း ငိုသံပါလာတော့၏။ ပြီးတော့ ချာကနဲ …ည့်ပြီး အောက်ထပ်ဆင်းသွားသည်။

"မင်း အထားမှားတာ ထင်ပါတယ်ကွာ၊ သေသေချာချာ ရှာကြည့် …ဦး"

စိုးမင်းညိုက ကျော်ဝဏ္ဏကို ပြောလိုက်၏။ ကျော်ဝဏ္ဏက ခေါင်း …မ်းခါပြရင်း…ခုတင်ပေါ်မှာ ထိုင်သည်။

"ငါ့အမေကိုယ်တိုင် စွပ်ပေးထားတဲ့ လက်စွပ်ကွ၊ ငါဖဲဝိုင်းမှာတောင် …ယ်တော့မှ မပေါင်ခဲ့ဘူး။ အဝတ်အစားသာ ရောင်းချင်ရောင်းမယ်၊ ဆွဲကြိုး …ွ ဟန်းချိန်းတွေသာ ငါ ပေါင်ချင်ပေါင်မယ် ဒါကိုမထိခဲ့ဘူး"

ကျော်ဝဏ္ဏက နှမြောတသစွာ ရေရွတ်နေပြန်၏။

* * *

“ဒီနေ့တော့ ဝက်သားတစ်ခွက်ပဲ ချက်ထားခဲ့တယ် ကိုစိုးမင်းညို အချိန်မရလို့ ဟင်းချိုမချက်တော့ဘူး”

အလုပ်သွားရန် အဝတ်အစားနှင့် ခင်အေးဆွေတက်လာပြီး အခန်းမှာ ရပ်လာကာပြောသည်။

“ခင်အေးဆွေ၊ တိုးလွင်ပြောတာ…စိတ်ထဲမှာ ဘယ်လိုမှ မထားပါနဲ့ အစ်ကိုတောင်းပန်ပါတယ်”

ကျော်ဝဏ္ဏက တောင်းပန်းစကားဆိုစဥ် အခန်းဝမှာ နန္ဒအောင် ရောက်လာသည်။ သူ့ကိုကြည့်ရသည်မှာ အလွန်ပင်ပန်းနွမ်းလျှနေပုံရ၏။ အခန်းဝမှာ ရပ်နေသည့် ခင်အေးဆွေကို မသွားသေးဘူးလားဟု လေသံပျော့ပျော့နှင့် မေးရင်း ကျော်ဝဏ္ဏအခန်းထဲသို့ ဝင်လာ၏။

“အခုသွားတော့မှာ ကိုနန္ဒ၊ ဝက်သားချက်ထားတယ်”

“ရော့…ဝဏ္ဏ မင်းလက်စွပ်”

ဟု ပေးလိုက်သည်။ ခင်အေးဆွေက လှည့်သွားတော့မည် ပြင်ရင်း မသွားဖြစ်သေးဘဲ ရပ်ကြည့်နေလိုက်၏။

ကျော်ဝဏ္ဏက အံ့သြဟန် နန္ဒကိုမော့ကြည့်ရင်း လက်စွပ်ကို လှမ်းယူသည်။

“ဒီစားပွဲပေါ်က မင်းယူသွားတာလား”

ဟု ကျော်ဝဏ္ဏက မေး၏။

“ဒီမှာကွာ ပျောက်လို့ရှာလိုက်ရတာ၊ တိုးလွင်နဲ့ ခင်အေးဆွေလဲ





ပြဿနာတွေ ဘာတွေ ဖြစ်ရော”

ဟု စိုးမင်းညိုက ဝင်ပြောလိုက်၏။

“ဟုတ်တယ်…ဒီစားပွဲပေါ်က ငါယူသွားတာ။ မင်းလက်စွပ်ပေါင်ပြီး ငါတစ်လုံးလောက် ဖန်မယ်ဆိုပြီး ယူသွားတာ သူငယ်ချင်း။ ဘယ်လိုမှ မနေနိုင်တော့လို့ကွာ၊ အရမ်းယင်းကိုက်နေပြီး ကြံမိကြံရာ ကြံလိုက်တာပဲ”

“နန္ဒရယ်”

ကျော်ဝဏ္ဏနှုတ်မှ အသံထွက်လာသည်။

“တစ်လုံးငါ့ကို ပေးလိုက်တယ်၊ နောက်တစ်ခေါက်မှ ရောပေးတဲ့။ လက်စွပ်ကို ယူမထားလိုက်ဘူး။ ငါ့ဘာသာလဲ ယူကျုံးမရ ဖြစ်ရတာ သူငယ်ချင်း။ ငါ လောကမှာနေဖို့ မကောင်းတော့ပါဘူးကွာ။ ငါ အရမ်းအောက်တန်းကျနေပြီ။ ဒီတစ်လုံးကုန်လို့ မပြတ်ရင် ငါ့ဘာသာငါသတ်…”

“တော်စမ်းပါ နန္ဒရာ…ဘာလို့ မပြတ်ရမှာတဲ့လဲ ယောကျ်ားပဲ”

စိုးမင်းညိုက စကားဝင်ဖြတ်လိုက်၏။

“ငါမင်းကို ဘယ်လိုမှ သဘောမထားဘူး နန္ဒ။ မင်း ပင်ကိုစိတ်နဲ့ မင်းသဘောကို ငါသိပြီးသားပဲကွာ။ ဒါက မင်း ယင်းထတဲ့အချိန် အရူးဖြစ်ပြီး လုပ်မိတဲ့ကိစ္စပဲ”

နန္ဒအောင်က ခေါင်းကိုခါရင်း လေပူကို မှုတ်ထုတ်လိုက်သည်။

“ဆောရီး ခင်အေးဆွေ၊ ကျွန်တော့်အတွက် ခင်အေးဆွေပါ အထင်ခံရတာ”

"ရပါတယ် ကိုနန္ဒ ခင်အေးဆွေ သွားမယ်နော်"

နှုတ်ဆက်ပြီး ခင်အေးဆွေက အောက်ထပ်ကို ဆင်းသွား၏။

"ငါ့ကို အရင်လိုပေးထား နန္ဒ။ ဒီတစ်ခါပြီးရင် တော်ရောပေါ့ကွာ"

စိုးမင်းညိုက ပြောလိုက်သည်။



( ၂ )

"စောင်ရေတစ်ထောင် မကျော်မချင်းတော့ စာမူခ တစ်ပြားမှ ပေးမှာမဟုတ်ဘူး။ စောင်ရေတစ်ထောင်ကျော်ရင်တော့ ရထိုက်တာ အပြည့်ပေးမယ်ပြောတယ်"

စိုးမင်းညိုက ပြောပြလိုက်၏။

"ဘာဖြစ်ဖြစ်ကွာ...ငါကြော်ငြာဖူးတာက၊ အလကား အုပ်နှစ်ဆယ် ရေးပေးရတယ်၊ ဘာညာဆိုတာထက် စာရင်တော့ တော်သေးတာပေါ့။ မင်း

ခေါင်းရောက်ရင် တက်သလို အကျိုးရှိနိုင်တာပေါ့"

တိုးလွင်ထွန်းက သူကြားဖူးတာ ဝင်ပြောလိုက်သည်။

နန္ဒကတော့ အခန်းထဲမှာ။ ခင်အေးဆွေက ပြန်ရောက်မလာသေး

နိုးမင်းညိုက သူ့စာအုပ်တွေထုတ်ဝေပေးမည့်သူ ရပြီဟု စကားစ

စကားပိုင်းဖြစ်သည်။

"ငါကြားဖူးတာက ကောင်မလေးလှလှလေးတွေကို ကြော်

ကောင်းကောင်းနဲ့ တင်တယ်ဆို၊ မင်းက ကောင်မလေးမှ မဟုတ်

ထုတ်ပေးတာကိုပဲ ကျေးဇူးတင်ရဦးမယ်"

ဟု ကျော်ဝဏ္ဏက ပြောလိုက်၏။

"ကောင်မလေး လှလှလေးဆို ပိုကောင်းတာပေါ့ကွာ။ လှလှ

မဟုတ်ရင်လဲ ကောင်မလေးဆိုရင်ကို မဆိုးဘူး။ မိန်းကလေး က

နာမည်က ပေါက်တာများတော့ မိန်းကလေး ကလောင်နာမည်ကို ထုတ်

သူက ပိုပြီး သဘောကျတတ်ကြတာ။ ကြော်ငြာဆိုတာကတော့ မော်

ဂဲလ် လှလှလေးတွေကို ရှာပြီးရိုက်တာ၊ စက္ကူအကောင်းစားနဲ့ စက်

ရိုက်တာတဲ့မောင်၊ ကြော်ငြာဖိုးတင် လေးငါးသိန်းအကုန်ခံပြီး တင်ပေးတ

"စာရေးဆရာအတွက် ကောင်းတာပေါ့ မဟုတ်ဘူးလား"

"ကြော်ငြာကို အကုန်ခံကြော်ငြာလို့ ကောင်းတာတော့ ဟုတ်တာ

ကွာ၊ စာရေးဆရာဘက်က ပြန်ပေးရတာတွေလဲ ကြည့်ဦးလေ။ အုပ်

သုံးလေးဆယ် စာချုပ် ချုပ်ကြရတာ၊ ဈေးလဲ သူဖြတ်သလောက်နဲ့





ရတာ။ ငါနဲ့ရင်းနှီးတဲ့ ကောင်မလေးတစ်ယောက်ဆို ဘယ်လောက်ဆိုးလဲကွာ။ သူ့ကလောင်နာမည်ကို သူမပိုင်ဘူး။ တိုက်ကပိုင်တာတဲ့။ သူ ဒီတိုက်က ထွက်ရင် ဒီကလောင်နာမည်ကို ပေးထားခဲ့ရမှာတဲ့။ အဲဒီထက်ဆိုးတာက အဲဒီတိုက်ကခွင့်မပြုဘဲ မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုရှည် ကဗျာတွေတောင် ရေးခွင့်ရဘူးတဲ့။ သူနဲ့ပတ်သက်တဲ့ စာပေအရေးအသားအားလုံးကို မူပိုင်သဘော ချုပ်ထားရတယ်ဆိုပဲ"

နိုးမင်းညိုက သူသိသမျှပြောပြစဉ် ကျော်ဝဏ္ဏတို့ တိုးလွင်ထွန်းတို့က တအံ့တသြ နားထောင်နေကြ၏။

"ဒါတော့ သူသဘောတူလို့ ချုပ်တာပဲကွာ၊ ဘာလို့ သူက သဘော တူရလဲ"

ကျော်ဝဏ္ဏက မေးလိုက်၏။

"သဘောမတူရင် ထုတ်ဝေသူက ထုတ်မပေးဘူးဆိုတော့ ကိုယ့် စာအုပ်ကလေးထွက် ပြီးရောဆိုပြီး လိုက်ရောရတာပဲပေါ့"

"အဲဒါကတော့ သက်သက်အနိုင်ကျင့်သလိုပဲကွာ"

"ရှဲဒိုးသုံးတဲ့ လူတွေနဲ့တော့ ကိုက်တယ်မောင်။ ထုတ်ဝေသူကလဲ ချုပ်ချင်ရာတွေထည့်ချုပ်။ ရှဲဒိုးရေးပြီး စီးပွားရှာမယ်လို့ ဝင်လာတဲ့ စာရေး ဆရာကလဲ သူ့ဘာသာ မိုးရွာတုန်းရေခံမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ၊ စာ အုပ်များများထွက်၊ ငွေများများရဖို့ပဲ အဓိကထားတာ"

"ငါထင်တယ် မင်းညို…မင်းတို့လောကမှာ စာကောင်း ပေကောင်းတွေ

အတွက်နည်းတယ်ဆိုတာလဲ မေ့ါ်သေးသေးကိစ္စတော့ မဟုတ်ဘူးကွ။ ဒါဟာ စာပေလောကရဲ့ ပြယုဂ်တစ်ခုတည်း သက်သက်မဟုတ်ဘူး။ ခေတ်ရဲ့ ကြေးမုံ တစ်ခုပဲလို့ ငါထင်တယ်…"

တွေးတွေးဆဆပြောလိုက်သော ကျော်ဝဏ္ဏစကားကြောင့် တိုးလွင်ထွန်းက ဖျတ်ခနဲ လှမ်းကြည့်သည်။

ပြီးတော့ သူ့လက်ထဲမှာ စိုးမင်းညိုယူလာသော မဂ္ဂဇင်းစာအုပ်ကို လှန်ရင်း…

"ဒီမှာဝဏ္ဏ စာကောင်းပေကောင်း ကဗျာကောင်းတစ်ပုဒ်ပါလာတယ် ငါဖတ်ပြမယ်"

ဟု ပြောလိုက်၏။

"ဘာလဲ…မင်းညို မင်းကဗျာလား"

"အေးဟုတ်တယ်…ကဗျာပါလို့ စာမူခထုတ်ရင်း အဲဒီမဂ္ဂဇင်းတိုက်ရောက်သွားတာ။ အဲဒီမှာ ထုတ်ဝေသူနဲ့တွေ့လို့ စာအုပ်ထုတ်ဖို့ ပြောဖြစ်ကြတာ"

"နားထောင်ဝဏ္ဏ ငါဖတ်ပြမယ်။ ခေါင်းစဉ်က အပူကြီးချိန်တဲ့"

"အပူကြီးချိန်ဟုတ်လား"

"ဟုတ်တယ်"

"အဖျားတက်တဲ့အကြောင်း ရေးထားတာလား"

ကျော်ဝဏ္ဏ၏ အနောက်အပြောင်စကားကြောင့် စိုးမင်းညိုပြုံးဖြစ်သည်။





"နားထောင်ကွာ၊ ငါဖတ်ပြမယ်"

တိုးလွင်ထွန်းက ပြောရင်း ချောင်းဟန့်၍ ခံတွင်းကိုရှင်းသည်။ ပြီးတော့ ကဗျာကို စဖတ်လိုက်၏။

**အပူကြီးချိန်**

* သပြေကိုးခက်၊ ထီးသုံးလက်နဲ့
မီးသက်စေလှူ၊ ပူဇော်ပြီးကာ
ရာထူးတက်စေ၊ ယတြာချေသူ…
* နိုင်ငံခြားကို၊ သွားဖို့မြန်မြန်
ဆန္ဒပြည့်စေ၊ ဗြိုလ်ပြေနာမ်ပြေ
ရွှေပြားလှူကာပ်၊ ယပ်နဲ့ဆီမီး
ဒီးကငါးခက်၊ မွေးနာမ်ဘက်မှာ …
* စီးပွားပျက်လို့၊ စိတ်လက်ချောက်ချား
ဘုရားအေးရိပ်၊ ပုတီးစိပ်သူ
ရင်ထဲပူလောင်၊ တောင်တွေးမြောက်ရောက်
ဆောက်တည်ရာကင်း၊ ဘဘိုးမင်းခေါင်
စောင်မတော်မူ …
* စာမေးပွဲနဲ့၊ လင်ကွဲသားပူ
လူမှုရောဂါ၊ ဖြေရာပြေနိုး

ပန်းထိုးရေကပ်၊ ခေတ်ရိုက်ခေတ်ဆင်
ရင်ပြင်ပေါ်မှာ၊ လှူများခွာလေ
အပူဝေချိန် …
* စားဖို့ ပြေးလွှား
သွားဖို့ကားတိုး
မိုးချုပ်နေဝင်၊ မြို့အပြင်ဘက်
ပြန်ထွက်သူတွေ …
ရွှေတိဂုံဘုရား၊ ပုံတော်ကားချပ်
ဘတ်စ်ကားပေါ်မှာ၊ တွေ့ရတာပင်
မဖူးမြင်နိုင်
လင်မျှော်ကုန်းကို စိတ်စောသတဲ့…။

✤✤✤



(၃)

"မြတ်လေးဝေ လိုက်တာတာယ်ဆို… ငါ့ကို နန္ဒပြောတယ်"

ကျော်ဝဏ္ဏက ပြန်ရောက်တော့ နိုးမင်းညိုကိုမေးသည်။ သူခေါင်းညိတ်ပြလိုက်၏။

"ကိစ္စရှိလို့လား"

"မရှိပါဘူး။ သူ့ကိစ္စလေးရှိလို့ ရန်ကုန်လာတာ။ ငါ့ဆီသက်သက်ဝင်လာတာပါ"

"မင့်အမေ အစ်မတွေ နေကောင်းရဲ့လား"

နိုးမင်းညိုက သက်ပြင်းမွေ့မွေ့ချရင်း…

"အမေ စာရေးပေးလိုက်တယ်ကွာ"

ဟုပြောသည်။

"ဘာတဲ့လဲ"

"ပြန်လာခဲ့ဖို့ပေါ့ကွာ။ ပြန်လာပြီး ဟိုမှာပဲ မူလတန်းပြဆရာဝင်လုပ်ချင်လုပ်။ ဒါမှမဟုတ်လဲ တွဲဖက်ကျောင်းမှာ ဝင်လုပ်ပေါ့၊ မြတ်လေးဝေကို လက်ထပ်ပေါ့"

"ခက်တာက မင်းကလဲ စာရေးဆရာဖြစ်ချင်သေးဆိုတော့.."

"နယ်နဲ့ ရန်ကုန်မတူတာအမှန်ပဲ ဝဏ္ဏ။ ငါနယ်မှာသာနေရင်၊ အခု ငါ့စာအုပ်ထုတ်ပေးမယ်ဆိုတဲ့ ထုတ်ဝေသူကို ငါဘယ်လိုတွေ့မလဲ။ ကိုယ်က ကြိုးစားခါစဆိုတော့၊ အခွင့်အလမ်းများတာက ရန်ကုန်ပဲကွ၊ ဒါကြောင့် ငါတွယ်ကပ်နေတာ"

"မြတ်လေးဝေကရော"

"ဪ…အေး တစ်ခုပြောရဦးမယ်။ သူလိုက်လာတာထဲမှာ အဲဒါ သိချင်တာလဲ အဓိကပါတယ်ကွ"

"ဘာလဲ"

"ခင်အေးဆွေကိစ္စ"

"ခင်အေးဆွေကိစ္စ ဟုတ်လား။ မြတ်လေးဝေကက ခင်အေးဆွေဒီမှာ





က်နေတာ ဘယ်လိုသိလဲ"

ကျော်ဝဏ္ဏက တအံ့တသြ ဖြစ်သွားပုံရ၏။

"ဒီလိုကွာ မြတ်လေးဝေဆီကို သူ့သူငယ်ချင်းက စာလှမ်းရေးလိုက်ယ်။ ငါတို့နဲ့အတူ ကောင်မလေးတစ်ယောက်ပါ ရှိနေတယ်။ တစ်အိမ်ည်းနေတယ်ဆိုတာ"

"သူကရော ဒါကို ဘယ်လိုသိလဲ"

"ဘယ်သူဖြစ်မှာလဲကွာ၊ တိုးလွင်ပေါ့၊ ဒီကောင်က ကျောင်းတုန်းကယ်ချင်း ကောင်မလေးတစ်ယောက်ကို ဒီအကြောင်းပြောလိုက်တယ်။ ကောင်မလေးက မြတ်လေးဝေသူငယ်ချင်းဖြစ်နေတော့ မြတ်လေးဝေဆီ ှမ်းရေးတာပေါ့၊ တိုးလွင်ကတော့ စကားစပ်မိလို့ပြောလိုက်တာမျိုး င်ဖြစ်မှာပေါ့ကွာ"

"မြတ်လေးဝေက ဘာပြောလဲ"

"စိုးရိမ်တာပေါ့ကွာ။ အိုးချင်းထား အိုးချင်းထိတွေတာပြောတာပေါ့။ အတူ ချက်ချင်းလိုက်ပြန်ရအောင် ခေါ်တာပေါ့"

"ဒုက္ခပဲ"

"တော်သေးတယ်၊ ငါပြောလိုက်တာကို မြတ်လေးဝေ ယုံသွားတယ်"

"ဘယ်လိုပြောလိုက်လို့လဲ"

"ခင်အေးဆွေနဲ့ငါ့ကို ဘယ်လိုမှ မစိုးရိမ်နဲ့လို့ ခင်အေးဆွေဆိုတာ ဝဏ္ဏရဲ့ရည်းစားလို့ ငါပြောလိုက်တယ်"

“ဟာ… ဒီလိုပဲပြောလိုက်လား”

“ဟုတ်တယ်…ဒါမှ ငါ့အပေါ်သံသယကင်းမှာကိုးကွ၊ မြတ်လေး
တောလဲ တကယ်ယုံသွားတယ်”

“မင်းကတော့လုပ်ပြီ”

“ဝဋ္ဋ”

ခဏ စကားပြတ်သွားပြီးတော့ ကျော်ဝဏ္ဏမျက်နှာကို စူးစိုက်ကြည့်ရင်း စိုးမင်းညိုက ခေါ်လိုက်၏။

“ဟေ”

“ငါတို့နှစ်ယောက်တည်းရှိတုန်း မေးမယ် မင်းအမှန်ဖြေ”

“ဘာလဲကွာ”

“မင်း ခင်အေးဆွေကို ချစ်နေတယ်ဆိုတာ မင်းမျက်လုံးတွေ၊ မင်း အပြုအမူတွေက ညာလို့ မရတော့ဘူးနော်”

“ဟာကွာ”

“ငါတကယ်ပြောတာ ဝဏ္ဏ”

“သံယောဇဉ်ရှိတာပါ”

“ဒီယက်ပိုနေပြီဝဏ္ဏ၊ ခင်အေးဆွေကလဲ မင်းအတိုင်းပဲ”

“ငါသူ့ကို ဘယ်တော့မှ မစော်ကားဘူး”

“ဟာ…ချစ်တာက စော်ကားရာရောက်လို့လား”

“မဟုတ်ဘူးလေ၊ သူက ငါ့အရိပ်ကိုခိုနေတဲ့သူ မင်းညို”





“မဆိုင်ပါဘူးကွာ။ မင်းက အနိုင်ကျင့်ပြီး၊ ချောင်ပိတ်ပြီး အချစ်ကို ယူတာမျိုးမဟုတ်ရင် တရားပါတယ်… နှစ်ဦးစလုံးခံစားရတဲ့ကိစ္စမှာ အပြစ် မရှိနိုင်ပါဘူး”

“ငါခင်အေးဆွေအပေါ်မှာ သံယောဇဉ်ကြီးမိတာကိုတော့ ဝန်ခံတယ် မင်းညို… မင်းပြောသလို ချစ်တာ မချစ်တာတော့ ငါမသိဘူး။ ငါ့အကြောက်ဆုံးက ကိုယ်မွေးတဲ့ကြက် ကိုယ်ရိုက်စားချင်တဲ့သူ ့လို ထင်မှာကိုပဲ”

“မဆိုင်ပါဘူးကွာ”

တိုးလွင်ထွန်း အခန်းဝကို ရောက်လာတော့ သူတို့ စကားပြတ်သွား ကြသည်။

* * *

ညရောက်တော့ စိုးမင်းညိုက မြတ်လေးဝေ၏ လာမည့်မွေးနေ့အတွက် ကဗျာတစ်ပုဒ် ရေးဖြစ်သွားသည်။ မနက်ဖြန်ပြန်တော့မည့် မြတ်လေးဝေကို

သူက သည်ကဗျာလေး ပေးလိုက်မည်ဟု တွေး၏။ မြတ်လေးဝေ သူ
နားလည်နိုင်မည် ထင်ပါသည်။ ကဗျာကို နောက်တစ်ခေါက် ဖတ်ကြ
မိပြန်၏။

"တစ်သက်မဝေးအောင်လို့
ငှက်ကလေးတွေအစာကျွေး
ယကြာပေးသမျှကိုလဲ ချေဖူးတယ်"

တကယ်ပင် မြတ်လေးဝေနှင့်သူ ကျောင်းသားဘဝကတည်းက ဘုရ
တက်ကာ ယကြာတွေ ချေခဲ့ဖူးသည်ပဲ။ မြတ်လေးဝေက ဆေးဒင်တွေ ဘာ
ယုံကြည်သည်။ ဆေးဒင်မေးပြီးပြန်လာတိုင်း သူကို ယကြာချေဖို့ ဘုရားလိုက်
နိုင်းစမြဲပင်။

မွေးနေ့ဆို ဘုရားတက်
ရေသက်စေ့ ဘုရားလှူ
မီးပူဇော် ပန်းတွေကပ်
လွမ်းမနေတတ်ရအောင်ပေါ့ အချစ်ရယ်...။

မြတ်လေးဝေနှင့်သူ ဘုရားရင်ပြင်ပေါ်မှာ ရေလှူခဲ့တာ၊ ပန်းကပ်





တာ၊ မီးပူဇော်ခဲ့တာတွေကို သူပြန်သတိရနေ၏။ သည်နှစ်မွေးနေ့မှာတော့
မြတ်လေးဝေကို သူ ဘုရားမပို့နိုင်တော့ပါလား။

တကယ်ပေါင်းဖို့ကျတော့
တပေါင်းမှာလဲ မထူး
တန်ခူးမှာလဲ မဖြစ်
တစ်နှစ်က တစ်နှစ်လက်ကမ်း
ချစ်သက်တမ်းရှည်သမျှ တစ်ဦးကိုတစ်ဦးက စိုးရိမ်မယ်
တစ်အိုးတစ်အိမ်ရယ်လို့ မထူထောင်ဖြစ်။

သူကို မြတ်လေးဝေစိုးရိမ်ပူပန်နေတာ တွေးရင်း မြတ်လေးဝေကို
သူနားလည်သည်။ မရေရာသေးသည့် ရှေ့ခရီးမှာ မြတ်လေးဝေကို သူ
လက်မခံရဲသေး။ မကြည်လင်သေးသည့် အနာဂတ်မှာ တစ်အိုးတစ်အိမ်ရယ်လို့
ထူထောင်ရဲပါ့မလား။

တစ်ယောက်လုပ်ခ
နှစ်ယောက်လုပ်ခ
ဘယ်လောက်ဒုက္ခတွေကို ငြိမ်းအေး
စားဝတ်နေရေးကို ဘယ်လောက်ကူ

လှနေမှုအပူကို ဘယ်လိုဖျောက်နိုင်မတုန်း
ကုန်ရေးနွန်း အဲဒီပင်လယ်မှာ
ခင်ရယ်ကိုယ်ရယ် ဘယ်လိုဖြတ်
သတ္တိကြောင် သောကအတွေးတွေနဲ့
ဝေးကြတဲ့နှစ်…။

သူက ကဗျာခေါင်းစဉ်ကို "လှေပေါ်မှာ" ဟု ပေးလိုက်မိသည်။

✤ ✤ ✤



(၄)

"ငါတောင်းပန်ပါတယ်ကွာ ငါ့ကို သနားပါဦး"

ထိုင်နေရာမှ ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။ နန္ဒမျက်နှာသည် ...မဲ့မဲ့ဖြစ်၍ ငိုတော့မလိုပင်။

"မင်းညို ဘယ်မှာထားသွားလဲ မင်းသိလား"

ဟု မေးစဉ် ကျော်ဝင့်ရှုလှည့်မကြည့်ဖြစ်။ စောစောက ငိုသံပါအသံကို ကြားရတော့ တအံ့သြဖြစ်မိပြန်သည်။ ထိုင်ရာမှ ထလိုက်၏။

"နန္ဒ မင်းဘာဖြစ်နေလဲ နေမကောင်းဘူးလား"

"ငါ ယင်းအရှမ်းကိုက်နေပြီကွာ၊ ငါ့ကို ကယ်ပါဦး"

"မင်းညှိုဘယ်မှာထားလဲ ငါလဲမသိဘူးနန္ဒ"

"ဒုက္ခပါပဲကွာ… ချေးတွေလဲ အရှမ်းပန်းနေပြီ"

နှားခေါင်းမှ နှာရည်များစီးကျလာရင်း နန္ဒက ငိုတော့မလိုလို ပြော

လိုက်၏။

"ကျန်သေးလို့လား"

"တစ်ခါစာ ရှိသေးတယ်"

"လာ ငါ ကူရှာပေးမယ်"

နန္ဒနှင့် စိုးမင်းညှိုတို့အခန်းဘက်ကို ကူးခဲ့ကြသည်။ ကျော်ဝဏ္ဏ

စိုးမင်းညှို၏ စာအုပ်ပုံတွေကြားမှာ၊ ခေါင်းအုန်းအောက်မှာ ဖျာအောက်မှာ

ရှာနေမိ၏။ နန္ဒကတော့ ခုတင်ပေါ်မှာတင်ပလ္လင်ခွေထိုင်ရင်း ခုတင်ကို လက်သီး

နှင့် ထိုးနေတာတွေ့သည်။

"ရှာပါဦးကွာ၊ သွားဝယ်လို့လဲ မရတော့ဘူး။ ဘီတွေ အကုန်ပါကုန်ပြီ

ငါ့သူငယ်ချင်းတွေအတော်များများလဲ ပါသွားကြပြီ ဟား…"

ပါးစပ်ကို ဟပြီး ဟားခနဲအသံထွက်အောင် သက်ပြင်းကိုမှုတ်ထုတ်

လိုက်သံ ကြားရပြန်၏။

"ဘယ်လိုမှ မတွေ့ဘူးနန္ဒ၊ မင်းညှိုပြန်အလာ စောင့်ရုံပဲရှိတယ်

ဒီကောင်မကြာပါဘူး ခဏထွက်သွားတာ.."





"သေတော့မှာပဲကွာ၊ ငါသေတော့မှာပဲ၊ လုပ်ပါကွာ ဝဏ္ဏ မင်း ဒီကောင့်

သွားရှာစမ်းပါကွာ၊ ငါသေလိမ့်မယ်…အား…"

ထိုင်နေရာမှခြေရင်း လဲကျသွားပြီး အိပ်ရာပေါ်မှာ လူးလိမ့်နေပြန်၏။

င်ကို လက်သီးနှင့်ထုသံ ကြားရသည်။

ဝက်ရူးပြန်လို ကိုယ်ခန္ဓာက တွန့်လိမ်ကောက်ကွေးပြီး အော်ဟစ်

ည်းညူနေသည့် နန္ဒကိုကြည့်ရင်း ကျော်ဝဏ္ဏက ဘာလုပ်ရမည်မသိ။

အခန်းထဲမှ ထွက်လာခဲ့သည်။

လှည်းတန်းသွားပြီး စိုးမင်းညှိုကို သွားရှာကြည့်မည် စဉ်းစား၏။

်အစားလဲနေစဉ်မှာပင် တိုက်တိုက်ဆိုင်ဆိုင် စိုးမင်းညှိုရောက်လာသည်။

"ဟာ…တော်သေးတာပေါ့ကွာ"

လှေကားထိပ်အထိ ပြေးကြိုရင်း ကျော်ဝဏ္ဏကပြောလိုက်၏။

"ဘာဖြစ်လို့လဲ"

"နန္ဒသေတော့မလိုဖြစ်နေပြီ၊ ယင်းထနေတယ်"

"ဟုတ်လား"

"မင်းဆီမှာ ကျန်သေးတယ်ဆို"

"ဒီကောင်ကလဲ ဒုက္ခပဲ၊ တစ်ခါစာပဲချန်ထားတာ၊ ဒါဆို ဒီတစ်ခါ

င် ဘယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူး ပေးလိုက်စမ်းပါကွာ၊ ချေးတွေလဲပန်းနေပြီတဲ့၊ ငါ

င့်ကို မကြည့်ရက်တော့ဘူး"

သူတို့စကားသံအကြားမှာ နန္ဒက ခုတင်ပေါ်မှ ထလာဟန်တူ...

အခန်းပေါက်နားရောက်တော့ ဝုန်းခနဲ ပစ်လဲကျသွား၏။

"နန္ဒ… နန္ဒ"

စိုးရိမ်တကြီးခေါ်ရင်း သူတို့ အနားရောက်သည်။

"လုပ်ပါ လုပ်ပါ မင်းညို လုပ်စမ်းပါ"

ပြောရင်း နန္ဒက ကုန်းထနေတာတွေ့၏။

မင်းညိုက သူချန်ထားသည်ဆိုသော လက်ကျန်ကို သွားယူ...

သည်။ ကျပ်တန်ကလေးကို ရှည်ရှည်မျောမျောလေးဖြစ်အောင် လုပ်ထား...

အထုပ်ကလေးကို နန္ဒလက်မှာ ထည့်ပေးလိုက်၏။

နန္ဒက ခုတင်ပေါ်ရောက်အောင် ပြန်သွားသည်။ ကျပ်တန်က...

တယုတယ ဖြေကြည့်သည်။ ပြီးတော့ ပြန်ထုပ်ရင်း ထိုင်ရာမှ...

အခန်းထဲမှ ဒယိမ်းဒယိုင်နှင့် ထွက်သွားတော့၏။

ခဏလေးအကြာမှာ နန္ဒ ပြန်ဝင်လာသည်။ စောစောက ရုပ်မျိုး...

တော့။ မျက်နှာက ရွှင်ပြုံးနေတော့။ ဗိုက်ကို လက်နှစ်ဖက်ဖြင့် နှိပ်၍ မ...

အခန်းထဲရောက်ရောက်ချင်း ဝုန်းခနဲ လေပူကို မှုတ်ထုတ်လိုက်...

"အခုနတော့ သေတော့မလိုပဲ"

ဟုကျော်ဝဏ္ဏကပြောသည်။

"တကယ်ကို သေတော့မလိုပဲ"

ပြောရင်းဝင်ထိုင်၏။





"မင်းဘာယ်လိုလုပ်မလဲ လက်ကျန်လဲကုန်ပြီ"

"ငွေရှိလဲရှာဖို့ မလွယ်တော့ဘူး၊ အခုစစ်ဆင်ရေးဝင်နေတယ်တဲ့

...စ်ရက်သုံးရက် ယင်းကိုကျော်လိုက်ရင် ပြီးပြီကွာ၊ ငါအရမ်းကို ပြတ်ချင်

...… ဒါပေမယ့် မကျော်နိုင်ဘူး။ ခံရတာ သေမလောက်ပဲ"

ပြောပြီး ခုတင်ပေါ်လှဲချလိုက်သည်။

"မင်းကြည့်ရတာ အရမ်းချောင်ကျသွားတယ် နန္ဒ"

ကျော်ဝဏ္ဏက ပြောတော့…။

"အဲဒါ ငါတို့လောကစကားနဲ့ဆို ပြိုင်းသွားတာလို့ခေါ်တယ်ကွ"

ဟု မကြည့်ဘဲ နန္ဒကပြန်ပြောလိုက်၏။

နိုင်းမင်းညိုကတော့ စိတ်ပင်ပန်းစွာ မျက်နှာကို လွှဲလိုက်သည်။

✤ ✤ ✤

(၅)

တနင်္ဂနွေနေ့ပေမယ့် တိုးလွင်ထွန်းကတော့ အပြင်ထွက်သွားသည်။
ျော်ဝဏ္ဏနှင့် စိုးမင်းညိုတို့က ဘယ်မှမသွားဖြစ်။
နန္ဒအခြေအနေက အတော်လေး ဆိုးနေပြီထင်သည်။
သွေးဝမ်းတွေ ခဏခဏသွား၏။ ပါးစပ်ကလည်း အော်ဟစ်အကူအညီ
ာင်းနေသံမပြတ်။
"ငါထိုင်တဲ့ လက်ဖက်ရည်ဆိုင် သိတယ်မဟုတ်လား။ အဲဒီဘေးနားက

ကုန်စုံဆိုင်ရှေ့မှာကွာ။ လူတစ်ယောက်လဲနေတော့ အားလုံးက မူးပြီးလဲနေကြတာလို့ ပထမ ထင်တယ်။ လမ်းသွားလမ်းလာတွေကလဲ ငုံ့ကြည့်ပြီး ကျော်သွားတာပေါ့။

ငါက လှမ်းမြင်နေရတယ်။ သူလဲတာက ဦးကုန်းချနေသလိုမျိုး ရှေ့ကို ကုန်းကုန်းကြီးဝပ်လို့ကွ။

ခဏကြာတော့ လမ်းဖြတ်လာတဲ့ လူငယ်တစ်ယောက်က ဆံပင်ကနေ ဆွဲပြီး ခေါင်းကိုထူလိုက်တယ်။ ပြီးတော့ ပါးနှစ်ဖက်ကို ဖြန်းဖြန်းနဲ့ချလိုက်တာ တွေ့ရတယ်။

ဒီကောင် သူငယ်ချင်းချင်းဆိုလဲ တယ်ရက်စက်ပါလားလို့ ငါတို့ တွေးမိသေးတယ်။ အဲဒီလိုလဲ ရိုက်လိုက်ရော ချက်ချင်းသတိလည်ပြီး ထရပ်တာပဲမောင်…။

သူထရပ်တော့မှ သူ့လက်ထဲကအိပ်က ထွက်ကျလာတယ်။ စောစောက ရိုက်တဲ့ကောင်က လျှင်တယ်။ ကပျာကသီကောက်ပြီး အဲဒီကောင်ရဲ့ပုခုံးကိုဖက်ပြီးတော့ လမ်းကြားထဲ ဝင်သွားရော။ တွေ့တဲ့သူငယ်ချင်း တစ်ယောက်ယောက်က လာပြောလို့ ဟိုကောင်က လိုက်လာတာထင်တယ်”

စိုးမင်းညိုက သူတွေ့ခဲ့ဖူးတာကို ပြန်ပြောပြနေသည်။

“နေပါဦး ဘာလို့ အဲဒီလို မညှာမတာ ပါးပိတ်ရိုက်တာတဲ့လဲ”

“ငါလဲနားမလည်ဘူး။ ဒါပေမယ့် ငါနဲ့အတူ ထိုင်နေတဲ့ကောင်တွေထဲက နားလည်တဲ့လူတစ်ယောက်က ပြောတယ်။ အဲဒါ ထိုးလိုက်တာ





မူးသွားပြီး ဖြစ်တာတဲ့။ အဲဒီလို မညှာမတာ ရိုက်လိုက်မှ သတိပြန်လည်တတ်တာမျိုးတဲ့။ ဒီအတိုင်းလွှတ်ပေးထားရင် ကြာရင် သေရောတဲ့”

“ဒုက္ခပဲနော်၊ ဒီလိုသေတဲ့လူငယ်တွေ ဘယ်လောက်များပြီလဲမသိဘူး”

သူတို့ပြောနေစဉ် အခန်းရှေ့မှ ခင်အေးဆွေဖြတ်သွားတာ တွေ့လိုက်၏။

“ခင်အေးဆွေ ဘာလဲ”

ဟု စိုးမင်းညိုက လှမ်းမေးလိုက်၏။

အခန်းဝမှာရပ်ရင်း….

“ဘာမှမဟုတ်ဘူး ကိုနန္ဒလုံချည်တွေလျှော်ဖို့ သွားယူမလို့ ကိုစိုးမင်းညို”

“ဟာ… လျှော်လို့ဖြစ်ပါ့မလား”

ကျော်ဝဏ္ဏက ပြောသည်။

“သွေးဝမ်းတွေ သွားထားတာ ခင်အေးဆွေ”

“ကျွန်မသိတယ် ကိုစိုးမင်းညို… မနက်က သွေးဝမ်းတွေသွားလို့ လုံချည်တွေလဲ မလောက်တော့ဘူးလို့ ကိုနန္ဒ ကျွန်မကိုပြောတယ်။ ရပါတယ်။ ကျွန်မလျှော်ပေးမလို့”

စိုးမင်းညိုက ကျော်ဝဏ္ဏမျက်နှာကို ဖျတ်ခနဲကြည့်သည်။

“ပင်မင်းပေးရင်တော့ ရတယ်… ကြာမှာ”

“ပေးမနေပါနဲ့ ကျွန်မလျှော်မယ်”

ပြောရင်း ခင်အေးဆွေ နန္ဒအခန်းဘက် ဆက်လျှောက်သွားသည်။

ကျော်ဝဏ္ဏနှင့်စိုးမင်းညို ချက်ချင်းစကားမပြောဖြစ်ကြ။ အတွေးကိုယ်စီနှင့် ငေးနေမိကြပြန်၏။

✚✚✚



( ၆ )

နန္ဒအခြေအနေကိုကြည့်ပြီး စိုးမင်းညိုက ကျော်ဝဏ္ဏကို တိုင်ပင်သည်။

"ဒီအတိုင်းထားလို့တော့ မရတော့ဘူးဝဏ္ဏ။ ဒါမျိုးက ဆရာဝန်မှ နားလည်မှာ"

"ဘယ်လိုလုပ်မလဲ"

ဟု ကျော်ဝဏ္ဏကမေးသည်။

"အမှန်ကတော့ အားဆေးတွေဘာတွေသွင်း၊ ပြီးတော့ အဲဒီပစ္စည်းနဲ့ အနီးသင်ဆင်တဲ့ အစားထိုးဆေးတွေ ဘာတွေနဲ့ ကုရတာလို့ ငါကြားဖူးတာပဲ။ ဒီမှာပိုက်ဆံရှိလို့ ဆရာဝန်ခေါ်ကုရင် မကောင်းဘူး။ ဒီလိုလုပ်မလား"

"ပြော မင်းညို"

"သူ့ဦးလေးအရင်းအိမ် ငါရောက်ဖူးတယ်။ အဲဒီကိုသွားပြောကြမလား"

"ကောင်းသားပဲ"

"ဒီကောင်သိရင်တော့ အတင်းငြင်းမှာ၊ ဒီကောင်က တို့နဲ့ အရမ်းပျော်တာ၊ ဟိုကိုသွားချင်မှာ မဟုတ်ဘူး"

"ဘယ်တတ်နိုင်မလဲကွာ၊ သူ့အကျိုးအတွက်ပဲ"

"ဒါဆိုမင်းနဲ့ငါ သွားကြမယ်"

သူတို့နှစ်ယောက်တိုင်ပင်ကြပြီး၊ မြို့ထဲမှ နန္ဒဦးလေးအိမ်ကို ပြောလိုက်သည်။

နန္ဒဦးလေးကို ဘာမှမခြွင်းမချန်ဘဲ သူတို့နှစ်ယောက် ပြောပြလိုက်၏။ သွေးဝမ်းသွားနေပြီဆိုတော့ နန္ဒဦးလေးနှင့်အဒေါ်က အရမ်းလန့်သွားသည်။ သူတို့ရှေ့မှာပင် နယ်မှနန္ဒမိဘများထံ ဖုန်းဆက် အကြောင်းကြားလိုက်၏။

"ဦးလေးဒီညပဲ နန္ဒဆောင်ကိုလာခေါ်မယ်ကွာ။ သူ့မိဘတွေလဲ ဒီည ကားနဲ့ဆင်းလာကြလိမ့်မယ်။ အခုတော့ ဆရာဝန်အသိတစ်ယောက်အိမ်ကို သွားတိုင်ပင်လိုက်ဦးမယ်"





"ကောင်းပါတယ်ဦး၊ ကျွန်တော်တို့ကိုလဲ လိုအပ်လို့ ခိုင်းစရာရှိရင် ခိုင်းပါ"

ကျော်ဝင္ကက ပြောရင်း သူတို့နှစ်ဦးမတ်တတ်ရပ်ကာ နှုတ်ဆက်သည်။ ပြီးတော့ နန္ဒဦးလေးအိမ်မှ ပြန်လာခဲ့ကြတော့၏။

* * *

ညရောက်တော့ နန္ဒကို ကားနှင့်လာခေါ်သည်။ နန္ဒက ဝမ်းသွားလွန်းအားကြီးပြီး ပျော့ခွေနေ၏။

"ငါဘာဖြစ်လို့ဒီမှာမနေရမှာလဲ"

ဟု နှုတ်မှ ခပ်တိုးတိုးပြောသံ ကြားရသေးသည်။

"မင်းအဖေနဲ့အမေ မနက်ဖြန်ရောက်မယ်ကွ။ အဲဒါကြောင့် လာခေါ်တာ။ ပြီးတော့ ဦးလေး နန္ဒကိုလဲ ဆေးကုပေးချင်လို့"

နနှဦးလေးက ချော့ပြီးပြောသည်။

နနှ ကားနင့်ပါသွားတော့ ခင်အေးဆွေ မျက်ရည်ဝေနေတာ သူတို့ မြင်၏။

✤✤✤



(၇)

"ဟာ...အစ်ကို"

အိမ်ရောက်တော့ အောက်ထပ်မှာအဝတ်လျှော်ပြီး လှမ်းနေသည့် ခင်အေးဆွေကိုတွေ့သည်၊

"ခင်အေးဆွေ အစောကြီးပါလား"

"ဟုတ်တယ်အစ်ကို အလုပ်မရှိတာနဲ့ အဝတ်လျှော်ချင်လို့ နည်းနည်းစောပြီး ပြောပြန်လာခဲ့တာ"

"မင်းညို ပြန်လာသေးလား"

မနက်က သူနှင့်အတူ မင်းညို အပြင်ကိုထွက်သည်။

"ခင်အေးဆွေရောက်ပြီးမှ ကိုစိုးမင်းညိုက လှည်းတန်းကိုထွက်သွားတာအစ်ကို"

"သော် သော်…"

အပေါ်ထပ်လှေကားကိုတက်သည်။ တစ်ထစ်ပြီးနှစ်ထစ်တက်ပြီးမှ

"အစ်ကို နန္ဒဆီရောက်ခဲ့တယ် ခင်အေးဆွေ"

"ဟုတ်လားအစ်ကို ဘယ်လိုနေလဲ"

လှေကားဆီကိုလျှောက်လာရင်း ခင်အေးဆွေကမေးသည်။

"အတော်ကြီးသက်သာတယ် ခင်အေးဆွေ၊ ထူထူဝေတင်ထောင်ငါ မင်းတို့ကို အရမ်းလွမ်းတယ်ကွာတဲ့၊ ခင်အေးဆွေကိုလဲ ပြောလိုက်ပါဦး မှာလိုက်တယ်"

"ဟယ်…ဒီတစ်ခါသွားရင် ခင်အေးဆွေကိုခေါ်အစ်ကို"

"အေးပါ…ဒီတစ်ခါက ကြုံလို့ဝင်လိုက်တာ"

ပြောရင်း ကျော်ဝင်းထွ အပေါ်ထပ်ကို တက်ခဲ့၏။

* * *





နွေလေသည် ဖွင့်ထားသည့်ပြတင်းမှ ဝင်လာသည်။

ကျော်ဝင်းထွက မျက်နှာကို ပဝါဖြင့်သုတ်ရင်း အခန်းဝဆီသို့ လျှောက်သည်။ ပြီးတော့…..

"ခင်အေးဆွေ…ခင်အေးဆွေ ခဏ"

ဟုခေါ်လိုက်၏။

"လာမယ်အစ်ကို ခဏလေး"

အောက်ထပ်ကပြန်ထူးသံကို ကြားလိုက်ရသည်။ ကျော်ဝင်းထွက စားပွဲဘေးမှာရပ်ရင်း စောင့်၏။

"ဘာလဲအစ်ကို"

"ခဏလေး ခင်အေးဆွေ၊ ဒီကိုလာပါဦး"

ခင်အေးဆွေနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် လှည့်လိုက်ရင်း ခေါ်လိုက်သည်။ ခင်အေးဆွေက ကျော်ဝင်းထွရှေ့နားမှာ လာရပ်၏။

"ရော့.. အစ်ကိုဝယ်လာတာ"

လက်ထဲမှ ဘူးအနီကလေးကို လှမ်းပေးလိုက်ရင်း ပြောသည်။

"ဘာလဲအစ်ကို"

လှမ်းယူရင်းမေးသည်။

"ဖွင့်ကြည့်လေ"

ခင်အေးဆွေက ကတ္တီပါဘူးအနီလေးကို ငုံ့ကြည့်ရင်း ဖွင့်လိုက်၏။

"ဟာ..နားကပ်ကလေး"

ကျောက်မပါဘဲ ရွှေရည်သက်သက်ဖြင့် လုပ်ထားသည့်နားကပ်ကလေးကို ဘူးထဲမှာ တွေ့ရသည်။

"အစ်ကိုဘာလို့ ဝယ်လာတာလဲ"

ဘူးလေးကို လက်ဖြင့်ဆုပ်ကိုင်လျက် ကျော်ဝဏ္ဏကို မော့ကြည့်ရင်း ခင်အေးဆွေပြောသည်။

"အစ်ကို့ကို ဒီနေ့အိမ်ကငွေ ပို့လိုက်တယ်လေ။ ခင်အေးဆွေမှာ နားကပ်မရှိတာ သတိရရင်း ဝယ်လာခဲ့တာ။ နန္ဒအတွက်လဲ မုန့်နဲ့ပန်းသီး ဝင်ပေးခဲ့တယ်"

"အစ်ကိုရယ်၊ခင်အေးဆွေက နေတတ်ပါတယ်၊ နောက်လဆို နားကပ်ဝယ်မယ်လို့တောင် ခင်အေးဆွေ စဉ်းစားနေသေးတယ်"

"အစ်ကို မကစားတော့တူးဆိုတော့ အိမ်ကပို့လိုက်တဲ့ငွေက ပိုနေတာပဲလေ"

ခင်အေးဆွေက လက်ထဲက ဘူးအနီလေးကိုဖွင့်ကြည့်ပြန်၏။

"အမှတ်တရ အစ်ကိုကိုယ်တိုင် ဝတ်ပေးမယ်လေ"

ခင်အေးဆွေက မော့ကြည့်ပြုံးပြရင်း ခေါင်းညိတ်၏။ ပြီးတော့ ဘူးကလေးကို ကျော်ဝဏ္ဏအား လှမ်းပေးလိုက်သည်။

ဘူးထဲမှ နားကပ်ကလေးတစ်ဖက်ကို ထုတ်ယူပြီး ဘူးကို စားပွဲပေါ်





င်၏။

ခင်အေးဆွေ၏ နားသယ်ဆံစကို သိမ်းပေးသည်။ ကျော်ဝဏ္ဏက င်းငုံ့ပြီး ခင်အေးဆွေ၏ နားရွက်ကလေးကို လက်တစ်ဘက်ဖြင့်ကိုင်ကာ ကပ်ကို ဝတ်ပေးလိုက်သည်။

နောက်နားကပ်တစ်ဖက်ကို စားပွဲပေါ်မှ လှမ်းယူလိုက်သည်။ ပြီးတော့ အေးဆွေ၏ နားတစ်ဖက်မှာ ဝတ်ပေးနေလိုက်၏။ ခင်အေးဆွေ၏ အသက် ကို သူကြားနေရသလိုပင်။ ခင်အေးဆွေ၏ ထွက်သက်လေ ပူပူနွေးနွေးသည် ည့်ပင်းတစ်ပိုက်ကို လာရောက်ထိတော်နေလေသလား။ သူက တံတွေးကို ိုက်ရင်း ရင်အခုန်ကို ထိန်းချုပ်သည်။

"ခင်အေးဆွေ"

လက်နှစ်ဖက်ဖြင့် ပခုန်းကို ရုတ်တရက်ဆုပ်ရင်း သူခေါ်လိုက်၏။ ကို ဆွဲကိုင်လိုက်စဉ် ခင်အေးဆွေသည် သူ့လက်ထဲမှာ ကျောက်ရုပ်တစ် ယ် ငေးကြောင်လျက်....။

"ခင်အေးဆွေ...ခင်အေးဆွေကို အစ်ကိုသိပ်ချစ်တယ်"

သူ့အသံက လှိုက်လှဲ၍ ရင်ထဲကထွက်လာသည်။ အသံက လှုပ်လှုပ် က်ဖြစ်နေသလို...။

ပြောပြီး ခင်အေးဆွေကို သူ သိုင်းဖက်လိုက်မိတော့၏။ ခင်အေးဆွေက င်ထဲမှာ ခေါင်းကိုအပ်ထားလိုက်သည်။ ခင်အေးဆွေကိုဖက်၍ မျက်စိကို းလိုက်စဉ်မှာ ခင်အေးဆွေထံမှ ရှိုက်သံသဲ့သဲ့ကို ကြားရတော့၏။

"ဘာလို့ငိုရတာလဲ ခင်အေးဆွေရယ်"

သူက တီးတိုးပြောလိုက်သည်။

သူပြောလိုက်ပါမှ ခင်အေးဆွေက ရှိုက်ကြီးတငင် ငိုလိုက်ပြန်တော့ တသိမ့်သိမ့်ခါနေသည့်ကျောကို သူက သပ်၍နှစ်သိမ့်ပေးရင်း....

"မငိုပါနဲ့ ခင်အေးဆွေရယ်"

ဟုသူချော့သည်။

"အစ်ကိုရယ်"

ခင်အေးဆွေ၏အသံမှာ ရှိုက်သံနှော၏။ မောသံပါသည်။ သူ့ရင်
လက်ဖြင့်တွန်းရင်း ခွာလျက် မျက်ရည်ကိုသုတ်၏။

"အစ်ကို ခင်အေးဆွေကို တကယ်ချစ်တယ်ဆိုတာယုံပါ"

ကျော်ဝဏ္ဏက ခင်အေးဆွေ၏ နဖူးဆံစကို ခပ်ဖွဖွနမ်းရင်း တီး
ပြောလိုက်သည်။

ခင်အေးဆွေက သူ့ရင်မှာ မျက်နှာအပ်ရင်း နောက်ထပ်ငိုရှိုက်
တော့၏။

✤ ✤ ✤



( ၈ )

ညကတစ်ညလုံး ကျော်ဝဏ္ဏ အိပ်မပျော်။ ပြတင်းကိုဖြတ်၍ ကျလာ
ည့် နွေလရောင်က အိပ်ရာပေါ်ကွက်တိကွက်ကျား။ လေအတိုက် အုန်းရွက်
ာ်သံတို့ကို အတိုင်းသားကြားနေရပြန်သည်။

လှုပ်ရှားစိတ်၊ ဒေါသစိတ်ဖြင့် ရင်သည် ဗလောင်ဆူ၏။ တိုးလွင်ထွန်း
တော့ အခုလောက်ဆို မှုးမှုးနှင့်အိပ်ပျော်သွားလောက်ပြီ။ တိုးလွင်ထွန်း
ပေါ်မှာ သူက သည်လောက် ဘယ်တုန်းကမှ ဒေါသမဖြစ်ခဲ့စဖူး။

သူမှုးနေလို့ ဖြစ်တာပါကွာဟု စိုးမင်းညိုကတော့ နှစ်သိမ့်စကား ဆို
သည်။

သူနှင့် စိုးခင်ညိုတို့စကားပြောပြီး စိုးမင်းညို သူ့အခန်းထဲသွားေ
အိပ်တော့မည်ဟု ခြင်ထောင်ချသည်။ ပြီးတော့မီးမှိတ်လိုက်သည်။ ခဏေ
ကြာတော့ အောက်ထပ်က ဆူဆူညံညံအသံတွေ ကြားလိုက်ရ၏။ ပထမတံ
ကို တဒုန်းဒုန်းထုသံ။ နောက်ခင်အေးဆွေ၏အသံ။

“ရှင်ကျွန်မကို ဘာလို့ ဒီလောက်အထင်သေးရတာလဲ ကိုတိုးလွ
ထွန်း။ ကျွန်မအသေခံသွားမယ်သိလား”

“ကောင်မက အခုမှ ကြီးကြီးကျယ်ကျယ်”

စကားသံတွေ ဗလုံးဗထွေးကြောင့် အိပ်ရာမှ လူးလဲထကာ အခ
ထဲမှ ထွက်၏။ အခန်းဝအရောက်မှာ စိုးမင်းညိုကိုပါ တွေ့သည်။ စိုးမင်းညို
သူ အောက်ထပ်ဆင်းခဲ့၏။

ခင်အေးဆွေ၏ အခန်းဝမှာ တံခါးပေါင်ကို လက်ထောက်လျက်ရပ်
သော တိုးလွင်ထွန်းကို ပထမတွေ့သည်။ တိုးလွင်ထွန်းနှင့် မျက်နှာချင်းဆိုင်
ခင်အေးဆွေ။

အနားရောက်လာတော့ ခင်အေးဆွေ၏ ဒေါသမျက်နှာကို မြင်သည်
ဘာဖြစ်ကြတာလဲဟု ကျော်ဝဏ္ဏက မေးလိုက်၏။

“ကိုတိုးလွင်ထွန်း အခန်းတံခါးကို ထုတယ်။ လန့်နိုးပြီးဖွင့်ပေ
လိုက်တော့၊ သူဒီမှာ အိပ်မယ်ပြောတယ်။ ဒါသက်သက်စော်ကားတာ။ မူးထ





တဲ့အမူးသမားတစ်ခုအပေါ်မှာ အခွင့်အရေးယူချင်တာ၊ ဒါ သက်သက်...”

ခင်အေးဆွေက ငိုသံထက်ဝက်နှင့် ပြောလိုက်၏။

“တိုးလွင်ကလဲကွာ”

“အဲဒါမင်းတို့ကြောင့်၊ ဒီကောင်မ အခုမှ ဖင်ခေါင်းကျယ်နေတာ”

မူးသံနှင့် တိုးလွင်ထွန်းပြောသည်။

“တိုးလွင် လာလာ အပေါ်တက်မယ်။ မင်းအရမ်းမူးနေတယ်”

စိုးမင်းညိုက ပုခုန်းကိုဖက်ပြီး ဆွဲခေါ်သည်။

“ဒီလိုကောင်မမျိုးအခန်းကို ခေါက်တာ ငါ့မှာအပြစ်ရှိလားမင်းညို”

လှေကားပေါ်တက်ရင်း တိုးလွင်ထွန်းက အသံမပီမသဖြင့် ပြောသွား
သေး၏။

“တော်ပြီအစ်ကို တော်ပြီ ခင်အေးဆွေ အဆောင်ရှာမယ်”

“ခင်အေးဆွေကလဲကွာ၊ သူမူးလို့ပါ”

“မဟုတ်ဘူးအစ်ကို မဟုတ်ဘူး၊ သူ ခင်အေးဆွေကို ကြည့်မရကို
ဖြစ်နေတာ။ သူက အရင်တွေ့ရတဲ့ ခင်အေးဆွေလိုပဲ ကျွန်မကို ဆက်ဆံချင်
တာ။ ခင်အေးဆွေ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးဖြစ်နေတာကို
ကြည့်ချင်တာမဟုတ်ဘူး”

“အဲလိုလဲ မဟုတ်ပါဘူးကွာ”

“အစ်ကိုတို့ ရင်းရင်းနှီး ခင်မင်မှုတွေကို ခင်အေးဆွေ လုယူသွားပြီ
ဘင်ပြီး သူခင်အေးဆွေကို မနာလိုတဲ့ စိတ်ဓာတ်ရှိတာ ခင်အေးဆွေ သိတယ်”

"တိုးလွင်အစား အစ်ကိုတောင်းပန်ပါတယ် ခင်အေးဆွေရေး၊ အိပ်တော့ မောင် အိပ်တော့"

ကျော်ဝဏ္ဏက ခင်အေးဆွေ နဖူးကိုငုံ့နမ်းရင်း ပြောလိုက်၏။

ပြီးတော့အပေါ်ထပ်ကို ပြန်တက်ခဲ့၏။

စိုးမင်းညိုက သူ့အခန်းမှစောင့်နေသည်။

✤✤✤

# (၉)

ခင်အေးဆွေ အလုပ်သွားပြီးတော့ သူတို့သုံးယောက် လက်ဖက်ရည်ဆိုင် ကို ရောက်သည်။

လက်ဖက်ရည်မှာပြီးချိန်မှာ....

"ညက ငါ့ကိုမင်း စိတ်ဆိုးလားကျော်ဝဏ္ဏ"

ဟု တိုးလွင်ထွန်းက စကားစ၏။

"ညက မင်းအရက်မူးနေတယ်"

စိုးမင်းညိုကပြောသည်။

"မူးလို့လုပ်တာမဟုတ်ဘူး မင်းညို၊ မမူးခင်ကတည်းက ငါဒီလိုလုပ်ဖို့ စိတ်ကူးရှိတယ်။ ဒါအမှန်ပဲ"

"ဘာဖြစ်လို့ မင်းဒီလိုစိတ်ကူးတာလဲ တိုးလွင်"

ကျော်ဝဏ္ဏက မေးလိုက်ရင်း စီးကရက်ကို မီးညှိသည်။

"ငါပြောသားပဲ။ ခင်အေးဆွေကို မင်းတို့ဆက်ဆံသလို မဆက်ဆံနိုင်ဘူး"

"အဲဒါ ဘာကြောင့်လဲ သူအခု တည်တည်ငြိမ်ငြိမ်နဲ့ ရှိနေပြီပဲ"

"မဟုတ်ဘူး ဟန်ဆောင်နေတာလို့ ငါထင်တယ်။ ပြီးတော့ ငါအမှန်အတိုင်းပြောမယ်ဝဏ္ဏ"

"ပြော"

"မင်းသူ့အပေါ်မှာထားတဲ့သဘောထားကို ငါမကြိုက်ဘူး"

"ဟင်"

ကျော်ဝဏ္ဏက အံ့ဩနားမလည်ဟန်ကို ပြသည်။

"မင်းသူ့ကို သံယောဇဉ်ရှိရုံတင်မကဘူး… မင်း သူ့ကိုချစ်နေပြီ… အဲဒါ ငါမကြိုက်ဘူး"

"ဘာဖြစ်လို့လဲ တိုးလွင်"

"ဘာဖြစ်ရမှာလဲကွာ။ ငါ သူနဲ့ မင်းကို သဘောမတူနိုင်ဘူး။ သူ့လို မိန်းမတစ်ယောက်ကို မင်းမချစ်သင့်ဘူး"

ကျော်ဝဏ္ဏက ဆေးလိပ်မီးခိုးကို မှုတ်ထုတ်လိုက်သည်။





"ဒါကတော့ တိုးလွင် အချစ်ပဲကွာ၊ နှလုံးသားကိစ္စပဲ။ ချစ်သင့်မှ ချစ်မယ်၊ မချစ်သင့်ရင် မချစ်ဘူးလို့ စဉ်းစားနိုင်တာ တစ်ခုလောက်ပဲ"

စိုးမင်းညိုက ဝင်ပြောလိုက်၏။

"တန်ရာတန်ကြေးထက် မင်းပိုပေးနေတယ်လို့ ငါကထင်တယ်ဝဏ္ဏ ပြီးတော့ မိန်းမကလေးတွေနဲ့ပတ်သက်တဲ့အတွေ့အကြုံ မင်းမှာ ဘာမှမရှိဘူး။ မင်း ငါ့ကို စိတ်ဆိုးချင်ဆိုး၊ ငါ ညက အခန်းခေါက်ပြီးဝင်အိပ်မယ် ပြောတာကို သူလက်ခံခဲ့ရင်။ ဒီနေ့ ဒီကောင်မကို ငါအိပ်ပေါ်က နှင်ချမလို့။ မင်းအတွက် သက်သေပြချင်လို့ နားလည်လားဝဏ္ဏ"

"ငါ မင်းစေတနာကို နားလည်တယ် တိုးလွင်… ခင်အေးဆွေနဲ့ ပတ်သက်ရင် မင်းက ငါ့အတွက် စိုးရိမ်တယ်။ ဒါကို ငါသိတယ်။ ငါတစ်ခု တောင်းပန်ချင်တာကတော့ ခင်အေးဆွေကို အရင်တုန်းကကိစ္စတွေ မင်း မေ့လိုက်ပါကွာ။ သူမှားခဲ့တာတွေကို ငါတို့က မေတ္တာစေတနာနဲ့ ခွင့်လွှတ်လိုက်ပါလား"

"ဟာ..ငါ့ရည်းစားမှမဟုတ်တာ၊ ငါကခွင့်လွှတ်စရာ ဘာမှမလိုဘူး"

ရေနွေးကြမ်းကိုငုံ့ရင်း…

"တိုးလွင်ရာ မင်းကလဲ စိတ်နည်းနည်းလျှော့လိုက်ပါ။ သူ့ကို ရဲဘော်ရဲဘက်လို၊ သူငယ်ချင်းလို သဘောထားနိုင်အောင် ကြိုးစားကွာ"

ဟု စိုးမင်းညိုက ဝင်ပြောလိုက်၏။

✤ ✤ ✤

( ၁၀ )

ခင်အေးဆွေက ကျော်ဝဏ္ဏရှေ့မှာရပ်ရင်း တုန်တုန်လှုပ်လှုပ်ဖြစ်နေသည်။ ချက်ချင်းဘာပြန်ဖြေရမှန်းမသိအောင် မှင်တက်မိသလိုဖြစ်နေ၏။ ကျော်ဝဏ္ဏဒေါသထွက်တာကို သူမ သည်နှယ်မကြုံခဲ့ဖူး။

"ပြောလေ ခင်အေးဆွေ မင်း တင်မောင်ဦးနဲ့ ဗိုလ်ချုပ်ဈေးသွားတယ်ဆိုတာ ငြင်းချင်သေးလား"

မျက်နှာတစ်ခုလုံး ဒေါသဖြင့် ရဲနေသလို။

"မဟုတ်ကူးအစ်ကို မဟုတ်ဘူး"

"မင်းငါ့ကို မညာနဲ့ ခင်အေးဆွေ"

ဒေါသဖြင့်အော်ရင်း ဝုန်းခနဲ ထရပ်သည်။

"ခင်အေးဆွေအမှန်အတိုင်း ပြောမယ်အစ်ကို၊ ဗိုလ်ချုပ်ဈေးကို အကျီ အပ်ဖို့ ခင်အေးဆွေ ထမင်းစားအားချိန်မှာ မနေကသွားတယ်… အဲဒီလူက ခင်အေးဆွေနောက်က လိုက်လာခဲ့တာ"

"မင်း သူ့ကို မသိဘူးလား"

"တကယ်မသိတာပါ အစ်ကို"

"ဘာလို့မသိရမှာလဲ။ တိုးလွင်ထွန်းတို့ သူငယ်ချင်း၊ မင်းတို့စားသောက်ဆိုင်တွေကို ခဏခဏသွားနေကျ လာနေကျကောင်၊ မင်းနဲ့ သိကိုသိရမယ်"

"တကယ်မသိတာပါ အစ်ကို"

ခင်အေးဆွေက ပြောရင်းကျော်ဝဏ္ဏမျက်နှာကို စူးစိုက်ကြည့်၏။ ကျော်ဝဏ္ဏက အကြည့်ကိုလွှဲသည်။

"ဒါဆို ဈေးထဲမှာ ဘာလို့ အတူယှဉ်လျှောက်သွားရတာလဲ။ ပြီးတော့ ဆိုင်ရှေ့ရောက်တော့ဘဲ အတူတူ။ ကဲ မဟုတ်ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်အစ်ကို"

"ဒါ မင်းသဘောမတူပဲ ဆိုင်အထိ ဘယ်လိုပါလာသလဲကွ။ ဘယ်လို ပါလာသလဲ"

ဒေါသဖြင့်ပေါက်ကွဲရင်း အော်သည်။

ခင်အေးဆွေထံမှ ရှိုက်သံသဲ့သဲ့ ထွက်လာတော့၏။





"ခင်အေးဆွေနောက်ကို သူက တောက်လျှောက်လိုက်လာခဲ့တာ အစ်ကို။ ခင်အေးဆွေသီချင်းဆိုတာ သဘောကျတဲ့အကြောင်း။ ပန်းကုံးတက် ပ်ရင်း မိတ်ဆက်ခဲ့ဖူးကြောင်းတွေ ပြောတယ်။ သူ့ကို လူတွေကြားမှာမို့ င်အေးဆွေ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်တော့ မအော်လိုက်မိဘူး။ ဆိုင်ရှေ့ ကိုရောက်တော့လဲ သူ ရပ်စောင့်နေတယ်။ ဆိုင်ကလူတွေရှေ့မှာ ရှက်လို့ ဘာမှမပြောဖြစ်ဘူး"

"အဲဒါနဲ့"

"ဆိုင်ကပြန်တော့ သူက အခု ဘယ်မှာသီချင်းဆိုလဲ၊ ရုပ်ရှင်ကြည့် အောင်၊ တစ်ခုခုစားရအောင်လို့ ခေါ်တယ်အစ်ကို။ ဒါပဲ"

"မင်းက အဲဒါကို ငြိမ်နေလား"

"ဈေးထဲကထွက်လို့ လူရှင်းတဲ့နေရာရောက်တော့မှ၊ ကျွန်မ သီချင်း ဆိုတော့ဘူး၊ နောက် ကျွန်မကို ဒီလိုလိုက်နှောင့်ယှက်ရင် ရဲကိုတိုင်ရလိမ့် ယ်။ ရှင် ကျန်ခဲ့ပါလို့ ခင်အေးဆွေ ပြောလိုက်တယ်။ သူကျန်ခဲ့တယ်။ ဒါပဲအစ်ကို။ ခင့်အေးဆွေမှာ ဘာအပြစ်ရှိလဲ"

"အဲဒီကောင်က မိန်းမသိပ်ရှုပ်တဲ့ကောင် မင်းသိလား"

စားပွဲကို လက်သီးနှင့်ထုရင်း ပြောလိုက်၏။

"ဒီမှာအစ်ကို.. အစ်ကို ခင်အေးဆွေကို မယုံဘူးမဟုတ်လား။ ခင်အေး အပေါ်မှာ ဒီလိုပဲ သံသယတွေဝင်နေတော့မှာလား၊ ခင်အေးဆွေ အရမ်း ည်းတယ်"

ပြောရင်း ငိုသံပါလာသည်။ ငိုသံနောက  ်သံထွက်လာတော့၏

ကျော်ဝဏ္ဏ၏ သက်ပြင်းချသံသည် ခင်အေးဆွေး  ့နှင့် ရောနေပြန်သည်။

"ခင်အေးဆွေကို အစ်ကိုချစ်လို့ အစိုး  ့ဘူးတာပါ"

ပခုံးကိုဆုပ်ကိုင်ရင်း ကျော်ဝဏ္ဏအသံဖွ  ာ၏။

ခင်အေးဆွေကတော့ ရှိုက်နေဆဲ။

နေ့လယ်က ဗိုလ်ချုပ်ဈေးထဲမှာ တင်မေ  ခင်အေးဆွေကို

တိုးလွင်ထွန်းက တွေ့လာသည်။

ညရောက်တော့ တိုးလွင်ထွန်းက ကျော်ဝ  ါပြလိုက်၏

တခြားယောကျ်ားတစ်ယောက်ဖြစ်ပါက ကျော်ဝဏ္ဏ  ာက်စိတ်

သွားမည်မထင်။ တင်မောင်ဦးဆိုတာ ကျောင်းကတည်း  သီ၊ တိုးလွ

သူငယ်ချင်း။ မိန်းမကိစ္စမှာ အထူးတလည် နာမည်ကြီး  ့မှုဆိုး...။

သည်လိုလူနှင့်အတူ တွေ့ရပြီဆိုတော့ ကျော်ဝဏ္ဏ ဆွေ  ည်။

တိုးလွင်ထွန်း ညက ပြန်ရောက်တာနောက်ကျ  ွင်ထွ

ပြန်ရောက်တော့ ခင်အေးဆွေအိပ်နေပြီ။

ညတွင်းချင်းမေးမည်ဟု ဆိုသဖြင့် စိုးမင်းညိုက ကျော်ဝဏ္ဏကို မနည်

တားထားခဲ့ရ၏။

သည်မနက်တော့ သူ့ဒေါသ ပေါက်ကွဲရတော့သည်။

✤✤✤



( ၁၁ )

တနင်္ဂနွေမနက်မို့ ကျော်ဝဏ္ဏက ခင်အေးဆွေနှင့်အတူ ဈေးလိုက်သွား

ည်။

ဈေးကပြန်လာကြတာကို ကြည့်ရင်း တိုးလွင်ထွန်းက စိုးမင်းညိုကို

ေ့ါပြ၏။

"မရတော့ဘူးထင်တယ် မင်းညို၊ ဒီကောင်က မိန်းမတွေ့ဖူးတဲ့ကောင်

ာ်ဘူး။ ငါလဲ ဒီထက်အမုန်း ပြောစရာမရှိတော့ဘူး"

တိုးလွင်ထွန်းက ပြောသည်။

"ခင်အေးဆွေရော ဝဏ္ဏပါ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတာကွ တိုးလွင်၊ ငါယုံတယ်။ ဒီကောင်က ချစ်သူဘဝရောက်နေတာတောင်၊ တစ်အိမ်တည်းနေပြီး အရှမ်းစည်းထားတဲ့ကောင်"

တိုးလွင်ထွန်းကို စိုးမင်းညိုက ပြောလိုက်၏။

"ငါ အဲဒါပြောတာပေါ့ကွ၊ လိုတာထက်ပိုပြီး ဒီကောင်က အမြတ်တနိုးလုပ်နေတာ။ ဟိုကောင်မက တင်မောင်ဦးလိုအလည်နဲ့ တွဲမိသွားရင် ဒီကောင်ခံရမယ်"

"ခင်အေးဆွေ ဒီလောက်ထိတော့ မပက်စက်ဘူး ငါယုံကြည်တယ် တိုးလွင်…"

ခင်ခင်အေးဆွေနှင့်ကျော်ဝဏ္ဏတို့ အိမ်ထဲဝင်လာတော့ သူတို့စကားပြောတာ ရပ်လိုက်သည်။

"ငါ အောက်ဆင်းကူလိုက်ဦးမယ်"

"မင်းညိုရာ ဒီနေ့ မင်းလုပ်စရာမလိုဘူး၊ ဟိုကောင် ကူလုပ်မှာပေါ့"

"အေးဟုတ်သားပဲ…ဒါပေမယ့် ဆင်းတော့မေးလိုက်ဦးမယ်"

ပြောပြီး စိုးမင်းညို အခန်းထဲက ထွက်ခဲ့သည်။

သူလှေကားက ဆင်းလာချိန် ကျော်ဝဏ္ဏနှင့်ခင်အေးဆွေက မီးဖိုချောင်ထဲမှာ။

အောက်ထပ်ရောက်စဉ် အပြင်ကိုလှမ်းကြည့်ရင်း အံ့သြသွား၏။ ခေ…သူကြောင်နေမိသည်။ ပြီးတော့မှ…





"နန္ဒ… ယောကောင်နန္ဒ…"

ဟုပါးစပ်မှထွက်သွားရင်း နန္ဒဆီပြေးသွားသည်။ ပြီးတော့နန္ဒကို သူ…်ထားလိုက်မိ၏။

"မင်းနေကောင်းသွားပြီ ဟုတ်လား။ အရှမ်းပိန်သွားတယ်ကွာ။ …ကောင်တွေ..ဒီမှာ နန္ဒပြန်လာပြီကွ။ နန္ဒပြန်ရောက်လာပြီ"

အသံကိုမြှင့်၍ စိုးမင်းညိုက အားရဝမ်းသာ အော်လိုက်၏။ သူ့အော်သံ…ကြောင့် အပေါ်ထပ်မှ တိုးလွင်ထွန်းပြေးဆင်းလာသည့်ခြေသံကို ကြားရသည်။ …ကျော်ဝဏ္ဏနှင့်ခင်အေးဆွေလည်း မီးဖိုချောင်ထဲမှ ထွက်လာကြ၏။ ခင်အေးဆွေ…လက်မှာ ကန်စွန်းရွက်စည်းကြီးကို ကိုင်လျက်နှင့်…

"နန္ဒသူငယ်ချင်း မင်းနေကောင်းသွားပြီ။ နည်းနည်းပြန်ပြည့်လာ…"

"အသားတွေဖြူလာတယ်ကွ"

"ကိုနန္ဒဆီ မရောက်တာ ခင်အေးဆွေကိုခွင့်လွှတ်နော်။ အမြဲတော့…ရနေတာ"

တစ်ယောက်တစ်ပေါက်ပြောရင်း နန္ဒကိုဖက်ယမ်း နှုတ်ဆက်နေကြ၏။

"လာထိုင်ကွာ။ မင်း ခရီးလာတာလား"

ကျော်ဝဏ္ဏက အောက်ထပ်မှာ ထိုင်ရင်းမေးသည်။

အောက်ထပ်က ထိုင်ခုံတန်းလျားမှာ သူတို့ဝင်ထိုင်လိုက်ကြသည်။

"ငါလစ်ထွက်လာတာ"

နန္ဒကပြောတော့ သူတို့ခေတ္တကြောင်သွားသည်။ နန္ဒကိုငေးကြည့်နေမိကြ၏။

"မင်းတို့ရောက်မလာတာလဲ ကောင်းတယ်။ ရောက်လာရင်လဲ တံခါးဖွင့်ပေးမှာမဟုတ်ဘူး။ ငါ့ကို အပြင်ကသူငယ်ချင်းတွေနဲ့ မတွေ့ရဘူးတဲ့။ ပြီးတော့ ငါလဲ အပြင်မထွက်ရဘူး။ သော့ခတ်ပြီး အပေါ်ထပ်မှာထားတာ"

"ဘာဖြစ်လို့လဲ"

တိုးလွင်ကမေးသည်။

"အပေါင်းအသင်းတွေနဲ့ အဆက်ပြတ်အောင်ပေါ့ကွာ။ ဒီကိစ္စမျိုးက အပေါင်းအသင်းတွေရင် ပြန်ငြိသွားတတ်တာပဲ"

ဟု စိုးမင်းညိုက ရှင်းပြလိုက်၏။

"အားလဲ နည်းနည်းပြန်ပြည့်လာတယ်။ ယင်းလဲမရှိတော့ပါဘူး။ ဒါပေမယ့် ငါ့စိတ်တွေ ကယောက်ကယက်ဖြစ်နေတယ်ကွာ။ ညညလဲ အိမ်အေးတွေအများကြီးသောက်မှ ခဏလေးအိပ်ပျော်တာ"

"ဒါအစမို့ နေမှာပါကွာ"

ကျော်ဝဏ္ဏကပြောသည်။

"ကိုနန္ဒ၊ လစ်ထွက်လာလား၊ ဘယ်လိုလာလဲ၊ ရောက်မှတော့ ခေါင်းစားပြီးမှပြန်ရမယ်။ ကျွန်မ မြန်မြန်ချက်လိုက်မယ် ဟုတ်လား"

"ကောင်းတယ် ကောင်းတယ်"

ခင်အေးဆွေစကားကို ကျော်ဝဏ္ဏနှင့်စိုးမင်းညိုက ထောက်ခံသည်။





ခင်အေးဆွေ မီးဖိုချောင်ပြန်ဝင်သွား၏။

"ငါမင်းတို့ကို လွမ်းလို့ထွက်လာတာ။ မေမေရောမေမေရော အပြင်ခဏသွားတုန်း နိုင်းတဲ့ကောင်မလေးဆီက သော့ယူပြီး ဖွင့်ထွက်လာခဲ့တာ။ ဦးလေးကလဲ အပြင်သွားလို့၊ ဒေါ်လေးကတော့ ဘုရားခန်းထဲမှာ ငါ့ကိုမတွေ့ဘူးလေ"

"မင်းစိတ်ကို မင်းနိုင်ပြီမဟုတ်လား"

ကျော်ဝဏ္ဏက မေးလိုက်၏။

နန္ဒအောင်က ဘာမှပြန်မဖြေ။ အပြင်ဘက်ကို ငေးငူပြီးကြည့်နေတာတွေ့သည်။

"ဒီကိစ္စမျိုးက တစ်နှစ်၊ နှစ်နှစ်ကြာတာတောင် စိတ်ချရတာမျိုးမဟုတ်ဘူးတဲ့။ တွဲလုပ်နေကျ အပေါင်းအသင်းဟောင်း၊ ရနိုင်တဲ့ နေရာဟောင်းကို ရှောင်ပြီး၊ ပတ်ဝန်းကျင်အသစ်မှာနေတာ ပိုစိတ်ချရသတဲ့။ ငါစာထဲမှာ ဖတ်ဖူးတယ်"

ဟု စိုးမင်းညိုကဆိုသည်။

"တော်တော်လေး ထူထူထောင်ထောင်ဖြစ်ရင် ငါ့ကို အဖေတို့က ပြန်ခေါ်သွားကြလိမ့်မယ်။ ဟိုမှာပဲ ထားတော့မယ်ပြောတယ်"

"ကောင်းတယ်နန္ဒ၊ မင်းအတွက် ပိုစိတ်ချရတာပေါ့"

"ဒါပေမယ့် ဝဏ္ဏရာ၊ ငါက ရန်ကုန်မှာပဲပျော်တာ။ ငါမင်းတို့နဲ့ပဲနေချင်တာ"

နန္ဒအောင်စကားကြောင့် အားလုံး စိတ်မကောင်းဖြစ်ကြရပြန်သည်။

သူနှင့်စကားပြောရတာလည်း ဟိုးအရှင်ကလိုမဟုတ်ဟု သူတို့ထင်ကြ
သည်ကောင်း အိမ်ဆေးတွေကြောင့်များ ကြောင်တက်တက်ဖြစ်နေလေသလား
စိုးမင်းညိုကတော့ တွေးမိသေးသည်။

အဲသည်မနက်က ခင်အေးဆွေချက်ကျွေးသည့် မနက်စာကို စားပြီ
နနှပြန်သွားခဲ့၏။

"ငါ နောက်ဆို ခိုးထွက်လို့ရတိုင်း လာပြီး ထမင်းစားမယ်ကွာ
မင်းတို့အိမ်မှာစားရတာ ကောင်းတယ်"

ပြန်ခါနီးမှာ ပြောသည်။ မပြန်ခင် သူနေခဲ့သည့်အခန်းကလေး
လွမ်းလို့ဟုပြောကာ စိုးမင်းညိုနှင့်အတူ တက်ကြည့်ခဲ့သေး၏။

"ဘာဖြစ်ဖြစ်၊ မင်းနယ်မပြန်ခင်တော့ တစ်ခေါက်လာခဲ့ဦးကွာ။ ငါ
လာခဲ့ဦးမယ်။ တံခါးသော့ခတ်ထားပေမယ့်၊ မင်းဦးလေးက ငါ့ကို သိနေတာ
ဖွင့်ပေးမှာပါ"

"အေး လာခဲ့ကွာ၊ ငါအခု ဂစ်တာလဲ မတီးရဘူး.. သွားမယ်"

ပြောပြီး အိမ်ထဲမှ ထွက်သွား၏။ စိုးမင်းညိုနှင့် ကျော်ဝဏ္ဏတို့
ကားဂိတ်လိုက်ပို့မည်ပြောတော့ နေပါစေဟု လိုက်ပို့မခံ။

နနှ သူတို့အပေါ်သံယောဇဉ်ကြီးမှန်းကို သိရင်း နနှကို လွမ်း
သတိရနေကြပြန်သည်။

✤ ✤ ✤



( ၁၂ )

တိုးလှိုင်ထွန်းက မနက်စောစော အိမ်မှထွက်နေကျ။

အပြင်မှာသာ စားသောက်သူမို့ အိမ်က စောစောထွက်သွားတတ်
သည်။ တိုးလှိုင်ထွန်းပြန်လာတာကို လှမ်းမြင်နေရသည်။

"ဝဏ္ဏ၊ ဝဏ္ဏ၊ ယော့ကောင် မင်းညို"

အိမ်ထဲဝင်လာကတည်းက အသံကုန်ဟစ်ခေါ်၏။

ခင်အေးဆွေက အလန့်တကြား မီးဖိုချောင်ထဲမှ ထွက်လာသည်။

တိုးလွင်ထွန်းက အပေါ်ထပ်ကို ပြေးတက်သွား၏။ သူ့အော်သံကြောင့် ကျော်ဝဏ္ဏနှင့် စိုးမင်းညိုတို့နှစ်ယောက် အခန်းထဲမှ ထွက်သည်။

"ဒီမှာကြည့်ပါဦးကွာ၊ နန္ဒဆုံးပြီ၊ နန္ဒဆုံးသွားပြီ"

သတင်းစာအခေါက်ဖြင့် လက်ဝါးကိုရိုက်ရင်း ငိုသံပါကြီးနှင့် တိုးလွင်ထွန်း ပြောချလိုက်၏။

"ဟင်..နန္ဒဆုံးပြီ ဟုတ်လား"

"နန္ဒ တကယ်ဆုံးပြီလားဟုတ်လား"

"ဟုတ်တယ်ကွာ၊ ဆုံးပြီတဲ့ ဖတ်ကြည့်ပါဦး ဟီးအဟီး"

အံ့သြသံ၊ ကြေကွဲသံ၊ ငိုသံတို့ ခဏအတွင်း ထွက်လာသည်။ ထိုအသံတို့ကြောင့် ခင်အေးဆွေ အပေါ်ထပ်ကိုပြေးတက်လာရင်း ကျော်ဝဏ္ဏအား မှာရပ်၏။

ကျော်ဝဏ္ဏနှင့် စိုးမင်းညိုတို့က နာရေးကြော်ငြာကို ဖတ်သည်။ ကြော်ငြာကိုဖတ်ရင်း ကျော်ဝဏ္ဏရော စိုးမင်းညိုပါ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာတော့သည်။ သူတို့အားနားက ခင်အေးဆွေသည် ချုပ်တည်းထိန်းသိမ်းထားရာမှ ရှိုက်သံတစ်ချက် ထွက်လာ၏။ ပြီးတော့ တရှုပ်ရှုပ်ဖြင့် ငိုနေသည်။

"ဒီကောင် ဒီကအပြန်မှာ ဆုံးတာပဲ။ ငါတို့ကို သက်သက်လာပြီး နှုတ်ဆက်သွားတဲ့ကောင်"

တိုးလွင်ထွန်းက ငိုသံပါကြီးနှင့် ပြောနေပြန်၏။ ကျော်ဝဏ္ဏက





သတင်းစာကို လုံးထွေးလွှင့်ပစ်လိုက်ရင်း မျက်ရည်ကိုသုတ်သည်။

"ဒီကောင် မသေနိုင်တော့ဘူးလို့ မနေ့က ငါထင်ခဲ့တာ အရမ်းမှားသွားတာပဲ။ ဒီလို နာလံပြန်ထလာမှတော့ ပြတ်သွားပြီ မသေတော့ဘူးလို့ ထင်ထားတာ... ဖြစ်မှဖြစ်ရလေ..နန္ဒရာ..."

စိုးမင်းညိုက တစ်ကိုယ်တည်းပြောနေပြန်၏။

"ငါတို့ သူ့အိမ် သွားမေးရအောင်"

ဝဏ္ဏစကားအဆုံး အခန်းထဲဝင်ပြီး အဝတ်အစားလဲလိုက်ကြသည်။ ခင်အေးဆွေတော့ အိမ်စောင့်နေနော်ဟု ကျော်ဝဏ္ဏကမှာသည်။ မျက်ရည်သုတ်ရင်း ခင်အေးဆွေခေါင်းညိတ်၏။

* * *

"ဘာဖြစ်တာတဲ့လဲ အစ်ကို ဘာဖြစ်သွားရတာလဲ"

သူတို့ ညိုးညိုးငယ်ငယ်နှင့် ပြန်ရောက်လာကြပြီး အပေါ်ရောက်တော့ ခင်အေးဆွေဝင်လာရင်း မေးသည်။

"စိတ်မကောင်းစရာပဲဟာ၊ ဒီကောင် သေတာတောင် လက်ထိပ်တန်းလန်းနဲ့တဲ့"

"အို… ဘယ်လိုဖြစ်ရတာလဲ"

"မပြောချင်ပါဘူး ခင်အေးဆွေရာ၊ အပ်တန်းလန်း သေရတာတဲ့။ ဒီပစ္စည်းသုံးတဲ့လူတွေဟာ အဖမ်းခံရရင်ခံရ၊ မခံရရင် သေတာချည်းပါပဲ"

စိုးမင်းညိုက ပြောလိုက်၏။

"တကယ်တော့ ဒီကောင် ဒီလိုလုပ်ဖို့ ရည်ရွယ်ချက်လုံးဝမရှိတာ သေချာတယ်။ သူ့မှာလဲ ပိုက်ဆံတွေဘာတွေ ပါပုံမရဘူး။ မင်း စဉ်းစားကြည့်… ဒီကောင် ဒီလိုလုပ်ချင်ရင် လုပ်ပြီးမှ ငါတို့ဆီရောက်လာမှာပေါ့။ ဒါမှမဟုတ်ရင်လဲ တို့နဲ့ ဒီလောက်အချိန်ကုန်ခံပြီး ဘယ်နေပါ့မလဲ"

"သေချာတယ်၊ ကိုးလွင် ပြောတာဟုတ်တယ်။ ဒီလိုလုပ်ဖို့ သူမရည်ရွယ်တာအမှန်ပဲ၊ ငါတို့ကို သတိရလွန်းလို့ သူထွက်လာခဲ့တယ်ဆိုတာ တကယ်ပဲ"

"ပြောပါဦး နောက်ဘယ်လိုဖြစ်တာလဲ ကိုစိုးမင်းညို"

ခင်အေးဆွေက လိပ်ပတ်လည်ဟန် မတူသေး။

"ငါတို့ဆီလာရင်း အပြန်မှာ သူ့ သူငယ်ချင်းတစ်ယောက်ယောက်နဲ့ တွေ့မယ်။ အဲဒီတစ်ယောက်ယောက်ဆီမှာ ပစ္စည်းကလဲပါတယ်။ ဒီတော့ ပစ္စည်းတွေ တွေ့နေတော့ သူဘယ်စိတ်ထိန်းနိုင်တော့မှာလဲ။ လုပ်လိုက်တာပေါ့"

"အရင်လဲ လုပ်နေကျပဲဟာ"





"မဟုတ်ဘူး ခင်အေးဆွေ။ အခုဟာက ပြတ်နေပြီးမှ ပြန်လုပ်တာလေ။ ထမင်းအရမ်းဆာနေပြီးမှ စားတဲ့လူလိုပေါ့ဟာ…"

"ဆာတာနဲ့ အရမ်းစားသလိုပဲ။ မလုပ်တာကြာတော့ လုပ်ချင်စိတ်နဲ့ လောဘတကြီး လုပ်တာပါမယ်။ ပြီးတော့ ပြတ်နေတော့ သူလုပ်တဲ့အတိုင်း အဆက အရင်လောက် မရှိနိုင်ဘူး။ ဒါကို အရင်လောက်၊ ဒါမှမဟုတ် အရင်ထက် ပိုများများလုပ်လိုက်လိမ့်မယ်။ အဲဒီမှာ အိုဗာဒို့စ် ဖြစ်တယ်လို့ ဆိုထားကြတာပဲ"

စိုးမင်းညိုက သူသိသမျှကို ရှင်းပြလိုက်၏။

"သေချာမယ်မင်းညို၊ မင်းပြောတဲ့အတိုင်းဖြစ်မှာပဲ။ သူနဲ့တွဲလုပ်တဲ့သူငယ်ချင်းက ချမ်းအေးတဲ့။ အဲဒီကောင်လေးကိုလဲ အခုဖမ်းထားတယ်။ ဒီကောင်တွေကလဲ အတင့်ရဲလိုက်တာကွာ၊ ချမ်းအေးတို့လမ်းထိပ်က မီးကင်းတဲပေါ်မှာ လုပ်တာတဲ့"

"ဖြစ်မှဖြစ်ရလေ ကံနန့ရယ်"

ကျော်ဝင့်ဆွေစကားအဆုံးမှာ ခင်အေးဆွေနှုတ်မှ ယူကျုံးမရစွာ အသံထွက်လာသည်။

"တစ်ခါတလေများ၊ နန့ ပြောပြတယ်။ အရမ်းယင်းထနေရင် ဘိုကိုသွားတာ ရေငုံပြီး သွားသတဲ့"

"ဘာဖြစ်လို့လဲ စိုးမင်းညို"

"ဟိုရောက်လို့ ပစ္စည်းရတာနဲ့ ရေကို ရှာမနေရအောင်ပေါ့။ ပါးစပ်

ထဲငုံထားတဲ့ရေနဲ့ ဖျော်သတဲ့ကွာ။ အဲဒီလောက်…"

"ဆိုးဝါးပါတယ်ကွာ"

"တို့လူငယ်တွေအတွက် တကယ့်အဆိုးဝါးဆုံး မှိုင်းပဲ"

ကျော်ဝဏ္ဏ၏ မှတ်ချက်ကို နှုတ်ကထွက်၍ ဘယ်သူမှ မထောက်ခံသော်ငြားလဲ ရင်ထဲမှာကား သည်အတိုင်း နားလည်ထားကြပြန်သည်။

စကားသံတိတ်သွားပြီး သက်ပြင်းချသံ၊ လေပူမှုတ်ထုတ်သံတို့ ထွက်လာ၏။ သူတို့အားလုံး၏ အမြင်အာရုံမှာ နန္ဒက ရှိနေဆဲပင်ဖြစ်မည်လေ။

✤ ✤ ✤



( ၁၃ )

နန္ဒအောင်၏ အသုဘချသည့်နေ့ နေ့လယ်နေက ခြစ်ခြစ်တောက်အောင် ပူသည်။

နန္ဒ၏ နယ်မှအမျိုးများ လိုက်လာကြဟန်တူ၏။ နန္ဒအောင်၏ အသုဘမှာ လူစည်ကားသည်။ သူဦးလေး၏မျက်နှာဖြင့် မြို့ပေါ်ကလူများလည်း လာကြသည်။ ကျောင်းတုန်းက နန္ဒသူငယ်ချင်းအများစုကိုလည်း တွေ့ရ၏။

မနှစ်က သူငယ်ချင်းတစ်ယောက်၏ အသုဘကို နန္ဒ လိုက်ပို့နိုင်ခဲ့သေးသည်။

အသုဘမှာ သေသွားတဲ့ သူငယ်ချင်းရဲ့အမျိုးသမီးက ငိုရှိုက်သွား တာတွေတော့ ...

"အေးကွာ...ငါသာသေရင်တော့ ငိုမယ့်ကောင်မလေးဆိုလို့ ဘယ်သူမှ ရှိမှာ မဟုတ်ပါဘူး"

ဟု နန္ဒအောင်က ပြောခဲ့သေး၏။

သူ့မှာ ရည်းစားသနံဟူ၍ မရှိ။

သူ့အလောင်းကို ကြည့်ရင်း လက်ကိုင်ပဝါဖြင့် နှာလေးကိုအုပ်ကာ တရှုပ်ရှုပ်ငိုနေသည့် ခင်အေးဆွေကို ကျော်ဝဏ္ဏက အလောင်းဘေးမှ ဆွဲခေါ် လာခဲ့ရ၏။

"သူငယ်ချင်းရယ်...မင်းမှာ ချစ်သူရည်းစားမရှိပေမယ့်၊ မင်းတို့ သံယောဇဉ်ကြီးတဲ့ မင်းသူငယ်ချင်းတွေ အားလုံးငိုနေကြရပါပြီ"

ဟု ကျော်ဝဏ္ဏက ရင်ထဲမှာ စကားဆိုနေမိပြန်၏။

အခေါင်းကို မီးသင်္ဂြိုလ်ဖို့ သယ်သွားတော့ လူအုပ်နှင့်ရောပြီး သူတို့ လိုက်ပါခဲ့သည်။

မီးသင်္ဂြိုလ်စက်အတွင်း သွင်းတော့မည်ဆိုတော့ နန္ဒအမေနှင့် သူ့ အဒေါ်ဖြစ်ဟန်တူသူ အမျိုးသမီးကြီးနှစ်ဦးက ငိုရင်း တက်သွားကြ၏။

"ရန်ကုန်မှာမှ ပျော်တယ်ဆိုတဲ့ကောင်၊ ရန်ကုန်မှာမှ နေချင်တယ်ဆို တဲ့ကောင်၊ ရန်ကုန်မှာပဲ နေရစ်ခဲ့တော့ပေါ့ကွာ"

နန္ဒအဖေက အခေါင်းဖွင့်ပြသည့် နန္ဒမျက်မှာကိုကြည့်ပြောလိုက်တော့





သူတို့အားလုံး မျက်ရည်ဆည်မရအောင် ဖြစ်ရပြန်တော့သည်။

* * *

"တို့ စောက်သုံးမကျလို့ နန္ဒသေရတာ၊ ဒီကောင်က သိပ်စိတ်ပျော့ တဲ့ကောင်။ ငါပြောရင်လဲ အမြဲနားထောင်တဲ့ကောင်၊ ကျောင်းမှာတုန်းကတည်း က ဒီကောင်လုပ်နေတာတွေ ငါက တားခဲ့ရမှာ၊ ငါမတားခဲ့လို့ ဒီကောင် သည်အဖြစ်ဆိုးမျိုးထဲ ရောက်တာ"

မြတင်းမှ အမြင်ကိုဝေးရင်း ကျော်ဝဏ္ဏက ကြေကြေကွဲကွဲဆိုသည်။

"တစ်ခုတော့ရှိတယ်ပေါ့ကွာ၊ ငါကိုယ်တိုင်နှိုက်က မိုက်နေတုန်းဆို တော့...သူများကို ဆရာလုပ်ပြီး မတားချင်ခဲ့တာပါတယ်...တစ်နေ့မှာ ဒီကောင် ကို ငါဖြတ်နိုင်းမယ် ခဏခဏ စဉ်းစားမိသား"

ကျော်ဝဏ္ဏက အခန်းထဲမှာထိုင်နေသည့် ကျန်လူတွေဘက်လှည့်ရင်း ဆက်ပြော၏။

"ဟိုး...စောစောကဆိုရင်တော့ ဘာပြောပြော အခုထက်ဖြတ်ဖို့ လွယ်မှာအမှန်ပဲ"

တိုးလွင်ထွန်းအသံ….။

"ဒီဆေးကြောင့် ဒီကောင်သေရတာ"

"အင်း…မင်းပြောတာ ငြင်းစရာတော့ မရှိပါဘူး ကျော်ဝဏ္ဏ၊ ဒါပေမယ့် ဒီကိစ္စကလဲ၊ ကူးစက်တဲ့ရောဂါတစ်ခုလိုပဲ လူငယ်ထုထဲကို ပျံ့လာတာကွ။ ခေတ်ရေစီးနဲ့ အတူပါလာတဲ့ အမှိုက်သရိုက် အညစ်အကြေးတစ်ခုပဲကွ"

"ဟုတ်တယ်…ကိုစိုးမင်းညိုပြောတာကို ခင်အေးဆွေ ထောက်ခံတယ်။ လူတစ်ယောက်ပျက်စီးရတာ၊ ဗီဇသက်သက်ကြောင့်မဟုတ်သလို၊ ပတ်ဝန်းကျင်သက်သက်ကြောင့်လဲ မဟုတ်နိုင်ဘူး၊ ပတ်ဝန်းကျင်အဆိုးမှာ ခံနိုင်ရည်ပျော့ညံ့တဲ့ ဗီဇကြောင့်လို့ ခင်အေးဆွေတော့ ထင်တယ်။ ဆင်းရဲကျပ်တည်းနေတာ၊ အနိုင်ကျင့် အဓမ္မကားခံရတာ သက်သက်ကြောင့် မဟုတ်ဘဲ၊ ဖြစ်ချင်ရာဖြစ်စမ်းဟာလို့ စိတ်ကိုလျှော့ပေးခဲ့ဖူးတဲ့ ဗီဇကြောင့် ခင်အေးဆွေလဲ မဖြစ်ချင်တာတွေ ဖြစ်ခဲ့ဖူးတာပဲ"

"ခင်အေးဆွေ ပြောသလိုပဲပေါ့…ခေတ်ရဲ့ ကူးစက်တတ်တဲ့ရောဂါဆိုပေမယ့် ခံနိုင်ရည်အားရှိတဲ့ လူငယ်ဆီကို ဒီရောဂါမကူးစက်နိုင်ပါဘူး။ ခံနိုင်ရည်အားနည်းတဲ့ ဗီဇရှိတဲ့လူငယ်တွေကိုသာ ကူးစက်နေကြတာ။ ခေတ်ရေစီးဆိုတာကတော့ လှိုင်းကြီးချိန်၊ ရေလျှံချိန်တိုင်းမှာ ဒီလိုပဲ အမှိုက်သရိုက်တွေပါလာမှာပဲ။ သစ်တုံးအတိုအစတွေ ချွေးသေကောင်ပုတ်တွေ တင်ကျန်ခဲ့မှာပဲ။ ကမ်းစပ်နားက သစ်ပင်တွေထဲမှာ ခံနိုင်ရည်မရှိတဲ့အပင်





တွေ၊ လှိုင်းရိုက်တာ၊ နှံ့ပိတာ၊ ရေလွှမ်းတာ မခံနိုင်တဲ့အပင်တွေဟာ ရေကျ …မှာ အားလုံးသေကုန်ပြီးတော့ အဲဒီအမှိုက်သရိုက်တွေပဲ၊ ကမ်းပေါ် တင်ကျန်ခဲ့ …မြဲပဲကွ"

"မင်း…အဲဒီအကြောင်း ကဗျာရေးပါလား မင်းညို"

ဟုကျော်ဝဏ္ဏက ပြောသည်။

"ငါညကပဲ နန္ဒကို သတိရလို့…အဲဒါတွေစဉ်းစားရင်း ကဗျာတစ်ပုဒ် …ရေးထားတယ်။ မိုးမခပင်တွေလို့ ငါခေါင်းစဉ်ပေးထားတယ် ဝဏ္ဏ"

"မိုးမခပင်တွေဟုတ်လား"

ခင်အေးဆွေက နားမလည်ဟန် မေးသည်။

"မိုးမခပင်တွေက မြစ်ကမ်းမှာ အလေ့ကျပေါက်တယ် ခင်အေးဆွေ။ …ရေကြီးတာ၊ ရေလျှံတာ၊ နှံ့ပိတာ သူတို့အမြဲခံရတယ်။ လှိုင်းရိုက်တာ၊ …လေပြင်းတိုက်တာ၊ ရေလွှမ်းတာ သူတို့အမြဲကြုံရတယ်။ ဒါပေမယ့် ရေကျ …သွားတာနဲ့ ဒီအပင်တွေဟာ ဆက်ရှင်မြဲရှင်နေတာပဲတဲ့။ ကာလဆိုတဲ့ မြစ် …ဲမှာ ခေတ်ရေစီးက လှိုင်းကြီးပြီး ရေလျှံတာကို ငါတို့ကအမြဲခံနိုင်တဲ့ …းမခပင်တွေလိုဖြစ်ဖို့လိုတယ်လို့ ငါခံစားရတယ်လေ…"

"ဒါဆို ငါတို့အားလုံး ရေလျှံတာ၊ နှံ့ပိတာကို ခံခဲ့ပြီးတဲ့ မိုးမခပင် …တွေပဲ မင်းညို။ နန္ဒအတွက်သာပဲကွာ…"

နန္ဒအကြောင်းဝင်လာတော့ အားလုံးက ကြေကြေကွဲကွဲ ခံစားမိကြ …င်း စကားရပ်သွားကြရပြန်သည်။

မုန်တိုင်းမှာ အမြစ်ကျွတ်ပါသွားခဲ့ရတယ် သစ်တစ်ပင်ပါလား ရေအလွှမ်း နှံ့အပိမှာ အမြစ်ပုပ်ပြီး သေဆုံးသွားရတဲ့အပင်ငယ်တစ်ပင်ပါလား

တိုးလွင်ထွန်းထံမှ သက်ပြင်းချသံ၊ ဆေးလိပ်မီးခိုးမှုတ်ထုတ်သံကို ကြားလိုက်ရသည်။

"အဲဒီကဗျာကို ဖတ်ပြစမ်းကွာ၊ မင်းညို…ဘာဖြစ်ဖြစ် ဒီကဗျာဟာ နနအတွက် ခံစားပြီးရေးတဲ့ ကဗျာပေမယ့် ငါတို့လူငယ်အားလုံးအတွက်ကဗျာပဲ"

ကျော်ဝဏ္ဏက ခံစားမှုမှ ထွက်ပေါ်လာတဲ့လွတ်မြောက်ခြင်းကို ရှာလိုက်ဟန် တူသည်။

"အေးဟုတ်တယ် ဖတ်စမ်းပါဦး"

ဟု တိုးလွင်ထွန်းကလည်း ပြောလိုက်၏။

**မိုးမခပင်တွေ**

* မိုးနဲ့မုန်တိုင်း
ကဆုန်စိုင်းရင်း
လှိုင်းထန်မြစ်ပြင်
မှံယိုဆင်သည်
မြင်မြင်သမျှ
ယမ်းခါချလို့
ဒေါသမီးတောင်ပေါက်ကွဲချိန်…





* ကမ်းပါးစပ်က
မိုးမခပင်ငယ်၊ အရွယ်မရောက်
အပင်ပေါက်တွေ၊ လှိုင်းအောက်ပိပြား
ကမ်းပါးရေလျှံ၊ နံ့နစ်ခံရ
မြစ်ဒေါသကြောင့်
မှုန့်ညက်ညက်ကြေပြီလား …

* မြစ်ရေကျစဉ် …
နုံးတင်မြေသား၊ အမှိုက်ကြားက
မိုးမခပင်ငယ် …
ဘယ်လောက်များလေ၊ ရေလွှမ်းတဲ့ဒဏ်
(သူတို့) ခံရှုံးမလဲ …
နုံးတွေထဲမှာ၊ အားခဲသက်ရှင်
(ကြာရင်) မြင်မှမြင်နိုင်ပါတော့မလား ….။

* နှစ်များကြာလျှင် …
ဆံပင်ဖားလျား၊ လူငယ်များလော …
မြစ်နားကမ်းစပ်၊ ရပ်နေသလိုမျိုး …
မိုးမခပင်တွေ …
လေကြမ်းမုန်တိုင်း၊ မြစ်အလှိုင်းရဲ့
လှိုင်းလုံးတွေကို စိန်ခေါ်ရင်း …။

• • •

ကဗျာဖတ်အပြီးမှာ …

ကျော်ဝဏ္ဏက နိုးမင်းညိုကို လက်ဆွဲနှုတ်ဆက်လိုက်၏။

✤✤✤



( ၁၄ )

သကြၤန်ကျော်သည်နှင့် ရန်ကုန်မိုးသည် မပြတ်ချင်တော့။ သည်နှစ်မိုးဦး စောစောဝင်သည်ဟု ထင်ရသည်။ မနက်ကတည်းက တစ်ဖွဲဖွဲနှင့် ညိုမည်း နေသော မိုးသည် ညနေရုံးဆင်းချိန်ဆို အငြိုးနှင့် ရွာချတတ်စမြဲ။

သည်နေ့ တနင်္ဂနွေမို့ အားလုံးအိမ်ရှိပြီး စောစောအပြင်မထွက်ကြ။

"ဒီနေ့ ဈေးမသွားနဲ့တော့နော် အေးဆွေ"

ကျော်ဝဏ္ဏကပြောရင်း အပေါ်မှ အောက်ထပ်ဆင်းလာသည်။

"ဘာပြုလို့လဲကို"

"ဟိုကောင်မင်းညီလဲ အပြင်သွားစရာရှိတယ်။ ကိုနဲ့ အေးဆွေ ဒီနေ့ မြို့ထဲသွားရင်း အပြင်မှာ စားကြရအောင်"

"တကယ်ပြောတာလားကို"

"တကယ်ပေါ့ကွာ"

ခင်အေးဆွေ ကလေးတစ်ဦးနှယ် ပျော်မြူးရွှင်ပျသွားသည့် မျက်နှာကို ငေးကြည့်နေမိသေး၏။

"လုပ် အဝတ်အစားလဲ သွားကြရအောင်"

"ကို ဘာစိတ်ကူးရသွားလို့လဲဟင်"

"ဪ…ကိုယ့်ချစ်သူနဲ့ သွားချင်လာချင် လည်ချင်ပတ်ချင်လို့ ပေါ့ကွ"

"တကယ် အဝတ်အစားလဲရမှာလား"

"ဪ…တကယ်ပေါ့ကွ…သွားသွား"

ခင်အေးဆွေ အခန်းဆီထွက်သွားတော့ ကျော်ဝဏ္ဏလည်း အိမ်ပေါ် တက်လာခဲ့၏။

* * *





ကားငှားဖို့ ရပ်စောင့်နေစဉ်…

"ဘယ်ကိုသွားမှာလဲကို"

ဟု ခင်အေးဆွေမေးသည်။

"အေးဆွေ ဘယ်ကိုသွားချင်လို့လဲ… အေးဆွေသဘော"

"ကိုခေါ်တဲ့နောက် အေးဆွေလိုက်မှာပေါ့"

ခင်အေးဆွေစကားကြောင့် သူကြည့်နူးရပြန်သည်။ ကားပေါ်ရောက် တော့…

"ဘယ်လဲဟင်"

ဟု ခင်အေးဆွေက ထပ်မေးသည်။

"ရင်ပြင်ထဲ အရင်သွားကြည့်ရအောင်နော်"

ခင်အေးဆွေက ခေါင်းညိတ်၏

ရင်ပြင်ထဲက သစ်ပင်အောက်မှ အတွဲတွေကိုကြည့်ရင်း သူတို့နှစ်ဦး အလိုလိုကြည်နူးလာကြသည်။

"ကို…ကားတွေအများကြီးပဲနော်"

ကားပါကင်းလုပ်သည့်နေရာ ကွက်လပ်ဘေးမှ ဖြတ်လျှောက်စဉ် ခင်အေးဆွေက ပြောသည်။

"အဲဒီကားတွေထဲမှာလဲ အတွဲတွေရှိတယ် အေးဆွေ"

"ဟယ်…ဟုတ်လား"

"ဟုတ်တယ်…ရှိုးရှိုးတန်းတန်းကားနဲ့ လာလည်ရင်း ရပ်ထားတဲ့ ကားလဲရှိမှာပေါ့၊ ဒါပေမယ့် နည်းတယ်လေ။ အတွဲတွေနဲ့ လာတဲ့ကားတွေက များတယ်။ တိုးလွင်ထွန်းတို့ တင်မောင်ဦးတို့ဆို ဒီကို ခဏခဏရောက် တယ်"

"ကိုက ရောက်ဖူးလို့ သိတာလား"

မျက်စောင်းချီရင်း မေးလိုက်၏။

"တိုးလွင်ထွန်း ပြောပြလို့ပါ"

"အလကားစတာ ကို့ကို အေးဆွေယုံတယ်"

"ချစ်သူတွေ အတွဲတွေကတော့ ဒီလောက်မသောင်းကျန်းကြဘူးပေါ့ ကွာ၊ တင်မောင်ဦးတို့လို အကြံအဖန်တွေနဲ့ လာတဲ့သူတွေကြောင့် နာမည် ပျက်ရတာပေါ့…"

သူတို့နှစ်ယောက် ရင်ပြင်တစ်ပတ်လျှောက်ပြီး ဘုရားအနောက်ဘက် မုခ်ကိုရောက်သည်။

ဘုရားပေါ်တက်မည်ဟု ခင်အေးဆွေကပြောတော့ ဘုရားပေါ်ရောက် ပြန်၏။ ဘုရားမှာ အတူဆုတောင်း ဝပ်ပြုရသည့်အချိန်ထက် ငြိမ်းချမ်း ကြည်နူးမှုကိုပေးနိုင်သည့်အချိန် မရှိတော့ဟု သူထင်ပြန်သည်။

အလှူခံဌာနကိုသွား၍ ကျော်ဝဏ္ဏက ပိုက်ဆံလှူလိုက်သည်။ ဘုရား ရေသပ္ပါယ်နေသော ခင်အေးဆွေဆီ ပြီးမှပြန်သွားရင်း အလှူခံဖြတ်ပိုင်းလေး





ပြလိုက်၏။

ဦးကျော်ဝဏ္ဏနှင့် ဒေါ်ခင်အေးဆွေတို့ ကောင်းမှုဟု ရေးထားသော အလှူခံဖြတ်ပိုင်းလေးကို ကြည့်ရင်း ခင်အေးဆွေ ကြည်နူးနေပြန်သည်။

"ဘုရားကနေ တိရစ္ဆာန်ဥယျာဉ်သွားရအောင်ကို၊ ရန်ကုန်သာရောက် တာ အေးဆွေ တစ်ခါမှ မရောက်ဖူးသေးဘူး"

"အေးဆွေကလဲ ကလေးကျနေတာပဲ"

"ကိုနဲ့အတူမို့ သွားချင်တာပါ"

"ကဲ…သွားတာပေါ့"

သူတို့ ဘုရားအရှေ့ဘက်စောင်းတန်းမှဆင်းပြီး တိရစ္ဆာန်ဥယျာဉ်ကို ကားငှားလိုက်ကြ၏။

* * *

"ဖြည်းဖြည်းဆင်းပါ ကိုရယ်"

ကျော်ဝဏ္ဏက ကုန်းအဆင်းလေးမှာ ခင်အေးဆွေကို လက်ဆွဲရင်း

ခပ်သွက်သွက်ဆင်းတော့ ခင်အေးဆွေက ပြောလိုက်၏။

"ဟိုရှေ့က ကျားရုံထင်တယ်"

ကျားရုံဆီ သူတို့သွားမိကြ၏။ လှောင်အိမ်ထဲမှ ကျားနက်ကောင်ကို ငေးကြည့်နေမိစဉ် …

"ကို"

ဟု ခင်အေးဆွေခေါ်သည်။

"အင်"

"အဲဒီကျားနက်ကောင် ဘဝမျိုး ကိုနဲ့အေးဆွေဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲ"

"ဟာ…အေးဆွေကလဲ"

"တကယ်ပြောတာကို၊ လှောင်ချိုင့်ထဲမှာ မလွတ်မလပ်ဆိုတာ သိပေမယ့် ကိုနဲ့အတူဆိုရင် အေးဆွေ တစ်ဘဝလုံးနေချင်တယ်"

ပြောရင်း ကြည့်နေသည့် ခင်အေးဆွေမျက်ဝန်းမှာ မျက်ရည်စကို တွေ့ရသည်။ အားငယ်စိတ်ဝင်လာသည့် ခင်အေးဆွေမျက်နှာက ချက်ချင်း ညှိုးသွားတော့၏။

"လာ…လာ အေးဆွေ ဖျံတွေရှိတဲ့ဘက်ကို သွားရအောင်"

အစာတောင်းနေသည့် ဖျံကလေးတွေကို ငေးကြည့်ရင်း ခင်အေးဆွေက အစာကျွေးရအောင်နော်ဆိုတော့ သူခေါင်းညိတ်ပြလိုက်၏။

အစာကျွေးပြီး ပြန်လှည့်ထွက်လာတော့ …





"အစားတစ်လုပ်အတွက် ဒုက္ခရောက်ရတဲ့အဖြစ်တွေ နောင်ဘဝဆက်တိုင်း မကြုံချင်ဘူးကိုရယ်…"

ဟု ရှေ့တူရူကို ကြည့်ရင်းဆိုပြန်သည်။

* * *

တိရစ္ဆာန်ဥယျာဉ်မှထွက်၍ မြို့ထဲဘက်သွားရန် ကားငှားဖို့စောင့်နေစဉ်မှာ ကားတစ်စီးပေါ်မှ ပေ့ကောင်ကျော်ဝဏ္ဏဟု အော်သွားတာကြားရ၏။ ကားကိုကြည့်လိုက်တော့ ကျောင်းတုန်းက သူငယ်ချင်း၏ကား။ သည်သူငယ်ချင်းကလည်း တင်မောင်ဦးတို့နှင့်တွဲသည်။ စားသောက်ဆိုင်တကာ ရောက်သည်။

မိမိနှင့် ခင်အေးဆွေကို တွေ့သွားပြီး…လှမ်းအော်သွားတာဖြစ်မည်။ ခင်အေးဆွေကိုလည်း သိကောင်းသိနေနိုင်သည်ပဲ။ ခင်အေးဆွေကိုသာသိနေပါက ခင်အေးဆွေကို သူ့ချစ်သူအဖြစ် လက်ခံနိုင်ကြပါ့မလား…။

နိုးရိမ်စိတ်ကြောင့် ရင်ထဲမှာ ရှက်ရွံ့သလို ခံစားလာရပြန်သည်။

ပျက်ချင်ချင်မျက်နှာကို သတိထား၍ ပြန်ပြင်လိုက်ရင်း။

မိမိ၏ ကြည်နူးစိတ်ကို မိမိအသိုင်းအဝိုင်းက အထင်သေးရှုတ်ချတော့လေမလားဆိုသည့် စိုးရိမ်မှုက ဖယ်ထုတ်ချင်ပြန်ပြီ။ မေ့လျော့ထားချင်သော မတူညီသည့် အသိုင်းအဝိုင်းနှစ်ခု၏ ဝေးကွာမှုသည် သူ့ရင်ထဲသို့ မဆုံးနိုင်အောင်ရှည်သည့် အပ်ချည်းလုံးတစ်လုံးနှယ် အတွေးစကို ရှည်စေပြန်၏။

ကားတစ်စီးလာတော့ ဗိုလ်ချုပ်ဈေးကိုဟုပြောရင်း သူ ငှားလိုက်သည်။

* * *

ဗိုလ်ချုပ်ဈေးထဲ ဝင်ခဲ့ရင်း ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းစားကြသည်။ ဟင်းတွေမှာထားပြီးမှ…

"ခဏနေဦးနော် အေးဆွေ…ကို အပြင်ခဏသွားဦးမယ်"





ဟုပြောကာ ကျော်ဝင့်ထွက်လာသည်။

ဈေးထဲကိုသွား၍ သူ့စိတ်ကူးထဲရှိသည့်အရာကို ရှာသည်။ နောက်ဝယ်ပြီး သူပြန်လာခဲ့၏။

"ဘယ်သွားတာလဲကို၊ ဟင်းတွေက ရောက်နေတာကြာပြီ"

"ဒါလေးသွားဝယ်တာ၊ အေးဆွေအတွက်"

"ဘာလဲဟင်"

"အရုပ်ကလေး"

"ဘာရုပ်လဲကို"

"ဖွင့်ကြည့်လေ"

ခင်အေးဆွေက စက္ကူဘူးလေးကို ဖွင့်ကြည့်လိုက်၏။ အထဲမှာ ဟံသာအဖိုအမရုပ်ကလေးနှစ်ရုပ် ထွက်လာသည်။ အရုပ်ကလေးနှစ်ရုပ်ကို မျက်နှာချင်းဆိုင်ထားလိုက်ပါက လည်ချင်းယှက်၍ ချစ်ပွဲဝင်နေဟန်ထင်ရသည်။ တစ်ရုပ်စီခွဲထားလိုက်ပါက ဟံသာအမလေးမှာ လည်တန်ဆော့၍ သူ့ချစ်သူကို မျှော်နေသယောင်။

"လှတယ်နော်ကို"

"တစ်ရုပ်ချင်းလဲရောင်းတယ် အေးဆွေ"

"နှစ်ရုပ်မှ အဓိပ္ပါယ်ပြည့်စုံမှာပါကိုရယ်။ တစ်ရုပ်ထဲဆို သနားစရာ… အေးဆွေ အမြဲသိမ်းထားမယ်။ ကိုနဲ့ရပြီးရင် ညှော်ခန်းက မှန်ကော်စ်ကလေးထဲမှာ ဒီအရုပ်ကလေးကို ထားမယ်နော်"

"စိတ်ကူးက တော်တော်ယဉ်၊ မင်းညိုနဲ့ပေါင်းပြီး ကဗျာဆရာမလဲ ဖြစ်သွားဦးမယ်"

"ကဲ…စားရအောင်"

ပြောပြီး ဇွန်းခက်ရင်းကို လှမ်းပေးလိုက်၏။

* * *

ဗိုလ်ချုပ်ဈေးမှထွက်ပြီး သူတို့နှစ်ယောက် ရုပ်ရှင်ရုံတစ်ရုံထဲ ဝင်လိုက်ကြသည်။

ရုပ်ရှင်စပြီး အတော်လေးကြာတော့ သည်ကားကိုကြည့်မိတာ မှားလေပြီဟု ကျော်ဝဏ္ဏသိလိုက်တော့၏။

ရုပ်ရှင်ကားက အသားမည်းအရောင်ခွဲခြားမှုဓနစ်ဆိုးကြောင့် ချစ်သူနှစ်ဦး ကြေကွဲရပုံကို ပြသည်။





ကြည့်ရင်းကြည့်ရင်း ခင်အေးဆွေ ဘာတွေတွေးနေမည်ကို သူသိနေသလိုပင်။

"ကို"

ဟု ခပ်တိုးလျှလျှ ခေါ်လိုက်၏။

အသားဖြူကောင်မလေးဘက်မှ အသိုင်းအဝိုင်းနှင့် ရိုက်လာပြီး အသားမည်းကောင်လေးထံမှ သူ့ချစ်သူ လုယူသွားခန်းပြနေသည်။

"အင်"

"အေးဆွေမှာလဲ အသားမည်းတာ ဖြူသွားအောင် လုပ်မရသလိုမျိုး အမည်းစက်ကြီးရှိနေတယ်နော်"

ကြေကွဲသံ တိုးလျှလျှကို ကြားလိုက်ရ၏။

"အေးဆွေကလဲကွာ"

"တကယ်ပြောတာကို။ အဲဒီအတွက် အေးဆွေဘယ်လိုမှ စိတ်မကောင်းနိုင်ဘူး။ အေးဆွေဟာ…ကို့အတွက် ခြောက်ပြစ်ကင်းသဲလဲစင်ပဲဖြစ်ချင်တာပါ။ အဲဒီအတွက်လဲ…ကိုမိဘမပြောနဲ့ သူငယ်ချင်းဖြစ်တဲ့ ကိုတိုးလွင်လို လူမျိုးကတောင် သဘောမတူနိုင်ဘူးလေ…"

"အေးဆွေရယ်"

ခင်အေးဆွေထံမှ ရှိုက်သံသဲ့သဲ့ထွက်လာရင်း…လက်ကိုင်ပဝါဖြင့် မျက်ရည်သုတ်တာတွေ့သည်။

"ဘယ်အမဲစက်မဆို မေတ္တာနဲ့ဖျက်ရင် ရပါတယ်အေးဆွေရယ်"

ပြောရင်း သူက ခင်အေးဆွေ၏ လက်ဖျားကလေးများကို ဆုပ်ကိုင်ဖြစ်ညှစ်နေလိုက်မိတော့၏။

* * *

"ကားမှတ်တိုင်မှာ လူတွေကပြည့်နေတာပဲ။ ကားငှားပြီးပြန်မယ်နော်"

ရပ်ရင်ဖြုတ်တော့ ကားမှတ်တိုင်အထိ သူတို့ ခြေကျင်လျှောက်ကြသည်။ ကားမှတ်တိုင်ရောက်တော့ လူအုပ်ကြီးကိုကြည့်ရင်း ကျော်ဝဏ္ဏက ပြောလိုက်၏။

"တက္ကစီခနဲ့ပဲ"

ဟု ခင်အေးဆွေက ဆိုသည်။

"တစ်ခါတလေ ကိုယ်ချစ်သူနဲ့ လည်တာပဲကွာ၊ အရင်တုန်းက ကိုယ်





ဖြုန်းခဲ့တဲ့ငွေတွေနဲ့စာရင် ဘာဖြစ်လောက်မှာလဲ"

ဘတ်စ်ကားမှတ်တိုင်ကိုကျော်ပြီး အငှားကားစောင့်ရန် လမ်းဘေးမှာ ရပ်လိုက်သည်။

"ဟေး…ခင်အေးဆွေ"

ခဏအကြာမှာ မာစီးဒီးကားအနက်တစ်စင်း ထိုးရပ်ရင်း ကားပေါ်မှ ခေါ်သံကို ကြားလိုက်ရသည်။

ကျော်ဝဏ္ဏက ခင်အေးဆွေမျက်နှာကို ဖျတ်ခနဲ အကဲခတ်ကြည့်လိုက်၏။ ခင်အေးဆွေမျက်နှာ ရုတ်တရက်ပျက်သွားတာကို သတိထားလိုက်နိုင်သည်။

ဘောင်းဘီဝတ်ထားသည့် လူလတ်ပိုင်းအရွယ် လူတစ်ယောက် ကားပေါ်မှဆင်းလာတာကို ကျော်ဝဏ္ဏက စူးစိုက်ကြည့်နေမိ၏။

"ဘယ်ပျောက်နေတာလဲ ခင်အေးဆွေ၊ ရှာလိုက်ရတာကွာ"

အနားရောက်ရောက်ချင်း ထိုလူက စကားစ၏။

ခင်အေးဆွေက ဘာပြန်ပြောရမှန်းမသိအောင် ကြောင်နေသလိုပင်။

"နှင်းဆီ ပြန်ဖွင့်ဖွင့်ချင်း ကိုယ်ရောက်တယ်။ ခင်အေးဆွေကို မတွေ့လို့ ခိုင်ရင်တောင် သွားမေးကြည့်သေးတယ်။ သူတို့လဲ မသိဘူးပြောတယ်လေ။ နေပါဦး အခုဘယ်မှာလဲ"

"ကျွန်မ သီချင်းမဆိုတော့ပါဘူး"

"ဟုတ်လား..ဒါဆိုဘာလုပ်နေလဲ၊ ကိုယ့်ကို လိပ်စာပေးခဲ့ပါဦး၊ ကိုယ်

လာခဲ့မယ်"

ကျော်ဝဏ္ဏရင်ထဲမှာ ဒေါသ၊ ရက်စက်၊ ခံပြင်းမှုတို့ဖြင့် ဗလောင်ဆူသည်။ သည်အနားမှာရပ်နေမိလျှင် တစ်စုံတစ်ခုကို လုပ်မိတော့လေမလားတွေးရင်း ဆေးလိပ်ရောင်းသည့် ဆိုင်ကလေးဆီ ထွက်သွားခဲ့မိ၏။

မိမိထွက်သွားခြင်းဖြင့် ခင်အေးဆွေ အနေရအထိုင်ရကျပ်ပြီးနေတာ သက်သာသွားစေချင်သည်။

ဆေးလိပ်ဝယ်ပြီးပြန်အလှည့်မှာ ထိုသူက ကားပေါ်တက်ရင်း နှုတ်ဆက်ထွက်သွားတာတွေ့၏။

ခင်အေးဆွေအနားရောက်တော့ စီးကရက်ကို တအားရှိုက်ဖွာမိရင်း မီးခိုးနှင့်အတူ သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

"ဘာလဲကို အေးဆွေကို သတ်ပစ်ချင်နေပြီလား"

ဘာမှ သူပြန်မပြောမိဘဲ၊ အရှည်ကြီးရှိနေသေးသော စီးကရက်ကို အောက်ချ၍ ဖိနပ်ဖြင့် နင်းနေမိသည်။

"ပြောပါဦးကို"

"ဘာတွတ်နိုင်မှာလဲ အေးဆွေ၊ ကိုက အေးဆွေကို ချစ်မိပြီ၊ အေးဆွေရဲ့အတိတ်က အဆက်အစပ်က ကို့ကို အရိုက်အခတ်ခံရမှာပဲလေ ကို ခံနိုင်ရည်ရှိအောင် ကြိုးစားရမှာပေါ့"

"အေးဆွေ...အမှန်ပြောမယ်နော်...အဲဒီလူက အေးဆွေ သီချင်းဆိုတုန်းက နေ့တိုင်းပန်းကုံးစွပ်တဲ့ ဖောက်သည်ပေါ့။ နောက် အေးဆွေ့ရှင်နိုး





သွားပြီး၊ သူ့ဆီက အေးဆွေ တော်တော် မျိုးမျိုးမြက်မြက်ရခဲ့ဖူးတယ်လေ...။ အခု သူက အေးဆွေကို ပြန်ဆက်ချင်တဲ့သဘောပဲ"

"အေးဆွေ ဘာပြောလိုက်လဲ"

"အေးဆွေအိမ်ထောင်ကျနေပြီလို့ အဲဒါ အေးဆွေအမျိုးသားပဲလို့ ကို့ကို မေးငေါ့ပြလိုက်တယ်။ ဆောရီးနော်..."

ခင်အေးဆွေက ပြုံးပြီး တောင်းပန်ပြန်သည်။

"အေးဆွေရဲ့ ဘဝလုံခြုံမှုကို ဘယ်လိုနည်းနဲ့ပဲ ပေးနိုင်ပေးနိုင် ကိုကျေနပ်မှာပါ အေးဆွေ"

"တော်တော့ကို...အေးဆွေ ငိုမိတော့မယ်"

လာနေသည့် တက္ကစီတစ်စီးကို ကျော်ဝဏ္ဏက လက်ပြပြီး တားလိုက်၏။ ခင်အေးဆွေက လည်နေသည့်မျက်ရည်ကို ပဝါဖြင့် တို့နေပြန်သည်။

✤ ✤ ✤

( ၁၅ )

နောက်တစ်နေ့ညနေမှာ လက်ဖက်ရည်ဆိုင်ထိုင်တော့ ကျော်ဝဏ္ဏက သည်အဖြစ်အပျက်အားလုံးကို တိုးလွင်ထွန်းနှင့် စိုးမင်းညိုအား ပြောပြလိုက်မိ၏။

"မင်းက ခင်အေးဆွေကို လက်ထပ်ဖို့အထိ စဉ်းစားထားလို့လား ဝဏ္ဏ"

စီးကရက်ကို ထိုးခြေရင်း တိုးလွင်ထွန်းက မေးလိုက်သည်။

တိုးလွင်ထွန်းအမေးကို စိုးမင်းညိုကလည်း စိတ်ဝင်စားဟန်ပြ၏။

"ငါသူ့ကိုပဲ လက်ထပ်မယ် တိုးလွင်"

ကျော်ဝဏ္ဏက စဉ်းစဉ်းစားစား ဖြေလိုက်ဟန်တူသည်။

"မင်းအသေအချာ စဉ်းစားပြီးပြီလား ဝဏ္ဏ"

စိုးမင်းညိုက ထပ်မေးလိုက်၏။

"စဉ်းစားပြီးပြီကွာ၊ ငါလက်ထပ်မယ်"

"မရူးစမ်းပါနဲ့ကွာ"

လက်ဖက်ရည်ကို တစ်ကျိုက်မော့ပြီး ပန်းကန်ကိုပြန်ချကာ တိုးလွင်ထွန်းက ပြောလိုက်၏။

"ယူဘို့ဆိုတာတော့ မင်းအသေအချာစဉ်းစားဖို့လိုမယ်နော် ဝဏ္ဏ၊ ချစ်တယ်ဆိုတာက မင်းနဲ့သူနဲ့ နှစ်ယောက်ချင်းရဲ့ကိစ္စ၊ ယူဖို့ လက်ထပ်ဖို့ကျတော့ အသိုင်းအဝိုင်းနှစ်ခုကိစ္စ ဖြစ်သွားပြီ"

တိုးလွင်ထွန်း ဝင်ပြောသည်။

"အသိုင်းအဝိုင်းတွေ ဘာတွေ ထားပါဦးကွာ ငါပြောမယ်… မနေ့က ကိစ္စမျိုးတွေ မင်းဘယ်လောက်ထိ သည်းခံနိုင်မလဲ…မင်း ဘယ်လောက်ထိ သဘောထားကြီးနိုင်မတဲ့လဲ… အိမ်ထောင်ရေးမှာ ဒီကိစ္စဟာ ခင်အေးဆွေရဲ့ အားနည်းချက်ဖြစ်သွားပြီ။ အဲဒီအားနည်းချက်ကို မင်းက ဖိမနင်းဘဲ အမြဲနေနိုင်ပါ့မလား။ မကျေနပ်စရာတစ်ခုခု မင့်စိတ်မှာပေါ်လာတိုင်း၊ အဲဒီအားနည်းချက်ကို မင်းဖိနင်းချင်လာမယ်။ ပြီးတော့ မင်းဘဝတစ်လျှောက်လုံးကို





အဲဒီအမည်းစက်ကြီးက ခြောက်လှန့်နေမှာ သေချာတယ်ဝဏ္ဏ"

"ဘာတက်နိုင်မှာလဲကွာ…ငါသူ့ကို ချစ်မိပြီပဲ"

လေပူကိုမှုတ်ထုတ်ရင်း ကျော်ဝဏ္ဏက ပြောလိုက်၏။

"အဓိပ္ပါယ်မရှိဘူးဝဏ္ဏ၊ မင်းဟာမင်း ချစ်ချင်ချစ်၊ မြတ်နိုးချင်မြတ်နိုး၊ လက်ထပ်ဖို့ကိစ္စတော့ ငါအပြင်းအထန် ကန့်ကွက်တယ်"

"မင်းစေတနာကို ငါနားလည်တယ် တိုးလွင်၊ ဒါပေမယ့် ငါ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဒါဆို မင်းအိမ်က သဘောမတူရင်ကော"

"သဘောမတူရင်ဆိုတာ တွေးစရာမလိုဘူး မင်းညို၊ သဘောမတူဘူးဆိုတာ သေချာတယ်။ မင်းစဉ်းစားကြည့် ငါလို သူငယ်ချင်းတစ်ယောက်က တောင် သဘောမတူတာ၊ သူ့မိဘက ဘယ်လိုသဘောတူနိုင်မတဲ့လဲ"

စိုးမင်းညိုစကားအပြတ်မှာ တိုးလွင်ထွန်းက ဝင်ပြောလိုက်၏။

"ငါလဲ တွေးပြီးသားပါ။ လက်ထပ်မယ်လို့ ဖွင့်ပြောကတည်းက ဘယ်သူ့သားသမီးလဲ၊ ဘာလုပ်လဲ၊ မိဘမျိုးရိုးကဘာလဲ၊ ဒါတွေ ငါ့အိမ်က မေးတော့မှာ သေချာတယ်။ သူတို့ ကျေနပ်နိုင်မယ့်အဖြေမျိုးလဲ ရနိုင်မှာ မဟုတ်ဘူးလေ…"

"နယ်က မိဘတွေက စီးပွားဥစ္စာဆိုတာထက်၊ အကျင့်စာရိတ္တ မျိုးရိုးကို ပိုပြီး ဦးစားပေးစဉ်းစားတတ်တာလဲ မင်းအသိပဲ"

တိုးလွင်ထွန်းက စီးကရက်အသစ်တစ်လိပ် မီးညှိရင်းပြောလိုက်၏။

“မတတ်နိုင်ဘူးကွာ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ငါသူ့ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတယ်။ အိမ်ပြန် ခွင့်တောင်းကြည့်မယ်၊ သဘောမတူရင်လဲ ငါ့ဘာသာ ရုံးတက် လက်မှတ်ထိုးမယ်”

“သိပ်တော့ အပြောမလွယ်နဲ့နော် ဝဏ္ဏ၊ ဒီကိစ္စက စိတ်ကူးယဉ်လို့ ရတာမဟုတ်ဘူး။ မင်းအိမ်ကသဘောမတူရင် မင်းအခု ဒီအိမ်မှာရော ဆက်နေခွင့် ပေးမတဲ့လား”

“ရတယ်လေ…အိမ်ငှားနေမယ်”

“သွားပြီး စိုးမင်းညို၊ မင်း ဒီကောင်ကို ဘယ်လိုမှ တရားချလို့ မရတော့ဘူး”

“ခင်အေးဆွေရဲ့ အမည်းစက်ကို မင်းဘယ်လောက်ထိ သဘောထားကြီးနိုင်မလဲ။ အဲဒီအမည်းစက်က မင်းတို့အိမ်ထောင်ရေးကို ဘယ်လောက်ထိ လွှမ်းမိုးနိုင်မလဲဆိုတာတော့ မင်းဘာသာ ဆုံးဖြတ်ပေါ့ကွာ”

“ငါတစ်ခုစဉ်းစားထားတယ်”

“ဘာလဲ”

“ခင်အေးဆွေကို လက်ထပ်ပြီး နယ်မှာပြန်နေချင်တယ်။ ငါနယ်မှာ ပြန်နေရင်း ငါ့အဖေကလဲ အရန်းဝမ်းသာမှာ၊ အိမ်ကစီးပွားရေးကို ငါ ဖောက်ချ လုပ်ချင်တယ်”

“မင်းကို သဘောမတူပါဘူးဆိုရင် အဲဒါတွေက ဘယ်လိုလုပ်ဖြစ်လာတော့မလဲဝဏ္ဏ။ သဘောတူလို့ လက်ထပ်ပေးရင်တော့ မင်းပြောတဲ့အတိုင်း



ဖြစ်လာနိုင်တာပေါ့။ သဘောမတူဖို့ဆိုတာ ရာနှုန်းပြည့်ပဲ”

“ငါ အိမ်ပြန်မယ်ကွာ၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်မယ်”

“ဘယ်တော့လဲ”

ဟု စိုးမင်းညိုကမေးလိုက်၏။

“ဒီရက်ပိုင်းအတွင်းမှာပဲ ပြန်မယ် စဉ်းစားထားတယ်။ ဒါမှ မဟုတ်ရင် စာတ်မျောကြီးဖြစ်နေမှာပဲ”

“လူကြီးတွေတော့ စိတ်ဒုက္ခရောက်ဦးမယ်”

စီးကရက်ဖွာရင်း တိုးလွင်ထွန်းက မှတ်ချက်ချသည်။

“ငါ စိတ်မကောင်းဖြစ်နေတာက ငါ့ကြောင့် မင်းနဲ့ ခင်အေးဆွေ တွေ့ခဲ့ကြတာ။ အဲဒီညက ငါသာမခေါ်ခဲ့ရင် မင်းတွေ့စရာမရှိဘူး။ ငါ့မှာ အပြစ်ရှိသလို ခံစားနေရတယ် ဝဏ္ဏ”

“မဆိုင်ပါဘူးကွာ”

အပြင်ကိုငေးရင်း တိုးလွင်ထွန်းစကားကို ချေပသည်။

အပြင်မှာ မိုးဖွဲလေးတွေ တဖြောက်ဖြောက်ကျနေဆဲ။

✤ ✤ ✤

# ( ၁၆ )

ကျော်ဝဏ္ဏ သူ့အိမ်ကိုပြန်သွားပြီးနောက် တစ်နေ့မှာ တိုးလွင်ထွန်းက စိုးမင်းညိုကို တိုင်ပင်စရာရှိသည် ပြောပြီးခေါ်သည်။

"ဘာကိစ္စလဲ တိုးလွင်"

လက်ဖက်ရည်မှာပြီးတော့ စိုးမင်းညိုက မေးလိုက်၏။

"ဝဏ္ဏကိစ္စပဲပေါ့ကွာ"

ဟု ပြောရင်း စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိလိုက်သည်။ လာချပေးသည့် လက်ဖက်ရည်ပန်းကန်တွေကို စိုးမင်းညိုက ယူပြီး တစ်ခွက်ကို

တိုးလွင်ထွန်းရှေ့မှာ ချပေးလိုက်၏။

“ပြောပါဦး”

“ဒီကောင် လက်ထပ်မယ်ဆိုတဲ့ကိစ္စကို ငါဘယ်လိုမှ သဘောမတူနိုင်ဘူး မင်းညို”

“မင်းက ခင်အေးဆွေကို ကြည့်မရဖြစ်နေလို့လား”

“အဲဒီလိုလဲ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင်တော့ ခင်အေးဆွေကို ငါ မုန်းလို့မဟုတ်ဘူး၊ ဝဏ္ဏကို ငါချစ်လို့ပဲ၊ မင်းသဘောပေါက်တယ် မဟုတ်လား”

စိုးမင်းညိုက ခေါင်းညိတ်ပြလိုက်၏။

“ဒါပေမယ့် ဘာတတ်နိုင်မှာလဲကွာ၊ ကာယကံရှင်က လက်ထပ်ပါမယ် ဆုံးဖြတ်ထားတဲ့ကိစ္စပဲဟာ”

“မိန်းမတစ်ယောက် ဖောက်ပြန်လို့ ဘဝပျက်သွားရတဲ့ အိမ်ထောင်ရှင်ယောကျ်ားတွေ အများကြီးရှိတယ် မင်းညို၊ မင်းလဲကြားဖူးမှာပေါ့။ ဖောက်ပြန်တယ်လို့ တစ်ထစ်ချ ငါမပြောရဲပေမယ့်၊ ခင်အေးဆွေကို ငါက ရာနှုန်းပြည့် မယုံရဲတာအမှန်ပဲ။ အဲဒီလို အခြေအနေမျိုးတွေ၊ ဝဏ္ဏမကြုံစေချင်ဘူး။ ဒီကောင်က မိန်းမတွေနဲ့ပတ်သက်ရင် ဘာမှလဲ သိတာ၊ နားလည်တာ မဟုတ်ဘူးလေ”

“သူ့အိမ်ကလဲ သဘောမတူမှာ သေချာသလောက်ပါပဲ တိုးလွင်၊ သူ့အိမ်ကပြောရင် သူနားထောင်ချင် ထောင်မှာပေါ့”





“မထင်ပါနဲ့ကွာ”

“အဲဒီတော့ မင်းက ဘာလုပ်ချင်လဲ”

“ဒီဇာတ်လမ်းမှာ ငါ့တော့ အမုန်းခံပြီးဝင်ဖျက်ဖို့ ဆုံးဖြတ်ထားတယ်”

“ဘယ်လို”

“ငါ ခင်အေးဆွေနဲ့ ဝဏ္ဏကြားကို ဝင်လိုက်တော့မယ်။ သူတို့နှစ်ယောက် ပြန်မဆုံအောင် ငါလုပ်မယ်”

“ဖြစ်ပါ့မလား တိုးလွင်ရာ”

“လုပ်ကြည့်မယ်လေ...။ မင်းကို မေးရင် ဘာမေးမေး မသိဘူးသာ ပြော...”

“နေပါဦး...မင်းဘယ်လိုလုပ်မှာလဲ”

“ငါ ခင်အေးဆွေ ဒီအိမ်က ဆင်းသွားအောင် အရင်လုပ်မယ်။ ဒါမှ ဒီကောင်ပြန်လာရင် မတွေ့မှာ”

“သူ့ကုမ္ပဏီကို လိုက်သွားမှာပေါ့ကွာ”

“မဟုတ်ဘူးလေကွာ၊ လိုက်မသွားချင်အောင် စီစဉ်ရမှာပေါ့”

စိုးမင်းညိုက ဘာမျှ ထပ်မမေးတော့ဘဲ ရှေ့က လက်ဖက်ရည်ပန်းကန်ကို ကောက်ယူပြီး မော့လိုက်၏။

✤ ✤ ✤

## ( ၁၇ )

“ကျွန်မ လုံးဝမယုံဘူး၊ ကိုတိုးလွင်ထွန်း”

ခင်အေးဆွေက ချက်ချင်းပြန်ပြောလိုက်၏။

“နင့်ကို မာစီးဒီးနဲ့လူ လာပြောတဲ့ကိစ္စ။ အဲဒီလူနဲ့ နင်သိပ်ရင်းနှီးဖူးတဲ့ကိစ္စကို ဒီကောင်စိတ်ထဲမှာစွဲပြီး အရမ်းခံစားနေရတယ် ခင်အေးဆွေ။ အခုပြန်သွားတာ ခဏမဟုတ်ဘူး၊ ဟိုမှာကြာမယ်။ နင့်ကို ရှောင်သွားတာ။ သူမပြောချင်လို့ ငါ့ကို တစ်ဆင့်ပြောခိုင်းတာ၊ နင်တခြားအကြောင်းပြောင်းနေ

ဖို့လဲ မှာသွားတယ်…"

ညက ခင်အေးဆွေကို ပြောစရာရှိလို့ဆိုပြီး..စိုးမင်းညိုအခန်းမှာ ခေါ်ကာ တိုးလွင်ထွန်းက ပြောသည်။ တိုးလွင်ထွန်းစကားအဆုံးမှာ ခင်အေးဆွေက မယုံဘူးဟု ပြန်ချေပ၏။

"သူပြောတာတွေဟုတ်လား ကိုစိုးမင်းညို"

ခင်အေးဆွေက စိုးမင်းညိုဘက်လှည့်ရင်း မေးလိုက်သည်။

"ငါတော့မသိဘူး။ ငါ့ကိုတော့ ဘာမှပြောမသွားဘူး ခင်အေးဆွေ"

"မာစီးဒီးနဲ့လာရပ်ပြီး စကားပြောတဲ့ကိစ္စကို သူအရမ်းခံစားရချင် ခံစားရမယ်။ ဒါပေမယ့် ကျွန်မကို ဒီလိုမလိမ့်တစ်ပတ်လုပ်ပြီး စွန့်ပစ်သွားမယ်လို့ ကျွန်မ မယုံဘူး။ သူ ကျွန်မကို လမ်းခွဲချင်ရင်တောင်မှ တဲ့တိုးပြောပြီး လမ်းခွဲသွားမှာပဲ"

"ယုံတာ မယုံတာက နင့်သဘောပဲလေ၊ ငါ့ကိုမှာသွားတာကို ငါပြောတာပဲ။ ဒီအိမ်ကိစ္စလဲ သူ့အဖေ ရန်ကုန်ဆင်းလာလိမ့်မယ်။ အဲဒီအခါမှာ သူ့အဖေကို ငါသော့အပ်ရမှာ"

"ဒီအိမ်မှာ မနေစေချင်ရင်တော့ ရပါတယ်ကို စိုးမင်းညို…ကျွန်မ ဒီတစ်ရက်နှစ်ရက်အတွင်း အဆောင်ရှာမယ်။ ဒါပေမယ့်…ကျွန်မကို ကိုက အဲဒီလို ပြောသွားလို့ ကျွန်မဆင်းသွားတာတော့ မဟုတ်ဘူးနော်။ ကိုစိုးမင်းညို သက်သေရှိတယ်။ ကိုတိုးလွင်ထွန်း နှင်ချလို့ ကျွန်မဆင်းသွားမှာ"

"နင်ကြိုက်သလိုထင်လေ…"





ခင်အေးဆွေ အခန်းထဲမှ ထွက်သွားစဉ် ပါးပြင်ပေါ်မှ မျက်ရည်စကို စိုးမင်းညိုတွေ့လိုက်၏။

* * *

တိုက်ဆိုင်လွန်းစွာပင် စိုးမင်းညို အိမ်ပြန်ရန်အကြောင်း ဖြစ်လာတော့ ၏။ နောက်နေ့ နေ့လယ်မှာ စိုးမင်းညိုထံသို့ သံကြိုးစာရောက်လာခဲ့သည်။

အမေဆုံးပြီ။

အမြန်ပြန်လာပါ။

ဖေ

အစ်မကိုယ်စား မြတ်လေးဝေက သူ့ထံ သံကြိုးစာပို့လိုက်ခြင်းဟု သူနားလည်သည်။ ညအမြန်ရထားနှင့် ပြန်မည်ဟု သူဆုံးဖြတ်ကာ ပြန်ရန် ပြင်ဆင်ရတော့သည်။ ဘာဖြစ်ဖြစ် အသုဘချပြီးရုံနှင့် ကိစ္စကပြီးမည် မဟုတ်

တော့။ အမေ့လုပ်ငန်းတွေအတွက် အစ်မနှင့် သူစီစဉ်ရမည်။ အစ်မတစ်ဦးတည်းရှိနေသည့်အိမ်မှာ နေသားတကျဖြစ်အောင် သူနေပေးဖို့ တာဝန်ရှိလာပြီပဲ။

ညနေဘက်ရောက်တော့ ခင်အေးဆွေပြန်လာသည်။

သူခင်အေးဆွေကို သံကြိုးစာပြလိုက်၏။

"ကိုစိုးမင်းညို ဘယ်တော့ပြန်မှာလဲဟင်"

"ဒီညရထားနဲ့ ပြန်မှဖြစ်မှာ ခင်အေးဆွေ။ ခင်အေးဆွေလဲ ဒီညတစ်နေရာသွားအိပ်ရင် ကောင်းမယ်ထင်တယ်"

"ဟုတ်တယ်၊ ကိုတိုးလွင်ထွန်း တစ်ယောက်တည်းကျန်ရင် ကျွန်မလဲ မနေရဲဘူး"

"အဆောင်ကိစ္စရော"

"အဆင်ပြေလိမ့်မယ်ထင်တယ် ကိုစိုးမင်းညို၊ သူငယ်ချင်းဆီ ဖုန်းဆက်ကြည့်လိုက်တော့ သူတို့အဆောင်မှာ တစ်ယောက်အားနေတယ် ပြောတယ်။ လာကြည့်ဦးမယ် ပြောခဲ့တာ။ အခုတော့ သွားမကြည့်တော့ဘဲ တစ်ခါတည်းပြောင်းလိုက်မယ်လေ။ တခြားမှာ ရှာမနေတော့ဘူး။ ကိုစိုးမင်းညိုက ဘယ်တော့ပြန်လာမှာလဲ"

သူသက်ပြင်းချလိုက်ရင်း…

"အဲဒါပြောလို့ မရဘူး ခင်အေးဆွေ၊ အစ်မက တစ်ယောက်တည်းကျန်ခဲ့တာ၊ ပြန်လာဖြစ်ရင်တောင်မှ သုံးလေးလ အနည်းဆုံးနေပြီးမှ ပြန်လာလို့ကောင်းမယ်။ ဘယ်လိုစီစဉ်ရမှန်း မသိသေးဘူး"



"ပစ္စည်းတွေက အကုန်ယူသွားရမှာပေါ့"

"အင်း…အဲဒီလိုပဲ လုပ်ရမှာပဲလေ"

"ကိုကို အရမ်းသတိရတာပဲ ကိုစိုးမင်းညိုရယ်။ ကိုတိုးလွင်ထွန်း ပြောတာတွေ ဖြစ်နိုင်လားဟင်"

တိုးလွင်ထွန်းကို သူ မသိသလိုနေပါမည်ဟု ကတိပေးခဲ့တာ ပြန်သတိရလာသည်။ အမှန်အတိုင်း ဖြစ်အောင်စဉ်းစားကာ…

"ငါ့ကိုတော့ ဘာမှ မပြောခဲ့ဘူး ခင်အေးဆွေ"

ဟု သူဖြောင့်ကွယ် ကွယ်လိုက်သည်။

"ထားပါလေ… ဒါဆို ခင်အေးဆွေ ပစ္စည်းတွေ စုလိုက်ဦးမယ်။ မနေ့ညက အရမ်းဝမ်းနည်းပြီး ခင်အေးဆွေ ပစ္စည်းတွေသိမ်းထားတာ မှန်သွားတယ်။ ငိုချင်လာလို့ ပစ္စည်းတွေသိမ်းရင်း တစ်ညလုံးငိုနေမိတာ‥"

"သွားသိမ်းလေ…ပြီးရင် ရှေ့ဘက်ရွှေထားလိုက်မယ်။ ပြီးမှ ကားသွားခေါ်တာပေါ့"

ခင်အေးဆွေ အခန်းထဲသို့ ဝင်သွားသည်။

❖ ❖ ❖

( ၁၈ )

ခင်အေးဆွေကို အငှားကားပေါ်တင်ပေးလိုက်ပြီး ဘူတာဆင်းရန် သူပြင်ဆင်သည်။

သူကားသွားငှားဖို့ အိမ်မှထွက်ခါနီးမှာပင် တိုးလွင်ထွန်းပြန်ရောက်လာ၏။ အကျိုးအကြောင်းအားလုံးကို သူရှင်းပြလိုက်သည်။

"မင်း အိမ်မဆုံးသွားတာ စိတ်မကောင်းဘူး မင်းညို။ ဟိုကောင်မ ဆင်းသွားတာတော့ ငါကျေနပ်တယ်"

ခင်အေးဆွေဆင်းသွားသည့်အတွက် တိုးလွင်ထွန်းက ပျော်နေပုံရသည်။ ဘာဖြစ်ဖြစ် ငါကြိုးပန်းချက်အောင်မြင်ဖို့တော့ နီးလာပါပြီကွာဟု တိုးလွင်ထွန်းကပြောသည်။

"ညကလဲ ဝဏ္ဏဆီ ငါစာတစ်စောင်ရေးလိုက်သေးတယ်။ ဒီနေ့မနက်ပဲထည့်လိုက်တာ။ ဟို...မာစီးဒီးနဲ့ကောင် နာမည်မသိလို့ တင်မောင်ဦးကို ဖုန်းဆက်မေးရသေးတယ်။ ဒီကောင်တွေကတစ်မွဲတည်းတွေကွ။ ကိုအောင်ထွန်း...တဲ့။ ဒီမနက် နာမည်သိမှ စာကိုဖြည့်ရေးပြီး ပိတ်လိုက်ရတယ်"

သူက ရထားဆင်းခါနီးမှ ဘာတွေရေးတယ်ဆိုတာ ပြောပြသည်။ အဲသည် ကိုအောင်ထွန်းနဲ့ ခင်အေးဆွေ အဆက်အသွယ်ရှိတယ်ဆိုတာ ရေးမှာပါပဲဟု တွေးမိနေသေးသည်။

"ငါလိုက်ပို့မယ် မင်းညို ခဏလေးစောင့်"

ပြောရင်း တိုးလွင်ထွန်းက အပေါ်ကိုပြေးတက်သွား၏။ ပြီးတော့ လွယ်အိတ်ကိုထားခဲ့ရင်း ပြန်ဆင်းလာသည်။

ကားငှားရန် သူတို့ထွက်ခဲ့ကြ၏။

✤ ✤ ✤



( ၁၉ )

ဝဏ္ဏ

ငါစာရေးလိုက်တယ်။

ခင်အေးဆွေနဲ့ ပတ်သက်လို့ အကြောင်းထူး...၍ ဒီစာကို ရေးလိုက်တာပဲ။

ခင်အေးဆွေ အိမ်ပေါ်ကဆင်းသွားပြီ။ မာစီးဒီးအနက်နဲ့လူ လာခေါ်သွားတယ်။ မင်းတစ်ခါက ပြောခဲ့ဖူးတဲ့သူပဲ ဖြစ်မှာပေါ့။

တင်မောင်ဦးတို့ဆီက စုံစမ်းသိရတာ ဒီလူနာမည်က ကိုအောင်ထွန်းတဲ့၊ လုပ်နေ့းရှင်တစ်ယောက်ပဲ။ ခင်အေးဆွေနဲ့သူ လုံးဝမပြတ်ကြဘူး။ မင်းအညာခံနေရတာ ဝဋ်ဆွ။ ခင်အေးဆွေကို လက်ထပ်ဖို့ကိစ္စ မင်းလုံးဝဖျက်လိုက်ပါ။ မကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ကယ်တင်ဖို့ဆိုတာ အိပ်မက်လိုပဲ သဘောထားလိုက်ပါ။ မင်းစိတ်ပြေလက်ပျောက် အေးအေးဆေးဆေးနေပြီးမှ ပြန်ချင်ပြန်ခဲ့။ အိမ် အတွက် ငါ တာဝန်ယူပါတယ်။

မင့်သူငယ်ချင်း…

တိုးလွင်ထွန်း

* * *





"ဘယ်လောက်ရက်ဖို့ကောင်းလဲ သား။ မင်းဘာသာမင်း စဉ်းစ
ကြည့်စမ်း"

စာရွက်ကိုလုံးခြေပြီး စားပွဲပေါ်ပစ်တင်လိုက်ရင်း ကျော်ဝဏ္ဏကို သူ့အ
က ပြောလိုက်၏။

"သမီးက အိမ်ကစာထင်ပြီး ဖောက်ဖတ်လိုက်မိတာကိုပဲ ကျေး
တင်ရဦးမယ်"

ကျော်ဝဏ္ဏ၏ အမေက လှမ်းပြောလိုက်သည်။ စာကို သူ့လက်ထဲ
ရောက်မလာခဲ့။ သူ့ညီမလေးလက်ထဲရောက်သွားပြီး၊ သူ့ညီမလေးက ဖော
ဖတ်လိုက်မိကာ သူ့အမေကို သွားပြခဲ့ခြင်းပင်။ ညီမလေးကိုလည်း သူစိတ်မဆို
မိ။ တမင်ဖောက်ဖတ်တာမဟုတ်ဟု သူယုံသည်။ သူ့နားထဲမှာ မာစီးဒီး
ကိုအောင်ထွန်းဆိုသည့် စာပိုဒ်ကိုသာ အထပ်ထပ်ကြားယောင်နေဆဲ။ သူ့အမြ
အာရုံမှာ ဘောင်းဘီရှည်ဝတ်ထားသည့် ထောင်ထောင်မောင်းမောင်းအရုပ်ရှိသေ
ကိုအောင်ထွန်းကို ပြန်မြင်ယောင်နေမိဆဲ။

ခင်အေးဆွေ လုပ်ရက်တယ်။ သူ့ကို ညာရက်တယ်။ သူ့မေတ္တာန
စေတနာကို စော်ကားရက်တယ်ဟု ရင်ထဲမှာ ပွဲတင်ထပ်နေ၏။ နာကြည်
ခြင်း၊ ဒေါသထွက်ခြင်း၊ ခံပြင်းခြင်းတို့ဖြင့် ဖလောင်ဆူနေသောရင်သည
လှုပ်ရှားလှုန်းလှသည်။

"သားသဘောနဲ့ သားလက်ထပ်မယ်ဆိုရင်တော့။ အဖေတို့မိသား
နဲ့ သားအပြတ်ပဲ။ အဖေတို့မျိုးရိုးထဲကို ဒီလိုမိန်းကလေးမျိုး အဝင်မခံနိ

ဘူး"

သည်စကားတွေကို သူမျှော်လင့်ခဲ့ပြီးသား။ သည်လိုပြောမည်ဟု သူကြိုတင်တွက်ဆခဲ့မိပြီးသား။ ခင်အေးဆွေနှင့် ပတ်သက်လျှင်တော့ သူက ဖော့ပြီးပြောဖို့ တွေးထားသည်။ တစ်ကောင်ကြွက်၊ ဆင်းရဲနွမ်းပါးသူကလေး ဟုသာ သူကပြောခဲ့သည်။ သည်လောက်နှင့် သဘောမတူနိုင်က လုံလောက်နေပြီလေ။

အခုတော့ သူဘာမှ ထပ်ရှင်းမပြချင်တော့။ မေမေတို့က ခင်အေးဆွေကို အရုပ်ပျက်မလေးဟုပင် ထင်သွားတော့မည်မှာ မလွဲပေ။

ကိုအောင်ထွဋ်က မာစီးဒီးနဲ့လာခေါ်လို့ အိမ်ပေါ်မှ ဆင်းသွားပြီတဲ့။ သူ့နှလုံးသားကို အချွန်အတက်များစွာဖြင့် ဝိုင်းဝန်းထိုးဆွလိုက်သလို သူခံစားနေရပြန်တော့သည်။

ရန်ကုန်ကို ချက်ချင်းမပြန်သေးဟု သူဆုံးဖြတ်လိုက်မိ၏။

✤ ✤ ✤



( ၂၀ )

အလွန်ဆုံး နှစ်ပတ်လောက်တော့ ကြာချင်ကြာမည်ဟုပြောသွားခဲ့သည့်ကိုက တစ်လကျော်သော်လည်း ပြန်ရောက်မလာခဲ့။ ကိုတိုးလွင်ထွန်း စကားကို ယုံရတော့မလိုဟု သူမ တွေးမိလာသည်။ ဘယ်လိုနည်းနှင့် ဖြစ်စေ သူမ၏ အလုပ်နေရာကို သိထားသူမို့ ရန်ကုန်ရောက်လျှင် သူမကို ဆက်သွယ်မည်ပဲ ထင်ထားခဲ့၏။

ချစ်ခင်ခြင်း၊ မြတ်နိုးခြင်းသည် ယုတ်လျော့မသွားသော်ငြား၊ ယုံကြည်မှု

က ပါးလျားစပြုလေပြီ။

သုံးလလောက်ရှိပြီဆိုတော့ ဝမ်းနည်းစိတ်ဖြင့် ညညမှာ ငိုမိပြန်၏။ ယုံအောင်ပြောလျက် လှည့်စားရက်သူဟု ထင်မိတော့၏။ ကိုတိုးလွင်ထွန်း၏ စကားတို့ကို ပြန်ကြားယောင်ရင်း နှလုံးသည်းပွတ် တမြည့်မြည့်ကျိုင်၏။ တကယ်ဆို ကိုယ်တိုင်ပြောခဲ့ပါတော့လား။ ကိုယ်တိုင်ခွဲ၍ ရင်ထဲကို သော့က ထည့်ပေးခဲ့ပါတော့လား။

မျှော်လင့်ခြင်းဖြင့် တင်းထားသည့်စိတ်က ပြေချင်ပြီ။

မျှော်လင့်မှုကုန်ဆုံးသည့်အခါ ဝေဒနာသည် ဖွံ့ဖြိုးပုံနှယ် ရင်၌ ဖြစ်တည်နေပြီတည့်။

အတူရှိနေစဉ်က အပြောအဆို၊ အနေအထိုင်တို့သည် ဝေးကွာစဉ် သတိရစရာများဖြစ်လျက်၊ ဝေးရက်ရှည်သည်နှင့်အမျှ နှလုံးသားကို စူးရှနာကျင်စေသောအရာများ ဖြစ်လာပြန်တော့၏။

တစ်ခါတစ်ခါ အတူရှိနေခဲ့ဖူးသော အိမ်ဆီကိုသွားကြည့်ဦးမည် တွေးမိသေးသည်။ အလွမ်းပြေလေမလား၊ ကိုများ ရောက်လို့နေမလားဟု စဉ်းစားစိတ်ကူးယဉ်မိသေး၏။

တကယ်တမ်းကျတော့ မာနက ခြေလှမ်းကို ဆွဲထားတော့သည်။ သူ ရောက်နေလျက်နဲ့ လာမတွေ့ဘဲနေနိုင်လျှင်လည်း နေပါစေတော့လား။

သူမလို မိန်းမသားတစ်ယောက်က လွမ်းလို့ လိုက်လာတာကို ဖမ်းဖို့ လိုက်လာတာလို့ ထင်လျှင် ရင်ကွဲရပေဦးမည်။





တကယ်ဝေးကြပြီဆိုသော အသိက သူမ၏ရင်ကို လောင်မြိုက်လေပြီလား။ စားပွဲပေါ်မှာတင်ထားသည့် ဟသ်ာရုပ်ကလေးနှစ်ကောင်အနက် အဖိုရုပ်ကလေးကိုယူပြီး သေတ္တာထဲမှာ သော့ခတ်သိမ်းလိုက်သည်။

✤ ✤ ✤

(၂၁)

အမေဆုံးပြီး သုံးလကျော်မှာ မြတ်လေးဝေကို စိုးမင်းညီလက်ထပ်လိုက်သည်။ မြတ်လေးဝေက သူ့အိမ်မှာလိုက်နေသဖြင့် အစ်မအတွက်လည်း အဖော်ရသွားတော့၏။ နောက်ပိုင်းမှာ ရန်ကုန်ကို သွားချည်လာလှည့် လုပ်မည်ဟု သူတွေးထားမိသည်။

သူ့စာအုပ်တောင် စိစစ်ရေးက ကျလာလောက်ပြီထင်သည်။ ရန်ကုန်ကို သူသတိရနေတော့၏။ နန္ဒကို လွမ်းနေမိသည်။ တိုးလွင်ထွန်းတို့ ကျော်ဝဏ္ဏ

တို့နှင့်အတူ ခင်အေးဆွေကိုပါ သူသတိရ၏။

ခင်အေးဆွေနှင့် ကျော်ဝဏ္ဏအကြောင်းကို တစ်ညမှာ သူ မြတ်လေးဝေကို ပြောပြလိုက်သည်။

“ဒါဆို ဝဏ္ဏနဲ့ ခင်အေးဆွေက ကွဲသွားကြပြီပေါ့”

ဟု မြတ်လေးဝေက မေးသည်။

“ကွဲသွားမှာပဲ မြတ်လေး။ ဝဏ္ဏစိတ်ကို ကိုယ် ကောင်းကောင်းသိတယ်။ ဟို မာစီးဒီးနဲ့လူနဲ့ ပြန်တွဲနေပါပြီလို့ တိုးလွင်ထွန်းကညာပြီး စာရေးလိုက်ရင် ဒီကောင်က ခင်အေးဆွေကို နာတော့မှာပဲ။ ပြန်လာချင်မှလည်း လာတော့မှာ”

“ခင်အေးဆွေကရော”

“ခင်အေးဆွေကလဲ တိုးလွင်ထွန်း စကားကြားရတော့ သူမယုံဘူးလို့တော့ ပြောတာပေါ့၊ ကိုယ့်ကိုမေးတော့လဲ ကိုယ်က တိုးလွင်ထွန်းကို ကတိပေးထားတော့… ငါ့ကိုတော့ ဘာမှမပြောဘူးပဲ ပြောနိုင်ခဲ့တာ။ ဝဏ္ဏပြန်ရောက်မလာရင်တော့ ဒီစကားကို သူနာသွားတော့မှာပေါ့…”

“ကိုက အမှန်တရားဘက်က မရပ်ရဲဘူး”

“ဟင်”

မြတ်လေးဝေ၏ စကားသည် သူ့နှလုံးသားတည့်တည့်ကို လာထိသည့် မြားချက်နှယ်။ သူ ဘာပြန်ပြောရမည် မသိအောင် ငိုင်သွား၏။

“ပြောလေ ကို၊ မြတ်လေးပြောတာ မဟုတ်ဘူးလား”





သူ့အရိုက်ကို ထိသွားမှန်းသိ၍ မြတ်လေးဝေက ထပ်ပြီးမေးလိုက်သည်။

“တိုးလွင်က ဝဏ္ဏကို အချစ်ဆုံးပဲဆိုတာ ကိုယ်သိထားတယ်။ ဝဏ္ဏအတွက်၊ ဝဏ္ဏကောင်းကျိုးလုပ်တာပဲလို့ ကိုယ်ယုံလို့ မြတ်လေး”

သူတွေးတွေးဆဆ ပြောလိုက်၏။

“ဘယ်လိုပဲဖြစ်ဖြစ်လေ…ကို့မှာ တာဝန်ရှိတယ်။ သူတို့ပြန်ပေါင်းတာ မပေါင်းတာထက်။ ကိုတိုးလွင်စကား မဟုတ်ဘူးဆိုတာ အမှန်တရားဘက်က ကိုရပ်ပြီး ပြောရဲရမယ်…ဒီမှာ….ကို”

“ဟင်”

“ကိုက စာရေးဆရာလုပ်မှာဆို…”

“ဘာဆိုင်လို့လဲ မြတ်လေး”

“ဆိုင်တာပေါ့ကို…အနုပညာသမားဟာ အမှန်တရားရဲ့ ဘက်တော်သားလို့ မြတ်လေးကြားဖူးတယ်။ အမှန်တရားဘက်က မနေရဲဘဲနဲ့…ကို ဘယ်လို စာရေးဆရာဖြစ်လာမလဲ။ ဖြစ်လာရင်လဲ…”

“တော်ပါတော့ မြတ်လေးရယ်”

ပြုံးပြုံး ပြုံးပြုံးနှင့် သူ့ကို စသလို နောက်သလိုပြောနေသော စကားတို့သည် တကယ်တမ်း သူ့ရင်ကို နာကျင်စေသည့်စကားများဟု သူဘာသာ သိနေပြန်၏။ ချက်ချင်းပင်သူ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

“ကျော်ဝဏ္ဏဆီကို ကို-စာရေးလိုက်မယ်”

"လိပ်စာရှိတယ်နော်"

"ရှိတယ်"

"အစောကြီးကတည်းက မြတ်လေးသာသိရင် စာရေးနိုင်းပါတယ်၊ သူတို့နှစ်ယောက် သနားပါတယ်ကွာ..."

မြတ်လေးဝေက ပြောရင်းထသွားကာ သူ့ဆီသို့ စာရွက်အလွတ်ပါသည့် စာအုပ်နှင့် ဘောလ်ပင်ယူလာပေးသည်။

* * *

နောက်တစ်ပတ်လောက်အကြာမှာ သူ့ဆီသို့ ကျော်ဝဏ္ဏထံမှ စာပြန်ရောက်လာသည်။

အားလုံးသံသယရှင်းသွားပြီမို့ သူ့အိမ်မှထွက်လာပြီး ခင်အေးဆွေကို လက်ထက်မည့်အကြောင်း။ ခင်အေးဆွေကိုလည်း မင်းရေးလိုက်သည့်စာကို





ပြလိုက်မည်ဆိုသည့်အကြောင်းတွေ ပါလာ၏။

မြတ်လေးဝေကို စာပြလိုက်တော့ မြတ်လေးဝေက ကျေနပ်ကြည်နူးနေပြန်သည်။

\+ \+ \+

ခုနှစ်

ဒီဇင်ဘာ

သုံးဆယ့်တစ်

ည

ကျော်ဝဏ္ဏနှင့် ခင်အေးဆွေတို့နှစ်ယောက် ကားပေါ်မှဆင်းလာတာ တွေ့လိုက်ရတော့ အံ့သြဝမ်းသာသွားသည်။ ခင်အေးဆွေက တစ်နှစ်သား အရွယ်ကလေးကို ချီရင်း ကျော်ဝဏ္ဏနောက်မှ လိုက်လာသည်။

တိုက်အိမ်ထဲမှ ပြေးထွက်ရင်း သူကြိုလိုက်သည်။

"လာသူငယ်ချင်း လာ၊ ဘယ်က ရှည့်လာတာလဲ၊ ငါ့လိပ်စာ ဘယ်လို ရလဲ၊ မြတ်လေးရေ…ဒီမှာ ကြည့်ပါဦး ဝဏ္ဏတို့လင်မယားကွ"

အိမ်ထဲမှ မြတ်လေးဝေကို သူလှမ်းခေါ်ရင်း ပြောမိပြန်၏။

"မင်းလိပ်စာက လွယ်ပါတယ်ကွာ၊ မင်းဝတ္ထုစာအုပ်နောက်မှာ ပါတာပဲ၊ မင်းတောင် တော်တော်လေးအောင်မြင်နေပြီနော်"

"ဒီလောက်တော့ မဟုတ်သေးပါဘူးကွာ"

ကျော်ဝဏ္ဏနှ ်ခင်အေးဆွေတို့ ဆက်တီမှာ ဝင်ထိုင်လိုက်စဉ် မြတ်လေးဝေအခန်းထဲမှ ထွက်လာ၏။

မြတ်လေးဝေနှင့် ခင်အေးဆွေကို မိတ်ဆက်ပေးလိုက်သည်။ ခဏနေဦးနော်ဟုပြောကာ မြတ်လေးဝေက တစ်ခုခုစီစဉ်ရန် အိမ်ထဲပြန်ဝင်သွားသည်။

"မင်းတို့ အခုဘယ်မှာလဲ၊ ရန်ကုန်မှာပဲလား"

ခင်အေးဆွေက ကလေးကိုလှမ်းဆွဲရင်း ကျော်ဝဏ္ဏကို ကြည့်သည်။

"အိမ်ပြန်ရောက်နေပြီကွ၊ ဒီကောင်မွေးပြီးစမှာပဲ အိမ်ကပြန်ခေါ်တယ်။ အစကတော့ အဆောင်ငှားပြီး ရန်ကုန်မှာ ရှန်းကန်နေရတာပေါ့ကွာ၊ အခုတော့ နယ်ကပွဲရုံလုပ်ငန်းတွေ ငါပဲ ဦးစီးလုပ်နေရတယ်"

"ခင်အေးဆွေ အလုပ်ထွက်လိုက်ရတာပေါ့"

"အင်းပေါ့"

ခင်အေးဆွေက ပြုံးရင်း လှမ်းပြောသည်။

မြတ်လေးဝေ ထွက်လာပြီး ကော်ဖီချပေး၏။

"ဒီညစာ ငါတို့ကျွေးမလို့ မင်းတို့ကိုလာဖိတ်တာ၊ ဒီည နှစ်ကုန်





မယ့်ညလေကွာ၊ မနက်ဖြန် နှစ်သစ်ရောက်တော့မှာ..."

"နန္ဒ သိပ်ကြိုက်တဲ့ညပေါ့ကွာ"

စိုးမင်းညိုက နန္ဒကို လှမ်းလှမ်းဆွတ်ဆွတ် ပြောလိုက်သည်။

"လွန်ခဲ့တဲ့သုံးနှစ် ဒီလိုညတုန်းက နန္ဒကတစ်နေရာမှာ၊ မင်းက တစ်နေရာမှာ၊ ငါနဲ့တိုးလွင်က တစ်နေရာမှာလေ..."

"ခင်အေးဆွေကလဲ တစ်နေရာမှာပါ"

ခင်အေးဆွေက အရယ်နှောရင်း ပြောလိုက်၏။

"နေဦး တိုးလွင်ရော..."

"ငါ သူ့ကိုဖိတ်ခဲ့ပြီးပြီ၊ ဒီကောင်က အခုထိ လူပျိုကြီးကွ။ သူ့ကုမ္ပဏီမှာ သူဦးလေးက နိုင်ငံခြားရောက်နေတော့ သူက အမ်ဒီဖြစ်နေတယ်"

ကျော်ဝဏ္ဏက တိုးလွင်အကြောင်းပြောနေစဉ် ခင်အေးဆွေက လှမ်းကြည့်၏။ ခင်အေးဆွေနှင့် တိုးလွင် အဆင်ပြေပါ့မလားဟု သူ့တွေးမိသေး၏။

"အဲဒီ...ကိုတိုးလွင်ကြီးက ဘယ်လိုနားလည်ရမှန်းမသိဘူး ကိုမင်းညို၊ ကျွန်မတို့လက်ထပ်ပြီး အဆောင်ငှားနေတဲ့ကာလ၊ စုတ်ပြတ်နေတာပေါ့နော်၊ အဲဒီအချိန်က တစ်ချိန်လုံး သူက ငွေကြေးထောက်ပံ့နေတာ။ တစ်ခါခါ ကိုကတောင် ပြောသေးတယ်။ မင်းကလဲ သဘောမတူလို့ပဲတဲ့၊ သဘောတူရင် မင်္ဂလာပွဲတွေ ဘာတွေနဲ့များ လက်ထပ်ပေးမလား မသိဘူးတဲ့။ တကယ် နားလည်ရခက်တယ်သိလား။ အဲဒီအချိန်က ကျွန်မတို့ လိုလေသေးမရှိ သူ ထောက်ပံ့ခဲ့တာ၊ ဒီကောင်မွေးတာတောင် ပြောရရင် သူ့စရိတ်နဲ့မွေးရတာ...

ဟုတ်တယ်နော်ကို"

ကျော်ဝဏ္ဏက ပြုံးရင်း ခေါင်းညိတ်ပြသည်။ ပြီးတော့…

"ဒီကောင်က ကိုယ့်ကို အရမ်းချစ်တာ၊ ကိုယ်သိတယ်"

ဟု ပြောလိုက်၏။

"စိတ်ဓာတ်ကျလာတဲ့အခါတိုင်း ကိုစိုးမင်းညို တစ်ညရွတ်ပြခဲ့တဲ့ မိုးမခပင်တွေဆိုတဲ့ကဗျာကို ပြန်ပြန်ပြောမိရင်း၊ အားတင်းခဲ့ရတာလေ…။ ကဗျာတော့ မရဘူး၊ အဓိပ္ပါယ်က စွဲနေလို့…"

ကလေးကို လိုက်ဆွဲရင်း ခင်အေးဆွေက လှမ်းပြောလိုက်သည်။

"ငါတို့တွေ ခေတ်ရေစီးမှာ နှံ့နစ်တဲ့ဒဏ်ကို ခံခဲ့ရတာပေါ့ကွာ၊ အခုတော့ မင်းပြောသလို ရေလှိုင်းကိုစီးခေါ်ရတဲ့ အနေအထားရောက်နေပါပြီကွ၊ ဟုတ်ဘူးလား"

"နန္ဒကတော့ နှံ့အောက်နစ်သွားတာပဲ"

စိတ်မကောင်းစွာ စိုးမင်းညိုက လှမ်းပြော၏။

"အေးကွာ…ဒီည သူ့ကို အရမ်းသတိရမှာပဲ"

"သောက်လိုက်ကြပါဦး"

မြတ်လေးဝေက ကော်ဖီပန်းကန်တွေကို ယင်မောင်းရင်းပြောသည်။ ကျော်ဝဏ္ဏက ကော်ဖီပန်းကန်ကို လှမ်းယူရင်း…

"မင်းအစ်မရော မင်းညို"

ဟုမေးသည်။





"အစ်မလဲ အိမ်ထောင်ကျသွားတော့ ငါတို့လဲ ရန်ကုန်ပြောင်းလာ… တာ ပိုအဆင်ပြေတာပေါ့ကွာ"

စိုးမင်းညိုက ပြောလိုက်၏။

ဆောင်းနေသည် စောစောစီးစီးဝင်သွားလေပြီ။ အပြင်ဘက်မှာ လမ်း… မီးတွေလင်းလာပြီ။

* * *

ဟိုတယ်တစ်ခု၏ သီးသန့်ခန်းမှာ သူတို့ငါးယောက်ဆုံရင်း ည… စားနေကြသည်။ ဟိုးတုန်းက ရေးဟောင်းနှောင်းဖြစ်တို့ကို ပြန်ပြော… ပျော်ရွှင်နေမိကြသဲ။ နန္ဒအကြောင်းရောက်လာလျှင် အားလုံးက ကြေကွဲထိခိုက်… ရပြန်၏။

"လွန်ခဲ့တဲ့သုံးနှစ်က ဒီလိုညမှာ ထမင်းသုပ်တစ်ပွဲနဲ့ ငါ တင်းတိမ်… ခဲ့ရတာကွ"

စိုးမင်းညိုက တမ်းတမ်းတတ ပြောလိုက်သည်။

"သူတို့ကတော့ ကဲလို့ကောင်းနေမှာပေါ့"

ဟု ခင်အေးဆွေက ပြောသည်။

"ဒီကောင်ခေါ်လို့ နိုက်ကလပ်ရောက်သွားတာပါ"

ဟု ကျော်ဝဏ္ဏက တိုးလွင်ထွန်းကို မေးငေါ့ရင်းပြောသည်။

"ခင်အေးဆွေအတွက်လဲ အမှတ်တရပါပဲ၊ ရိုက်ပွဲတွေဖြစ်လို့ သက်သေ

က်ခဲ့ရတဲ့ ညလေ..."

"နန္ဒကတော့ ကန်ပေါင်ရောက်နေတာ"

ဟု တိုးလွင်ထွန်းကပြောသည်။

"ဘာပြောပြော မိုးမခပင်ပေါက်စတွေ ရေအလွမ်းခံ၊ နွံအနစ်ခံနေရ

ဲ့ ကာလတွေပါပဲ"

ကျော်ဝဏ္ဏက ဘီယာခွက်ကိုယူလိုက်ရင်း ပြော၏။

"လုပ်ပါဦး မင်းကဗျာရွတ်စမ်းပါဦးကွ"

"အစအဆုံးမရဘူးကွ တိုးလွင်ထွန်း"

"ရသလောက်ရွတ်စမ်းပါ ကိုစိုးမင်းညို"

"ဘယ်လိုလဲ မြတ်လေး"

စိုးမင်းညိုက မြတ်လေးကို မေးငေါ့ရင်း နောက်သလို ခွင့်တောင်း၏။

"လူတွေရှေ့မို့ ကြောက်ချင်ယောင်ဆောင်နေတာ"

"ခွင့်ပေးလိုက်ပါ မြတ်လေးဝေရယ်"

ဟု ခင်အေးဆွေကလည်း နောက်ပြော ပြောသည်။





ရှေ့မှာရှိနေသော လက်ကျန်ဘီယာကိုသောက်ပြီး ဖန်ခွက်ကို မြန်ချ လိုက်၏။

"လူငယ်တွေဟာ ခေတ်တွေစနစ်တွေ၊ ယဉ်ကျေးမှု အပြောင်းအလဲတွေရဲ့ ရိုက်ခတ်မှု၊ လွှမ်းမိုးမှုကို အခံရဆုံးလို့ ငါတော့ထင်တယ်လေ။ နန္ဒတို့လို မြုပ်သွားတဲ့ လူငယ်တွေ အများကြီးရှိနိုင်သလို၊ ငါတို့လို လွတ်လာတဲ့လူငယ်တွေလဲရှိကြမှာပဲ။ နန္ဒတို့ ငါတို့လို အရိုက်အခတ်မခံရကြဘဲနဲ့ တိုးတက်ကောင်းမွန်တဲ့ လမ်းပေါ်ရောက်နေကြတဲ့သူတွေလဲ ရှိကြမှာပေါ့။ ဘယ်လို အခြေအနေမျိုးတွေမှာပဲရှိရှိ ငါယုံကြည်မိတာက လူငယ်ဟာ သန့်စင်တယ်၊ ရိုးသားတယ်၊ အမှန်တရားကိုချစ်တယ်၊ တက်ကြွတယ်၊ ရဲရင့်တယ်။ အဲဒီအရည်အချင်းကောင်းတွေရှိတဲ့ လူငယ်တွေဟာ ဘယ်လိုဖြစ်ဖြစ် နွံနစ်ပြီးသေသွားတဲ့အပင်မျိုးတွေ မဖြစ်စေချင်ဘူး။ မိုးမခပင်တွေလို ရေလွှမ်းတာ နွံနစ်တာကို ကြံ့ကြံ့ခံနိုင်တဲ့အပင်မျိုးတွေပဲ ဖြစ်စေချင်တယ်။ ဒါပဲ... အဲဒီခံစားချက်နဲ့ နန္ဒအတွက် ကြေကွဲပြီး ဒီကဗျာကို ငါရေးမိတာ။ နောက်ဆုံးပိုဒ်ကိုပဲ ငါရွတ်ပြမယ်... နားထောင်..."

စိုးမင်းညိုစကားမှာ အားလုံးက နစ်မျောနေကြသလိုပင်။ အားလုံးကတော့ နန္ဒကို သတိရစိတ်နှင့် ကြေကွဲဝမ်းနည်းနေကြလေမလား။

စိုးမင်းညိုက လည်းချောင်းကို ရှင်းလိုက်သည်။

ပြီးမှ ကဗျာနောက်ဆုံးပိုဒ်ကို ရွတ်လိုက်၏။

နှစ်များကြာလျှင်

ဆံပင်ဖားလျား၊ လှုငယ်များလေ

မြစ်နားကမ်းစပ်၊ ရပ်နေသလိုမျိုး

မိုးမခပင်တွေ

လေကြမ်းမုန်တိုင်း၊ မြစ်အရှိန်းရဲ့

လှိုင်းလုံးတွေကို စိန်ခေါ်ရင်း …။

* * *

အပြန်မှာ စိုးမင်းညိုတို့ လင်မယားကို တိုးလွှင်ထွန်းက ပို့ပေးမည် ပြောပြီး သူ့ကားပေါ်တက်စေ၏။

ကျော်ဝဏ္ဏတို့ လင်မယားက သူ့ကားနှင့်သူမို့ ရှေ့ကထွက်သွားပြီ။

အင်းလျားကန်ပေါင်ရှေ့ရောက်တော့ ကားတွေရောက်စပြုပြီ။

နှင်းမြူပါးပါးသည် ဝါကြင်ကြင် မီးတိုင်မီးကလေးတွေကို ဝေဝါးဝါး ဖြစ်အောင် လွှမ်းကာထားသလိုမျိုး…။

"နှနှရှိနေရင် သူလဲ ဒီကန်ပေါင်ကို ရောက်ချင်မှ ရောက်တော့မှာ ပါကွာ၊ ပြောင်းလဲချင်စိတ် ရှိနေတဲ့အချိန်ရောက်မှ သူဆုံးသွားရတာ"





ကားမောင်းရင်း တိုးလွှင်ထွန်းက ပြောလိုက်သည်။ ကားမှန်ကိုဖွင့်ရင်း အင်းလျားကန်ပေါင်ဆီငေးကာ နှနှကို သတိတရရှိနေစဉ် တိုးလွှင်ထွန်း၏ စကားကို ကြားလိုက်ရ၏။

"သူရှိရင် ဒီည ညစာစားပွဲမှာ သူပါမှာပဲ ငါယုံတယ်"

ဟု တိုးလွှင်ထွန်းကို စိုးမင်းညိုကပြောလိုက်သည်။

"ဘာလဲ မင်းကဗျာအဆုံးက၊ မိုးမခပင်တွေ…အဲလိုပေါ့ကွာ…"

တိုးလွှင်ထွန်းက ဆက်မရတော့ဘဲ ရပ်ထားလိုက်၏။

"မိုးမခပင်တွေ…

လေကြမ်းမုန်တိုင်း

မြစ်အရှိန်းရဲ့

လှိုင်းလုံးတွေကို စိန်ခေါ်ရင်း….တဲ့"

စိုးမင်းညိုက ဆက်ရွတ်ပြလိုက်၏။

တီးတိုးရွတ်လိုက်သည့် အသံသည် ရင်ထဲမှာ ပဲ့တင်ဟိန်းထပ်သွားပြီဟု တိုးလွှင်ထွန်း ထင်လိုက်သည်။

အင်းလျားကန်ပေါင်ကျော်တော့ ကားကလေးသည် အရှိန်မြင့် မြို့ထဲဘက်ကို ဦးတည်ပြေးနေ၏။

✤ ✤ ✤

သူတို့သည် နှစ်သစ်ကို ကောင်းသောကြိုခြင်းဖြင့် ကြိုဆိုနိုင်ကြပြီပဲဟု သည်ည….. ရဲရဲယုံမိပြန်တော့သည်။

**မောင်စိန်ဝင်း** (ပုတီးကုန်း)

၂၆.၇.၉၇

(၁၆.၀၅)နာရီ